
www.burmeseclassic.com





BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

နမော ဗုဒ္ဓယ သိဒ္ဓံ

၇ ၂

# ဂုဏ်ထူးစာစပ

## စီစဥ်သူ - ဒေါ်ဘာရတီ

www.burmeseclassic.com

www.burmeseclassic.com

# လယ်တွင်းသားစောချစ် - ပန်းများပွင့်စေမွှေးစေသူ

## ထုတ်ဝေမှုမှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက် | ၄၂၃/၉၉ (၅) |
| မျက်နှာဖုံးခွင့်ပြုချက် | ၇၁၉/၉၉ (၁၁) |
| | ဒုတိယအကြိမ် |
| | ၂၀၀၁ ခုနှစ်၊ ဇူလိုင်လ |
| | အုပ်ရေ ၂၀၀၀ |
| တန်ဖိုး | ၆၅၀ ကျပ် |
| ထုတ်ဝေသူ | ဦးဘသီ |
| | အာရတီစာပေ |
| | (၀၈၀၁) |
| | အမှတ် (၆၆)၊ ၁၂၃ လမ်း |
| | မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| အဖုံးရိုက် | ဦးမြသိန်း |
| | (၀၁၄၂၇) |
| | သိန်းမြင့်ဝင်းအော့ဖ်ဆက် |
| | အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။ |
| အတွင်းဖလင် | ပန်းချီမြင့်အောင် |
| | အမှတ်(၃၈၈)၊ ၅၂ရပ်ကွက်၊ဒဂုံမြို့သစ်။ |
| မျက်နှာဖုံးပန်းချီ | ရွှေစိုးဟာန် |
| ပြည်လုံးကျွတ်ဖြန့်ချိရေး | **ဂုဏ်ထူးစာပေ** |
| | **အမှတ် (၁၉၂)၊ ၃၃လမ်း၊ ရန်ကုန်မြို့။** |
| | **ဖုန်း - ၂၈၂၇၈၄/ ၂၈၃၁၈၆** |


www.burmeseclassic.com

www.burmeseclassic.com

# လယ်တွင်းသားစောချစ်

# ပန်းမျိုးပွင့်စေ မွှေးစေသူ

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**သင့်ကြောင့် ပြည်ထောင်စုကြီး မပြိုကွဲပါစေနှင့်**
**တိုင်းရင်းသားအချင်းချင်း**
**လေးစားပါ၊ ချစ်ခင်ပါ၊ တန်းတူရည်တူဆက်ဆံပါ**
**လွတ်လပ်ရေးကို ကာကွယ်ပါ**

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်း ကြ။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အမှာစာ | |
| ၁။ | အမြင့်မြတ်ဆုံးဥယျာဉ်မှူး | ၉ |
| ၂။ | ဆရာဟူသောဝေါဟာရ | ၁၉ |
| ၃။ | ကျောင်းဆရာနှင့်စာသင်ကျောင်း | ၂၃ |
| ၄။ | ကျောင်းဆရာနှင့်စာသင်ခန်း | ၃၃ |
| ၅။ | အတန်းအုပ်ချုပ်မှုနှင့် ပညာသင်ကြားခြင်း | ၄၁ |
| ၆။ | စေတနာ၊ ဂရုဏာနှင့် သင်ကြားခြင်း | ၅၁ |
| ၇။ | ဆရာကောင်းတပည့် ပန်းကောင်းပန် | ၅၉ |
| ၈။ | ဆရာဆရာမနှင့် ကြိုတင်ပြင်ဆင်သင်ကြားခြင်း | ၆၇ |
| ၉။ | ဆရာဆရာမနှင့် သင်ရိုးညွှန်းတန်း | ၇၉ |
| ၁၀။ | ဂုဏ်ပြုထိုက်သော ဆရာဦးဝမ်လွီး | ၈၇ |
| ၁၁။ | စံနမူနာပြ ဆရာမ | ၉၇ |
| ၁၂။ | ဆရာနှင့်စိတ်သဘောထားကြီးမြတ်ခြင်း | ၁၀၅ |
| ၁၃။ | လူတော်လူကောင်းနှင့်ကျောင်းဆရာ | ၁၁၅ |
| ၁၄။ | ဆရာနှင့်ပဲ့ပြင်ဆုံးမ | ၁၂၃ |
| ၁၅။ | ဆရာနှင့်ပြစ်ဒဏ်ပေး၍ဆုံးမခြင်း | ၁၃၁ |
| ၁၆။ | ဆရာနှင့်ရိုက်နှက်ဆုံးမခြင်း | ၁၄၁ |
| ၁၇။ | ရိုက်နှက်ခြင်း၏ နောက်ဆက်တွဲ | ၁၄၉ |


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၁၈။ | စေတနာနှင့် ရိုက်တတ်ပါစေ | ၁၅၇ |
| ၁၉။ | အကျိုးကိုမျှော်၍ အပြစ်ပေးခြင်း | ၁၆၇ |
| ၂၀။ | ဆရာနှင့်စာမေးပွဲ | ၁၇၇ |
| ၂၁။ | ဆရာနှင့်မေးခွန်းထုတ်ခြင်း | ၁၈၅ |
| ၂၂။ | ဆရာနှင့်စာမေးပွဲကြီးကြပ်ခြင်း | ၁၉၅ |
| ၂၃။ | ဆရာနှင့်အဖြေလွှာစစ်ဆေးခြင်း | ၂၀၅ |
| ၂၄။ | တပည့်အိမ်သို့ရောက်သောဆရာ | ၂၁၃ |
| ၂၅။ | မိဘဆရာပူးပေါင်း ကလေးပညာကောင်း | ၂၂၃ |
| ၂၆။ | ဆရာနှင့်မျက်နှာလိုက်ခြင်း | ၂၃၁ |
| ၂၇။ | ဆရာနှင့်အမုန်းခံအလှ | ၂၃၉ |
| ၂၈။ | ဆရာနှင့်သိပ္ပမချန် | ၂၄၇ |
| ၂၉။ | ဆရာနှင့်ဘေးရန်ဆီးကာ | ၂၅၇ |
| ၃၀။ | ဆရာနှင့်အရိပ် | ၂၆၅ |


www.burmeseclassic.com

www.burmeseclassic.com

# ပန်းများပွင့်စေ၊ မွှေးစေသူ

မြန်မာမှုနယ်ပယ်တွင် ငယ်သောကလေးများကို ပန်းနှင့် နှိုင်းယှဉ်တင်စားကြ၏။ ကလေးတို့သည် ပန်းနုယ်နုကြသည်။ ပန်းနုယ် ပွင့်လန်း၍ ပန်းနုယ် နုစ်သက်စဖွယ် တင့်တယ်ကြသည်။

စာသင်ကျောင်းသည် ပန်းနုယ်ငယ်နုသော ကလေးများကို ပြုစုပျိုးထောင်ရာ ဥယျာဉ်ကြီးဖြစ်၏။

ဆရာ၊ ဆရာမတို့သည် ကျောင်းဥယျာဉ်ကြီးထဲမှာ ပန်းနုယ် ငယ်နုသောကလေးများကို ရုပ်ပိုင်းရော စိတ်ပိုင်းပါ မထိမိ၊ မခိုက်မိ စေရန် အန္တရာယ်အသွယ်သွယ်မှ ကာကွယ်စောင့်ရှောက်ရုံသာမက စိတ်ထားအလှ၊ စေတနာအလှ၊ မေတ္တာအလှတို့နှင့် ရေလောင်း ပေါင်းသင်မြေဆွ၍ ပညာပြည့်ဝနှလုံးလှခြင်းဖြင့် သင်းပျံ့သောရနံ့ပါ မွှေးကြိုင်အောင် ပြုစုပျိုးထောင်ကြရသည်။

ထို့ကြောင့် ဆရာ၊ ဆရာမတို့သည် **"ပန်းများပွင့်စေ၊မွှေးစေသူများ"** ဖြစ်ကြသည်။

ဆရာ၊ ဆရာမတို့၏ ဝတ္တရားများနှင့် လုပ်ငန်းတာဝန်များကို အခြေပြု၍ ဤစာအုပ်ကို ရေးသားရာတွင် **"ပန်းများပွင့်စေ မွှေးစေသူ"** ဆရာ၊ ဆရာမတို့၏ လုပ်ငန်းဘဝကို ရိုသေလေးမြတ်စွာ ဂုဏ်ယူ၍ မိမိတတ်စွမ်းသမျှ ကြိုးစားအားထုတ်ပြီး ဂုဏ်ပြုပူဇော်ခြင်း သာ ဖြစ်ကြောင်းကို ရိုးသားစွာ ဝန်ခံလိုပါသည်။

ဤစာအုပ်ဖြင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အနန္တ ဂိုဏ်းဝင် ဆရာ၊ ဆရာမအပေါင်းတို့အား ရိုသေစွာ ကန်တော့ပါ၏။

**လယ်တွင်းသားစောချစ်**

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# အမြင့်မြတ်ဆုံးဥယျာဉ်မှူး

အကြင်သူသည် အမြင့်မြတ်ဆုံး ဥယျာဉ်မှူးဖြစ်၏။ အကြီးကျယ်ဆုံး ဗိသုကာလည်း ဖြစ်၏။ အနူးညံ့ဆုံးသော အနုပညာရှင်လည်း ဖြစ်၏။ အနစ်နာအခံနိုင်ဆုံးသော အလုပ်သမားလည်းဖြစ်၏။ စေတနာအကောင်းဆုံးသောအလှူရှင်လည်း ဖြစ်၏။ သို့သော်ငွေကြေးခေနချမ်းသာကြွယ်ဝခြင်း မရှိ။

ထိုသူသည်ကား **ကျောင်းဆရာသာလျှင်** ဖြစ်သတည်း။

ကျောင်းဆရာသည် ပန်းကလေးများကို ပြုစုပျိုးထောင်သော

www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်မှူးတကာတို့တွင် အမြင့်မြတ်ဆုံး ဥယျာဉ်မှူး ဖြစ်၏။

ကျောင်းဆရာသည် ပန်းလိုနုနယ်သော ကလေးငယ်တို့ကို လောကအလယ်တွင် လန်းလန်းစွင့်စွင့်၊ တင့်တင့်တယ်တယ် ဖူးပွင့်လာအောင် ပြုစုပျိုးထောင်ရသူ ဖြစ်၏။

ပန်းဆိုသည်မှာ နုနယ်သော အမျိုးအစားဖြစ်၏။ လှပ၍ နှစ်သက်စဖွယ် ဖြစ်၏။ ကလေးတို့သည် ပန်းကဲ့သို့ နုနယ်၏။ နှစ်သက်ဖွယ်၊ ချစ်ခင်ဖွယ် ဖြစ်၏။

ပန်းကလေးများကို ဥယျာဉ်မှူး တယုတယ ပြုစုရသကဲ့သို့ ကျောင်းသူ ကျောင်းသား ကလေးငယ်များကို ကျောင်းဆရာသည် တယုတယ ပြုစုပျိုးထောင်ပေးရသည်။

ဤသို့ ပြုစုပျိုးထောင်ရာတွင် သက်ရှိပန်းကလေးများသည် သက်မဲ့ပန်းကလေးများထက် ပို၍နုနယ်၏။ ပို၍ ကိုင်တွယ်ရခက်၏။

သက်မဲ့ ပန်းကလေးများတွင် အသိမရှိ၊ ခံစားချက် မရှိ။ ဥယျာဉ်မှူး ပြုသမျှ နုသည်။ ဥယျာဉ်မှူးထားရာမှာ နေသည်။

သက်ရှိပန်းကလေးများမှာကား ဥယျာဉ်မှူးအကိုင်အတွယ်များလျှင် ခံစားချက်ရှိသည်။ ပြုစုရသည်မှာ သိမ်မွေ့နူးညံ့လွန်းလှသည်။ သူတို့စိတ်ကိုသိ၍ သူတို့ခံစားချက်ကိုနားလည်ရန် လိုသည်။ ထိုနားလည်မှုကို အခြေခံပြီး ချင့်ချိန်ရသည်။ ယုယုယယ ကိုင်တွယ်ရသည်။

အခြေအနေ၊ အချိန်အခါကိုလိုက်၍ မြှောက်ရသည်လည်း ရှိသည်။ ချောက်ရသည်လည်း ရှိသည်။ သို့သော် အမြှောက်လွန်လျှင် မြှောက်လွန်း၍ရိုင်းသည်။ အချောက်လွန်လျှင် ကြောက်လွန်း၍ထိုင်း

www.burmeseclassic.com

www.burmeseclassic.com



သည်။

အမြောက်မလွန်၊ အခြောက်မလွန်အောင်လည်း သတိထားရသည်။

ချော့သင့်သည်ကို ချော့၍၊ တင်းသင့်သည်ကို တင်းရသည်လည်း ရှိသေး၏။

သို့သော် အချော့လွန်လျှင် လျော့တတ်သည်။လျော့လွန်းလျှင်ပတ်သည်။ တင်းလွန်းလျှင် ပြတ်သည်။

မည်မျှမြောက်၍ မည်မျှခြောက်ရမည်၊ မည်မျှချော့၍မည်မျှတင်းရမည်ဆိုသည်ကလည်း ပုံသေသတ်မှတ်၍ မရ။ ကလေးတစ်ယောက်နှင့်တစ်ယောက် စိတ်သဘောထားချင်း တူညီကြသည်မဟုတ်။ အသက်အရွယ်အရလည်း အပြောင်းအလဲ ရှိနေကြသည်။ မိဘ ပတ်ဝန်းကျင်အရလည်း ကွာခြားမှုရှိကြသည်။

ကလေးအမျိုးမျိုးတို့ကို ချဉ်းကပ်ထိတွေ့ရာတွင် အလွန်အသေးစိတ်ရသည်။ စာသင်ခန်းထဲတွင် စာမေးရာမှာပင် တော်သည့်တပည့်ကိုချည်းမေးလျှင် မတော်သော တပည့်တို့က သူတို့နှင့်မဆိုင်သကဲ့သို့ ချောင်ခိုနေရာမှ ညံ့သည်ထက် ညံ့သွားကြသည်။

မတော်သည့် တပည့်များကိုလည်း သူတို့ ဖြေနိုင်လောက်သည့် မေးခွန်းများကိုမေး၍ ဖြေနိုင်လျှင် ချီးကျူးရသည်။ တစ်စထက်တစ်စတိုး၍ ခက်သည်များကိုမေးပေးရသည်။ ဖြေနိုင်တိုင်းချီးကျူးစကားနှင့် အားပေးရသည်။ ထိုအခါ ပညာသင်ကြားမှုတွင်စိတ်ဝင်စား၍မေးလိုက်၊ ချီးကျူးလိုက် လုပ်နေချိန်တွင် တော်သူများကလည်းလက်ညှိုးတထောင်ထောင် လုပ်နေကြလိမ့်မည်။ သူတို့လည်း ဖြေချင်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ချီးမွမ်းခံချင်သည်။ မေးလျှင်တော်သူတို့က လွယ်လွယ်နှင့် ဖြေနိုင်လိမ့်မည်။ ဆရာကသိ၍ တော်သူကို မမေးဘဲ ချန်ထားလျှင် တော်သူများ စိတ်ပျက်သွားတတ်သည်။

ဆရာက မတော်သူများကိုသာ လွယ်လွယ်လေးတွေ မေးပြီး တမင်ချီးမွမ်းနေသည်။ တော်သူများကိုတော့ လုံးဝမမေးဘဲ နှိမ်ထားသည်ဟု အထင်လွဲလိမ့်မည်။ မျက်နှာလိုက်သောဆရာဟု စိတ်နာရာမှ ထိုဆရာသင်သော ဘာသာရပ်မှာ စိတ်ဝင်စားမှု လျော့နည်းသွားတတ်သည်။ ထိုအခါ မတော်သူများကို ဆရာက စေတနာနှင့် ဆွဲတင်ရာတွင် တော်သူများကို စိတ်ဓာတ်ပျက်ပြားစေတတ်သည်။ တော်သူမှ ရှော်သူအဆင့်သို့ပင် ကျသွားတတ်သည်။

ဆရာဆိုသည်မှာ အရာရာ သိပ်ကိုသတိထားရသည်။

မတော်သူများကို လွယ်လွယ်မေးပြီး ချီးကျူးစဉ်မှာပင် တော်သူများကိုလည်း တော်သည့်အလိုက် ထိုက်သင့်သည်ကိုမေး၍ ဖြေနိုင်တိုင်း ချီးကျူးပေးရန်လိုသည်။

ကျောင်းဆရာသည် ပန်းလိုနုနယ်သော ကလေးတို့ကိုပြုစုပျိုးထောင်ရာတွင် သိမ်မွေ့သည်။ နူးညံ့သည်။ ကလေးတို့၏စိတ်ပညာကိုပါ သိနားလည်ရန်လိုသည်။ ကလေး၏ စိတ်ဓာတ်အညွန့်အဖူးကလေးကို မထိမခိုက်စေရန် သတိထားရသည်။ ထို့ကြောင့် ကျောင်းဆရာသည် ဥယျာဉ်မှူးတကာတို့တွင် အမြင့်မြတ်ဆုံးဖြစ်ပါသည်။

ကျောင်းဆရာသည် အကြီးကျယ်ဆုံးသော ဗိသုကာလည်းဖြစ်၏။

ယနေ့လူငယ်တို့သည် နောင်ဝယ်လူကြီးဖြစ်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့လူငယ်တို့ အသိပညာ၊ အတတ်ပညာ ထူးချွန်တိုးတက်မှ ထိုလူငယ်များလူကြီးဖြစ်လာသည့် အနာဂတ်ကာလတွင် လူ့ဘောင်ကို တိုးတက်အောင်ဆောင်ရွက်ကြမည်။ ယနေ့လူငယ်တို့ လိမ္မာယဉ်ကျေးမှ အနာဂတ်လူ့ဘောင် အေးချမ်းသာယာရေးအတွက် စိတ်ချရမည်။

ယနေ့လူငယ်တို့ လူ့ဘောင်ကောင်းကျိုး၊ လူသားကောင်းကျိုးကို မြတ်နိုးတတ်မှ အနာဂတ်လူ့အဖွဲ့အစည်းသာယာလှပမည်။

ကျောင်းဆရာသည် ယနေ့လူငယ်များကို ပညာသင်ပေးရုံသာမက အတွေးအမြင်လှပအောင်၊ အကောင်းအဆိုး၊ အမှားအမှန်ခွဲခြားဝေဖန်တတ်အောင် ဆုံးမပြုပြင်ပေးရသည်။ အသိအလိမ္မာရှိ၍ ရည်ရွယ်ချက်နှင့် စေတနာကောင်းမြတ် မှန်ကန်အောင် တည့်မတ်ပေးရသည်။

ထို့ကြောင့် ကျောင်းဆရာသည် အနာဂတ်ကို ကြီးကျယ်ခမ်းနားအောင် ပန္နက်ချနေသည့် အကြီးအကျယ်ဆုံးသော ဗိသုကာလည်းဖြစ်ပေသည်။

ကျောင်းဆရာသည် မတစ်ထောင် သားသမီးတို့ကို ဆုံးမသွန်သင်ရာ၌ အလွန်နူးညံ့သော အနုပညာရှင်လည်းဖြစ်သည်။

ဆရာသည် တပည့်တို့ကို ပုံသွင်းသူမဟုတ်။ဆရာသည် တပည့်တို့ကို သူ့အမျိုးအစား၊ အချိုးအစားအလိုက်တောက်ပနိုင်သမျှ တောက်ပအောင် တင့်တယ်နိုင်သမျှတင့်တယ်အောင် ပုံဖော်ပေးသူသာဖြစ်သည်။

ဆရာသည် တပည့်အသီးသီး၏ စိတ်နေစိတ်ထားနှင့်

www.burmeseclassic.com

www.burmeseclassic.com



သဘောသဘာဝကို လေ့လာပြီး အခြေအနေ၊ အချိန်အခါနှင့် အကြောင်းခြင်းရာကိုလိုက်၍ ငေါက်သင့်သူကို ငေါက်သည်။ သို့သော် မေတ္တာဖြင့် ငေါက်ခြင်းဖြစ်၏။ မြှောက်သင့်သူကို မြှောက်သည်။ မေတ္တာဖြင့် မြှောက်ခြင်းဖြစ်၏။

ဆရာသည် တပည့်တိုင်းအပေါ် မှာ တူညီစွာမေတ္တာ၊ စေတနာ ထားရ၏။ ထိုမေတ္တာ၊ စေတနာကို တပည့်တို့က သိမြင်နားလည် လာသည်နှင့်အမျှ အောင်မြင်သော ဆရာ၏ဘဝကို ရ၏။ ထိုမေတ္တာ၊ စေတနာကြောင့်ပင် ဆရာသည် အလွန်နူးညံ့သိမ်မွေ့သော အနုပညာ ရှင် ဖြစ်လာရပေသည်။

ဆရာသည် တပည့်တို့ကို အမြဲမပြတ် လေ့လာသုံးသပ်၍ လိုသည်တို့ကို ဖြည့်ရသည်။ ပိုသည်တို့ကို နှုတ်ပယ်ရသည်။ အစွန်း ထွက်သည်တို့ကို သိရသည်။ မပိုမလို အစွန်းမထွက်အောင် ပြုပြင် ပေးရသည်။ ထိုအခါလှပသော အနုပညာ ပစ္စည်းကလေးများအဖြစ် တပည့်လိမ္မာ၊ တပည့်အတော်ကလေးများ ပေါ်ပေါက်လာရသည်။

ဆရာသည် အနစ်နာ အခံနိုင်ဆုံးသော အလုပ်သမားလည်း ဖြစ်၏။

ကျောင်းဆရာအလုပ်သည် စေတနာထားသည်နှင့်အမျှ အလွန်ပင်ပန်း၏။ ပုံမှန်အားဖြင့်ပင် တစ်နေ့လျှင် အနည်းဆုံးလေးချိန် မှ ခြောက်ချိန်အထိ အော်ကာ၊ ဟစ်ကာ ရှင်းရလင်းရ သင်ကြားပြသ ရသည်။ အချို့သော မူလတန်းကျောင်းများတွင် ဆရာ၊ ဆရာမ တစ်ယောက်၊နှစ်ယောက်သာရှိ၍ တစ်နေ့လုံးအတန်းစုံမှကလေးမျိုးစုံ ကိုလှည့်ကာ ပတ်ကာ မနေမနား ထိန်းသိမ်းရင်း ပညာသင်ကြားပေး

www.burmeseclassic.com

www.burmeseclassic.com



ရသည်။

ထမင်းစားချိန် ခဏနားတော့ ဆရာ၊ ဆရာမ မောရှာပြီ။ ခြေလက်မျက်နှာတို့တွင် ပေကျံနေသော မြေဖြူဖွေးဖွေးကိုပင် မသုပ်သင်နိုင်။ ကျောင်းဝန်းကျင်မှာ ဆူညံစွာ ပြေးလွှားဆော့ကစားနေသောကလေးများကို ငေးရင်း၊ ကြည့်ရင်း ထမင်းကလေး တစ်လုတ်စားရသည်။ ဤကြားထဲတွင် ဆော့ရင်း၊ ကစားရင်း ပြဿနာဖြစ်လာကြပြန်ပြီ။ စားလက်စထမင်းကို အသာထား၍ ထသွားရပြီ။ ပြောရ၊ ဆိုရ၊ ဖြေရှင်းပေးရသည်။

ထမင်းစားပြီး ဖိမ်ယူချင်၍မရ။ လေ့ကျင့်ခန်းများစစ်ရသည်။ လေ့ကျင့်ခန်းပေးမှ ကလေး စာကြေသည်။

တစ်လတစ်ခါ လပတ်စာမေးပွဲ အဖြေလွှာများကိုလည်း စစ်ရသေးသည်။ အောင်/ရှုံးစာရင်းများလုပ်ရသည်။ အဆင့်များခွဲရသည်။ မိဘများထံသို့ ကလေးများ၏ ပညာရည်မှတ်တမ်းပို့ပေးရသည်။ ဤအလုပ်ကပင် တစ်လနှင့်တစ်လ အမြီးချင်း၊ ခေါင်းချင်း ဆက်နေ၏။

မနက်ခင်း ကျောင်းရောက်သည့်အချိန်မှစ၍ ညနေ ကျောင်းဆင်းသည်အထိ မနားရ။ အိမ်ထိအောင် လေ့ကျင့်ခန်းစာအုပ်များ တစ်ပွေ့တစ်ပိုက်ပါလာသေး။ ဤကြားထဲမှ သင်နည်းမှတ်ချက်ရေးရသည်။ လိုအပ်လာလျှင် တပည့်တို့အိမ်အထိ မိဘများနှင့် ဆွေးနွေးရသေးသည်။

ထို့ကြောင့် ဆရာ၊ ဆရာမတို့သည် အနစ်နာအခံနိုင်ဆုံးသော အလုပ်သမားများလည်း ဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာ၊ ဆရာမတို့သည် စေတနာ အကောင်းဆုံးသော အလှူရှင်များလည်း ဖြစ်ကြ၏။

ဆရာမအလုပ်သည်ပင် စေတနာအလုပ်။ ဆရာ၊ဆရာမ၏ ဘဝသည် စေတနာဘဝ။

ဆရာ၊ ဆရာမသည် တော်သောတပည့်များကို တော်သည်ထက်တော်အောင် စေတနာထားသလို မတော်သောတပည့်များကိုလည်း အကြင်နာပို၍ တော်လာအောင် စေတနာထားရသည်။

ပညာကို လိုလိုချင်ချင် သင်ကြားချင်သော တပည့်နှင့် ကြုံလျှင် အားရဝမ်းသာဖြစ်၍ စေတနာဝေဖြာရသည်။ ပညာကို လိုလိုချင်ချင် မကြိုးစားသော တပည့်နှင့်ကြုံလျှင်လည်း သူ့ဘဝရှေ့ရေးကို တွေးတတ်၊ မြင်တတ်အောင် ဆုံးမသွန်သင်ပြီး ပညာပေးရသည်။

ဤကြားထဲမှာ ကိုယ့်စေတနာကို နားမလည်ဘဲ စော်ကားသူနှင့် ကြုံလျှင် ရင်ထုမနာ ဖြစ်ရ၏။ သို့သော် စေတနာဆရာဟူသည် တပည့်တို့အပေါ်မှာ မည်သည့်အကြောင်းကြောင့်မျှ စိတ်ကောက်ခြင်း၊ စိတ်ကွက်ခြင်း၊ စိတ်ဆိုးခြင်း မဖြစ်နိုင်ရှာ။

တပည့်က မှားမှန်းသိ၍ တောင်းပန်လျှင် သနားကြင်နာမှုပင် ပိုလိုက်ကြသေးသည်။ ဆရာသည် မတောင်းပန်ခင်က တပည့်တို့ကို ကျေနပ်ပြီးသား၊ ခွင့်လွှတ်ပြီးသား ဖြစ်နေကြ၏။ ဆရာ၊ ဆရာမတို့၏ ပကတိ ဘဝကပင် ဆရာ၊ ဆရာမတို့အား စိတ်ထားလှစေခဲ့လေပြီ။

တပည့် စာလာမေး၍ စိတ်ဆိုးသော ဆရာ၊ ဆရာမ မည်သည်မရှိ။ ကျွန်တော်ငယ်စဉ်က ဆရာကြီးတစ်ဦး ပြောဖူးသည်။ "စာမေးဖို့ဆိုရင် အိပ်နေတုန်း နှိုးမေး၊ စိတ်မဆိုးဘူးကွ"ဟူ၍ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပညာအလှူပေးရာ၌ ဆရာ၊ ဆရာမတို့သည် စေတနာ အကောင်းဆုံးသော အလှူရှင်ကြီးများ ဖြစ်ကြ၏။

ထိုအကြောင်းများကြောင့်ပင် ဆရာ၊ ဆရာမဘဝသည် ဂုဏ်တင့်သည်။ ကျက်သရေရှိသည်။ ကြီးငယ်မဟူ လူတိုင်းလေးစားသည်။ လုံချည်စိမ်းနှင့် အင်္ကျီဖြူဝတ်ထားလျှင် မူလတန်းဆရာမလေးပင်ဖြစ်သော်လည်း နောက်ချင်၊ ပြောင်ချင် မဖြစ်ကြ။ ခပ်ကဲကဲကောင်လေးများပင် ဆရာ၊ ဆရာမဟူသော ဂုဏ်သိက္ခာကို တန်ဖိုးထားရမှန်း သိကြသည်။ လေးစားရိုသေ ဖြစ်ကြသည်။

ဆရာ၊ ဆရာမဘဝသည် ဓနဥစ္စာချမ်းသာကြွယ်ဝခြင်းမရှိ။ ရရှိသည့် လစာလေးနှင့်ပင် အသက်မွေးရသည်။ ဤအထဲမှာပင် နွမ်းပါးသူတပည့်များနှင့်ကြုံလျှင် ဆရာ၊ ဆရာမတို့သည် သနားနေရသေးသည်။ မိဘက မတတ်နိုင်၍ ကျောင်းထွက်ရသူနှင့် ကြုံလျှင် တပည့်နှင့်အတူ ဆရာ၊ ဆရာမတို့ပါ မျက်ရည်ဝဲရသည်။

ထိုအခါမျိုးတွင် ဆင်းရဲသော်လည်း ပညာသင်ချင်ရှာသည့် တပည့်တို့ကို ကြည့်၍ ဆရာ၊ ဆရာမတို့မချိ။ ဖြစ်နိုင်သမျှ ကျောင်းမထွက်ရန် ဝိုင်းဝန်းကူညီကြရသည်။ မရှိမဲ့၊ ရှိမဲ့အကြားမှပင် ဘဝတူ ဆရာ၊ ဆရာမများစု၍၊ ပေါင်း၍ စာအုပ်ဖိုးထောက်လိုက်ကြရသည်။ ဝတ်စုံဖိုး ထည့်လိုက်ရသည်။ ရေးလက်စဘောပင်လေးကို ပေးလိုက်ရသည်။

ချမ်းသာကြွယ်ဝသူများသည် ဤအလှူမျိုးကို သိလည်း မသိ၍လှူလည်းမလှူမိ။ ဆရာ၊ဆရာမတို့သာ မရှိသည့်ကြားမှ လူမသိ၊ သူမသိ တိတ်တိတ်ကလေး လှူလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာ၊ ဆရာမတို့၏ မေတ္တာ၊ စေတနာက လှပြီးသားဖြစ်၍ ဆရာ၊ ဆရာမတို့၏ ဘဝသည် လှခြင်းဖြစ်သည်။ ထို့ကြောင့် ဆရာ၊ ဆရာမတို့သည် ငွေကြေးဥစ္စာမချမ်းသာသော်လည်း မေတ္တာ၊စေတနာ ချမ်းသာသူများဖြစ်ကြ၏။ ရာထူးဂုဏ်မမြင့်သော်လည်း ဆရာဂုဏ်နှင့် တင့်ကြသည်။

ကျောင်းအသီးသီးတွင် ကလေးသူငယ်တို့ကို "ဝ" လုံးကလေး ဝိုင်းဝိုင်းရေးမှစ၍ ဘွဲ့ဒီဂရီအမျိုးမျိုးရသည်အထိ သင်ကြားပေးနေကြသော ဆရာ၊ ဆရာမတို့၏ မေတ္တာ၊ စေတနာ၊ အကြင်နာ၊ အနစ်နာကို ရိုသေစွာ ဂုဏ်ပြုလိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

# ဆရာဟူသော ဝေါဟာရ

ဆရာဟူသော ဝေါဟာရသည် ပါဠိဘာသာ အာစရိယ၊ သက္ကတဘာသာ အာစာရဟူသော ဝေါဟာရများမှ ပြောင်းလဲဆင်း သက်လာသည်ဟု မှတ်သားရပါသည်။

ပုဂံခေတ် ထိုးကျောက်စာများတွင် အာစရိယမှ ဆင်းသက် လာသော ဆရာကို 'ချာ' 'ချိ' ဟု ရေးထိုးခဲ့ကြသည်။

သက္ကရာဇ် ၅၅၀ ခုနှစ်တွင် ရေးထိုးသော သင်ကြီးဆရာ ကျောက်စာတွင် 'သင်ကြီးချာ'ဟူ၍လည်းကောင်း

သက္ကရာဇ် ၅၅၈ ခုနှစ် ထိုးသခင်ငပွဲသင် ကျောက်စာတွင် 'အမိ၊ အဖ၊ ချိ၊ ခင်ပွန်း'ဟူ၍လည်းကောင်း ရေးထိုးထားသည်ကို တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သက္ကတဘာသာ 'အာစရ'မှ ယူရာတွင် 'ဆာရျာ' ဟူ၍ ရေးထိုးခဲ့ကြသည်။

သက္ကရာဇ် ၅၄၁ တွင် ရေးထိုးသော သင်ကြီးအဘိနိန္တသူ ကျောက်စာတွင် 'ငမိငဖ၊ ငဆာရျာ'ဟူ၍လည်းကောင်း

သက္ကရာဇ် ၅၇၄ တွင် ရေးထိုးသော စောရဟန်သိမ် ကျောက်စာတွင် 'မင်ဆာရျာသို့င်ဓမ္မသိရိ'ဟူ၍ရေးထိုးထားသည်ကို တွေ့မြင်ရပါသည်။

အထက်ပါ ပုဂံခေတ် ထိုးကျောက်စာများကို အထောက်အကူပြု၍ 'ဆရာ'ဟူသော ဝေါဟာရသည် ပါဠိဘာသာ အာစရိယ၊ သက္ကတဘာသာ အာစရတို့မှ ဆင်းသက်လာသည်မှာ ထင်ရှားသိသာလှပါသည်။

BURMESE CLASSIC .com

အချို့ကလည်း ပါဠိဘာသာ 'ဆာယာ'အရိပ်မှ ဆင်းသက်လာသည်ဟု ကြံဆကြသည်လည်း တွေ့ရပါသည်။ တပည့်တို့အတွက် အရိပ်သဖွယ် မှီခိုအားထားရာဖြစ်၍ 'ဆရာ'ဟု ကြံဆလိုကြခြင်းဖြစ်ဟန်ရှိပါသည်။

ဆရာဆိုသည်မှာ တပည့်တို့အတွက် မှီခိုအားထားရာအလေးအမြတ်ပြုစရာကား မှန်ပေသည်။

မြန်မာ့အဘိဓာန်တွင် ဆရာဟူသောဝေါဟာရကို ဖွင့်ဆိုရာတွင်
၁။ ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမနည်းလမ်းပြသူ
၂။ အတတ်၊ လုပ်ငန်းတစ်ရပ်ရပ်တွင် ကျွမ်းကျင်သူ
၃။ ယဉ်ကျေးသမှုဖြင့်ခေါ်သော စကားလုံးဟု ရေးသား ဖော်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ဆိုချက်နှင့် တစ်ဆက်တည်းမှာပင် (သ၊ အာစရှ)ဟု ဖော်ပြထားပါသည်။ သက္ကတဘာသာ အာစရှမှ ပြောင်းလဲ ဆင်းသက်လာကြောင်း ဖော်ပြထားခြင်း ဖြစ်ပါသည်။

ဆရာဟူသော ဝေါဟာရ၏ အဓိပ္ပာယ်တွင် အဓိကအားဖြင့် လွှမ်းမိုးနေသော တာဝန်မှာ တပည့်တို့ကို ပညာသင်ကြားပေးခြင်းဖြစ်သည်။

ဆရာ၊ ဆရာမဟုဆိုလျှင် ကျောင်းမှာ ကလေးများကို ပညာသင်ကြားပေးသူဟု နားလည်မိကြပါသည်။

ဆရာ၏ တာဝန်များတွင်လည်း အဓိက တာဝန်မှာ တပည့်များကို ပညာသင်ကြားပေးခြင်း ဖြစ်ပါသည်။

ထိုတာဝန်နှင့် ဆက်နွယ်လျက် ဆောင်ရွက်ရသော တာဝန်များပါ ပေါင်းစပ်လျှင် ဆရာ့ဝတ္တရားငါးပါး ဖြစ်လာသည်။

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊သိပ္ပံမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့ ကျင့်ဖို့ ဝတ်ငါးဖြာဟု သတ်မှတ်ဖော်ပြထားပါသည်။

၁။ ဆရာသည် တပည့်တို့ကို အတတ်ပညာသင်ကြားပေးရသည်

၂။ တပည့်တို့ကို လိမ္မာယဉ်ကျေးအောင် ပဲ့ပြင်ဆုံးမရသည်။

၃။ အတတ်ပညာ သင်ကြားပေးရာတွင် ပညာရပ်ကို ထိန်ချန်ထားခြင်း မပြုရ

၄။ တပည့်တို့၌ကျရောက်နိုင်သော ဘေးရန်အန္တရာယ်များကိုတားဆီးကာကွယ်ပေးရမည်

၅။ မိမိထံ၌ ပညာစုံပြီဖြစ်သော တပည့်တို့ကို အခြားသင့်တော်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဆရာထံသို့ ပြောင်းရွှေ့အပ်နှံပေးရမည်။

ဖော်ပြပါ ဆရာ့ဝတ္တရားငါးပါးကို ဆောင်ရွက်ခြင်းကြောင့်ပင် ဆရာသည် တပည့်တို့၏ မှီခိုအားထားရာ အလေးအမြတ်ဂုဏ်ပြုအပ်စွာသော ကျေးဇူးရှင်ဖြစ်လာရပေသည်။

ဆရာဟူသော ဝေါဟာရနယ်ပယ်တွင် စာပေပညာသင်ကြားပေးသူသာမက ပညာရပ်အမျိုးမျိုး သင်ကြားပေးသူများလည်း ပါဝင်ပါသည်။ ထိုဆရာများကိုလည်း တပည့်တို့သည် 'ဆရာ' ဟုပင် ရိုသေစွာ ခေါ်ကြသည်။ ကျေးဇူးရှင်အဖြစ် ရိုသေလေးစားကြသည်။

မြန်မာ့ယဉ်ကျေးမှုတွင် ပညာရပ်အမျိုးမျိုးကို သင်ကြားပေးသူသာမက သွယ်ဝိုက်သောအားဖြင့် နည်းနာ ပညာယူရသော မြင်ဆရာ၊ ကြားဆရာများကိုပင် ကျေးဇူးရှင်စာရင်းမှာ သွတ်သွင်းထားကြသည်။

ယေဘုယျ အဓိပ္ပာယ်အားဖြင့်မူကား ဆရာဟုဆိုလျှင် ပညာသင်ကြားပေးသောဆရာ၊ ဆရာမဟု နားလည်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com


# ကျောင်းဆရာနှင့် စာသင်ကျောင်း

ကျောင်းဆရာ၏ လုပ်ငန်းဌာနမှာ စာသင်ကျောင်းဖြစ်၏ စာသင်ကျောင်းဆိုသည်မှာ မြို့တစ်မြို့ရွာတစ်ရွာအတွက် ဂုဏ်ကျက်သရေဆောင်ဖြစ်သည်။

ထို့ကြောင့် စာသင်ကျောင်းသည် မြို့ရွာတို့၏ မျက်နှာစာသာယာလှပသော နေရာများမှာ တည်ရှိတတ်ကြသည်။ စာသင်ကျောင်းကိုလည်း အဆောက်အအုံမှစ၍ လှပသပ်ရပ်စွာနှင့် လေဝင်လေထွက်မှန်ကန်အောင် ကျန်းမာသန့်ရှင်းအောင်စီစဉ်ဆောင်ရွက်ထားတတ်သည်။

ကျောင်းတွင်းမှာ စိုက်ခင်းနှင့် ပန်းဥယျာဉ်နှင့် ကစားကွင်းနှင့် အလံတိုင်နှင့် စနစ်တကျ စီစဉ်ထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စာသင်ကျောင်းသည် နှစ်လိုဖွယ်ရာ မင်္ဂလာရှိသော နေရာဖြစ်သည်။ နုနယ်လန်းဆန်းသည့် ပန်းကလေးများနှင့်တူသော ကလေးများနှင့် ပေါင်းစပ်လိုက်သောအခါ စာသင်ကျောင်းသည် အကောင်းဆုံး ပန်းဥယျာဉ်ကြီး ဖြစ်သွားသည်။ ကလေးတို့နှင့် စည်ကားတင့်တယ်၍ ကလေးတို့အသံနှင့် ပျော်ရွှင်ကြည်နူးစရာဖြစ်နေသည်။

ကလေးငယ်သည် အိမ်တစ်အိမ်အတွက် ဆည်းလည်းဖြစ်သည်ဆိုလျှင် စာသင်ကျောင်းသည် ရွာတစ်ရွာ၊ မြို့တစ်မြို့အတွက် ခေါင်းလောင်းသံချိုချိုဖြစ်သည်။

ထိုကြည်နူးစရာ ဂုဏ်ကျက်သရေ မင်္ဂလာနှင့်ပြည့်စုံသော စာသင်ကျောင်းတွင် အလုပ်လုပ်ရသော ဆရာ၊ ဆရာမတို့သည် ကံထူးသူများဖြစ်၏။ ဂုဏ်ယူစရာကောင်းသည်။ ဂုဏ်တင့်သူများဖြစ်၏။

နုပျိုလန်းဆန်းသော ပန်းကလေးများ၏ အလယ်တွင် နေကြရ၍ အစဉ်သဖြင့် ရွှင်လန်းနုပျိုခွင့်လည်း ရကြသည်။

ဆရာကြီးတစ်ဦးပြောဖူးပါသည်။ နှစ်စဉ်ကျောင်းဖွင့်ချိန်မှာ ကျောင်းသားသစ်များ ဝင်ရောက်လာသည်ကို တွေ့ရတိုင်းကိုယ်ပါ စိတ်သစ်လူသစ်နှင့် ပျိုမျစ်နုနယ်ပြီး အသက်တစ်နှစ်ခန့် ပြန်ငယ်သွားသလို ခံစားရသည်ဟု ဆိုသည်။

ကျောင်းပိတ်ချိန်နှင့် ကျောင်းဖွင့်ချိန်ကလည်း ခံစားတတ်သူတို့အတွက် စွဲလမ်းတမ်းတစရာ။ ကျောင်းပိတ်ချိန်ကာလနွေဦးကာလ ဆရာများနှင့် ကျောင်းသားများခွဲခွာကြရသည်။ နောက်ဆုံးအတန်း

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲအောင်သူတို့သည် ဤကျောင်းမှ ထွက်ခွာကြတော့မည်။

ရာသီကလည်း လွမ်းစရာ၊ ရွက်ဝါများကြွေ၍ လေပွေလေရူး များ တိုက်နေသည်။ နွေနေကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ပူပြင်း ခြောက်သွေ့နေသည်။

ကျောင်းဖွင့်ချိန်က မိုးဦးရာသီကာလ ကျောင်းပိတ်ချိန်နှင့် ခြားနားလှသည်။ ပတ်ဝန်းကျင်တစ်ခုလုံး သစ်လွင်လန်းဆန်းနေသည်။ မိုးကလေးတစ်ဖြိုက်နှစ်ဖြိုက်ရွာပြီးစမို့ လောကကြီးသန့်စင်ကြည်လင် နေသည်။

မိုးရေ မိုးစက်တို့ကြောင့် မြက်ခင်းစိမ်းစိမ်း၊ သစ်ပင်စိမ်းစိမ်း တို့ လှပတင့်တယ်ချိန်တွင် ကျောင်းဝန်းကျင်မှာလည်း ကျောင်းစိမ်း လုံချည်တို့၏ အရောင်များနှင့် နုစိုပျိုမျစ်နေသည်။

ကျောင်းဝတ်စုံ ရွေးချယ်ထားပုံကလည်း လေးစားဂုဏ်ယူ ဖွယ်ရာ။ ကျောင်းသူကျောင်းသား ဆရာ၊ဆရာမတို့နှင့်လိုက်ဖက်၍ ဂုဏ်ကျက်သရေရှိသောအရောင်။ လုံချည်စိမ်းနှင့် အင်္ကျီဖြူ။

အစိမ်းရောင်ဆိုသည်မှာ နုစိုသည်၊ ပျိုမျစ်သည်၊ သစ်လွင် သည်၊ တောက်ပသည်၊ မြင်ရသူတိုင်းအတွက် မျက်စိအေးစရာ၊ စိတ်ကြည်စရာ။

အဖြူရောင်ဆိုသည်က ဖြူစင်သည်၊ သန့်ရှင်းသည်။ တောက်ပသည်၊ မြင်ရသူတိုင်း မြတ်နိုးလေးစားစရာ။

လုံချည်စိမ်းနှင့် အင်္ကျီဖြူ ပေါင်းစပ်လိုက်သောအခါ ကောင်းမြတ်သော အတွဲအဖက်၏ ဂုဏ်ကျက်သရေအဖြစ် နုစိုခြင်း၊ ပျိုမျစ်ခြင်း၊ သစ်လွင်ခြင်း၊ တောက်ပခြင်း၊ ဖြူစင်ခြင်း၊ သန့်ရှင်း

www.burmeseclassic.com

www.burmeseclassic.com



ပျိုမြစ်ခြင်း၊ သစ်လွင်ခြင်း၊ တောက်ပခြင်း၊ ဖြူစင်ခြင်း၊ သန့်ရှင်းတင့်တယ်ခြင်းတို့ဖြစ်လာသည်။ ထို့ကြောင့် မြင်ရသူတိုင်းမျက်စိအေးစရာ၊ စိတ်ကြည်နူးစရာ၊ မြတ်နိုးလေးစားစရာ ဖြစ်ရသည်။

ဖွံ့ဖြိုးရေးအချိန်ဆိုလျှင် ကျောင်းရှေ့မှ စိုက်ခင်းပြင်မှာ ပျိုးပင်စိမ်းစိမ်းနှင့် ကျောင်းလုံချည်စိမ်းစိမ်းတို့ ရောထွေးနေသည်မှာ ကျောင်း၏ အဆင်တန်ဆာ ဂုဏ်ယူစရာ အလှအပများဖြစ်ပါသည်။

## ကျောင်းနှင့် ဆောင်ပုဒ်များ

စာသင်ကျောင်းသို့ဝင်လျှင် ဆောင်ပုဒ်များကို တွေ့မြင်ရပါသည်။ အရေးကြီးသော ဆောင်ပုဒ် (၃)ခုမှာ-

၁။ အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက

၂။ ရိုးရိုးနှင့် ယဉ်ယဉ်တို့ ဝတ်စားဆင်ယင်

၃။ ကျောင်းမှန်မှန်တက် စာမခက်ဟူ၍ ဖြစ်ပါသည်။

ကျောင်းတော်တော်များများတွင် ထိုဆောင်ပုဒ်များကို မြင်သာ ထင်သာသော နေရာမှာ ရေးကပ် ချိတ်ဆွဲထားကြသည်။ အချို့သော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများသည် ထိုဆောင်ပုဒ်တို့၏ အရေးကြီးပုံကိုလေးစားနားလည်၍ ကျောင်းအဝင်မှာပင် ဆိုင်းဘုတ်ကြီးများချိတ်ဆွဲပြီး မြင်သာထင်ရှားသော စာလုံးကြီးများနှင့် ရေးသားထားကြသည်။

ကျောင်းသူကျောင်းသားများ ထိုဆောင်ပုဒ်ကို နားလည်စေရန်လည်း ရှင်းလင်းပြောကြား၍ လိုက်နာစေရန်လည်းထိန်းကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြုပြင်ပေးကြရသည်။

## အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက

စည်းကမ်းနှင့်ပတ်သက်သောဆောင်ပုဒ်ဖြစ်သည်။ ကလေးတို့သည် ကျောင်းသို့ရောက်သောအခါ အများနှင့်ပူးပေါင်းနေထိုင်ရခြင်းဖြစ်၍ ကိုယ်နေချင်သလိုနေ၍မရ၊ ကျောင်းစည်းကမ်းကိုလိုက်နာရသည်။

ကျောင်းစည်းကမ်းအဖြစ် ကျောင်းချိန်မှန်မှန်လာရသည်။ ကျောင်းဆင်းချိန်ရောက်မှ အိမ်သို့ပြန်ရမည်။ ကျောင်းထဲတွင်ကြီးနိုင်ငယ်ညှင်းလုပ်၍မရ၊ ကျောင်းသူကျောင်းသားအချင်းချင်းသင့်မြတ်စွာနေရမည်။

အတန်းထဲမှာလည်း အတန်းစည်းကမ်းကို လိုက်နာရသည်၊ ပညာသင်ချိန်မှာ စကားမပြောရ၊ အစာမစားရ၊ မဆူရ၊ မဆော့ရ၊ ဆရာ၊ ဆရာမ သင်ပြနေသည်ကို စိတ်ဝင်စားစွာ နားထောင်မှတ်သားရမည်။ ပေးထားသော လေ့ကျင့်ခန်းများကို ပြီးအောင်လုပ်ရမည်။

ကျောင်းတွင်း၊ အတန်းတွင်း သန့်ရှင်းရေးအတွက် အမှိုက်မချရ၊ တံတွေးမထွေးရ စသည်တို့ကို လိုက်နာရသည်။

ဤသို့ ကျောင်းမှာ လိုက်နာရသော စည်းကမ်းများသည် လူတစ်ယောက်၏ တန်ဖိုးတိုးမြင့်လာစေသည်။ စည်းနှင့်ကမ်းနှင့် နေတတ်သော လူဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



နောင်ဝယ် လူကြီးဖြစ်သောအခါ နိုင်ငံ၏ စည်းကမ်းဥပဒေများကို လေးစားစွာ လိုက်နာတတ်သူဖြစ်လာသည်။ အမျိုးသားစည်းကမ်းကိုရိုသေသောနိုင်ငံသားကောင်းဖြစ်လာသည်။ထိုအမျိုးသားစည်းကမ်းများကို စာသင်ကျောင်းမှ စတင်ခဲ့ခြင်း ဖြစ်ပါသည်။ ကျောင်းသူကျောင်းသားများ စည်းကမ်းတကျနေတတ်အောင် အစပြု၍ လေ့ကျင့်ပျိုးထောင်ပေးသူမှာ ဆရာ၊ဆရာမများပင်ဖြစ်ပေသည်။

## ရိုးရိုးနှင့် ယဉ်ယဉ်တို့ ဝတ်စားဆင်ယင်

ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်သည့် လှပသောဆောင်ပုဒ်ဖြစ်၏။ အဓိပ္ပာယ်လှ၍လှပခြင်းဖြစ်သည်။ ကျောင်းသူကျောင်းသားများသည် ပညာသင်ရန် ကျောင်းသို့လာကြခြင်းဖြစ်သည်။ ဂုဏ်တုဂုဏ်ပြိုင် ပြုရန်လာခြင်း မဟုတ်၊ အလှပြိုင်ရန်လာခြင်းမဟုတ်၊ ထို့ကြောင့် အဝတ်အဆင်ကို ရိုးရိုးယဉ်ယဉ်သာ ဝတ်စားဆင်ယင်ကြရသည်။

လုံချည်စိမ်းနှင့်အင်္ကျီဖြူသည် ကျောင်းသူ ကျောင်းသားဆရာ ဆရာမများ၏ ပြိုင်ဘက်ကင်းသော ပင်ကိုယ်အလှဖြစ်သည်။ သန့်ရှင်းသည်၊ ကြည်လင်သည်၊ ရိုးရိုးလေးနှင့်ယဉ်သည်၊ လျှပ်ပေါ်လော်လည်မှုကင်း၍ ဣန္ဒြေသိက္ခာလည်းရှိသည်။

ကျောင်းသူကျောင်းသားသည် ရွှေငွေလက်ဝတ် ရတနာတန်ဖိုးကြီးသည်တို့ကို ကျောင်းမှာ ဝတ်ဆင်မလာရ။ နှုတ်ခမ်းနီ၊ ပါဒါများဆိုး၍ လွန်မင်းစွာ အလှပြင်လာခြင်းမပြုရ။

www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးယဉ်ယဉ်ဝတ်စားဆင်ယင်ခြင်းသည်ပင် ကျောင်းစည်းကမ်းလည်းကျ၍ ကျောင်းသူကျောင်းသားတို့၏ ဂုဏ်ယူစရာ အလှအပလည်းဖြစ်ပါသည်။

## ကျောင်းမှန်မှန်တက် စာမခက်

ပညာသင်ကြားခြင်းနှင့် ပတ်သက်သော ဆောင်ပုဒ် ဖြစ်သည်။ ကျောင်းသား၏ တာဝန်မှာ ကျောင်းမှန်မှန်တက်ရမည်။ ဆရာ၊ ဆရာမတို့သည် တစ်နှစ်အတွက် သတ်မှတ်ထားသော သင်ရိုးညွှန်းတန်းနှင့်အညီ ပြီးရန်သင်ကြားရသည်။ ထို့ကြောင့် တစ်လတွင်ပြီးရန်၊ တစ်ပတ်တွင်ပြီးရန်၊ တစ်ရက်တွင်ပြီးရန်၊ သင်ကြားရမည့်သင်ခန်းစာများကို စီစဉ်ချမှတ်ထားရသည်။ ထိုချမှတ်သည့် အစီအစဉ်အတိုင်း ပြီးစီးအောင်လည်း နေ့စဉ်သင်ကြားနေရသည်။ ကျောင်းမှန်မှန်မတက်သော ကျောင်းသားသည် သင်ခန်းစာများ လွတ်ကျော်သွားလိမ့်မည်။ ထိုအခါ ရှေ့သင်ခန်းစာကို နားမလည်ခဲ့လျှင် နောက်သင်ခန်းစာကိုပါ နားလည်ရန် အခက်အခဲရှိလာတော့မည်။ ကျောင်းပျက်များသော ကျောင်းသူကျောင်းသားသည် သင်ခန်းစာများကို အဆက်အစပ်နှင့် တကွ ကျေညက်စွာ နားမလည်ခြင်းကြောင့် စာများကို လေ့ကျင့်ကျက်မှတ်ရာ၌ အခက်အခဲဖြစ်လာသည်။ ကြာသောအခါ ပညာသင်ရသည်ကို စိတ်ပျက်လာသည်။ ထိုအခါ ပညာရေးမှာ ပို၍ ညံ့ဖျင်းလာတတ်သည်။ စာမတော်သောအခါ ကျောင်းနေမပျော်ဖြစ်လာသည်။ ကျောင်းနေပျော်၍ စာတော်လိုလျှင်ကျောင်းမှန်မှန်တက်ရန်လိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှန်မှန်တက်သူတို့အတွက် စာမခက်ပါ။

## ကျောင်းနှင့်သန့်ရှင်းရေး

ကျောင်းသည် စည်းနှင့်ကမ်းနှင့်နေရသောနေရာဖြစ်သကဲ့သို့ သန့်ရှင်းသပ်ရပ်သောနေရာလည်း ဖြစ်ရသည်။

အတန်းတွင်းမှာ သန့်ရှင်းရသည်။ ကျောင်းတွင်းမှာ သန့်ရှင်းရသည်။ အမှိုက်များကို စည်းမဲ့ကမ်းမဲ့ မချရ။ အမှိုက်ပုံးမှာ ထည့်ရသည်။ အတန်းတွင်းမှာအလှည့်ကျ သန့်ရှင်းရေးရှိသည်။ ကျောင်းဝင်းအတွင်းမှာ အသင်းအလိုက် အလှည့်ကျ သန့်ရှင်းရေးလုပ်ရသည်။

စာရေးသူ ပဉ္စမတန်း ကျောင်းသားအရွယ်က ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်သည် ဝတ်ပုံဆင်ပုံ၊ နေပုံထိုင်ပုံလွန်စွာ သန့်ရှင်းသပ်ယပ်သည်။ ကျောင်းသားများ အတုယူစရာ စံနမူနာပြဖြစ်သည်။

ကျောင်းထဲမှာ အမှိုက်တစ်မျှင်၊ စက္ကူတစ်စ တွေ့လျှင် မည်သည့်အခါမျှ ရှောင်သွားခြင်းမရှိ။ အသေအချာကောက်ယူပြီး အမှိုက်ပုံးမှာ သွားထည့်သည်။ နောင်တွင် ဆရာကြီးကို အတုယူ၍ ကျောင်းသူကျောင်းသားတိုင်း အမှိုက်တွေ့လျှင် ကောက်ပြီး အမှိုက်ပုံးမှာ သွားထည့်ကြသည်။ ထိုသို့ အမှိုက်ကောက်သော တပည့်ကို တွေ့တိုင်း ဆရာကြီး ဦးမောင်မောင်သည် သဘောကျစွာ ချီးကျူးလေ့ရှိသည်။

ထို့ကြောင့် ဆရာကြီးဦးမောင်မောင်လက်ထက်တွင် အတန်း

www.burmeseclassic.com

www.burmeseclassic.com


တွင်း ကျောင်းတွင်းမှာသာမက ကျောင်းဝင်းအတွင်းမှာပါ လွန်စွာ သန့်ရှင်းနေပါသည်။

ရွာသစ်ကြီး တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှာလည်း သန့်ရှင်းသပ်ရပ်မှုမှာ စံနမူနာပြဖြစ်သည်။ စာရေးသူရွာသစ်ကြီး တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ရောက်ဖူးပါသည်။ နေရာတိုင်းမှာ အမှိုက်ထည့်ရန်အမှိုက်ပုံးများရှိသည်။ သန့်ရှင်းသပ်ရပ်မှုမှာ စံပြဖြစ်သည်ကို ဧည့်သည်တိုင်း အသိအမှတ်ပြု၍ လေးစားကြရသည်။ အမှတ်မထင် မီးခြစ်ဆံလေးတစ်ဆံပင်ချရက်စရာမရှိဖြစ်ရသည်။ ချလိုက်မိလျှင်လည်း ထိုမီးခြစ်ဆံအမှိုက်ကလေးသည် အလွန်အရုပ်ဆိုးအကျည်းတန်သွားမည်ဟုခံစားရသည်။

စာသင်ကျောင်းဆိုသည်မှာ သန့်ရှင်းသပ်ရပ်မှုတွင်လည်း စံနမူနာပြဖြစ်နေအပ်ပေသည်။

သန့်ရှင်းသပ်ရပ်စွာ နေထိုင်တတ်ခြင်းသည်လည်း စည်းစနစ်ကျနခြင်း၏ ပြယုဂ်တစ်ခုပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com


# ကျောင်းဆရာနှင့် စာသင်ခန်း

ဆရာစိတ်ရှိသော ဆရာကောင်းတို့သည် ကျောင်းကိုချစ်သည်။ စာသင်ခန်းမှာ ပျော်သည်။ ကလေးများနှင့် သင်ကြားပို့ချရသည်ကို စိတ်ဝင်စားသည်။ စာသင်ရာတွင် အတန်းထိန်းသိမ်းမှုကိုလည်း အလေးအနက်ထားကြသည်။

ကျောင်းသူကျောင်းသားများသည်ငယ်ရွယ်သူများဖြစ်ကြ၏။ စိတ်လှုပ်ရှား၍ အာရုံပျံ့လွယ်ကြသည်။ ပညာသင်ကြားနေစဉ်မှာပင် အတန်းထဲမှာ ဆူချင်၊ ဆော့ချင်၊ နောက်ပြောင်ချင်ကြသည်။ ဆရာ၊ ဆရာမ အတန်းအုပ်ချုပ်မှုလျော့ရဲလျှင် စာသင်ချိန်ဖြစ်လျက်အတန်းထဲမှာ ကလေးများ၏အသံ ဆူညံနေတတ်သည်။ အတန်းအုပ်ချုပ်မှုကို နားလည်တတ်ကျွမ်းသောဆရာ၊ ဆရာမသည် စာသင်ချိန်မှာ ကလေးတို့ကို ဆူညံစွာ ဆော့ကစားခြင်း မပြုအောင် ထိန်းသိမ်းနိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်းအုပ်ချုပ်မှုကောင်းမှလည်း စာသင်ကောင်းသော ဆရာ၊ ဆရာမဖြစ်နိုင်သည်။ ဆရာကောင်းတို့၏ စာသင်ခန်းများသည် ဆရာ၏ သင်ကြားပို့ချသံမှတစ်ပါး ငြိမ်တိတ်နေ၏။ ကျောင်းသူကျောင်းသားများ၏ အာရုံကိုမပျံ့လွင့်အောင် ထိန်းသိမ်းထားတတ်ကြ၏။

## စာသင်ခန်းကို ပြင်ဆင်ခြင်း

ကလေးတို့၏အာရုံကို ထိန်းသိမ်းရာတွင် စာသင်ခန်းဖွဲ့စည်းမှုစနစ်ကျရန်လည်းအရေးကြီးသည်။ ဖြစ်နိုင်လျှင် စာသင်ခန်းတစ်ခုနှင့်တစ်ခု အသံချင်း မကူးစက်ရန်လိုသည်။ စာသင်ခန်း ပြင်ဆင်မှုတွင် သင်ကြားမှုအထောက်အကူပြုသည်မှတစ်ပါး မလိုအပ်သောစိတ်ဝင်စားစရာများမရှိရန်လိုသည်။ ပုံမှန်အားဖြင့်ဆိုလျှင် စာသင်ခန်း၏ရှေ့တွင် အများမြင်သာသောအမြင့်မှာ သင်ပုန်းကြီးရှိရန်လိုသည်။ ထိုသင်ပုန်းကြီး၏အနောက်ဘက်မှ နံရံတွင် ပြတင်းပေါက်ရှိလျှင် ထိုပြတင်းပေါက်များကို ပိတ်ထားသင့်သည်။မှန်တံခါးဖြစ်လျှင်ဆေးသုတ်ထားသင့်သည်။ ထိုသို့မဟုတ်လျှင် ပြတင်းပေါက်မှတစ်ဆင့် လှမ်းမြင်နေရသည်များသို့ ကလေးများ အာရုံရောက်သွားတတ်သည်။

စာသင်ခန်းတွင် လုံလောက်သော အလင်းရောင်ရှိရန်လည်းလိုသည်။ အလင်းရောင်အားနည်းလျှင် ကလေးတို့၏အာရုံထိုင်းမှိုင်းစေသည်။ သင်ကြားပို့ချနေသော စာများနှင့် ကိုယ်တိုင်ရေးသောစာလုံးများကိုကောင်းစွာမမြင်ရ၍လည်း စိတ်အနှောင့်အယှက်ဖြစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စာသင်ခန်းတွင် အလင်းရောင်ကောင်းစွာပေးနိုင်သော ပြတင်းပေါက်များရှိရသည်။ လိုအပ်လျှင် မီးချောင်းများတပ်ဆင်ထားသင့်သည်။ အလင်းရောင်ပေးရာတွင် သတိထားရမည့်အချက်မှာ သင်ပုန်းကြီးမှရောင်ပြန်ထွက်မနေရန်ဖြစ်သည်။ စာသင်ခန်းကို လှစေချင်သော အပြင်အဆင်အဖြစ် ပန်းချီကားများ ချိတ်ဆွဲမထားသင့်ပါ။

## အတန်းရှေ့မှာ ဆရာ့နေရာ

အတန်း၏ရှေ့မှာ ဆရာ၊ဆရာမများ၏စားပွဲနှင့်ကုလားထိုင်ရှိသည်။ သို့သော် သင်ပုန်းကြီးကို ကွယ်မနေသင့်ပါ။ ဖြစ်နိုင်လျှင် ဆရာ၊ ဆရာမထိုင်သောနေရာသည် အတန်းထက်ပို၍ မြင့်နေသင့်သည်။ တပည့်အားလုံးက ရှင်းလင်းစွာ မြင်သာစေရန်ဖြစ်သည်။ သို့သော် စာသင်ကြားချိန်မှာ ဆရာ၊ဆရာမသည် ထိုင်လျက် အနေအထားထက် မတ်တတ်ရပ်၍ သင်ကြားသည်က ကလေးတို့အာရုံကို ပို၍ဆွဲဆောင်နိုင်သည်။ အတန်းအုပ်ချုပ်ထိန်းချုပ်မှုလည်း ပိုကောင်းသည်။ သင်ကြားမှု အထောက်အကူပြုဖြစ်သော သင်ပုန်းကြီးမှာ လိုအပ်သလို ရေးသားရန်လည်းအဆင်ပြေလွယ်ကူသည်။ဖြစ်နိုင်လျှင် အတန်းရှေ့မှာ ဆရာ၊ ဆရာမ မတ်တတ်ရပ်၍ သင်ကြားရာ၌ သက်သက်သာသာဖြစ်အောင် အထောက်အကူပြုသော စကားပြောစင်ရှိသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



## သင်ပုန်းကြီး အသုံးပြုပုံ

အတန်းရှေ့မှာရှိသော သင်ပုန်းကြီးသည်သင်ကြားပို့ချမှုတွင် အထိရောက်ဆုံး အထောက်အကူ ပစ္စည်း ဖြစ်သည်။ လက်ရှိ ပညာသင်ကြားမှုတွင် သင်ပုန်းကြီးသည် စာသင်ခန်းတိုင်းမှာ မရှိမဖြစ်သော လိုအပ်ချက်ဖြစ်သည်။ စနစ်ကျသော ဆရာ၊ ဆရာမ ကောင်းတို့သည် သင်ကြားပို့ချရာ၌ သင်ပုန်းကြီးကို ကောင်းစွာအသုံး ချတတ်သည်။ ရှင်းလင်းပြောကြားနေသော သင်ခန်းစာကို အလွယ်တကူ နားလည်စေရန် သင်ပုန်းကြီးပေါ်မှာ ရေးသားပြသည်။ ကူးယူမှတ်သားရမည့်အချက်များကို သင်ပုန်းကြီးပေါ်မှာ ရေးပေး သည်။ သို့သော် မလိုအပ်ဘဲနှင့် သင်ပုန်းကြီးပေါ်တွင် ရေးသားခြင်း၊ ထပ်ကာထပ်ကာ မျဉ်းသားပြနေခြင်း၊ သင်ပုန်းကြီးကို မြေဖြူနှင့် တဒေါက်ဒေါက်ခေါက်နေခြင်း မပြုသင့်ပါ။

ဆရာအတန်းထဲဝင်စမှာ သင်ပုန်းကြီးသည် သန့်ရှင်းစွာ ဖျက်ထားပြီး ဖြစ်သင့်သည်။ အတန်းခေါင်းဆောင်ဖြစ်သောကလေး ကို တာဝန်ပေးထားလျှင်ရသည်။သို့မဟုတ်လျှင် ရှေ့မှ ဆရာ၊ ဆရာမ ရေးသားခဲ့သည်များမှာ နောက်ဘာသာရပ် သင်ကြားသူအတွက် မလိုအပ်ဘဲ အတန်းရှေ့မှာ ကျန်နေသည်။ ထိုစာများကို ကြည့်မြင်နေ ရခြင်းသည် နောက်သင်ခန်းစာအပေါ်မှာ စိတ်ဝင်စားမှုကို ထိခိုက် သည်။ ထိုအချက်ကို နားလည်သောဆရာသည် ရှေ့မှ ဆရာသင်ကြား ရေးသားခဲ့သော သင်ပုန်းကြီးပေါ်မှစာများကို သန့်စင်အောင်ဖျက်ပစ် လိုက်သည်။ သူ ယနေ့သင်ကြားမည့်အကြောင်းအရာ၏ခေါင်းစဉ်ကို သင်ပုန်းကြီးပေါ်မှာ ရှင်းလင်းပီသစွာ ရေးသားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုခေါင်းစဉ်အောက်မှာ ခေါင်းစဉ်ငယ်များ အရေးကြီးသော အချက်များကိုရေး၍ ရှင်းလင်းသည်။ ဤသို့ ရှင်းလင်းပြောကြားရာတွင် သတိထားရမည့်အချက်မှာ ဆရာသည် အတန်းကို ကျောပေးပြီး သင်ပုန်းကြီးနှင့် စကားပြောနေခြင်းကို ရှောင်ရန်ဖြစ်သည်။ သင်ပုန်းမှာရေးရင်း ပြောဆိုရှင်းလင်းလျှင် ကလေးတို့ကိုဆရာမမြင်ရပါ။ အတန်းထိန်းသိမ်းမှုပျက်သွားသည်။ ကလေးများ နားလည်မလည်၊ စိတ်ဝင်စားခြင်းရှိမရှိကိုလည်း အကဲခတ်နိုင်ခွင့် မရတော့ပါ။ ကလေးများဘက်ကို လှည့်ပြောသကဲ့သို့ သဲကွဲပီသစွာ ကြားနိုင်ခြင်းလည်း မရှိပါ။

ထို့ကြောင့် ဆရာသည် သင်ပုန်းကြီးကိုအသုံးပြု၍ ရေးသားရာ၌ ဘေးစောင်းနေပြီး သင်ပုန်းပေါ်မှာ ရေးတတ်ရန်လိုသည်။ လိုအပ်လျှင် အတန်းကိုလည်း ကြည့်ရှုထိန်းသိမ်းနိုင်သည်။ ရေးနေစဉ် ရှင်းလင်းပြောကြားခြင်းမရှိဘဲ ရေးပြီးမှ ကျောင်းသူကျောင်းသားများဘက်ကိုလှည့်၍ ရှင်းလင်းပြောကြားရသည်။ ကျောင်းသားများ လိုက်ကူးရန်လိုအပ်သည့် အချက်များဖြစ်လျှင်လည်း ကူးယူနေစဉ် ခေတ္တစောင့်ဆိုင်းရန် လိုသည်။ အချို့သော စည်းစနစ်ကြီးသည့်ဆရာများသည် အချိန်စေ့၍သင်ကြားပို့ချမှုပြီးသည်နှင့်သင်ပုန်းကြီးပေါ်မှာ ကိုယ်ရေးခဲ့သော စာများကို ပြောင်စင်အောင်ဖျက်ပစ်ခဲ့သည်။ နောက်ဆရာအတွက် သန့်ရှင်းသော သင်ပုန်းကြီးကို အသင့်အသုံးပြုနိုင်ရန် လွှဲအပ်ခဲ့ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## သန့်ရှင်းသပ်ရပ်သော စာသင်ခန်း

စာသင်ခန်းသည် အလှအပတန်ဆာဆင်ရန်မလိုသော်လည်း သန့်ရှင်းသပ်ရပ်မှုရှိရန်လိုသည်။ ကျောင်းသားအရေအတွက်နှင့် အတန်းမှူတရန်လိုသည်။ ခုံများကို စီစီညာညာထားရသည်။ ကြည့်မြင်ရုံနှင့် စနစ်ကျသော စာသင်ခန်းအဖြစ် ပေါ်လွင်နေရန် လိုသည်။ အတန်းပြင်ဆင်ပုံ၊ ခုံများချထားပုံမှစ၍စည်းကမ်းတကျရှိသင့်သည်။ အတန်းထဲမှာ အမှိုက်များ၊ စက္ကူစုတ်များ ရှင်းလင်းနေသင့်သည်။ အတန်း၏ထောင့်တစ်နေရာမှာ အမှိုက်ပုံးထားရသည်။ အမှိုက်၊ စက္ကူစုတ်တို့ကို အမှိုက်ပုံးမှာ စွန့်ပစ်ရမည်။ သန့်ရှင်းသပ်ရပ်သော စာသင်ခန်းသည် ဆရာကိုရော ကျောင်းသူကျောင်းသားများကိုပါ စိတ်ကြည်လင်စေသည်။ သင်ကြားပို့ချရေးအတွက် စိတ်ကြည်လင်မှုရှိရန် လိုသည်။

အမှိုက်တွေ့လျှင်ကောက်၍အမှိုက်ပုံးမှာထည့်ရန်စာတန်းလေးများ ကပ်ထားသင့်သည်။ အမှိုက်တွေ့သူတိုင်းက လိုက်နာဆောင်ရွက်လျှင် သန့်ရှင်းသပ်ရပ်သော စာသင်ခန်းဖြစ်လိမ့်မည်။ မိမိအတန်းကိုကောင်းအောင်ကြိုးစားသော ကျောင်းသူကျောင်းသားများသည် မိမိကျောင်းကိုလည်း ကောင်းအောင်ကြိုးစားသူများဖြစ်လာကြလိမ့်မည်။ အသက်ကြီးလာသောအခါ တိုင်းပြည်အတွက်ပါကောင်းအောင် ကြိုးစားသူများ ဖြစ်လာကြလိမ့်မည်။

ဆရာသည် ကျောင်းသူကျောင်းသားများကို ပညာသင်ကြားပေးရင်း စည်းကမ်းရှိသူများ၊ စနစ်ကျသူများ ဖြစ်အောင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ပေးရန်လိုသည်။ စည်းကမ်းကောင်းသော အတန်း၊ စည်းကမ်းကောင်းသောကျောင်းဖြစ်မှလည်း ပညာသင်ကြားရေး ထိရောက်အောင်မြင်မည်။

ထိရောက်အောင်မြင်သော ပညာသင်ကြားမှု အထောက်အကူပြုရန်အတွက် စာသင်ခန်းကို လိုအပ်ချက်များနှင့်အညီ ပြည့်စုံမှန်ကန်စွာ ဖွဲ့စည်းပြင်ဆင်ရန် လိုအပ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# အတန်းအုပ်ချုပ်မှုနှင့် ပညာသင်ကြားခြင်း

ဆရာ၊ ဆရာမများသည် စာသင်ခန်းထဲတွင် ပညာသင်ကြားရာ၌ အတန်းရှေ့မှာရပ်ပြီး သင်ပုန်းကြီးကို အကူအညီအဖြစ်အသုံးချ၍ ရှင်းလင်း သင်ကြားကြရသည်။

ဆရာသည် အတန်းရှေ့မှာရပ်ရာ၌ တစ်တန်းလုံးရှိကျောင်းသူကျောင်းသားအားလုံးကို ကောင်းစွာမြင်နိုင်သောနေရာဖြစ်သင့်သည်။ အပြန်အလှန်ပင် ကျောင်းသူကျောင်းသားအားလုံးကလည်း ဆရာကိုမြင်နိုင်ရန် လိုပါသည်။ ဖြစ်နိုင်လျှင် ဆရာ၏နေရာသည် အတန်းရှေ့တွင် စင်မြင့်ကလေးပေါ်မှာ ဖြစ်နေသင့်ပါသည်။ အတန်းကို လွှမ်းခြုံမြင်နိုင်မှ အတန်းအုပ်ချုပ်မှု ထိရောက်ပါသည်။

သို့သော် ဆရာသည် ကျောင်းသားကျောင်းသူ တပည့်များကို အပေါ်စီးမှကြည့်မြင်နိုင်ရန်ဟူသော အကြောင်းပြချက်နှင့်တပည့်

www.burmeseclassic.com

www.burmeseclassic.com



များ၏ စာရေးခုံပေါ်သို့ တက်မထိုင်သင့်ပါ။

## စာရေးခုံပေါ်မှာ မထိုင်သင့်

ဆရာ၊ ဆရာမတို့သည် စာသင်ခန်းထဲမှာ ကျောင်းသူကျောင်းသားများကို ပညာသင်ကြားနေချိန်တွင် မည်သည့်အကြောင်းကြောင့်မှ တပည့်တို့၏ စာရေးခုံပေါ်တွင် တက်မထိုင်သင့်ပါ။ ယခုအခါမှာ ဆရာ၊ ဆရာမအချို့သည် ရှေ့ဆုံးမှကျောင်းသူကျောင်းသားများ၏စာရေးခုံမှာ တင်ပါးလွှဲထိုင်၍ စာခေါ်ပေးနေတတ်ကြသည်။ သင်ခန်းစာများကို ရှင်းလင်းပြောကြားနေတတ်ကြသည်။ ကျောင်းသား၏ စာရေးခုံပေါ်မှာ ဆရာ၊ ဆရာမတို့ထိုင်၍ သင်ကြားခြင်းသည် မလိုလားအပ်သော ကြောင်းကျိုးဆက်များ ဖြစ်စေတတ်သည်။ အမြင်မတင့်လည်း ဖြစ်သည်။ ကျောင်းသူကျောင်းသားအတွက်လည်း အနေကျပ်သည်။ ကျောင်းသူကျောင်းသား၏ စာရေးခုံသည် ဆရာထိုင်ရန်မဟုတ်ပါ။ စည်းစနစ်ကျသော ဆရာများသည် မည်သည့်အခါမျှမထိုင်ပါ။

## လမ်းလျှောက်၍ သင်ကြားခြင်း

သင်ခန်းစာများကို ရှင်းလင်းပြောကြားသည့်အခါ မလိုအပ်ဘဲ လမ်းလျှောက်နေခြင်းသည် ကလေးတို့၏စိတ်ဝင်စားမှုကို လွင့်ပါးစေသည်။ အချို့သောဆရာ၊ ဆရာမများသည် အတန်းရှေ့မှာ လူးလာ

www.burmeseclassic.com

www.burmeseclassic.com

ခေါက်ပြန်လှုပ်ရှားသွားလာရင်း ရှင်းလင်း ပြောကြားနေတတ်သည်။ ကလေးများ၏ မျက်လုံးများအားလုံး ဆရာ၊ဆရာမသွားရာသို့လိုက် ကြည့်နေကြရသည်။ အပို အလုပ်ရှုပ်ပါသည်။ တစ်နေရာတည်းမှာ ရပ်ပြီး သင်လျှင် အာရုံစုစည်းမှု ပို၍ကောင်းပါသည်။

တက္ကသိုလ်တွင် စာသင်ခန်းတစ်ခု၌ စာသင်နေသောဆရာမ တစ်ယောက်ကိုတွေ့ဖူးပါသည်။ ဆရာမခပ်ငယ်ငယ် ဖြစ်ပါသည်။ လက်သည်းချွန်ရှည်ရှည်ကြီးများကို ရှားညိုရောင်ဆေးဆိုးထားသည်။ စာသင်သောအခါ အတန်းရှေ့မှာခေါက်တုံ့လူးလာလျှောက်၍ လက် တစ်ဖက်က စာအုပ်ကိုဖွင့်ပြီးကိုင်ထားသည်။ လွတ်နေသော လက် တစ်ဖက်က လှပစွာ သွယ်နွဲ့ကွေးဝိုက်၍ အမူအရာလုပ်ပြနေသည်။ သို့သော် ဆရာမ၏ မျက်နှာက အတန်းကိုမကြည့်။ မည်သည့်ကျောင်း သူ ကျောင်းသားကိုမျှ မကြည့်။ စာအုပ်ကိုသာ ကြည့်နေသည်။ အမူအရာလုပ်သော လက်ကလည်း ပြောသည့်အကြောင်းအရာနှင့် ဆိုင်ဆိုင်မဆိုင်ဆိုင် သံပတ်ပေးထားသော အရုပ်တစ်ခုလို သူ့ဘာသာ လှုပ်ရှားနေခြင်း ဖြစ်ပါသည်။

ကျောင်းသားအချို့က ဆရာမ၏လက်ကို လိုက်ကြည့်နေ သည်။ ကျောင်းသူအချို့က လမ်းလျှောက်ပုံကို ကြည့်နေသည်။ အချို့က စကားပြောနေသည်။ အချို့က အတန်းထဲမှ ထွက်လိုက် ပြန်ဝင်လိုက် လုပ်နေကြသည်။ ဆရာမက အတန်းကိုမကြည့်၍မသိ၊ စိတ်ဝင်စားခြင်းမရှိ။ နားထောင်ချင်လျှင်ထောင်၊ မထောင်ချင်လျှင်နေ။ သူကတော့ သူ့သင်ခန်းစာကို သူ့တာဝန်ကျေအောင် ရှင်းလင်းပြော ကြားသည်။ မယူလျှင် မယူသူ၏တာဝန်သာဖြစ်သည်ဟု သဘော

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်သည်။ စိတ်သက်သာသည်မှာ မှန်၏။ သို့သော် တကယ် တာဝန်ကျေပါလေစ။ လုပ်နေသောအလုပ်သည် အဓိပ္ပာယ်ပါလေစ ဟု သံသယဖြစ်မိသည်။

BURMESE CLASSIC .com

## စာသင်ခန်းထဲမှာ ရှေ့နောက်လျှောက်ခြင်း

အတန်းရှေ့ အများမြင်ကွင်းမှာ လူးလာတုံ့ခေါက်လျှောက်၍ သင်သောဆရာ ရှိသကဲ့သို့ စာသင်ခန်းကို ရှေ့ထိပ်ဆုံးမှ နောက်ဆုံး ထိပ်အထိလမ်းလျှောက်ရင်း ရှင်းလင်းသင်ကြားသော ဆရာ၊ ဆရာမ များလည်း ရှိသေးသည်။ ပို၍ပင်မလုပ်သင့်သော ကိစ္စဖြစ်၏။ အတန်း ရှေ့တွင်လျှောက်နေသည်ကမှ လှမ်းကြည့်လျှင် မြင်ရန် လွယ်သေး သည်။ အတန်းရှေ့နောက် လျှောက်သောအခါ ဆရာသည်အတန်း၏ နောက်ဆုံးမှာ ရောက်နေချိန်တွင် ကျောင်းသူ ကျောင်းသားများ၏ ကျောပေးထားခြင်းကို ခံနေရပေသည်။

ထိုအခါမျိုးတွင် တပည့်တို့သည် ဆရာနှင့် အမြင်အာရုံ ကင်းကွာနေတတ်သည်။ ရှေ့နောက်လျှောက်နေသော ဆရာ့နောက်ကို လိုက်မကြည့်နိုင်၍လည်း စိတ်ဝင်စားမှု လျော့ပါးရသည်။

## အတန်းအုပ်ချုပ်မှုနှင့် ဆရာ၏သြဇာရှိသောအကြည့်

အတန်းကို အုပ်ချုပ်ရာတွင် ဆရာ၊ ဆရာမတို့၏ မျက်စိသည် အရေးကြီးဆုံး အသုံးဝင်၏။ ဆရာ၊ ဆရာမ အသစ်ကလေးများသည်

www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းခွင်အတွေ့အကြုံမရှိသေး၍ စာသင်ခန်းရှေ့ ရပ်လိုက်သည်နှင့် ဒူးတုန်လက်တုန် ဖြစ်နေတတ်သည်။ ထိုအခါမျိုးတွင် တစ်တန်းလုံးမှ ကျောင်းသူကျောင်းသားကို ကြောက်လန့်နေသောကြောင့် စာသင်ခန်းကို အပေါ်စီးမှကြည့်ပြီး အုပ်ချုပ်နိုင်စွမ်းမရှိ ဖြစ်ရသည်။ ဆရာ၊ ဆရာမ ကြောက်လန့်နေလျှင် ကျောင်းသူကျောင်းသားကခြောက်ချင်သည်။

ကျွန်တော်အလယ်တန်းပြဆရာဖြစ်ခါစတွင် ပဉ္စမတန်းကို ဝင်၍ သင်ကြားရာ၌ အတန်းထဲကိုရောက်သည်နှင့် တပည့်များက မင်္ဂလာပါဟု နှုတ်ဆက်ကြသည်။ ထိုသို့နှုတ်ဆက်ပြီးသည်နှင့် မိန်းကလေးတစ်ယောက်က သူ့ဘေးမှသူငယ်ချင်းကို ပြောလိုက်ပါသည်။ 'ဟော့ . . ဒါဆရာအသစ်ကွ၊ သူ့ကို ငါတို့ဘာမှကြောက်နေစရာမလိုဘူး'ဟူ၍ဖြစ်သည်။

သူပြောသည်ကို ကျွန်တော် ကြားပါသည်။ ကျွန်တော် ကြောက်သွားသည်။ အတန်းရှေ့သို့ရောက်သောအခါ ထိုအသံရှင် မိန်းကလေးကို လှမ်းကြည့်မိသည်။ ငယ်ငယ်ကလေးဖြစ်သည်။

မျက်စိအကြည့်နှင့် အတန်းအုပ်ချုပ်ရာတွင် မျက်နှာထားတင်းပြီး ဒေါသဖြစ်နေသောအကြည့်၊ မကျေနပ်သောအကြည့်၊အပြစ်ရှာလိုသောအကြည့်နှင့် ကြည့်ရမည်မဟုတ်ပါ။ ကိုယ့်တပည့်များကို ရင်နှစ်သည်းချာများလို ချစ်ခင်သောမျက်စိနှင့် ကြည့်ရန်လိုပါသည်။

မေတ္တာသည် အရာအားလုံးကို အောင်နိုင်သည်ဟု ဆိုထား၏။ ဆရာသည် တပည့်တို့ကို မေတ္တာ၊ အကြင်နာပါသောမျက်လုံးများနှင့် ကြည့်တတ်ရန်လိုပါသည်။ ဆရာကချစ်တတ်မှ တပည့်တို့က

www.burmeseclassic.com

www.burmeseclassic.com



လည်း ပြန်ပြီးချစ်တတ်ကြပါလိမ့်မည်။ ချစ်မှ ကြောက်ရွံ့ရိုသေလေးစားသည်။ ကြောက်ရွံ့ရိုသေမှ ဆိုဆုံးမသည်ကိုနာခံသည်။ဆရာ၊ ဆရာမသည် တပည့်တို့ကို မေတ္တာ၊ စေတနာနှင့်ကြည့်ခြင်းသည် သြဇာရှိသော အကြည့်ဖြစ်သည်။

သို့သော် တစ်ခါတစ်ရံတွင် စာသင်ကြားနေစဉ် စကားပြောသူများကို ဟန့်တားသော မျက်လုံးနှင့် ကြည့်ရသည်။

'မင်းတို့စကားပြောနေတာ ငါသိတယ်။ စကားမပြောကြနဲ့'

ဟူသော အဓိပ္ပာယ်ပါသည့်အကြည့်ဖြစ်သည်။ ကျောင်းသားကလည်း နားလည်ပါသည်။ ထိုအကြည့်နှင့်ပင် စကားပြောခြင်း ရပ်တန့်သွားပါသည်။

ထို့ထက် ပိုဆိုးလာလျှင် ထို့ထက်တင်းကျပ်သော အကြည့်နှင့် ဟန့်တား၍ရပါသည်။

အချို့သော ဆရာ၊ ဆရာမများ၊ လူအများရှေ့တွင် ပြောဆိုသင်ကြားသူများသည် နားထောင်နေသူများကိုကြည့်ရန် ဝန်လေးကြသည့်။ မဝံ့မရဲဖြစ်ပြီး ကြောက်နေကြသည်။ ထိုအခါ ကျောက်သင်ပုန်းကြီးဘက် လှည့်ပြီးပြောဆိုခြင်း၊ စာအုပ်ကိုကြည့်ပြီးပြောဆိုခြင်း၊ အဝေးတစ်နေရာကိုကြည့်၍ပြောဆိုခြင်း၊ အတန်းထဲမှ တစ်နေရာရာ တစ်ယောက်ယောက်ကိုသာ ပုံသေကြည့်၍ ပြောဆိုနေခြင်းများ ပြုမူတတ်ပါသည်။

တစ်တန်းလုံးကို လွှမ်းခြုံ၍ကြည့်ရန်လိုသည်။ တပည့်များအားလုံးအပေါ် အမြင်အာရုံရောက်နေရပါသည်။ လှုပ်ခနဲဖြစ်သောနေရာ၊ ထူးခြားသောနေရာများကို အလွယ်တကူကြည့်မြင်ပြီးဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



ရပါမည်။ ထိုအခါမျိုးတွင် မျက်လုံးများသည် အခန်းအုပ်ချုပ်မှုအတွက် အလွန်အရေးပါသော အထောက်အပံ့များ ဖြစ်လာကြပါလိမ့်မည်။

## အသံ အတိုးအကျယ်

အတန်းအုပ်ချုပ်မှုနှင့် ပညာသင်ကြားမှုကို အသံအတိုး အကျယ်ကလည်း ကြီးစွာ အထောက်အပံ့ပြုပါသည်။

အသံတိုးလွန်း၍ မကြားရလျှင် တပည့်တို့သည်ကြာရှည်စွာ ကြိုးစားပြီးကြားရအောင်အားထုတ်နေကြမည်မဟုတ်ပါ။ မကြားရ သည့်အတွက် ဘာမျှနားမလည်သောကြောင့် သင်ခန်းစားကိုစိတ်မဝင် စားတော့ပါ။ အတန်းထဲမှာ ငြိမ်သက်စွာနေထိုင်ရမည့် စည်းကမ်းကို လည်း လိုက်နာတော့မည်မဟုတ်ပါ။

ဆရာ၏အသံသည် လိုအပ်သည်ထက်ပို၍ အော်ဟစ်သော ကြောင့် အသံကျယ်လွန်းနေလျှင်လည်း တပည့်များအတွက်စိတ်ညစ် စရာဖြစ်ရသည်။ အခြားသောစာသင်ခန်းများကိုပါ အနှောင့်အယှက် ဖြစ်စေတတ်ပါသည်။ အသံကျယ်လွန်းသည့်အတွက် အတန်းကိုငြိမ် သက်အောင်အုပ်ချုပ်ထိန်းသိမ်းနိုင်မှု ပို၍ကောင်းသည်မဟုတ်ပါ။

အသံကို အနိမ့်အမြင့် လှိုင်းမရှိဘဲတစ်မျိုးတည်း ပုံမှန် ပြောနေပြန်လျှင်လည်း ငြီးငွေ့စရာဖြစ်စေပါသည်။ သင်္ဘောနှင့်ခရီး သွားလာရာ၌ ပုံမှန်ကြားနေရသော သင်္ဘောစက်သံသည် ခရီးသည် များကို အိပ်ချင်၍ ငိုက်မျဉ်းလာစေသည်နှင့် တူပါလိမ့်မည်။ ဆရာ သည် တပည့်တို့ကို ပြောဆိုသင်ကြားရာ၌ အသံလှိုင်း အနိမ့်အမြင့်

www.burmeseclassic.com

www.burmeseclassic.com



အတိုးအကျယ် ရှိသင့်ပါသည်။ သို့သော်သဘာဝအတိုင်းသာရှိသင့်သည်။ သဘာဝထက်ပိုပြီး တမင်သက်သက် အသံကိုမြှင့်လိုက်တိုးညှင်းစွာပြောလိုက် စသည့် ဟန်များလွန်းခြင်း၊ စတိုင်ထုတ်လွန်းခြင်းများသည်လည်း အောင်မြင်မည်မဟုတ်ပါ။ ပုံမှန်ရိုးသားသောသဘောထားနှင့် အသံလှိုင်းအနိမ့်အမြင့်ထားပြီး ပြောဆိုနိုင်အောင်ကြိုးစားသင့်ပါသည်။

## သင်ကြားရာမှာ ကိုယ်ဟန်အမူအရာ

ဆရာ၊ ဆရာမသည် တပည့်များကို ရှင်းလင်းသင်ကြားရာ၌ တပည့်တို့ကို စိတ်ဝင်စားအောင် ရှင်းလင်းစွာနားလည်အောင်လိုအပ်သလို လက်ဟန်ခြေဟန်လုပ်ရသည်များ ရှိပါသည်။ သင်ပုန်းကြီးပေါ်မှာ မြေဖြူနှင့် ရေးပြသည်မှာလည်း အထောက်အကူပြုဟန်အမူအရာတစ်မျိုးပင်ဖြစ်သည်။

သို့သော် ကိုယ်ဟန်အမူအရာလုပ်ရာမှာလည်း ပြောဆိုနေသောအကြောင်းအချက်ကို အထောက်အပံ့ပြု၍ လိုအပ်ရုံမျှသာပြုမူသင့်ပါသည်။ တချို့သောလူများသည် စကားပြောရာတွင် ခြေဟန်လက်ဟန်ကို အသုံးပြုလွန်းကြသည်။တကယ်မလိုအပ်ဘဲနှင့်ခြေလှုပ်လက်လှုပ်အမူအရာများရှုပ်နေတတ်သည်။ ထိုအခါ နားထောင်ရသူမှာ မျက်စိရှုပ်စိတ်ရှုပ်ရာမှ အကြောင်းအရာပါ ရှုပ်ထွေးသွားစေနိုင်ပါသည်။

ဆရာသည် သင်ကြားပို့ချမှု ကောင်းမွန်ရန်အတွက် အတန်း

www.burmeseclassic.com

www.burmeseclassic.com

အုပ်ချုပ်မှုကောင်းရန်လိုပါသည်။ အတန်းအုပ်ချုပ်မှုကောင်းမှလည်း သင်ကြားပို့ချမှု ကောင်းပါသည်။ သင်ကြားပို့ချမှုနှင့်အတန်းအုပ်ချုပ်မှုတို့သည် အပြန်အလှန်ဆက်စပ်၍အထောက်အကူပြုနေကြပါသည်။
www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## စေတနာ၊ ဂရုဏာနှင့် သင်ကြားခြင်း

ဆရာဆိုသည်မှာ တစ်စုံတစ်ရာသောပညာရပ်ကိုသင်ကြားပေးသူဖြစ်သည်။ လက်မှုပညာ၊ နှုတ်မှုပညာ၊ တစ်စုံတစ်ခုသောအသက်မွေးမှုအတတ်ပညာ၊ စာပေပညာသင်ကြားပေးသူအားလုံးသည် ဆရာဖြစ်သည်။ ထို့ကြောင့် မိမိကို တစ်စုံတစ်ရာ ပညာသင်ကြားပေးသူကို သင်ယူရသူတို့သည် 'ဆရာ'ဟု ခေါ်ကြသည်။ ထိုသို့ 'ဆရာ' ဟု ခေါ်ခြင်းနှင့်အတူ ရိုသေခြင်း၊ မြတ်နိုးလေးစားခြင်း၊ ကျေးဇူးရှိသူဟု အသိအမှတ်ပြုခြင်းများလည်း ပါဝင်နေပါသည်။

ဆရာ၏ အရေးကြီးဆုံးတာဝန်ဝတ္တရားမှာ ပညာသင်ကြားပေးခြင်းဖြစ်သည်။ တစ်စုံတစ်ခုသော ပညာကို တစ်ပါးသူအားနားလည်တတ်မြောက်စေရန် ကိုယ်တိုင်ကိုယ်ကျ ညွှန်ပြသင်ကြားပေးသူမှာ သင်ဆရာဖြစ်သည်။ လမ်းညွှန်ပြသသင်ကြားပေးခြင်းမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



သော်လည်းကြည့်မြင်အတုယူ၍ ပညာရလျှင် မြင်ဆရာ၊ ကြားနာရုံနှင့် ပညာရလျှင် ကြားဆရာဟူ၍ ဆရာသုံးမျိုး သတ်မှတ်ထားပါသည်။

'ဆရာ'ဟူသော ဝေါဟာရတွင် မည်သည့်ပညာရပ်မဆို သင်ကြားပေးသူများ အားလုံးပါဝင်ပါသည်။ သို့သော် ယေဘုယျအားဖြင့် ဆရာ၊ ဆရာမဟုဆိုလျှင် ကျောင်း၌စာပေပညာသင်ကြားပေးကြသော ဆရာ၊ ဆရာမများဟု နားလည်ထားကြသည်။

စာပေပညာသင်ကြားပေးရသော ဆရာ၊ ဆရာမများသည် ငယ်ရွယ်သူများကို သင်ကြားပေးရခြင်းဖြစ်၍မေတ္တာစေတနာသာမက ကရုဏာပါထားရသည်။ ရင်းနှီးခင်မင်စွာ ဆက်ဆံရသည်။ ဆရာ၊ ဆရာမ၏ တာဝန်သာမက မိဘ၏ တာဝန်ကိုပါ တစ်စိတ်တစ်ပိုင်းထမ်းဆောင်ရသည်။ သည်းခံစိတ်ရှည်ရသည်။ ပညာသင်ကြားရင်း လိုအပ်သည်တို့ကို ပြုပြင်ရသည်။ လိမ္မာယဉ်ကျေးအောင်လည်း ဆုံးမသွန်သင်ရသည်။ တစ်သက်တာဘဝအတွက်ပါ အခြေခံကောင်းများသို့ လှေ့ကျင့်လမ်းညွှန်ပေးရသည်။ ထို့ကြောင့် 'ဆရာ'ဟုဆိုလျှင် ကျောင်းမှာ ပညာသင်ကြားပေးသောဆရာ၊ ဆရာမတို့သည် ပေါ်လွင်ထင်ရှားစွာ မြင်သာထင်သာ ဖြစ်နေကြရပေသည်။

## ပညာသင်ကြားခြင်းနှင့် စေတနာ

စေတနာကောင်းမှ ဆရာကောင်းဖြစ်နိုင်သည်။ မည်သည့်ပညာရပ်ကို သင်ကြားသည်ဖြစ်စေ ဆရာသည် တပည့်အပေါ်မှာ တတ်မြောက် နားလည်စေချင်သော စေတနာထားရန် လိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစေတနာကြောင့်ပင် တပည့်အပေါ် မေတ္တာထားသည်။ သင်ကြားသည်ကို နားမလည်လျှင်လည်း စိတ်ရှည်သည်းခံနိုင်သည်။ နားလည်တတ်မြောက်စေမည့် သင်နည်းကောင်းကို တီထွင်ကြံဆသည်။ တပည့်ဖြစ်သူ နားလည်တတ်မြောက်လာသောအခါ ဝမ်းသာပီတိဖြစ်ရသည်။ အဆင့်ဆင့်တိုးမြှင့်ပြီး ပိုမိုတတ်မြောက်အောင်သင်ကြားပေးရပြန်သည်။ တပည့်တို့ကို သင်ကြားရာ၌ တတ်တတ်မတတ်တတ်ဟူသော တာဝန်ကျေသဘောထားလျှင် ဆရာကောင်းမဖြစ်နိုင်။ ဆရာကောင်းမဖြစ်လျှင် ဆရာ၏ကြီးမြတ်သော ပီတိသုခကိုလည်း မခံစားနိုင်။

## ပညာသင်ကြားခြင်းနှင့် ကရုဏာ

ဆရာသည် တပည့်အပေါ်မှာ စေတနာနှင့်အတူ သနားကရုဏာစိတ်လည်းထားရသည်။ပညာသင်ကြားပေးရာ၌တတ်မြောက်စေချင်သည့် စေတနာသည် ကောင်းသော်လည်း ထင်တိုင်းမတတ်မြောက်လျှင် ဒေါသ မဖြစ်သင့်ပါ။ တပည့်သည် မသိ၍မတတ်၍ မိမိထံမှာသင်ယူနေခြင်းဖြစ်သည်။ မိမိက သိစေချင်လွန်းသော ဆန္ဒစောနေသော်လည်း တပည့်၏ဉာဏ်ရည်နှင့်အဆင့်ကလိုက်၍မီချင်မှမီမည်။ ထိုအခါတွင် 'ငါသိသလို မသိရန်ကော'၊ 'ငါတက်သလို မတတ်ရန်ကော'၊ 'ငါပြောသည်ကို နားမလည်ရန်ကော'၊ ဒေါသဖြစ်၍မရ၊ ကရုဏာဒေါသောပင် ဖြစ်သော်လည်း ဒေါသဖြစ်လျှင် ဆူမိ၊ ကြိမ်းမိ၊ ငေါက်ငမ်းမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ထက်ပို၍ ဒေါသကြီးလာသောအခါမသိနားမလည်သည့် အတွက်ပင် တပည့်ကို ခေါက်မိ ရိုက်မိသည်။ မသိမတတ်ခြင်း သက်သက်သည် တပည့်အတွက် မပြစ်မဟုတ်ပါ။ ရိုက်သင့်ခေါက် သင့်သော ကိစ္စမဟုတ်ပါ။ ပြောနေသည်ကို နားမထောင်လျှင် စိတ်မဝင်စား၍ နားမလည်လျှင်သာ အပြစ်ရှိပါသည်။ စိတ်ဝင်စား နားထောင်နေပါလျက် မတတ်ခြင်းသည် တစ်ခုခုအံချော်နေ၍ဖြစ် သည်။ ထိုကလေးမျိုးကို ခေါက်လျှင်ရိုက်လျှင် ပညာသင်ကြားရသည် ကို ထိတ်လန့်ကြောက်ရွံ့သွားလိမ့်မည်။ ဉာဏ်လည်း ထုံထိုင်းသွား တတ်သည်။ ထိုအခါ ဆရာက ဒေါသတကြီး စိတ်မရှည်စွာ ပြောလေ ကလေးမှာကြောက်ပြီး ပို၍ နားမလည်လေဖြစ်လာသည်။ တပည့် လည်း စိတ်ပင်ပန်း၍ ဆရာလည်း စိတ်ဆင်းရဲရသည်။

## ခေါက်သောဆရာနှင့် ကြောက်သောတပည့်

ကျွန်တော်ကျောင်းဆရာလုပ်ခဲ့စဉ်က ကျွန်တော်၏သူငယ် ချင်း ဆရာတစ်ယောက်သည် သင်္ချာသင်ရာမှာ အလွန်ကောင်းသည် ဟု နာမည်ကြီးသည်။ သူကိုယ်တိုင်လည်း သင်္ချာဘာသာရပ်ကိုသိပ် ပြီး စိတ်ဝင်စား၍သိပ်တော်သည်။ ငယ်ရွယ်သူဖြစ်၍ သင်ကြားရာမှာ လည်း စိတ်ဓာတ်တက်ကြွသည်။ စေတနာနှင့် စိတ်အားထက်သန်မှု အပြည့်ရှိသည်။သူ့ကိုယ်သူ သင်္ချာတော်သူ သင်္ချာအသင်အပြကောင်း သူအဖြစ်လည်း ဂုဏ်ယူသည်။ ထိုစိတ်ဓာတ်များကြောင့်ပင် အံ့ဩ လောက်အောင်လည်း သင်ကြားမှု အောင်မြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် သူနှင့်ကျွန်တော် အတန်းအားချိန်မှာဆရာများ နားနေခန်းတွင် အတူတကွနားနေကြစဉ် ရှစ်တန်းကျောင်းသားတစ် ယောက် သင်္ချာပုစ္ဆာတစ်ခုကို နားမလည်၍ သူ့ထံလာမေးသည်။ ပညာ ကို လိုလိုချင်ချင်ရှိသော ကျောင်းသားဖြစ်ပါ၏။ သူငယ်ချင်း သင်္ချာ ဆရာကလည်း ထိုတပည့်မျိုးကို လွန်စွာ လိုလားသူဖြစ်သောကြောင့် ပုစ္ဆာကို တစ်ပိုင်းချင်း စဉ်းစားရန် နည်းလမ်းအသေအချာရှင်းပြ သည်။ ကျွန်တော့်ဘေးနားတွင်စာဖတ်နေရာမှ ကြားနေရပါသည်။ ရှင်းပြပုံမှာ စိတ်ရှည်သည်။ လွယ်ကူရှင်းလင်းသည်။ သို့သော် တပည့် ဖြစ်သူက နားမလည်ရှာ။ ဆရာကထပ်ရှင်းသည်။ ဥပမာများပေး၍ ပြောသည်။ ချပြီး တွက်ပြသည်။ တပည့်ကိုနိမိတ်ပြမေးခွန်းမေး၍ ရှေ့မှ လမ်းကြောင်းပြီး ခေါ်သည်။ သို့သော် ဆရာ၏ စိတ်အား ထက်သန်မှုကြောင့် ကျယ်ကျယ်လောင်လောင်မေးခြင်း၊ အဖြေကို အလျင်စလို တောင်းခံခြင်းတို့အပေါ်မှာ တပည့်ဖြစ်သူ ကြောက်လာ ဟန်တူပါသည်။ ခပ်မြန်မြန်ဖြေ၍ အမှားများပါလာသည်။ ဆရာ စိတ်မရှည်တော့ပါ။ ဒေါသဖြစ်လာ၍ အော်သည်၊ ငေါက်သည်၊ တပည့်ပိုကြောက်လာသည်။

'ဟာ- ဒီလောက်လွယ်လွယ်လေးတောင် မင်းမလုပ်တတ် တော့ဘူးလား။ အပိုင်းဂဏန်းအပေါ်က ရှစ်ရှိတယ်။ အောက်က နှစ်ရှိတယ်။ အဲဒါ ဘာလုပ်ရမလဲ'

ကျောင်းသားထံမှ အဖြေထွက်မလာပါ။ ယောင်နေပြီး ဂဏန်းများကို ငုံ့ကြည့်ရင်း ကြောင်နေသည်။

'ဖျောင်း'

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသား၏ ဇက်ပိုးကို ဆရာက ရိုက်ပစ်လိုက်သည်။ အသံကျယ်လောင်၍ ကျွန်တော်တုန်လှုပ်သွားမိသည်။

'စားရမှာကွ၊ အပေါ်က ရှစ်ကို အောက်ကနှစ်နဲ့စားရမှာ ဒါလောက်လေးတောင် မင်းမသိဘူးလား'

ဆရာ၏ ဒေါသတကြီး အော်ဟစ်သံ၊

ကျောင်းသားကိုယ်စားကျွန်တော့်ဇက်ပိုးမှာပင် တဖျဉ်းဖျဉ်း ဖြစ်လာသလို ခံစားရသည်။

'နှစ်လေးလီ'

ဆရာက ရှေ့မှာ ခေါ်ပေးသည်။

ကျောင်းသားထံမှ အသံထွက်မလာ။

အကြောက်လွန်နေပြီ။

နောက်ထပ်အရိုက်ခံရမည်ကိုသာ စိတ်ရောက်နေဟန်တူ သည်။ နောက်စေ့လုံမည် မဟုတ်တော့ပါ။

'နှစ်လေးလီ ဘယ်လောက်လဲ ဟေ့ကောင်ပြောလေကွာ'

'ခြောက်'

'ဖျောင်း'

နောက်ထပ်ဇက်ပိုးအုပ်သံ။

ရှစ်တန်းတောင်ရောက်နေပြီ။ ဒီလောက်မှ အသုံးမကျဘူး လား၊ နှစ်လေးလီတောင် မသိဘူး။ သွား- သွား- သွား'

ဆရာ့မျက်နှာ နီရဲနေပြီ။

ကျောင်းသားခမျာ သင်္ချာစာအုပ်ကလေးကို ကိုင်ပြီး ကြောက်ရွံ့တုန်လှုပ်စွာ မျက်နှာသေလေးနှင့် ထွက်သွားရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါသကြောင့် ပူလောင်ဆင်းရဲနေသော သူငယ်ချင်း သန်ျာဆရာကို စိတ်ပြေလက်ပျောက်ဖြစ်စေရန် ကျောင်းဘေးမှ လက်ဖက်ရည်ဆိုင်သို့ ကျွန်တော်ခေါ်သွားသည်။

'ဒီလိုပေါ့ သူငယ်ချင်းရာ၊ ဆရာဆိုတာ ကိုယ်က စေတနာထားလေ တပည့်က နားမလည်တဲ့အခါ ဒေါသဖြစ်လေ ဖြစ်တတ်ပါတယ်'

ကျွန်တော်က အမျက်ဖြေစကားဆိုပါသည်။

'မဟုတ်ဘူးကွ၊ ဒီကောင်သန်ျာညံ့တဲ့ကောင်မဟုတ်ဘူး။ ဒီနေ့မင်းလည်းကြားမှာပဲ၊ နှစ်နဲ့ရှစ်တောင် မကျဉ်းတတ်ဘူး။ ပြီးတော့ နှစ်လေးလီခြောက်တဲ့။ ရှစ်တန်းရောက်နေပြီ။ ဘယ်လောက်ဒေါသဖြစ်စရာကောင်းလဲ'

'အကြောက်လွန်နေလို့ ဖြစ်မှာပေါ့'

'ဘာကြောက်စရာရှိလဲကွ'

ကျွန်တော်ပြောသည်ကို သူသဘောမကျပါ။

'နောက်တစ်ခါ ဇက်ပိုးရိုက်မှာကိုကြောက်တာပေါ့ကွ၊ မင်းစဉ်းစားကြည့်လေ၊ ကိုယ်ချင်းစာကြည့်လေ။ ဒီကောင်ဒီလောက်မညံ့မှန်းမင်းသိတာပဲ။ ကိုယ့်တပည့်တွေပဲ။ ငါလည်းသိတာပေါ့။ ဒီကောင်ဒီလောက်ထုံတဲ့ကောင်မဟုတ်ဘူး။ ဒါပေမဲ့ ခုဟာက သိပ်ကိုထုံထုံထိုင်းထိုင်းကြီးဖြစ်သွားပြီ။ နှစ်လေးလီခြောက်အထိ ဖြစ်သွားပြီ။ မင်းစဉ်းစားကြည့်ပေါ့၊ သိပ်ကြောက်လွန်းသွားရင်မျက်လုံးတွေပြာပြီပေါ့၊ ဘာမှလည်း သိမှာမဟုတ်တော့ဘူးလေကွာ'

ကျွန်တော် သူငယ်ချင်းထံမှ သက်ပြင်းချသံကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါမှားတယ်ကွာ'

သူစိတ်မကောင်းဖြစ်သွားဟန်တူပါသည်။

နောက်တစ်နေ့တွင် ထိုတပည့်ကိုပင် သူပြန်ခေါ်သည်။သူ ရိုက်မိတာမှားသွားကြောင်း ချော့ချော့မော့မော့ပြောသည်။ တပည့်က လည်း ဆရာ့ကို စေတနာကိုနားလည်၍ ဆရာကို ရိုသေသူဖြစ်သော ကြောင့် စိတ်ပျက်ခြင်းမရှိပါ။ မနေ့ကသင်္ချာကိုပင် ပြန်အတွက်ခိုင်း သည်။ ပုစ္ဆာသဘောကိုပြန်ရှင်းပြီး တပည့်ကို အတွက်ခိုင်းသည်။ စဉ်းစားပုံမှားသည်များကိုသာ ထောက်ပြပြီး အားပေးအားမြှောက်လုပ် ၍ ဆရာက အတန်းပြင်သို့ ထွက်နေလိုက်သည်။ ခဏအကြာတွင် တပည့်အဖြေမှန်ကိုတွက်ပြီး လာပြသည်။

ဆရာကောင်း ဖြစ်စေရန် စေတနာကောင်းဖို့ လိုသည်။ ထိုစေတနာနှင့်ယှဉ်တွဲလျက် ကရုဏာထားပြီး စိတ်ရှည်သည်းခံမှု ရှိရန် လည်း လိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဆရာကောင်းတပည့် ပန်းကောင်းပန်

ကျောင်းသားများ ပညာသင်ကြား တတ်မြောက်ရေး၊ ထူးချွန်ထက်မြက်ရေး၊ လိမ္မာရေးခြား ရှိရေးတို့တွင် ဆရာ၏ အခန်းကဏ္ဍသည် အဓိက အစိတ်အပိုင်း တစ်ခု ဖြစ်သည်။ အထူးသဖြင့် ကျောင်းသားကို အခြေခံမှစ၍ စနစ်ကျအောင် ပြုစုပျိုးထောင်ပေးရသော မူလတန်းဆရာတို့၏ လုပ်ငန်းတာဝန်မှာ အရေးကြီးလှပေသည်။ အခြေခံအုတ်မြစ်များ ခိုင်မာမှ လှပ တောင့်တင်းမှသာ အပေါ်ထပ်အဆောက်အအုံလှပခိုင်မာမည် ဖြစ်ပါသည်။

ဆရာသည် အနန္တဂိုဏ်းဝင်ဖြစ်၏။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့် တစ်တန်းတည်း ထားသည်။ မြင့်မိုရ်တောင်ဦး

www.burmeseclassic.com

www.burmeseclassic.com



မကကျူးသော မိဘနှင့်အတူ ကျေးဇူးရှင် စာရင်းဝင် ဖြစ်သည်။ ထို့ကြောင့် အာစရိယဂုဏော အနန္တော ဟု ဆရာကို ရိုသေစွာ ကန်တော့ကြသည်။

## ဆရာကောင်းတပည့်

ဆရာကောင်းမှ တပည့်ကောင်းသည်။ ထို့ကြောင့် ဆရာကောင်းတပည့် ပန်းကောင်းပန်ဟုဆိုကြသည်။ မကောင်းသောသူကို ဆရာတင်မိလျှင် တပည့်အတွက်များစွာ နစ်နာသည်။ ကုန်ရှုံးလျှင် တစ်ခေါက် လင်ကုန်ရှုံးလျှင်တစ်သက်လုံးမှောက် ဆရာကုန်ရှုံးလျှင် တစ်သံသရာလုံးမှောက်ဟုဆိုရိုးပြုကြသည်။ အဇာတသတ်မင်းသားသည် ဒေဝဒတ်ကိုဆရာတင်မှား၍ တစ်သံသရာလုံးမှောက်ခဲ့ရသည်။

ဆရာကောင်းနှင့် တွေ့ကြုံချဉ်းကပ်မိသော တပည့်များသည် ကံထူးသူများဖြစ်ကြ၏။ မိမိတို့၏ တပည့်များကို ကံထူးသူများ ဖြစ်စေချင်လျှင် ဆရာတို့သည် မိမိကိုယ်ကိုဆရာကောင်းဖြစ်အောင် ကြိုးစားသင့်ကြသည်။ နိုင်ငံတစ်နိုင်ငံမှကလေးတို့ကို ပညာသင်ကြားပေးသော ဆရာ၊ ဆရာမများကောင်းကြလျှင် ကလေးများကံကောင်း ရုံမက လူမျိုးနှင့် တိုင်းပြည်ပါ ကံကောင်းမည်ဖြစ်သည်။

## လက်ဦးဆရာ

လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖဟု ဆိုသော်လည်း လူတစ်ယောက်၏ တစ်သက်တာ ဘဝအတွက်

www.burmeseclassic.com

www.burmeseclassic.com


အခြေခံပညာ၊ အလယ်တန်းပညာ၊ အထက်တန်းပညာ၊ တက္ကသိုလ်ပညာ စသည်တို့ကိုမူကား စာသင်ကျောင်းရှိ ဆရာ၊ ဆရာမများထံမှသာ အဆင့်ဆင့် သင်ယူကြရပါသည်။

ကလေးငယ်တစ်ယောက် ကျောင်းသင်ဘဝတွင် အခြေခံပညာကို စတင်သင်ကြားပေးရသော ဆရာ၊ ဆရာမများသည်လည်း မိဘပြီးလျှင် လက်ဦးဆရာများဖြစ်ကြ၏။ အခြေခံအုတ်မြစ်ခိုင်ခံ့မှ အဆောက်အအုံတစ်ခုလုံး စိတ်ချရသကဲ့သို့ အခြေခံပညာ စတင်သင်ကြားပေးသူများ ကောင်းမွန်မှ လူငယ်တစ်ယောက်၏ အဆင့်ဆင့်သော ပညာသင်ကြားရေးများ ကောင်းမွန်မှုအတွက် အာမခံချက်ရှိပေသည်။

## တ၊ န၊ ပုံပြင်

အခြေခံပညာ စတင်သင်ကြားပေးရသော မူလတန်းဆရာ၊ ဆရာမများသည် ပညာရေးတွင် အလွန်အရေးကြီးသူများဖြစ်ကြ၏။ လေး ငါးနှစ်အရွယ် ကျောင်းနေခါစ စကားမှု မပီသေးသော ကလေးငယ်များကို စာစသင်ပေးရသော ဆရာ၊ ဆရာမများသည် စိတ်ရှည်ရသည်။ သည်းခံရသည်။ ကလေးတို့ကို ချစ်ခင်သနားသောစိတ်နှင့်စေတနာထားရသည်။သင်ကြားပေးသောအက္ခရာများကို ပီပီသသ မခေါ်တတ်သေးသည်မှစပြီး ဌာန်ကရိုဏ်းကျအောင် ပြုပြင်ပေးရသည်။ 'တ' သံ 'န'သံ မခွဲခြားနိုင်သေးသည်ကိုပင် ကွဲပြားအောင် သင်ကြားလေ့ကျင့်ပေးရသည်။ ထို့ကြောင့် တ၊ န၊ ပုံပြင်၊ သွန်သင်ပေတတ် ဆရာမြတ်ဟု ဆိုရိုးပြုကြ၏။ တ၊ န နည်းတူပင်

www.burmeseclassic.com

www.burmeseclassic.com



အခြားသော အက္ခရာများ၊ စာလုံးများ၊ အခေါ်အဝေါ်များကို တိကျမှန်ကန်စွာ အသံထွက်တတ်စေရန် သင်ကြားပေးရသည်။ ထိုအခြေခံများကို မှန်အောင် သင်ကြားပေးခြင်း မခံခဲ့ရသူများသည် တက္ကသိုလ်ရောက်သည်အထိ 'စ' နှင့် 'ဆ'ကို အသံထွက်မှားရာမှ 'ဆူးစူးသည်ကို စူးဆူးသည်'ဟူသော အရေးအသားအမှားများအထိ တွေ့နေရ၏။

## ကံ့ကူလက်လှည့်ဆရာ

မူလတန်းဆရာ၊ ဆရာမများသည် အသံထွက်မှန်စေရန် တ၊ န ပဲ့ပြင်ရသကဲ့သို့ စာအရေးအသား အခြေခံကိုလည်း စတင်သင်ကြားပေးရသူများဖြစ်သည်။ 'ဝ' လုံးကလေးကို ဝိုင်းဝိုင်းရေးနိုင်အောင် စတင်လေ့ကျင့်ပေးရသော ဆရာသည် ကံ့ကူလက်လှည့်ဆရာဖြစ်၏။ ရှေးအခါက သစ်သားသင်ပုန်းပေါ်မှာ စာရေးရာတွင် ကံ့ကူဆံကို သုံးရ၏။ မြေဖြူခဲထက်ပို၍ ကျစ်လျစ်မာကျောသော်လည်း ကံ့ကူဆံသည် မြေဖြူကဲ့သို့ပင် ဖွေးဖွေးလွလွ အရာထင်၏။ ကလေးသည် ကံ့ကူဆံကို ကိုင်၍ သစ်သားသင်ပုန်းပေါ်၌ ဝလုံးရေးရာတွင် ဆရာသည် ကံ့ကူတံကိုင်ပုံ၊ လက်ကို လှည့်ပုံမှစပြီးသင်ပေးရသည်။ လိုအပ်လျှင် ကလေး၏လက်ပေါ်မှ မိမိလက်နှင့် အုပ်ကိုင်ပြီး အရေးလေ့ကျင့်ပေးရသည်။ ထို့ကြောင့် လက်ထပ်သင်သည်ဟုလည်း ပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝလုံးဝိုင်းမှ လက်ရေးလှ

ဝလုံးကို စတင်လေ့ကျင့်စဉ်က ဝိုင်းဝိုင်းစက်စက် လှပအောင် ရေးနိုင်မှ အက္ခရာစာလုံးများကို ဝိုင်းစက်လှပအောင်ရေးနိုင်သည်။ သို့မှသာ လက်ရေးလှသူဖြစ်နိုင်သည်။ ဝလုံးကိုမှ ဝိုင်းအောင် မသင်ခဲ့လျှင် ထိုကလေးလက်ရေးမလှနိုင်တော့ပါ။ ဝလုံးဝိုင်းမှ အက္ခရာမှန်ကန်အောင် ရေးတတ်မှ အပင့်၊ အရစ်၊ အသတ်၊ အတင်၊ အငင်၊ အဆွဲမှန်ကန်အောင် စနစ်တကျ သင်ရသည်။

ယခုခေတ်တွင် လက်ရေးလှဖို့ ဤမျှအရေးမကြီးပါဟု အချို့က လွဲမှားစွာ ယူဆကြသည်။ လက်ရေး လှပ သေသပ်ကောင်းမွန်ခြင်းသည် စာမေးပွဲဖြေရာမှာ အမြဲတစေ တစ်ပန်းသာသည်ကို စာစစ်သူဆရာတိုင်းက တစ်ညီတညွတ်တည်း သဘောတူကြပါလိမ့်မည်။

## စနစ်ကျသော သင်ကြားမှု

စာရေးသူ၏ သမီးငယ်သည် သူ့ကျောင်းမှာ မူလတန်းတွင် စာတော်သူဖြစ်၏။ ပထမ အထိရ၏။ သို့သော် မူလတန်းအောင်၍ အလယ်တန်းကျောင်းသို့ ပြောင်းသောအခါ ပဉ္စမတန်းတွင် သူနှင့်အတန်းတူ သူငယ်ချင်းများကို မည်သို့မျှ မမီနိုင်အောင် ဖြစ်နေရသည်။ သမီးခမျာ စာကို ပို၍ ကျက်သော်လည်း လပတ်စာမေးပွဲများတွင် အဆင့်တစ်နှင့်ဝေး၍ တစ်ဆယ်ပင် မချိတ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် သမီးက သူ့ဘေးမှာ ထိုင်သော မိန်းကလေး နှစ်ယောက်၏ လေ့ကျင့်ခန်းစာအုပ်များကို ယူလာသည်။

'ဒီမှာကြည့်ပါဦး ဖေဖေကြီးရ သူတို့လက်ရေးတွေက အမြန်ရေးထားတာတောင် ဒီလောက်လှနေတော့ သမီး သူတို့ကို ဘယ်လိုလုပ်ပြီးမီနိုင်ပါ့မလဲ'ဟု စိတ်ပျက်အားငယ်စွာပြောရှာသည်။

ကျွန်တော်ကြည့်လိုက်သည်။ လက်ရေးများမှာ ဝိုင်းစက် ညီညာ၍ အသတ်၊ အတင်၊ အငင်၊ အဆွဲအားလုံး စနစ်ကျသည်။ မည်သို့ပင်ရေးရေး အသားသေသောလက်ရေးများဖြစ်သည်ကိုကြည့်၍ အံ့သြမိသည်။

'သမီးတို့အတန်းမှာ လူအားလုံး ဒီလိုပဲလက်ရေးလှသလား၊ သူတို့ ထူးထူးခြားခြားလက်ရေးလှလို့ သမီးယူလာတာလား'

ကျွန်တော် သိချင်သည်ကို စူးစမ်းကြည့်မိသည်။

'လူတိုင်း ဒီလိုလှတာဖေဖေရ၊ ဒါက သမီးဘေးမှာထိုင်ကြတဲ့လူတွေမို့ဖေဖေ့ကိုပြချင်လို့ယူလာတာ၊သူတို့ကျောင်းမှာသူငယ်တန်း ဆရာမက သူ့တပည့်တွေနဲ့အတူ လေးတန်းအထိ လိုက်သင်ရတာ အဲဒီ ဆရာမရဲ့ တပည့်တွေအားလုံး ဒီပုံအတိုင်းပဲ လက်ရေးလှကြတယ်'

## ဂုဏ်ပြုထိုက်သောဆရာမ

ထိုဆရာမမှာ ကရင်အမျိုးသမီး တစ်ဦး ဖြစ်ပါသည်။ ထိုဆရာမနှင့်အတူ သူငယ်တန်းမှစတုတ္ထတန်းအထိသင်ခွင့်ရသော

www.burmeseclassic.com

www.burmeseclassic.com



ကလေးများသည် အလွန်ကံထူးသူများဖြစ်ကြ၏။

သင်္ချာတွက်ရာတွင်လည်း ဂဏန်းရေးပုံ၊တွက်နည်းနှင့်ယှဉ်၍ စာရေးပုံ၊ အဖြေထုတ်ပုံ စနစ်တကျရှိလှသည်။ မိဘတိုင်းလေးစားသဘောကျသည့် ဆရာမကောင်း ဖြစ်၏။ သူ့တပည့်တိုင်းက သူ့တပည့်ဖြစ်ခဲ့ရသည်ကိုဂုဏ်ယူကြသော ဆရာမကောင်းဖြစ်၏။

သမီးခမျာ သူငယ်ချင်းများ၏လေ့ကျင့်ခန်းစာအုပ်များကို နေ့စဉ်ငှားလာပြီးသူတို့လက်ရေးနှင့်တူအောင်ကြိုးစားပြီး လက်ရေးလှလေ့ကျင့်ပေးရသည်။ လက်ရေးလှလာသည့်တိုင်အောင် အမြန်ရေးရာတွင် ထိုဆရာမ၏ တပည့်များကဲ့သို့ ကျင့်သားမသေသောအခက်အခဲကို ကြုံရသည်။ အစဉ်တစိုက် သုံးနှစ်ခန့် ကြိုးစားမှ လက်ရေးကောင်းသူ ဖြစ်လာသည်။ သို့သော် စနစ်တကျနှင့် ကျင့်သားကျလာသော ကလေးများကိုတော့ မမီပါ။

မူလတန်းမှာ အခြေခံကျကျ လေ့ကျင့်သင်ကြားပေးသော ကံ့ကူလက်လှည့်ဆရာ အရေးကြီးပုံမှာ ထင်ရှားလှပါသည်။ ကျောင်းတိုင်းမှ ဆရာ၊ ဆရာမတိုင်းသည် ထိုဆရာမကဲ့သို့ပင် အခြေခံကျသော မိမိ၏ မူလတန်းဆရာဘဝကို ဂုဏ်ယူပြီး တပည့်များအပေါ် စေတနာထား၍ ကြိုးကြိုးစားစား သင်ကြားလေ့ကျင့်ပေးလျှင် ကလေးတိုင်းလိုပင်အခြေခံကောင်း၍ ထူးချွန်သူများ ဖြစ်လာကြပေမည်။

အနန္တဂိုဏ်းဝင် ပီပြင်သည့် လေးစားဂုဏ်ပြုထိုက်သော ဆရာမ ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## ဆရာ ဆရာမနှင့် ကြိုတင်ပြင်ဆင်သင်ကြားခြင်း

'ပွဲမဝင်ခင် အပြင်ကကျင်း'ဟူသောစကားရှိသည်။ ဆရာ ဆရာမတို့သည် သင်ကြားပို့ချမှု ထိရောက်အောင်မြင်စေရန်အတွက် အတန်းမဝင်မီ ကြိုတင် ပြင်ဆင်သင့်ပါသည်။ ငါသည် ဝါရင့်ဆရာ ဖြစ်သည်။ စာသင်စားလာတာ အံ့တိုနေပြီ၊ ဘယ်အတန်းမဆို အချိန်မရွေး ဝင်သင်၍ရသည်။ ဘာမျှ ကြိုတင်ပြင်ဆင်ရန်မလိုဟု သဘောထားခြင်းသည် မှားယွင်းသော အယူအဆဖြစ်၏။

## ကြိုတင်ပြင်ဆင်မှုမရှိဘဲ စာသင်ခန်းဝင်ခြင်း

လူတော်တို့သည် ကိုယ်လုပ်သောအလုပ်ကိုအလေးအနက်

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးထားကြ၏။ အကောင်းဆုံးဖြစ်အောင် ကြိုးစားအားထုတ်ကြ၏။ ဖြစ်ကတတ်ဆန်း ပေါ့တီးပေါ့ပျက် မလုပ်တတ်။

ဆရာသည် တပည့်များကို ပညာသင်ကြားရာ၌ တပည့်တို့၏ စံထား အတုယူရသူလည်း ဖြစ်သည်။ ဆရာက လေးနက်မှုရှိမှ တပည့်တို့လည်း လေးနက်မှုရှိသည်။ ဆရာက ပေါ့ပျက်လျှင် တပည့်တို့လည်း ပေါ့ပျက်တတ်ပါသည်။

အချို့သောဆရာများသည် ယနေ့မည်သည့်သင်ခန်းစာကို ဆက်လက်သင်ရမှန်းမသိ။ ယခင်ရက်က မည်သည့်နေရာအထိ ပြီးဆုံးခဲ့သည်ဟုမမှတ်မိ။ အတန်းထဲရောက်မှ

'ဟေ့ ဟိုနေ့က ဘယ်မှာဆုံးခဲ့တာလဲကွ'ဟု တပည့်တို့ကို မေးတတ်သည်။

ပြီးဆုံးသည့်နေရာကို ဆရာသည်အမှတ်အသားထားရမည်။

ဆက်သင်ရမည့်သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ရမည်။

ဘာသင်ရမည်ကို ကြိုတင်ပြင်ဆင်မှုမရှိဘဲစာသင်ခန်းထဲ ဝင်လာသောဆရာသည် စာသင်ခန်းကို စော်ကားခြင်းဖြစ်သည်။

စာသင်ချိန်ရသည်က ခဏလေးဖြစ်၏။ တစ်ချိန်မှ လေးဆယ့်ငါးမိနစ်

ဆရာသည် အတန်းထဲသို့ အချိန်ကိုက် ဝင်ရောက်ရန်လို သည်။

ရှေ့ဆရာထွက်လျှင် နောက်ဆရာဝင်မှ အတန်းထိန်းသိမ်းမှု မပျက်ဘဲရှိမည်။

တပည့်တို့က ဆရာကို ကြာရှည်စွာစောင့်နေရခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com



မကောင်းပါ။

သင်တန်းတစ်ခုတွင် ကျွန်တော်ကိုယ်တွေ့ကြုံဖူးပါ၏။

အချိန်ပြောင်းသော ခေါင်းလောင်း ထိုးပြီးသွားပြီ။

ဝင်ရမည့် တာဝန်ကျဆရာ ရောက်မလာပါ။ သင်တန်းသား တပည့်များက ဆရာကို စောင့်မျှော်နေကြသည်။ မိနစ်ငါးဆယ် သင်ရမည့်အချိန်ရသည့်အနက် မိနစ်သုံးဆယ်ကုန်ပြီးမှ ဆရာရောက် လာသည်။

ဆရာ့လက်ထဲမှာ ဘာစာအုပ် ဘာစာရွက်မျှ ပါမလာ။

ဆရာက သင်တန်းခန်းထဲအထိ စီးကရက် သောက်လာ သည်။ အတန်းထဲရောက်မှ စီးကရက်ကို ပြတင်းပေါက်မှ လွှင့်ပစ် လိုက်သည်။

'ဆောရီးပဲသင်တန်းရှိတာမေ့သွားတယ်'ဆရာကခပ်ပေ့ါပေ့ါ ပြောသည်။ သင်တန်းသား တပည့်တို့ စိတ်ပျက်သွားကြသည်။ တပည့် များက လေးလေးစားစား ဆရာ့ကိုမျှော်နေချိန်မှာဆရာကသူ့တာဝန် ကို မေ့နေသည်။

ဆရာဆက်ပြောလိုက်သောအခါ ပိုဆိုးပါသည်။

'အင်း ဘာသင်ရမှန်းတောင် မသိဘူး'

ဆရာမှာ ဘာမျှ ပြင်ပြင်ဆင်ဆင်မရှိကြောင်း သင်တန်းသား တပည့်များ သိသွားကြသည်။

ဆရာက စဉ်းစားနေလိုက်သေးသည်။

သင်သည့်အခါမှာတော့ သင်နေကျ ဝါရင့်သမ္ဘာရင့်ဆရာ ဖြစ်၍ ကောင်းပါသည်။ သို့သော် တပည့်များက စိတ်ပျက်သွားကြပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။

မဖြစ်သင့်ပါ။ ဆရာသည် အတန်းထဲသို့ အချိန်ကိုက်ရောက်ရန်လိုသည်။ ရောက်သည်နှင့် ပြင်ဆင်ထားသည့်အတိုင်း အဆင်သင့်သင်ကြားနိုင်ရန် လိုပါသည်။

## မပြင်မဆင်သင်ကြားမှု၏ အားနည်းချက်

ဆရာ ဆရာမတို့သည် သင်ကြားရမည့် သင်ခန်းစာကို ကြိုတင်ပြင်ဆင်မှုမရှိဘဲ စာသင်ခန်းထဲဝင်၍ သင်ကြားလျှင်

- သင်ကြားရာတွင် အစီအစဉ်မကျ၍သင်ကြားပို့ချမှုအားနည်းခြင်း
- ရရှိသည့်အချိန်နှင့်သင်ရမည့်သင်ခန်းစာအချိန်မကိုက်ဖြစ်တတ်ခြင်း
- အရေးကြီးသည့် အချက်များ ကျန်နေတတ်ခြင်း
- အရေးကြီးသည့်အချက်များ လုံးဝကျန်မနေသည့်တိုင်အောင် အရေးမကြီးသည်များကို အချိန်များစွာ ယူမိ၍ အရေးကြီးသည်တို့ကို အချိန်အနည်းငယ်သာ သင်ကြားခွင့်ရခြင်း
- သင်ယူသူ တပည့်များ စိတ်ပါဝင်စားအောင် ဆွဲဆောင်နိုင်မှုအားနည်းခြင်း
- သင်ကြားနေစဉ် သေသေချာချာ ဂဃနဏမသိသော စကားလုံးများ အကြောင်းအချက်များပါလာ၍ ဖြီးရဖြန်းရသောကြောင့် ဆရာ့သိက္ခာကျခြင်း စသည့် ဆိုးကျိုးများကို ဖြစ်ပွားစေနိုင်ပါ သည်။

စာရေးသူကိုယ်တိုင် ဆယ်တန်းအောင်ပြီး စတွင်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ကျောင်း၌ လုပ်အားပေး ဆရာဝင်လုပ်နေစဉ် ပဉ္စမတန်း၌အင်္ဂလိပ်စာသင်ရန်ဆရာမရှိ၍ အစားဝင်ရသည်။ ထိုအချိန်က အင်္ဂလိပ်စာကို ငါးတန်းရောက်မှ စတင်သင်ကြားရခြင်းဖြစ်၍ အလွန်လွယ်ကြောင်း၊ ဘာမျှ အခက်အခဲမရှိကြောင်း ဆရာတစ်ယောက်က ပြောသည်။

စာအုပ်ကလေးတစ်အုပ် ပေးလိုက်သည်။ ထိုအထဲမှာ ရောက်နေသော သင်ခန်းစာကို ကလေးများမေးပြီး ဖတ်ပြရမည်။ ရှေ့မှ ဖတ်ပြပြီးကလေးများကို လိုက်အဆိုခိုင်းရမည်။ ကလေးများ မသိသော မီးနင်းကို ထုတ်ပေးရမည်။ စာကြောင်းလိုက် မြန်မာပြန်ပေးရမည်။ ပြီးလျှင် ကလေးများကို ကူးအရေးခိုင်းရမည်ဟု ဆိုသည်။

လွယ်လွယ်ကလေးပဲဟု ကျွန်တော် ပဉ္စမတန်းခန်းသို့ဝင်ခဲ့သည်။

တစ်ကြောင်းပြီးတစ်ကြောင်း ဖတ်ပြလိုက်အဆိုခိုင်းလိုက် မီးနင်းထုတ်ပေးလိုက် ဘာသာပြန်ပေးလိုက်နှင့် အဆင်ပြေနေသည်။

ကလေးများ မသိသေးသည့် မီးနင်းအသစ်များကို စာလုံးအမည်းလေးနှင့် ရေးထားသည်။ အောက်မှာ နှစ်ကြောင်းကျော်တွင် စာလုံးမည်းလေးနှင့် ရေးထားသည်ကို လှမ်းကြည့်ပြီး ကျွန်တော် မျက်လုံးပြူးသွားသည်။ တီအိုအီး(TOE)ဟူ၍ဖြစ်သည်။ ကျွန်တော်သည် ဆယ်တန်းအောင်ထားသော်လည်း ငါးတန်းစာအုပ်၌ပါသည့် ထိုစာလုံးကိုမသိပါ။ ကျွန်တော်တို့ ငါးတန်းမှာရှိစဉ်က ထိုစာအုပ်ကို မသင်ခဲ့ရပါ။

အပေါ်မှသိသော စာကြောင်းများကို ချပေးနေရင်း ကျွန်တော် ချွေးများပြန်နေပြီ။ လုပ်အားပေးဆရာမို့ ကလေးများက အလင်သေး

www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ တီအိုအီး တိုးကို မသိလျှင် ပို၍ဆိုးတော့မည်။

ပြင်ဆင်ချိန်မရ၍ မပြင်မဆင်ဝင်ခဲ့မိသောကြောင့် ဒုက္ခရောက်ခြင်းဖြစ်သည်။ အကယ်၍သာ သင်ရမည့်သင်ခန်းစာကိုသိ၍ ကြိုတင်ပြင်ခဲ့လျှင် ထိုမသိသော စာလုံးကို သိအောင်ရှာခဲ့၍ရသည်။ မေးခဲ့၍ရသည်။ ခုတော့ ရှာ၍လည်း မဖြစ်။ ထွက်မေးရန်လည်း မလွယ်။

ထိုစာလုံးပါသော ဝါကျကို ဖတ်ပြရပြီ။

'သစ်စ် အစ်စ် အေ တိုး'

ကျောင်းသားများ လိုက်ဆိုနေကြပြီ။

ကျွန်တော် ရုတ်တရက်စိတ်ကူးညာဏ်ရလာ၍-

'တီ အို အီး တိုး၊ ဘာလဲဟေ့သိကြလား၊ သိတဲ့လူလက်ထောင်'ဟု အရဲစွန့်ပြီးမေးလိုက်ရသည်။ လက်ထောင်သူ လေးယောက်ကို တွေ့ရသည်။ သိပ်ကို ဝမ်းသာသွားသည်။

'ကဲ. . မင်းပြောစမ်း၊ ဘာလဲ'

လက်ထောင်သူတစ်ယောက်ကို မေးလိုက်သည်။

'ခြေချောင်း'

ကျွန်တော်မယုံရဲသေးပါ။

'နောက်တစ်ယောက်'

အခြားလက်ထောင်သူတစ်ယောက်ကို မေးသည်။

'ခြေချောင်းပါ ဆရာ'

သေချာသွားပြီ။

'ကဲ. . မသိတဲ့လူတွေ လိုက်ရေးကြ၊တီအိုအီးတိုးခြေချောင်း'

www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်တည်တည် ပြောလိုက်ရသည်။

ကလေးများ လိုက်ရေးကြသည်။

အကယ်၍သာ တစ်ယောက်မျှ သိသူမပါလျှင် ကျွန်တော်လည်းမသိပါ။ အရှက်ကွဲ သိက္ခာကျမည်မှာ သေချာနေပါသည်။

မည်မျှလွယ်သော သင်ခန်းစာဖြစ်စေ ကြိုတင်ပြင်ဆင်သွားခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။

## ကြိုတင်ပြင်ဆင်သင့်သည့် အချက်များ

စနစ်ကျသော ဆရာကောင်းတို့သည် ကြိုတင်ပြင်ဆင်ပြီးမှ သင်ကြားကြသည်။ ကြိုတင်ပြင်ဆင်ရာတွင်ရသည့် အချိန်နှင့်သင်ရမည့် သင်ခန်းစာကို ဦးစွာချိန်ကိုက်ကြည့်ရသည်။ သင်ချိန်က ၄၅မိနစ်ဆိုလျှင် နိဒါန်းပျိုးခြင်း (သို့မဟုတ်) သင်ကြားမည့် သင်ခန်းစာနှင့် မိတ်ဆက်ခြင်း နှစ်မိနစ် သို့မဟုတ် သုံးမိနစ် လိုအပ်သလို သတ်မှတ်ရသည်။

သင်ရမည့် အကြောင်းအရာအချက်အလက်များကိုအနည်းအများခွဲခြား၍အချိန်သတ်မှတ်ရသည်။ အရေးကြီးသည့်အချက်များကို အရေးကြီးသည်နှင့်အမျှ အချိန်ပိုပေးရန်လိုသည်။

အားလုံးသင်ကြားပြီးချိန်မှာသင်ခန်းစာကိုကျောင်းသားများသဘောပေါက် နားလည်ခြင်းရှိမရှိ ပြန်လည်ဆန်းစစ်ရန် သုံးမိနစ်မှ ငါးမိနစ်အထိ သတ်မှတ်ရန် လိုပါသည်။ စနစ်ကျစွာ အချိန်ခွဲဝေပြင်ဆင်မှုဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်ခွဲဝေပြီးလျှင် သင်ကြားရမည့်သင်ခန်းစာကို မိမိကိုယ်တိုင် ကျေညက်စွာ သဘောပေါက်နားလည်နေအောင် ဦးစွာလေ့လာရပါမည်။ မသိသောအဓိပ္ပာယ်များ၊ မရှင်းမလင်းသောအချက်များ၊ ဘဝင်မကျသောအယူအဆများပါနေလျှင် ကျောင်းသားများကို မသင်မီ ရှာဖွေဖတ်မှတ်ခြင်း၊ သိမည်ထင်သူများနှင့်တိုင်ပင်ညှိနှိုင်းခြင်းများ ပြုလုပ်သင့်ပါသည်။ မိမိကိုယ်တိုင် ကျေညက်ပိုင်နိုင်စွာ ဘဝင်ကျကျ နားလည်ထားသည်ကိုသာ သူတစ်ပါးကို ပြန်လည်သင်ကြားရာတွင် အောင်မြင်နိုင်ပါသည်။

## ကြိုတင်ပြင်ဆင်သင်ကြားခြင်း၏ ကောင်းကျိုး

စာသင်ကြားခြင်းကို စိတ်ပါဝင်စားသောဆရာကောင်းတို့သည် သင်မည့်သင်ခန်းစာကို မစမီ ထိုသင်ခန်းစာနှင့်ပတ်သက်၍ ကျောင်းသားများ၏ စိတ်ဝင်စားမှုကိုနှိုးဆွသောမေးခွန်းလေးများ စဉ်းစားလာတတ်သည်။ ဥပမာ ဆင်အကြောင်းသင်တော့မည်ဆိုလျှင် 'ကုန်းပေါ်မှာ အကြီးဆုံးဟာဘာအကောင်လဲဟေ့'ဟူသော မေးခွန်းမျိုးနှင့်စတင်ခြင်းဖြစ်သည်။ အုန်းပင်အုန်းသီးအကြောင်းသင်တော့မည်ဆိုလျှင် 'မဖွပ်ဘဲနှင့်ဖြူ မထည့်ဘဲနှင့်ပြည့် ဘာလဲဟေ့' 'နတ်သမီး ရေကန်တံတိုင်းသုံးထပ်ရံ သိတဲ့လူ လက်ထောင်ကြ'ဆိုသော မေးခွန်းမျိုးလေးများနှင့် စတင်လိုက်ခြင်းဖြစ်သည်။ ကလေးများကိုယ်တိုင် ပါဝင်စဉ်းစားလာရင်း ဖြေဆိုကြရင်းနှင့် သင်ရမည့်သင်ခန်းစာမှာ စိတ်ဝင်စားသွားကြသည်။ သင်ကြားပို့ချမှုကို ထိ

www.burmeseclassic.com

www.burmeseclassic.com



ရောက်စေသော နည်းကောင်းဖြစ်ပါသည်။

သင်ကြားရမည့် အဓိကအကြောင်းအချက်ကို ရှင်းလင်းသင်ကြားရာတွင် ကျောင်းသားတို့ နားလည်ရန်ခက်ခဲမည်ထင်သည်တို့ကို လွယ်ကူရှင်းလင်းနိုင်ဖို့ ကြိုးစားရပါသည်။ လိုအပ်လျှင် ကျောင်းသားများ မြင်သာထင်သာသည့် ဥပမာများနှင့်နှိုင်းယှဉ်ပြရန် စဉ်းစားကြံဆထားနိုင်သည်။

လေးလံသည့် သင်ခန်းစာမျိုးငြီးငွေ့နိုင်သည်။ အချိန်မျိုးတွင် ရယ်စရာလေးများ ပြောကြားပြီး အာရုံပြောင်းနိုင်သည်။ ပြောသင့်သည့် ရယ်စရာလေးများကိုပင် ကြိုတင်ပြင်ဆင်ထားလျှင် လှလှပပ ရနိုင်သည်။

## လိုအပ်သောအထောက်အကူပစ္စည်းများ အသုံးပြုခြင်း

ကြိုတင်ပြင်ဆင်မှုထဲတွင် လိုအပ်သော အထောက်အကူပြုပစ္စည်းများကို ယူဆောင်လာခြင်းလည်း ပါဝင်သည်။ ထိုပစ္စည်းများသည် ကြိုတင်ပြင်ဆင်မှု မရှိဘဲ ယူလာ၍မရ။ လိုအပ်ချက်အရ စဉ်းစားကြံဆပြီးမှ ယူလာရခြင်းဖြစ်သည်။

အထောက်အကူ ပစ္စည်းများတွင် မြေပုံကားချပ်၊ ရုပ်ပုံကားချပ်၊ ရုပ်ဝတ္ထုပစ္စည်းမှစ၍ ပန်းပွင့်ကလေးများ၊ သစ်ရွက်၊ သစ်ကိုင်းလေးများအထိ ပါလာနိုင်ပါသည်။ လိုသည့်နေရာတွင် လိုသော အထောက်အကူပြုပစ္စည်းကို အသုံးပြု၍ သင်ကြားခြင်းသည် တပည့်များ စိတ်ဝင်စားမှုလည်းဖြစ်သည်။ လွယ်ကူစွာ နားလည်ရန်လည်း

www.burmeseclassic.com

www.burmeseclassic.com



အထောက်အပံ့ ဖြစ်ပါသည်။

## သင်ကြားမှု ထိရောက်ခြင်း

ကြိုတင်ပြင်ဆင်ပြီးမှ စာသင်ခန်းထဲဝင်ရသည်မှာ ဆရာ့အတွက်ပျော်ရွှင်အားရစရာဖြစ်သည်။ ယနေ့ဘာသင်ရမည်ကိုသိထားပြီး ဘယ်လိုသင်ရမည်ကိုလည်း ပြင်ပြီးပြီ။ ထိုသို့ပြင်ဆင်ထားခြင်းကြောင့် မိမိကိုယ်ကို စိတ်ချယုံကြည်မှုရှိသည်။ မိမိ၏ ပြင်ဆင်မှုအတွက် ကျေနပ်အားရဖြစ်နေသည်။ သင်ကြားရန် စိတ်အားထက်သန်မှုကိုလည်းဖြစ်စေသည်။ ထိုစိတ်များကြောင့်ပင် ဆရာသည်အတန်းထဲသို့ ဝင်ရသည်ကို သွက်လက်မြူးကြွရှိနေသည်။ တပည့်တို့အမြင်မှာ စိတ်ဝင်စားအားရစရာ ရွှင်လန်းစရာ ဖြစ်စေသည်။ သင်ကြားပို့ချမှုအတွက် ထက်ဝက်မက အောင်မြင်မှုရနေပါပြီ။

မိမိကိုယ်ကို ယုံကြည်မှု၊ အားရမှု၊ သင်ကြားမှု၊ သင်ကြားပို့ချရမည်ကို စိတ်အားထက်သန်ပျော်ရွှင်နေမှု၊ ကလေးတို့၏စိတ်ပါဝင်စားအားရကျေနပ်မှုတို့သည် သင်ကြားသောအခါမှာ အကောင်းဆုံးသောအောင်မြင်မှုကို ရရှိစေနိုင်သည်။

## ပြန်လည်ဆန်းစစ်ခြင်း

သင်ကြားခြင်းပို့ချမှုအတွက် ပြင်ဆင်ရာတွင် ပြန်လည်ဆန်းစစ်ခြင်းလည်း ပါဝင်သည်။ မိမိ၏ သင်ကြားမှုထိရောက်ခြင်းရှိမရှိ သင်ခန်းစာသင်ကြားအပြီးမှာ မေးခွန်းများနှင့် ဆန်းစစ်ရန်လိုသည်။ ထိုမေးခွန်းများကိုလည်း ကြိုတင်ပြင်ဆင်ထားလျှင်ပိုကောင်း

www.burmeseclassic.com

ပါသည်။

နိဒါန်းပျိုးချိန် သင်ကြားချိန်ဆန်းစစ်ချိန်တို့ကို အချိန်ခွဲဝေပုံတွင် ပြင်ဆင်သတ်မှတ်ထားပြီးလျှင်ဖြစ်၍ဆန်းစစ်ခြင်းကိုပြုလုပ်ခွင့်ရပေသည်။ စနစ်တကျအချိန်ခွဲဝေမထားလျှင် သင်ကြားသည်နှင့်သာ အချိန်ကုန်ပြီး စာသင်ခန်းထဲမှ ထွက်သွားရပါသည်။ ဆန်းစစ်ခြင်း မပြုနိုင်သောကြောင့် မိမိ၏သင်ကြားမှုထိရောက်အောင်မြင်မှုရှိမရှိကို မသိနိုင်တော့ပါ။

ပြန်လည်ဆန်းစစ်ခြင်းသည် သင်ကြားမှုတိုင်းတွင် ရှိသင့်ပါသည်။ ကြိုတင်ပြင်ဆင်ပြီးမှသင်ကြားခြင်းဖြင့်

- အချိန်ခွဲဝေပုံ စနစ်ကျသည်။
- သင်ကြားပို့ချမှု ထိရောက်အောင်မြင်သည်။
- အရေးကြီးသောအကြောင်းအရာများကျန်နေရစ်ခြင်းမရှိပါ။
- အရေးမကြီးသည်တို့ကိုအချိန်များစွာရှင်းမိပြီး အရေးကြီးသည်တို့ကို အချိန်နည်းနည်းသာရခြင်းမှ လွတ်ကင်းနိုင်သည်။
- ဖြီးလုံးဖျန်းလုံးများမပါဘဲ မိမိကိုယ်တိုင် ကျေနပ်အားရစွာ သင်ကြားနိုင်သည်။
- တပည့်များကောင်းစွာတတ်မြောက်နားလည်စေသည်။
- တပည့်တို့၏ ချစ်ခင်လေးစားမှုကို ခံယူရရှိစေသည်။

ဆရာ၊ ဆရာမများသည် သင်ကြားပို့ချမှုထိရောက်၍ဆရာကောင်း၊ ဆရာမကောင်း ဖြစ်လိုပါလျှင် အတန်းကြီးသည်ငယ်သည်မဟူ သင်ခန်းစာလွယ်သည် ခက်သည်မခွဲဘဲ စနစ်တကျဖြစ်အောင် ကြိုတင်ပြင်ဆင်ပြီးမှ သင်ကြားသင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်ပြင်ဆင်ပြီးမှ စာသင်ခန်း ဝင်တတ်ခြင်းကို အလေ့အကျင့်ဖြစ်နေအောင် ပြုသင့်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဆရာ၊ ဆရာမနှင့် သင်ရိုးညွှန်းတမ်း

သင်ရိုးညွှန်းတမ်းသည် ပညာသင်ကြားရေးစနစ်၏အဓိက ကျသော ကျောရိုးမဏ္ဍိုင်ဖြစ်သည်။ မူလတန်းပညာရေး၊အလယ်တန်း ပညာရေး၊အထက်တန်းပညာရေး၊ တက္ကသိုလ်ပညာရေးနှင့် ဘွဲ့လွန် ပညာရေးတို့ကို အချိုးညီစွာ အချိတ်အဆက်မိစေရန် သင်ရိုးညွှန်းတမ်း နှင့်ဆက်စပ်ထိန်းချုပ်ပေးရသည်။

## သင်ရိုးညွှန်းတမ်းနှင့်အဆင့်ဆင့်သောပညာရေး

ပညာသင်ကြားသူများသည်အတန်းလိုက်သင်ရိုးညွှန်းတမ်း များကို ကျေညက်စွာ တတ်ကျွမ်းနားလည်မှသာ အဆင့်ဆင့်မြင့်သော အတန်းများကို တိုးမြှင့်သင်ကြား၍ နားလည် တတ်မြောက်နိုင်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မူလတန်းသင်ရိုးကို မကျေခဲ့သောကျောင်းသားသည် အလယ်တန်းသို့ရောက်သောအခါ အလယ်တန်း သင်ရိုးများကို နားလည်တတ်မြောက်ရန်မလွယ်ပါ။ အလယ်တန်းသင်ရိုးကို မတတ်မြောက်ဘဲနှင့် အထက်တန်းသင်ရိုးကို နားလည်တတ်မြောက်မည်မဟုတ်ပါ။ အထက်တန်းသင်ရိုးကို မတတ်မြောက်လျှင် တက္ကသိုလ်သို့မရောက်နိုင်ပါ။

## သင်ရိုးညွှန်းတမ်းနှင့် လျာထားချက်

သင်ကြားပို့ချသော ဆရာ၊ ဆရာမများသည် မိမိတာဝန်ယူသင်ကြားပို့ချရသောဘာသာရပ်ကို အတန်းအလိုက်သင်ရိုးညွှန်းတမ်းနှင့်အညီ ပြည့်စုံစွာတတ်မြောက်ရန် သင်ကြားပေးရမည်ဖြစ်ပါသည်။

ရှေးဦးစွာ ဆရာ၊ ဆရာမများသည် မိမိသင်ကြားပို့ချရမည့်ဘာသာရပ်ကို အတန်းအလိုက်သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းအပြည့်အစုံ သိရှိရန်လိုသည်။

ထိုသင်ရိုးညွှန်းတမ်းကို တစ်လအတွက် သင်ရိုးမာတိကာရေးဆွဲရသည်။ ထိုတစ်လအတွက်သင်ရိုးမာတိကာမှတစ်ဆင့်တစ်ပတ်အတွက် သင်ကြားရန်လျာထားချက်ကိုရေးဆွဲရသည်။ ထိုတစ်ပတ်အတွက် လျာထားချက်ကို အခြေပြု၍ နေ့စဉ်သင်ကြားသည်ကို သင်နည်း မှတ်ချက်ပြန်ရေးရသည်။ ထိုသို့စနစ်တကျ သင်ကြားပို့ချမှသာ သင်ရိုးညွှန်းတမ်းနှင့်အညီ ထိရောက်သောသင်ကြားပို့ချမှုကို ရရှိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## သင်ရိုးညွှန်းတမ်း မကျော်ခြင်း

သင်ရိုးညွှန်းတမ်းကို မသိဘဲ အစဉ်အဆက် သင်ကြားသည်ကိုကြည့်၍ သင်ကြားခြင်းသည် တိကျမှုမရှိပါ။ သင်ကြားပို့ချမှုတွင် အချိုးညီညီပြည့်စုံညီညွတ်ခြင်းပျက်ယွင်းနိုင်ပါသည်။ သင်ရိုးညွှန်းတမ်းကို အကုန်မသင်ဘဲ ချန်လှပ်၍ သင်ကြားခြင်းသည်လည်းမှားယွင်းသောလုပ်နည်းလုပ်ဟန်ဖြစ်ပါသည်။ ကျောင်းစစ် စာမေးပွဲများတွင် မိမိဘာသာမေးခွန်းထုတ်၍ ပြဿနာမပေါ်သော်လည်းအတန်းတစ်ခုနှင့်တစ်ခု အကူးအဆက်မှာ သင်ရိုးခါးပြတ်နေတတ်သည်။

စာရေးသူကိုယ်တိုင် မူလတန်းပညာရေးကို တောလက်ကျေးရွာ မူလတန်းကျောင်းကလေးတစ်ကျောင်းမှာသင်ကြားခဲ့ရ၏။ သင်ရိုးညွှန်းတမ်းနှင့် ပြည့်စုံညီညွတ်စွာ မသင်ခဲ့ရပါ။ တတိယတန်းသို့ ရောက်သောအခါ စတုတ္ထတန်းစာမေးပွဲသွင်းရန် ကျောင်းသားမရှိသောကြောင့် လိုအပ်မည်ထင်သည်တို့ကို အနီးကပ်သင်ကြားပေးပြီး စတုတ္ထတန်း စာမေးပွဲကို အဖြေခိုင်း၏။ ဖြေဆိုသောအခါအောင်မြင်ခဲ့ပါသည်။ သို့သော် မြို့ကျောင်းသို့ပြောင်း၍ ပဉ္စမတန်းတက်သောအခါ သင်ရိုးမကျေခဲ့သော အားနည်းချက်ဒဏ်ကိုမရှုမလှခံရပါသည်။ အထူးသဖြင့် သင်္ချာကဲ့သို့သော ဘာသာရပ်တွင် သိသာလွန်းပါ၏။ မည်သို့မျှ တန်းတူရည်တူ လိုက်နိုင်ခြင်းမရှိပါ။

အစွမ်းကုန် ကြိုးစားသော်လည်း အောက်သက်မကျေ၍နားမလည်နိုင်ပါ။ အလယ်တန်း ကာလတစ်လျှောက်လုံးလုံးပင်တရွတ်သီထိုးနှင့်သာ တစ်တန်းပြီးတစ်တန်း တက်လာခဲ့ရသည်။ အတန်းထဲမှာ စာတော်သော ကျောင်းသား၊ ပညာထူးချွန်သော

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသား မဖြစ်ခဲ့ရပါ။ ထိုအချိန်က မိမိကြုံတွေ့နေရသော ပြဿနာမှာ သင်ရိုးမကျေခဲ့၍ဖြစ်သည်ကိုသာ သိခွင့်ရခဲ့ပါက မပြေမကျေ ကျန်ခဲ့သော သင်ရိုးသင်ခန်းစာများကို ပြန်လည်၍ လေ့ကျင့်သင်ကြားခဲ့လျှင် အခက်အခဲပြဿနာ ပြေလည်နိုင်မည်ဖြစ်ပါသည်။

## သင်ရိုးညွှန်းတမ်းကို ချန်လှပ်၍ သင်ကြားခြင်း

အချို့သော ဆရာများသည် အရေးကြီးသော အစိုးရစစ်စာမေးပွဲများတွင် ခန့်မှန်းချက်များထုတ်၍ သင်ကြားခြင်းကိုစွန့်စွန့်စားစားပြုကြ၏။ ခက်လွန်းသည်တို့ကိုချန်ခဲ့သည်။ လွယ်လွန်းသည်တို့ကိုလည်း မေးမည်မဟုတ်ဟု ချန်ပြန်သည်။ မေးပြီးသောမေးခွန်းများကိုလည်း ထပ်မေးမည်မဟုတ်ဟု ချန်ပြန်သည်။ အမှန်စင်စစ်စနစ်ကျသော သင်ကြားနည်းဖြစ်လိုလျှင် သင်ရိုးအတိုင်းအပြည့်အစုံသာ သင်ကြားရမည်ဖြစ်ပါသည်။ ဘာမျှ ချန်ရန်မလိုပါ။ တစ်နှစ်တွင် တက္ကသိုလ်စာမေးပွဲမေးခွန်းတစ်ခု၌ ယခင်နှစ်ကမေးခဲ့သောမေးခွန်းများကို အားလုံးနီးပါးပြန်ထပ်မေးထားသည်ကို ကြုံတွေ့ရဖူးပါ၏။ တစ်နှစ်ကျထားသောကျောင်းသားတစ်ယောက်သည် ထပ်ကျလျှင်ကျောင်းထွက်ရမည်စိုးသောကြောင့် အားလုံးပိုင်နိုင်ကျေညက်စွာပြင်ဆင်သင်ကြားထား၏။ သို့သော် မေးပြီးသည်များကိုကား ပြန်မကြည့်တော့ဘဲ ချန်ထားခဲ့သည်။ ကျန်သည့် ဘာသာရပ်များမှာထူးချွန်စွာအောင်မြင်ပါလျက် ထိုဘာသာရပ်တစ်ခုတည်းမှာ စာမေးပွဲကျသောကြောင့် တက္ကသိုလ်မှ လုံးဝထွက်ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းစာမေးပွဲမှာလည်း ဝမ်းနည်းကြေကွဲစရာတစ်ရပ်ကို ကြုံတွေ့ရဖူးပါသည်။ မိန်းကလေးတစ်ယောက်သည် စာကြိုးစား၍ စာတော်သူလည်းဖြစ်သည်။ သူ့မိဘကလည်း တတ်နိုင်သူများဖြစ်၍ ပြည့်စုံစွာ ဖြည့်ဆည်းပေးထားသည်။ ရှေ့မှာ ဖြေခဲ့သော ဘာသာရပ်ငါးခုစလုံး ဂုဏ်ထူးရအောင် ဖြေဆိုနိုင်ခဲ့ပါသည်။ နောက်ဆုံးဘာသာရပ်တွင် ကျောင်းမှာသင်သော ဆရာမကလည်းအရေးမကြီးဟု ထင်သည်များကို ချန်ထားခဲ့သည်။ ကျူရှင် သင်ပေးသော ဆရာမကလည်း သင်ရိုးအပြည့်အစုံကျေညက်အောင် သင်ကြားပေးပါဟု တောင်းဆိုပါလျက် အရေးမကြီးဟုထင်သည်တို့ကို လုံးဝမသင်ဘဲ ချန်ထားခဲ့သည်။ သင်ကြားသူဆရာမနှစ်ယောက်ချန်ထားခဲ့သည်များထဲမှ မေးခွန်းများစွာပါလာသည်။

နောက်ဆုံးနေ့ဖြေဆိုပြီးလျှင် အိမ်မှာ ပျော်ပွဲရွှင်ပွဲလုပ်ရန် ပြင်ဆင်ထားသော မိသားစု ငိုပွဲဆင်လိုက်ကြရသည်။ ကလေးခမျာ ရှေ့မှ ဘာသာရပ်များတွင် ဂုဏ်ထူးပါလျက် ထိုတစ်ဘာသာတည်းနှင့် စာမေးပွဲကျသွားရရှာသည်။ ကလေးအပြစ်မရှိပါ။သင်ကြားပေးသော ဆရာ၊ ဆရာမများ၏ သင်ရိုးကို ပြည့်စုံအောင်မသင်ဘဲ ချန်ထားခဲ့သောကြောင့် ဒုက္ခရောက်ခြင်းသာ ဖြစ်ပါ၏။

## သင်ရိုးနှင့် ဆရာကောင်း

ဆရာကောင်းတို့သည် သင်ရိုးကိုလေးစားကြ၏။ သင်ရိုးကိုပြည့်စုံစွာသင်ကြားရုံမက ကျေညက်ခြင်းရှိမရှိ လေ့ကျင့်ခန်းများပေး၍ ဆန်းစစ်သည်။ စာမေးပွဲများစစ်၍ အကဲဖြတ်သည်။ အများစု

www.burmeseclassic.com

www.burmeseclassic.com



နားမလည် မကျေညက်သည်များကို ပြန်လည်သင်ကြားသည်။ ပြန်လည်လေ့ကျင့်ပေးသည်။ ဤနည်းအားဖြင့် တပည့်တို့၏ ပညာအရည်အချင်းကို ခိုင်မာအောင်ပြုကြသည်။ အစိုးရစစ် စာမေးပွဲကို ဖြေဆိုသောအခါ ထိုတပည့်တို့မှာ ကျေညက်စွာသင်ကြားပြီး ပြည့်စုံစွာလေ့ကျင့်ထားပြီးဖြစ်၍ အခက်အခဲမရှိတော့ပါ။

သင်ရိုးက များနေသည်။ သင်ကြားချိန်က နည်းနေသည်။ ထို့ကြောင့် သင်ရိုးကုန်အောင် သင်ကြားရန်မဖြစ်နိုင်ပါဟူ၍ အချို့သော ဆရာ၊ ဆရာမများအကြောင်းပြသည်ကိုကြားနေရပါ၏။အခြားသော ကျောင်းများမှ အခြားသော ဆရာ၊ဆရာမများပြည့်စုံစွာသင်ကြားနိုင်ပါလျှင် ကိုယ်လည်း သင်ကြားနိုင်အောင် ဆောင်ရွက်ရပါမည်။ တစ်နှစ်တာ သင်ရိုးနှင့်ရရှိသော သင်ကြားချိန်ကို အသေအချာချတွက်ပြီး ကိုက်ညီအောင် ခွဲဝေရမည်ဖြစ်ပါသည်။

## တာဝန်ကျေရုံ သင်ရိုးကုန်

အချို့သော ဆရာ၊ဆရာမများကတော့သင်ရိုးကိုကုန်အောင်သင်ပါသည်။ သို့သော် သင်ရိုးကုန်ရုံ၊ တာဝန်ကျေရုံ၊ အပြစ်အပြောလွတ်ရုံ သဘောထားကြောင့် ကျောင်းသားကို နားလည်အောင် တတ်မြောက်အောင်ဆိုသော စေတနာထားမှုများ ပျက်ယွင်းသွားသည်။ သတ်မှတ်သည့် လျားထားချက်အတိုင်း အလျင်အမြန်တက်သုတ်ရိုက်၍သင်သွားသည်။ ကျောင်းသားလိုက်မီ မမီမကြည့်ပါ။

ကျောင်းသားနားလည်မလည်မသိပါ။ သင်ရိုးကုန်သွားပါသည်။ သို့သော် ကျောင်းသားတို့ ဘာမျှ တတ်မြောက်ခြင်းမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျူရှင်ကျောင်းများသို့ အပြေးအလွှားသွားကြရန်တွန်းပို့လိုက်သလို ဖြစ်သွားသည်။ ကျောင်းသားများ ကျူရှင်ဆရာကိုအပြေးအလွှားရှာရ သင်ကြားရပါသည်။

ဆရာကောင်းများသည် သင်ရိုးကုန်ရုံမက တပည့်များနားလည်တတ်မြောက်အောင်လည်း စေတနာထားကြသည်။ သင်ကြားမှု လျာထားချက်မှာပင် ပြန်လည်ဆန်းစစ်ချိန်ပြန်လည်သင်ကြားချိန်များ ထည့်ထားသည်။ နားမလည်သော တပည့်တို့များနေလျှင် အချိန်ပိုခေါ်၍သင်သည်။ လေးစားစရာကောင်းသောဆရာမြတ်များဖြစ်ပါ၏။

## ရှောင်ရန်နှင့်ဆောင်ရန်

ဆရာ၊ ဆရာမတို့သည် သင်ရိုးကိုချန်လှပ်၍ သင်ကြားခြင်း၊ သင်ရိုးကုန်သည်ဟူ၍ တာဝန်ကျေအပြောလွတ်ရုံသင်ကြားခြင်းတို့ကို ရှောင်ကြဉ်သင့်ပါသည်။ သင်ရိုးကို ပြေလည်အောင်စေတနာထားခြင်းမှာ ဆောင်ရန်ဖြစ်ပါသည်။ တပည့်တိုင်းကို မိမိတို့၏ ရင်သွေးရင်နှစ်ပမာ မေတ္တာစေတနာထားခြင်းဖြင့် ဆရာကောင်းဆရာမြတ်များ ဖြစ်သင့်ပါသည်။

## ပညာရေး ဆွေးနွေးညှိနှိုင်းခြင်း

အချို့သော အတန်းများမှ အချို့သောဘာသာရပ်များတွင် တစ်နှစ်တာအတွင်း သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ရရှိသော သင်ကြားချိန်နှင့်စာလျှင် များလွန်းနေသည်။ အပြေးအလွှား သင်ကြားလျှင်ပင် သင်ရိုးအားလုံးကုန်ရန်မလွယ်ဟု သင်ကြားသော ဆရာ၊ ဆရာမများ ညည်းညူသည်ကိုလည်း ကြားသိရပါသည်။ ထို့ကြောင့် ဆရာ၊ ဆရာမတို့မှာ အပြစ်လွတ်အောင် အမြန်သင်ကြရ သည်ဟု ဆိုသည်။ ကျောင်းသားနားလည်ခြင်း ရှိမရှိ ဆန်းစစ်နေ၍ အချိန်မရဟုသိရသည်။ ထိုသို့ဖြစ်ပျက်နေလျှင် သက်ဆိုင်ရာကျောင်း အုပ်ကြီးများ၊ မြို့နယ်ပညာရေးမှူးများမှတစ်ဆင့် တာဝန်ရှိသူများ ထံရောက်အောင် တင်ပြသင့်သည်။ ပညာရေးနှီးနှော ဖလှယ်ပွဲများ ပညာရေး ညှိနှိုင်းဆွေးနွေးပွဲများမှာ တင်ပြပြီး အဖြေရှာသင့်ကြပါ သည်။

www.burmeseclassic.com

## ဂုဏ်ပြုထိုက်သော ဆရာဦးဝမ်လွှီး

၁၉၈၄ ခုနှစ်တွင် ကျွန်တော်မုဒုံမြို့သို့ တာဝန်နှင့်ရောက်သွားသည်။ ထိုအချိန်ကမွန်ပြည်နယ် ကမာဝက်ရွာ အထက်တန်းကျောင်းသည် မြန်မာတစ်နိုင်ငံလုံးမှာ ဆယ်တန်းအောင်ချက် အကောင်းဆုံးပထမဆုရရှိသောနှစ်ဖြစ်သည်။ မော်လမြိုင်မှ မုဒုံသို့အကူးတွင်လာကြိုသော ကားပေါ်မှာပင် ကမာဝက်ကျောင်း၏ ကောင်းသတင်းကိုကြားရသည်။ ထိုမှဆက်၍ မုဒုံမြို့မှ မူလတန်းဆရာ ဦးဝမ်လွှီးအကြောင်းကိုလည်း အားပါးတရ ပြောကြသည်။

### မုဒုံသားတို့ ဦးဝမ်လွှီး

ကားပေါ်မှာစတင်၍ ကြားခဲ့ရသော ဦးဝမ်လွှီးအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သည် မုဒုံရောက်တော့လည်း ကြိမ်ဖန်များစွာ ကြားနေရသည်။

မုဒုံမြို့မှာ ရာကြီးထူးကြီးနှင့် ကြီးကျယ်ခမ်းနားသူများစွာ ပါ၏။ ငွေကြေးဥစ္စာ ချမ်းသာရာမှာလည်း သန်းကြွယ်သူဌေးအတော်များများ ရှိပါ၏။ သို့သော် ဘယ်သူကမျှ ထိုအရာရှိများသန်းကြွယ် ချမ်းသာသူများအကြောင်းကို ဂုဏ်ပြုဝါကြွားခြင်းမပြုပါ။ ဦးဝမ်လွီး အကြောင်းကိုသာ အားပါးတရ ပြောကြသည်။ မုဒုံသားတို့သည် ဉာဉ့်သည်ကို ဦးဝမ်လွီးနှင့် ဉာဉ့်ခံကြသည်။ ဉာဉ့်ခံထိုက်ပါ၏။ ဦးဝမ်လွီးအကြောင်းကိုနားထောင်ရသည်မှာအံ့သြစရာချီးကျူးစရာ ဝမ်းသာစရာကြည်နူးစရာဂုဏ်ယူလေးစားစရာဖြစ်သည်။ ဦးဝမ်လွီး အကြောင်းကြားရ နားထောင်ရသူပင် ဂုဏ်ယူရလျှင် ဦးဝမ်လွီးလို လူတစ်ယောက်ကို ရှိထားသော မြို့သူမြို့သားများအနေနှင့်ပို၍ဂုဏ်ယူ ဝင့်ကြွားစရာ ဖြစ်ထိုက်ပါ၏။

## ဦးဝမ်လွီး၏ အောင်မြင်မှု

ဦးဝမ်လွီးသည် မူလတန်းကျောင်းအုပ်ဆရာဖြစ်၏။ ၁၉၉၆ ခုနှစ်တွင် အထက်တန်းကျောင်းတွင် လက်မှတ်ရစာမေးပွဲ (အိပ်ချ်အက်စ်အက်ဖ်) အောင်ပြီး အသက် ၃၅ နှစ်မှစ၍ မူလတန်းပြ ဆရာဝင်ရောက်လုပ်ကိုင်ခဲ့သည်။ စတင် သင်ကြားချိန်မှစ၍ စတုတ္ထတန်းကို တန်းလုံးကျွတ်အောင်မြင်အောင်သင်ကြားနိုင်ခဲ့သူဖြစ်သည်။

ဤကျောင်းသို့ မရောက်ခင်က အခြားကျောင်းများတွင် ခြောက်နှစ်သင်ခဲ့သည်။ ထိုခြောက်နှစ်လုံးလုံးမှာပင် လေးတန်းကို

www.burmeseclassic.com

www.burmeseclassic.com



တန်းလုံးကျွတ်အောင်မြင်အောင် သင်ကြားခဲ့သည်။

၁၉၈၄ ခုနှစ်တွင် မုံဒိုမြို့ပေါ်မှ ပိန္နဲတိုက်မူလတန်းကျောင်းသို့ ရောက်ရှိ တာဝန်ယူသင်ကြားသည်မှာ ကိုးနှစ်မြောက်ဖြစ်သည်။

ဤကျောင်းမှာလည်း ရှစ်နှစ်တိတိ တန်းလုံးကျွတ်အောင်မြင်ခဲ့ပြီးဖြစ်သည်။

| | |
|---|---|
| ၁၉၇၆-၇၇ | ၁၄ ယောက် |
| ၁၉၇၇-၇၈ | ၃၁ ယောက် |
| ၁၉၇၈-၇၉ | ၄၄ ယောက် |
| ၁၉၇၉-၈၀ | ၄၆ ယောက် |
| ၁၉၈၀-၈၁ | ၄၁ ယောက် |
| ၁၉၈၁-၈၂ | ၆၄ ယောက် |
| ၁၉၈၂-၈၃ | ၇၄ ယောက် |
| ၁၉၈၃-၈၄ | ၇၄ ယောက် |

ကျွန်တော် ရောက်သွားသည့် ၁၉၈၄-၈၅ ခုနှစ်တွင် စတုတ္ထတန်းကျောင်းသား ၁၀၇ ယောက်အထိရှိသည်။

ဤကျောင်းသို့ ဦးဝမ်လွီးရောက်စက ကျောင်းသားအားလုံး ၂၃၃ ယောက်ရှိသည်။ ၁၉၈၄ ခုနှစ်တွင် ကျောင်းသား ၉၁၃ ယောက်အထိရှိသည်။ ဆရာဦးဝမ်လွီးကိုသဘောကျ၍ ကျောင်းသားအရေအတွက် အဆမတန်များပြားလာခဲ့သည်။ ကျောင်းမှာလည်း နှစ်ထပ်ကျောင်းကြီးဖြစ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



## အအောင်သင်ခြင်းနှင့် အတတ်သင်ခြင်း

ဦးဝမ်လွီး၏ တပည့်များ အောင်နှုန်းကောင်းရသည်မှာ ဦးဝမ်လွီးက အအောင်သင်ခြင်းမဟုတ် အတတ်သင်ခြင်းကြောင့်သာ ဖြစ်သည်။ အချို့မိဘများသည် စတုတ္ထတန်းအောင်ရန်မလွယ်သည့် ညံ့ဖျင်းသော ကလေးများကိုပါ ဦးဝမ်လွီး၏ကျောင်းသို့ပို့ကြသည်။

ဦးဝမ်လွီးက ငြင်းပယ်ခြင်းမရှိ၊ နယ်မြေကန့်သတ်ခြင်းအရ လက်ခံနိုင်ခွင့်ရှိသူတိုင်း ကြည်ဖြူစွာလက်ခံသည်။ သို့သော် အချိန်မီ အောင်တော့ ကျောင်းအပ်ရသည်။

ဦးဝမ်လွီး၏ကျောင်းတွင် နွေရာသီကျောင်းပိတ်ရက်မရှိ။ ဦးဝမ်လွီးကိုယ်တိုင်လည်း ကျောင်းပိတ်ရက်ဟူ၍ အနားယူခြင်းမရှိ။ ဦးဝမ်လွီး၏ကျောင်းသည် သင်္ကြန်ရက်မှာသာ ကျောင်းပိတ်သည်။ နှစ်ဆန်းတစ်ရက်နေ့ကျော်သည်နှင့် စတုတ္ထတန်းများကျောင်းပြန်တက် ရသည်။ အသစ်ဝင်လာသောကျောင်းသားများမှာအခြေခံမတူညီကြ၍ စနစ်တကျအောက်သက်ကျေစေရန်ဦးဝမ်လွီးကအပင်ပန်းခံပြီးဒုတိယ တန်းမှ စသင်သည်။ ကျောင်းသူကျောင်းသားအားလုံး လက်ရေးလှ လေ့ကျင့်ရသည်။ ရေးရတွက်ရများလွန်း၍ ဗလာစာအုပ်ဖိုး အကုန် အကျများမည် စိုးသောကြောင့် ဆရာဦးဝမ်လွီးက ကျောင်းသူ ကျောင်းသားအားလုံးကို သင်ပုန်းနှင့် ကျောက်တံအသုံးခိုင်းသည်။ မှတ်ထားရမည့်စာများကို ဗလာစာအုပ်နှင့်ရေးမှတ်စေပြီး တွက်ရ ချက်ရလေ့ကျင့်ရသည်များအားလုံးကို ကျောက်သင်ပုန်းမှာ ရေးရ သည်။ ပြီးလျှင် ပြန်ဖျက်ရေး တစ်နေကုန်တွက်ရသည်။ တစ်နေကုန်

www.burmeseclassic.com

www.burmeseclassic.com



ရေးရသည်။ ဦးဝမ်လွီး၏ တပည့်များသည် အားလုံးလက်ရေးလှကြသည်။ စိတ်ကြိုက်မရမချင်း အကြိမ်ကြိမ်ပြန်ရေးခိုင်းနေသောကြောင့် လှလာကြခြင်းဖြစ်သည်။

ဦးဝမ်လွီး၏ ကျောင်းသားတိုင်း စနစ်တကျနှင့် သေသေသပ်သပ်ရှိကြသည်။

ဦးဝမ်လွီးသည် သူ့တပည့်များကို ဘောမျဉ်းသားပုံ ရက်စွဲတပ်ပုံမှစ၍ စနစ်တကျ သင်ကြားလေ့ကျင့်ပေးသည်။ သင်္ချာတွက်ရာတွင် အဆင့်အလိုက် စာပြည့်စုံစွာ ရေးရသည်။ အဖြေထုတ်ပြီးအဖြေအောက်မှမျဉ်းသားပုံပါ စနစ်တကျပြုလုပ်ရသည်။ မသေမသပ်ဘဲလာပြလျှင် စာအုပ်ဖြစ်စေ၊ သင်ပုန်းဖြစ်စေ လွှင့်ပစ်လိုက်သည်။ ကွဲသွားလျှင် ထပ်ဝယ်ပေတော့။ သို့သော် နောက်တစ်ကြိမ်စနစ်မကျသည်ကို လာမပြရဲတော့ပါ။

စတုတ္ထတန်းစာစစ်အဖွဲ့တွင်ပါသော ဆရာမတစ်ယောက်က ပြောသည်။

'စစ်နေတဲ့ အဖြေလွှာထုပ်ထဲမှာ ဦးဝမ်လွီးကျောင်းကို ရောက်ပြီဆိုရင် ထူးထူးခြားခြားသိသာတယ်။ လက်ရေးတွေကသိပ်လှပြီး သေသေသပ်သပ်စနစ်တကျသိပ်ရှိတယ်။ သင်္ချာဆိုရင်လည်း တစ်ပုံစံတည်းပဲ၊ အမှတ်လျှော့လို့ကိုမရဘူး။ အဲဒါ သူ့တပည့်အားလုံး အတူတူပါပဲ၊ သူ့ကျောင်းပြီးလို့ ဆက်စစ်ရတဲ့ ကျောင်းတော့ နာပြီသာမှတ်'ဟု ဆိုသည်။

ဦးဝမ်လွီးက သူ့ကျောင်းသားများကို နေ့သာမက ညပါသင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေ ၃ နာရီကျောင်းဆင်းပြီးနောက် ထမင်းစားရန်တစ်နာရီ ပြန်လွှတ်သည်။ ၄ နာရီမှာ ကျောင်းသို့ပြန်ရောက်သည်။ သင်္ချာတွက် ကြရသည်။

၆ နာရီမှစ၍တစ်နာရီ စာကျက်စာဖတ်ရသည်။ စာဖတ်ပြီး လျှင် လိုအပ်သည်တို့ကို ပြန်ရှင်းပြသည်။ ည ၈ နာရီတွင် ပြန်လွှတ် သည်။ တစ်ခါတစ်ရံတွင် ၈ နာရီခွဲမှ ပြန်ရသည်။

## သင်ရိုးကျေသော ဦးဝမ်လွီး

ဦးဝမ်လွီး နာမည်ဖျက်ရန် ရောက်လာသောတပည့်များရှိ သည်။ အခြေခံမကောင်း၊ အဆင့်မမီဘဲ စတုတ္ထတန်း အောင်ချင်၍ ပြောင်းလာသူများရှိသည်။ ဦးဝမ်လွီးက လက်ခံသည်။ သူ့မှာအချိန် အပြည့်အဝအပိုအလျှံရအောင်ယူထားပြီးဖြစ်သည်။ ဒုတိယတန်း အခြေခံမှ ပြန်သင်ခြင်းဖြစ်သည်။ လက်ရေးလက်သားမှစ၍ ပြန်သင် သည်။ သူ့ပုံစံအတိုင်း စနစ်ကျမှု သေသပ်မှုများကိုလေ့ကျင့်သည်။

နွေရာသီမှ စသင်သည်။နွေ့ရောညပါသင်သည်။ ထို့ကြောင့် စာသင်နှစ်တစ်ဝက်ကျိုးလျှင် ဦးဝမ်လွီး၏ တပည့်များသည် ဘာသာ ရပ်အားလုံးမှာ သင်ရိုးတစ်ခေါက်ကုန်ပြီးသားဖြစ်နေသည်။

ဦးဝမ်လွီးကျောင်းမှာ သင်ရိုးကို ကျော်သင်ခြင်းချန်လှပ်ခြင်း လုံးဝမရှိ သင်ရိုးပါစာအားလုံးကို ညက်ညက်ကျေနေအောင်သင်ကြား ခြင်းဖြစ်သည်။ နှစ်ဝက်တွင် သင်ရိုးတစ်ခေါက်ကုန်ပြီး နောက် အခေါက်ခေါက်အခါခါ ပြန်လည်သင်ကြားနေသည်။ စာမေးပွဲတွင် မည်သို့ပင်ဖြေဖြေ သူ့တပည့်များအတွက် ကျစရာ မရှိတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



လက်ရေးလက်သားရော၊ သေသပ်မှုရော၊ ဖြေဆိုနိုင်သည်ပါ စာစစ်သူ တိုင်းကို အားပါးတရ ဖြစ်စေသည်။ ဦးဝမ်လွီး၏ တပည့်များ စာမေးပွဲအောင်သည်မှာ ကြုံကြိုက်မှုမဟုတ်၊ ဧကန်တရားဖြစ်သည်။ ထို့ကြောင့် ဦးဝမ်လွီး၏ တပည့်များ တန်းလုံးကျွတ်အောင်သည်မှာ ဘာမျှမဆန်း၊ မအောင်မှသာ သိပ်ဆန်းလိမ့်မည်။ ဦးဝမ်လွီးနာမည် ပျက်ရန် ရောက်လာသူတို့မှာလည်း နာမည်မဖျက်နိုင်တော့ပါ။ တန်းလုံးကျွတ်အောင်မြင်သူများထဲမှာချောမောစွာပါသွားခဲ့ကြသည်။

၁၉၈၄ ခုနှစ်တွင် ဦးဝမ်လွီးကို ကျွန်တော် တွေ့စဉ်က ဦးဝမ်လွီးအသက်မှာ ၅၂ နှစ်ရှိနေပြီ။ လူက ဖြူဖြူသေးသေးလေးဖြစ် သည်။

## နာသုံးနာနှင့် ဦးဝမ်လွီး

ဦးဝမ်လွီးသည် ပရဟိတသမားဖြစ်၏ သူ့ကျောင်းသားများ ကို ပညာသင်ကြားနေရခြင်းမှာသာ မွေ့ပျော်နေသူဖြစ်၏။

ဝါသနာ၊ စေတနာ၊ အနစ်နာဆိုသောနာသုံးနာပြည့်စုံရာတွင် ထူးခြားစွာ ထင်ရှားသော စံနမူနာပြ ဆရာလည်းဖြစ်သည်။

အိမ်ထောင်မိသားစုကိစ္စကို ဦးဝမ်လွီးဘာမျှလှည့်မကြည့်နိုင် ပါ။ သူရသည့် လစာငွေအားလုံး ဇနီးဖြစ်သူကိုအပ်လိုက်သည်။ သူ့ကို ကြိုက်သလိုကျွေးပါ။ ထိုငွေနှင့်မလောက်လျှင် သူ့မှာ ထပ်ရှာပေး စရာ မရှိပါ။ ထိုအချိန်က ဦးဝမ်လွီး၏သား နှစ်ယောက်သည် မော်လမြိုင်ကောလိပ်မှာ ကျောင်းတက်နေကြသည်။ ဇနီးဖြစ်သူက

www.burmeseclassic.com

www.burmeseclassic.com



မိသားစုစားလောက်အောင် အိမ်မှာ ဟင်းသီးဟင်းရွက်ကလေးများ ရောင်းရသည်။ ဆိုင်ကြီးမဟုတ်ပါ။ ရောင်းသည့်အထဲမှာ ဟင်းသီး ဟင်းရွက် စားရရုံသာရှိသည်။

## လေးစားစရာ ဦးဝမ်လွီး

တန်းလုံးကျွတ်အောင်မြင်၍ မိဘဆရာအသင်းနှင့်မြို့မိမြို့ဖ များက ဦးဝမ်လွီးကို ဂုဏ်ပြုဆုပေးရန် စီစဉ်သည်။ ဦးဝမ်လွီးက သူ တစ်ယောက်တည်းတော်၍မဟုတ် သူ့ကျောင်းမှ ဆရာ၊ ဆရာမ အားလုံးကြိုးစား၍ဖြစ်သည်။ သူ့အတွက်မရချင်။ ဆရာ၊ ဆရာမ အားလုံးကို တူညီစွာပေးမှ လက်ခံမည်ဟုဆိုသည်။ မိဘဆရာအသင်း က ဆရာ၊ ဆရာမအားလုံးကို ဆုပေးရသည်။

ဦးဝမ်လွီးကို တစ်မြို့လုံးက ချီးကျူးကြသည်။ ချစ်ခင် လေးစားကြသည်။ ဦးဝမ်လွီးမှာ ကိုယ်ကျိုးစွန့်သူတို့ရရှိတတ်သော ဩဇာအပြည့်အဝရှိသည်။ ဦးဝမ်လွီး၏တောင်းဆိုချက်ကို ကျောင်းသား မိဘများက လိုက်လျောရန် အသင့်ရှိကြသည်။

ဦးဝမ်လွီးက ကျောင်း၊ အဆောက်အအုံအတွက် တောင်းဆို သည်။ ဆောက်ပေးကြသည်။ ဦးဝမ်လွီးက ကျောင်းအတွက်ရေစုပ် စက် လိုချင်သည်။ ချက်ချင်းဖြစ်သွားသည်။ ဦးဝမ်လွီးက ကျောင်းမှာ မီးသွယ်ချင်သည်။ ပြည့်စုံအောင်စီစဉ်ပေးကြသည်။

ဦးဝမ်လွီးကို မူလတန်းဆရာအချင်းချင်းလည်းချီးကျူးကြ သည်။ အလယ်တန်းဆရာများကလည်း ချီးကျူးသည်။ အထက်တန်း ဆရာများကလည်း ချီးကျူးသည်။ ကမာဝက်အထက်တန်းကျောင်းသို့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရောက်သွားသောအခါ ဆယ်တန်းစာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး ပထမရရှိထားသော ဆရာကြီးနှင့်တွေ့သည်။ ဦးဝမ်လွီး အကြောင်းကို ကျွန်တော်က စကားစပ်၍ ပြောမိသောအခါ-

'သြော်. . ကိုဝမ်လွီးလား၊ ဆရာက ကိုဝမ်လွီးနဲ့တွေ့ခဲ့ပြီကိုး၊ ကိုဝမ်လွီးလို ဆရာမျိုးကတော့ရှားပါတယ်ဗျာ'ဟု တလေးတစား ပြောဆိုပါသည်။

အံ့သြချီးကျူးစရာ နာသုံးနာနှင့်ပြည့်စုံသော ဆရာဦးဝမ်လွီးကို လေးစားကြည်ညိုစွာ ဂုဏ်ပြုဦးခိုက်အပ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## စံနမူနာပြ ဆရာမ

ဆရာ၊ ဆရာမတို့သည် တပည့်များကို သင်ပြရုံ ဆိုဆုံးမရုံ သာမက စံနမူနာကောင်းလည်းပြရသည်။ကလေးတို့သည် မိမိတို့၏ ဆရာ၊ ဆရာမများကို ချစ်ခင်လေးစားသည်နှင့်အမျှ စံနမူနာထား၍ အတုလည်း ယူကြသည်။ 'ပုဂ္ဂိုလ်ခင်မှ တရားမင်သည်' ဟူသော စကားရှိ၏။ ဆရာ၊ ဆရာမကိုချစ်ခင်၍ ဆရာ၊ ဆရာမတို့ပြုမူသမျှ ကိုလည်း အကောင်းထင်ကြသည်။

ကျွန်တော်တို့ငယ်စဉ်က အတန်းပိုင်ဆရာမသည် ဖောင်တိန် ကလစ်ကို ကြယ်သီးကွင်းမှာချိတ်၍ ထားတတ်၏။ ဆရာမ၏ ရွှေရောင်နှင့်အနက်ရောင် အရစ်အရစ်လှပသောပတ်ကားဖောင်တိန် ကလေးသည် ဆရာမ၏ အင်္ကျီကြယ်သီးကွင်းကို တွဲလဲခိုပြီး ရင်အုံတော် ပေါ်မှာ တင်နေသည်။ ကျွန်တော်တို့အတန်းထဲမှ မိန်းကလေးအတော်

www.burmeseclassic.com

www.burmeseclassic.com



များများ ဆရာမလိုပင် ဖောင်တိန်ကိုကြယ်သီးကွင်းမှာ ချိတ်ကြ၍ ကျွန်တော်တို့ ပြိုးခဲ့ကြရသည်။ ထိုကဲ့သို့သော ကိစ္စသည် အတုယူသော်လည်း ပြဿနာမရှိပါ။ သို့သော် ဆရာ၊ ဆရာမက လွဲမှား၍ အကျိုးယုတ်စေသောကိစ္စကို စံနမူနာပြလျှင်ကား တပည့်တို့အတုယူမှားနိုင်သည်ကို ဆရာ၊ ဆရာမများ သတိထားသင့်ပါ၏။ နမူနာကောင်းပြလျှင်ကား တပည့်တို့ အတုယူ၍ ကောင်းကျိုးရရှိနိုင်ပေသည်။

ကျွန်တော်တို့ ငယ်စဉ်က ဆရာဦးဘိုကြီးဆိုသော အထက်တန်းပြဆရာသည် အစဉ်အမြဲသန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်တတ်သည်။ သန့်ရှင်းသပ်ရပ်စွာနေထိုင်တတ်သည်။ ဆရာသည် တပည့်များအတွက် သတိထားပြီး စံနမူနာကောင်းပြသူဖြစ်သည်။ ကျွန်တော်တို့ ဆရာ့ကိုသဘောကျ၍ တတ်နိုင်သမျှ သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ကြသည်။ ဆရာက သင်ပြရာမှာ အလွန်တော်သလောက် ပြောဆိုဆက်ဆံရာတွင် သိမ်မွေ့နူးညံ့သူဖြစ်သည်။ ဆရာသည် ဆဲရေးတိုင်းထွာရန် ထား၍ တပည့်များကို တင်းမာခက်ထန်စွာပင် ငေါက်ငန်းပြောဆိုခြင်းမရှိပါ။ သို့သော် ကျွန်တော်တို့ တပည့်အားလုံးဆရာ့ကိုချစ်ခင်လေးစားကြသည်။ ဆရာကအပြစ်ဟု မြင်မည်ကို အလွန်ကြောက်ကြသည်။ ဆရာကမကောင်း၊ မလုပ်သင့်ဟု ပြောသည်တို့ကို ရှောင်ကြဉ်ကြသည်။ ဆရာက ကောင်းသည်၊ လုပ်သင့်သည်ဟု သွန်သင်ဆုံးမသမျှကို လိုက်နာကြသည်။

ဆရာဦးဘိုကြီးသည် စံထားအားကျစရာကောင်းသောလူတော်လူကောင်းဖြစ်သည်။ အားကစားလိုက်စား၍ ကျန်းမာတောင့်

www.burmeseclassic.com

www.burmeseclassic.com



တင်းသော ကိုယ်ခန္ဓာရှိသည်။ သူ၏အလုပ်တာဝန်ကို အလွန်လေးစားသည်။ ကျောင်းပျက်ခြင်း၊ ကျောင်းချိန်နောက်ကျခြင်းမရှိပါ။ ကျောင်းမှ အရေးကြီးသောတာဝန်ရှိ၍ အတန်းမဝင်နိုင်လျှင်အတန်းကိုဦးစွာလာပြီး ဖတ်နေရမည့်စာ၊ လုပ်နေရမည့်လေ့ကျင့်ခန်းများ ပေးထားခဲ့သည်။ ဘာကြောင့် အတန်းမဝင်နိုင်သေးသည်ကိုလည်း ရှင်းလင်းပြောကြားသည်။ ဆရာသည် အခြားအရေးကြီးသော အလုပ်ရှိ၍ အတန်းပျက်ရသည်ဟု အတန်းကို ဥပေက္ခာမပြု။

စာသင်ကြားရာမှာလည်း ဆရာသည် စေတနာကောင်း၍ စိတ်ပါလက်ပါရှိသည်။ တပည့်များအားလုံးကို တတ်မြောက်ရုံမက ထူးချွန်စေချင်သည်။ အခါအခွင့်သင့်တိုင်းလည်း သူ၏ ကိုယ်တွေ့များနှင့်ယှဉ်၍ ဆုံးမသြဝါဒပေးသည်။ တစ်ကြိမ်တွင် သွေးအကြောင်းကို သင်ကြားရာမှ သွေးလှူခြင်း၏မွန်မြတ်ပုံနှင့် သူကိုယ်တိုင်သွေးလှူခဲ့ပုံကို ရှင်းလင်းပြောကြားသည်။ ထိုအချိန်က သွေးလှူခြင်း အလေ့အထမှာ ယခုအခါကဲ့သို့ မကျယ်ပြန့်သေးပါ။ သွေးလှူရမည်ကို လူအတော်များများကြောက်နေကြသည်။ ဆရာ့ကို အထင်ကြီးသောကျွန်တော်တို့သည် ဆရာ့ပြောပုံနှင့်ဆရာသွေးလှူပုံကို သဘောကျ၍ သွေးလှူချင်စိတ်များဖြစ်ပေါ်ခဲ့ရသည်။ ကျွန်တော်ကိုယ်တိုင်ဆရာ့ကိုအတုယူ၍ သွေးလှူရန်အခွင့်အခါပေါ်တိုင်း သွေးလှူဖြစ်ခဲ့သည်မှာ ငါးကြိမ်ရှိပါပြီ။ ဆရာ့ကျေးဇူးပင် ဖြစ်ပါ၏။

ကျွန်တော်တို့ကျောင်းမှ ခြေတော်ရာတောင်သို့ ပျော်ပွဲစားထွက်ကြသောအခါ ဆရာသည် ကျောင်းသူ၊ ကျောင်းသား၊ ဆရာ၊ ဆရာမများနှင့်အတူ ပျော်ရွှင်စွာသွားလာရင်း အခြေအနေပေးတိုင်း

www.burmeseclassic.com

www.burmeseclassic.com



မှတ်စုစာအုပ်တစ်အုပ်မှာ တကုတ်ကုတ်ရေးနေသည်။နောက်တစ်နေ့တွင် ကျွန်တော်တို့ကို ပျော်ပွဲစားခရီးသွားမှတ်တမ်းဆရာဖတ်ပြသည်။

ဆရာသည် ကိုးတန်း၊ ဆယ်တန်းတွင်အင်္ဂလိပ်စာသင်သော ဆရာဖြစ်ပါသည်။ အင်္ဂလိပ်လို အပြောရောအရေးပါ အလွန်ကောင်းသူဖြစ်သည်။ သို့သော် ပျော်ပွဲစားခရီးမှတ်တမ်းကို ဖတ်ပြသောအခါ ဆရာသည် မြန်မာစာအရေးအသားလည်း အလွန်ကောင်းသူဖြစ်ကြောင်း တွေ့ရသည်။

ပျော်ပွဲစားထွက်ရန်အတွက် နှိုးစက်သံမြည်၍ အိပ်ရာနိုးပုံ ပြင်ဆင်ပုံမှစပြီး ခရီးစဉ်တစ်ခုလုံးကို အသေးစိတ်ခြယ်မှုန်းရေးသားထားသည်မှာစိတ်ဝင်စားစရာဖြစ်သည်။ ပျော်စရာလည်း ကောင်းသည်။ ပတ်ဝန်းကျင် ရှုခင်းအလှအပများကိုပါ မျက်စိထဲမှာပြန်လည်မြင်ယောင်ရသည်။ ဆရာ့ကို အားကျသော ကျွန်တော်သည် နောင်တွင် ပျော်ပွဲစားခရီး၊ လေ့လာရေးခရီးသွားတိုင်း ဆရာ့လိုပင် မှတ်တမ်းရေးသည့် အကျင့်ရလာသည်။ ထိုအလေ့အကျင့်သည်ပင် ကျွန်တော့်ကို စာရေးဆရာဖြစ်စေရန် တစ်စိတ်တစ်ပိုင်းအားဖြင့် အထောက်အကူပြုခဲ့ပေသည်။ ဆရာ၏ နမူနာကောင်းကို အတုယူရသော ကျေးဇူးပင် ဖြစ်ပါ၏။

ဆရာသည် အသက်ထက်ဆုံး ကျောင်းဆရာဘဝကိုမြတ်နိုးစွာလုပ်ကိုင်သွားသူဖြစ်သည်။ ကျွန်တော်တို့ကို သင်ကြားစဉ်က အထက်တန်းပြဆရာ၊ နောက် အလယ်တန်းကျောင်းအုပ်၊ အထက်တန်းကျောင်းအုပ်အဖြစ် အဆင့်ဆင့်ပြောင်းလဲ၍ တာဝန်ထမ်းဆောင်သည်။ အသက်ကြီးသည့်အချိန် ပြန်တွေ့ရာမှာလည်း ဆရာ့အသွင်

www.burmeseclassic.com

www.burmeseclassic.com



အပြင်သည် လန်းဆန်းလျက် ထက်မြက်တက်ကြွလျက်ပင်ရှိပါသည်။ ကျွန်တော်တို့ အသက်ကြီး၍ လုပ်ငန်းခွင်မှာ လူကြီးများဖြစ်လာသည့်တိုင် ဆရာသည် သူ့တပည့်များကို ချစ်ခင်မေတ္တာနှင့် ဆိုဆုံးမဆဲဖြစ်သည်။ အကြံကောင်း၊ ဉာဏ်ကောင်းပေးနေဆဲပင်ဖြစ်သည်။ ဆရာ ပီသစွာ လှုပနေဆဲဖြစ်သည်။

ဆရာဦးဘိုကြီးသည် လူတော်လူကောင်းတစ်ယောက်ဖြစ်သည်။ တည်ငြိမ်၍ ကြွန္ဒြေသိက္ခာရှိခြင်း၊ သွက်လက်ခြင်းနှင့်ထက်မြက် တက်ကြွခြင်းကို မှန်ကန်စွာ ဆက်စပ်ပေါင်းစည်းထားနိုင်သူဖြစ်သည်။ တပည့်တို့အမြင်မှာ အရာရာတိုင်းတွင် လေးစားကြည်ညိုဖွယ်ရာ စံနမူနာကောင်း ပြနိုင်သူဖြစ်သည်။ ဆရာ့ကို ကျောင်းသူ၊ ကျောင်းသားများသာမက ဆရာ၊ ဆရာမအချင်းချင်းလည်း လေးစားသည်။ ကျောင်းအုပ်ဆရာကြီးများကလည်း လေးစားအားကိုးသည်။ မြို့သူမြို့သားများ၊ ကျောင်းသားမိဘများကလည်း ခင်မင် လေးစားအားကိုးကြသည်။ ဆရာသည် ကျောင်းဆရာဘဝမှာပင် ပညာရေးဘွဲ့များကို ဆက်လက်ဖြေဆိုအောင်မြင်၍ အဆင့်ဆင့် တိုးတက်သွားသူဖြစ်သည်။ မည်သည့်နေရာ ရောက်ရောက် ဘုတ်ထိုင်ထိုင်သွားလျှင် စိတ်ဓာတ်ရော၊ ဥပဓိရုပ်ပါ ထုံထိုင်းသွား၍ တိုးတက်မှုမရှိဖြစ်တတ်ပါသည်။ သွက်လက်တက်ကြွစွာ ကြိုးပမ်းနေလျှင် တိုးတက်မှုရှိ၍ လူ၏ ဥပဓိရုပ်လည်း ကြည်လင်တင့်တယ်ပါသည်။ အများ၏ လေးစားအားကျမှုကိုလည်း ခံယူရပါသည်။ ဆရာ ဦးဘိုကြီးသည် စံနမူနာကောင်းပြသော ဆရာဖြစ်သကဲ့သို့ ဆရာတိုင်း စံနမူနာကောင်း ပြသူများဖြစ်စေချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာသည် ကျောင်းသားများရှေ့မှာ အရက်သောက်ခြင်း၊ ကျောင်းသားများနှင့်အတူ အရက်သောက်ခြင်း၊ ကျောင်းသားများနှင့်အတူ ပေါ့လားဝါးလားပြောဆိုနောက်ပြောင်ခြင်းသည် မကောင်းပါ။ ကျောင်းသားများနှင့် ခင်မင်ရင်းနှီး၍ ကျောင်းသားများကိုပြုပြင်ဆုံးမရာ၌ အထောက်အကူဖြစ်သည်ဟု ယူဆစရာဖြစ်သော်လည်း စံနမူနာကောင်း မဟုတ်သည်မှာ သတိထားစရာဖြစ်သည်။ တပည့်များကို ပြုပြင်နိုင်သည်ထက် တပည့်များ၏ လွဲမှားစွာ အားကျအတုယူမှုကို ဖြစ်စေနိုင်ပါသည်။

ဆရာ၊ဆရာမတိုင်း ကျောင်းသူ၊ ကျောင်းသားများအပေါ်မှာ မေတ္တာစေတနာထား၍ အသင်အပြကောင်းသူများဖြစ်အောင်ကြိုးစားသင့်သည်။ ကျောင်းသူ၊ ကျောင်းသားများကို မကောင်းသည်များ၊ အကျိုးယုတ်မည်များကို ဆုံးမတားမြစ်၍ကောင်းသည်များ အကျိုးရှိမည်များကို လမ်းညွှန်အကြံပြုသင့်ကြသည်။ ဝတ်ဆင်ရာမှာဖြစ်စေ၊ နေထိုင်ရာမှာဖြစ်စေ၊ ပြောဆိုဆက်ဆံရာမှာဖြစ်စေ၊ ကိုယ်ကျင့်သိက္ခာမှုဖြစ်စေ၊ ကြိုးစားအားထုတ်မှုမှာဖြစ်စေ စံနမူနာကောင်းပြနိုင်သူများလည်း ဖြစ်စေသင့်သည်။

ဤသို့ဆိုလျှင် အပြောအဆို၊ အသွားအလာ၊ အနေအထိုင် ဆင်ခြင်ထိန်းချုပ်ရ၍ မလွတ်မလပ်ဖြစ်မည်ဟုစိတ်ပျက်စရာမဟုတ်ပါ။ ကောင်းအောင်နေ၊ ကောင်းအောင်ပြုပြင်ခြင်းသာဖြစ်၍ ပြုသည်နှင့်အမျှ ကောင်းကျိုးရသောအခါ ကြည်နူးကျေနပ်စိတ် ဖြစ်ရပါသည်။ မလွတ်မလပ်ဟုလည်း မခံစားရတော့ပါ။ မလွတ်လပ်၍ ဆုံးရှုံးခြင်းမရှိဘဲ စံနမူနာကောင်းပြရင်း ကောင်းကျိုးရခြင်းဖြင့် ကိုယ့်ဘဝ

www.burmeseclassic.com

www.burmeseclassic.com



အပတ်လည်း ပိုမိုတိုးတက်ကောင်းမွန်ရပေသည်။ အဓိပ္ပာယ်ရှိသော လူ၊ အဓိပ္ပာယ်ရှိသော ဘဝအတွက် ဂုဏ်ကျက်သရေလည်းဖြစ်ပေ သည်။

ထို့ကြောင့်လည်း 'အနန္တဂိုဏ်းဝင်ဆရာရှင်'ဟူ၍ လူအများ မြတ်နိုးလေးစား တန်ဖိုးထားရခြင်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## ဆရာနှင့် စိတ်သဘောထား ကြီးမြတ်ခြင်း

ဆရာသည် တပည့်တို့အတွက် အနန္တဂိုဏ်းဝင်ဖြစ်၏။ ဘုရားနှင့်တစ်ဂိုဏ်းတည်းထား၍ ရှိခိုးရသူဖြစ်၏။ မိဘနှင့်တစ်တန်းတည်း ထား၍ မြတ်နိုးလေးစားရသူဖြစ်၏။ ထို့ကြောင့် 'ဆရာမိဘ'၊ 'မိဘ ဆရာ' ဟုပင် တစ်ပေါင်းတည်း ခေါ်ဝေါ်ပြောဆိုတတ်ကြသည်။ ထို့ကြောင့် ဆရာကလည်း တပည့်ရှိသေထိုက်သူဖြစ်ရန်လိုသည်။ တပည့်တို့ကိုသားသမီးကဲ့သို့ သနားချစ်ခင်ရန်လိုသည်။

## ဆရာနှင့် ကရုဏာ ဒေါသော

တပည့်တို့ကို စေတနာနှင့်သင်ကြားရင်း မေတ္တာအကြင်နာဖြင့် ပြုစုစောင့်ရှောက်ရသည်။ သို့သော် မတစ်ထောင်သားသမီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သောတပည့်တို့မှာ လူမျိုးစုံမို့ စရိုက်မျိုးစုံပါသည်။ ဉာဏ်ကောင်းသူရှိသလို ဉာဏ်ရည်နိမ့်သူနှင့်လည်း ကြုံရသည်။ ကြိုးစားသူနှင့်တွေ့ရသလို ပျင်းရိသူနှင့်လည်းဆုံရသည်။ လိမ္မာသူရှိသလို မိုက်သူလည်း ပါသည်။ ဆရာဆိုသည်မှာ ကိုယ့်တပည့်အားလုံးကို တော်စေချင်သည်၊ တတ်စေချင်သည်၊ လိမ္မာစေချင်သည်၊ သို့သော်ဆန္ဒရှိသော်လည်း တစ်ပြေးညီစွာဖြစ်အောင် သင်ကြား၍မရ။ ဆုံးမသွန်သင်၍မရ။ ထိုအခါ ဆရာ၊ ဆရာမတို့မှာ တပည့်တို့နှင့် ဆက်ဆံရာတွင် မကျေနပ်စရာများ၊ အားမရစရာများ ဒေါသဖြစ်စရာများကို ကြုံရမည်ပင်ဖြစ်သည်။ ပုထုဇဉ်သားဖြစ်သော ဆရာ၊ ဆရာမတို့မှာ နေ့စဉ်နှင့်အမျှ တပည့်တို့ကို ဆူရ၊ ပြောရ၊ မာန်ရ၊ ငေါက်ရ၊ ကြိမ်းရ၊ မောင်းရလုပ်နေကြရသည်။ အားမလို အားမရ ကရုဏာဒေါသများလည်း ဖြစ်ကြရသည်၊ မိုက်ရိုင်းသည့် တပည့်များနှင့် ကြုံရသည့်အခါများတွင်ကား ကရုဏာ ဒေါသသာမက မခံမရပ်နိုင်သော ဒေါသများပါ ဖြစ်ရသည်လည်း ရှိသည်။ ဒေါသအလျောက် စိတ်လှုပ်ရှားစွာ ပြောမိဆိုမိအပြောအဆို လွန်မိသည်များလည်း ရှိနိုင်ပါသည်။ သို့သော် ဆရာသည်မိမိ၏ဆရာအဖြစ်ကို မေ့၍မရ။ အနန္တဂိုဏ်းဝင် ဆရာ၊ မိဘနှင့်တစ်တန်းတည်း ထားရသောဆရာသည် မိဘစိတ်ရှိသည်။ တပည့်များအားလုံးကို သားသမီးနှယ် ချစ်ရသည်။

မိဘသည် သားဆိုး၊ သမီးဆိုးတို့ကို ဆူချင်ဆူမည်၊ ဆဲချင်ဆဲမည်၊ ဒေါသဖြစ်ချင်ဖြစ်မည်။ သို့သော် ဘယ်မိဘမျှ သားသမီးကိုမမုန်း၊ လိမ္မာသော သားသမီးကိုချစ်သလို၊ မိုက်သောသားသမီးကိုလည်း ချစ်သည်၊ ကလန်ကဆန်နှင့် တုံ့ပြန်သော်လည်း မုန်း၍မရ။

www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုးပလုံးဆိုးသာ ပစ်နိုင်သည်။ သားဆိုး၊ သမီးဆိုးကို မပစ်နိုင်ဟူသော ဆိုရိုးစကားရှိသည်။ မိဘနှင့် တစ်တန်းတည်းထားရသော ဆရာသည်လည်း တပည့်တို့ကို သား သမီးနှယ်ချစ်၍ မေတ္တာစေတနာ မပျက်ရန်လိုသည်။

## ဆရာသည် တပည့်ကို စိတ်မကောက်သင့်

စာရေးသူ ကျောင်းဆရာဖြစ်စတွင်လုပ်သက်ဝါရင့်ဖြစ်သော အထက်တန်း မြန်မာစာပြဆရာကြီး ဦးသိန်း (ကျောက်ဆည်) က ဆုံးမသွန်သင်ဖူးသည်။ 'ဆရာသည် မည်သည့်အကြောင်းကြောင့်မျှ တပည့်ကို စိတ်မကောက်ရ' ဟူ၍ ဖြစ်သည်။ တပည့်တို့အပေါ်မှာ မကျေနပ်စရာများ ရှိသော်လည်း စိတ်ရှည်သည်းခံရသည်။ ခွင့်လွှတ်စိတ်မွေးရသည်၊ ကိုယ်က ဆရာဖြစ်သည်။ လူကြီးဖြစ်သည်။ တပည့်မှာ မသိနားမလည်သေးသော ကလေးဖြစ်သည်။ သူ့အမှားသူ သိနားလည်လာအောင် ပြုပြင်ပေးနိုင်မှ ဆရာကောင်းဖြစ်သည်။

'မင်းတို့ထက် မိုက်လို့ ဆရာလုပ်နေတာကွ' ဟု ဆရာတစ်ယောက်ပြောသည်ကို ကြားဖူးပါသည်။ ဒေါသအလျောက် ပြောလိုက်ခြင်း ဖြစ်ပါမည်။ သို့သော် အလွန်မှားသော စကားဖြစ်သည်။ ဆရာ့အလုပ်သည် လူမိုက်အလုပ် မဟုတ်ပါ။ လူလိမ္မာပညာရှိ အလုပ်သာဖြစ်သည်။ ဆရာတွင် တပည့်ထက် ပိုမိုက်သော အရည်အချင်းရှိရန်မလိုပါ။ မသိနားမလည်မိုက်မဲသော တပည့်တို့ကို လိမ္မာရေးခြားရှိလာအောင် ဆုံးမပြုပြင်ရမည့် မေတ္တာရှင်သာ ဖြစ်သင့်သည်။ မကျေ

www.burmeseclassic.com

www.burmeseclassic.com



နပ်စရာရှိလျှင် မကျေမနပ် ဖြစ်သင့်သော်လည်း၊ ဆရာသည် တပည့်ကို မည်သည့်အကြောင်းကြောင့်မျှ စိတ်မကောက်သင့်ပါ။

စိတ်ကောက်ခြင်းသည် စိတ်သဘောထားသေးခြင်း ဖြစ်သည်။ ဆရာက တပည့်ကို မကျေနပ်၍ မခေါ်မပြောနေခြင်း၊ အသိအဖက်မလုပ်တင်းတင်းမာမာ ဆက်ဆံခြင်း စသည်တို့မှာ လွန်စွာအရုပ်ဆိုးပါသည်။

ဆရာသည် တပည့်အပေါ်မှာ စိတ်သဘောထားကြီးသူသာ ဖြစ်သင့်သည်။ စိတ်ဆိုးလျှင်ဆိုးသည့်အလျောက် ပြောမိဆိုမိသည်မှာ ပြဿနာ မဟုတ်သော်လည်း စိတ်ကောက်သည်မှာ တပည့်အပေါ်တွင် စိတ်ဓာတ်ရေးရာအရ အနိုင်ကျင့်ရာ ရောက်စေပါသည်။ မကျေမနပ် ဖြစ်သည့်တိုင်အောင် ဆရာသည် တပည့်အပေါ်မှာ စိတ်ကောက်မနေသင့်ပါ။ မေတ္တာစေတနာ မပျက်သင့်ပါ၊ အခေါ်အပြော အဆက်အဆံ မပျက်သင့်ပါ။ 'အတတ်လည်းသင် ပဲ့ပြင်ဆုံးမ' လုပ်ရမည်သာ ဖြစ်ပါသည်။

## ဆရာသည် တပည့်ကို အငြိုး အာဃာတ မထားသင့်

ဆရာသည် တပည့်အပေါ်တွင် မကျေမနပ်ဖြစ်သည်ကို အမှတ်အတေးနှင့် အငြိုးအာဃာတထားသည်မှာ အရုပ်အဆိုးဆုံး ဖြစ်သည်။ အနန္တဂိုဏ်းဝင်ဆိုသော ဆရာ့အဓိပ္ပါယ်ကို ပျက်ယွင်းစေပါသည်။

မိဘသည် သားသမီးကို ဒေါသအလျောက် ဆူပူခြင်း၊ ရိုက်

www.burmeseclassic.com

www.burmeseclassic.com



နှက်ခြင်းအထိပြုသော်လည်း အမှတ်အတေးနှင့် အငြိုးအာဃာတ မထားပါ။ ဆရာသည် မိဘကဲ့သို့ ဖြစ်သင့်သည်။ တပည့်ကို သားသမီးကဲ့သို့ သဘောထားပြီး ခွင့်လွှတ်စိတ်မွေးနိုင်ရန် လိုပါသည်။

ဆရာက အာဃာတထားလျှင် တပည့်မှာ လွန်စွာ နစ်နာပါသည်။ မသွန်မသင်နေခြင်း၊ မကောင်းသည်ကို မဆုံးမခြင်း၊ မသင့်သည်ကို မတားမြစ်ခြင်းဖြင့် တပည့်မှာ များစွာ အကျိုးယုတ်စေပါသည်။ ထို့ထက်ပိုဆိုးသည်မှာ စာမေးပွဲတွင် တမင်ညစ်၍ အမှတ်လျှော့ခြင်း၊ စာမေးပွဲ ချပစ်ခြင်းတို့အထိ ပြုလျှင်ကား လွန်စွာ ရှက်စရာကောင်းသော ဆရာဖြစ်သည်။ ဆရာဆိုသည့် အထက်စီးနှင့် ကောက်ကျစ်စွာ ညစ်ပတ်ခြင်းကို လုံးဝမပြုသင့်ပါ။ ပုထုဇဉ်သားဖြစ်၍ စိတ်ထားက ယုတ်မာချင်သည့်တိုင် ဆရာဆိုသည့် ကြီးမြတ်သောဂုဏ်ကို ရိုသေလေးစား တန်ဖိုးထားရန် လိုပါသည်။ ထိုသို့ညစ်လျှင် တပည့်သာမက ပတ်ဝန်းကျင်ကပါ သိတတ်သည်။ ဘယ်သူမှ မသိလျှင်လည်း ကိုယ့်ဘာသာ သိပါသည်။ ထိုအခါ 'ငါသည် ဆရာဆိုသည့် ကြီးမြတ်သောဂုဏ်နှင့် မသင့်တော်သူပါတကား' ဟု ကိုယ့်ဘာသာ နားလည်နေပါလိမ့်မည်။ ထုတ်ဖော်၍ ဝန်မခံသည့်တိုင်အောင် ကိုယ့်သိက္ခာကို လိပ်ပြာမလုံခြင်းသည် ကိုယ်၏ စိတ်တန်ဖိုးအားကို လျှော့ပါးစေသည်။ ကိုယ်တိုင်၏ ဂုဏ်သိက္ခာ မှေးမှိန်ညှိုးနွမ်းစေပါသည်။

## တကယ့်ဆရာ

နိုင်ငံခြားဘာသာပြန် ဝတ္ထုတိုလေးတစ်ပုဒ်ကို ဖတ်ဖူးပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျောင်းသားတစ်ယောက်သည် တက္ကသိုလ်ကြီးတစ်ခုသို့ သွား ရောက်၍ ပိုမိုအဆင့်မြင့်သော ပညာသင်ကြားလိုသည်။ ထိုကျောင်း သားမှာ တကယ်တော်သည့်ကျောင်းသား ဖြစ်သည်။ ပုံမှန်ဆိုလျှင် သူ သင်ကြားလိုသော ပညာကို သင်ယူနိုင်ရန်အတွက် ဝင်ခွင့်စာမေးပွဲကို ချောချောမောမော အောင်မြင်မည့်သူ ဖြစ်သည်။

သို့သော် ထိုကျောင်းသားကို သင်ကြားပေးသည့်တက္ကသိုလ်မှ ပါမောက္ခမှာ ကျောင်းသားသွားရောက်ဖြေဆိုမည့် တက္ကသိုလ်မှ ပါမောက္ခနှင့် မသင့်မြတ်သောပြိုင်ဘက် ဖြစ်နေသည်။ ထိုပါမောက္ခ နှစ်ဦးစလုံးမှာလည်း အတူတကွ ပညာသင်ခဲ့ကြသော လူတော်များ ချည်းဖြစ်သည်။ နောင်တွင် အယူအဆရေးရာ မတူကြရာမှ တစ် ယောက်နှင့်တစ်ယောက် ကြီးစွာ မသင့်မတင့် ဖြစ်သွားကြသည်။ ပြိုင်ဘက်မှ ရန်ဘက်သဖွယ် ဖြစ်သွားကြသည်။

ကျောင်းသားက ထိုဝင်ခွင့်စာမေးပွဲကို အောင်ချင်ရှာသည်။ သူ့ဆရာကလည်း သူ့တပည့်ကိုအောင်မည်ဟု ယုံကြည်သည်။ အောင် လည်း အောင်စေချင်သည်။

သို့သော် နာမည်ကြီးနေသည်မှာ ထိုဝင်ခွင့်စာမေးပွဲကလည်း လွန်စွာ ခက်ခဲသည်။ ကျောင်းသားများကို မညှာမတာ စစ်ဆေးပြီး စာမေးပွဲချပစ်တတ်သည်ဟု နာမည်ကြီးနေသည်။ ကျောင်းသားခမျာ စိတ်ပူနေရှာသည်။

သူ့ဆရာပါမောက္ခကို သူသွားဖြေရမည့်ပါမောက္ခနှင့် သိမသိ မေးသည်။ ပါမောက္ခကြီးက သိကြောင်း၊ အတူတကွ ပညာသင်ခဲ့ဖူးသူ ဖြစ်ကြောင်း ဆရာကပြောသည်။ တပည့် စိတ်အားပျက်မည် စိုး၍

www.burmeseclassic.com

www.burmeseclassic.com



မသင့်တင့်သော ပြိုင်ဘက်ဖြစ်သည်ကို မပြောဘဲထားသည်။

တပည့်က ထိုပါမောက္ခမှာ ဝင်ခွင့်စာမေးပွဲကို လွန်စွာခက်ခဲအောင် စစ်မေးတတ်ကြောင်း ဖြေဆိုသူများကို အအောင်ပေးချင်စိတ်ထက် ချပစ်ချင်သည့်စိတ်က များသည်ဟု ကြားသိရကြောင်း ဆရာ့ကို ပြောပြသည်။

တပည့်၏ ဆန္ဒမှာ သူ့ဆရာပါမောက္ခထံမှ မိတ်ဆက်ပေးလိုက်သော စာတစ်စောင်လောက် ရချင်သည်။ ဆရာတပည့် ဖြစ်ကြောင်း မိတ်ဆက်စာတစ်စောင် ရေးပေးပါရန်လည်း တောင်းပန်သည်။ ဆရာက သူ့တပည့်ကို စိတ်မပူရန်နှင့် ဝင်ခွင့် စာမေးပွဲကို အောင်မြင်မည်ဟု ယုံကြည်ကြောင်း အားပေးစကားပြောပြီး စစ်ဆေးမည့် တက္ကသိုလ်မှ ပါမောက္ခထံသို့ စာတစ်စောင်ရေးပေးလိုက်သည်။

ကျောင်းသားသည် သက်ဆိုင်ရာတက္ကသိုလ် ရောက်သောအခါ ရှေးဦးစွာ ရေးဖြေစာမေးပွဲကို ဖြေရသည်။ ခက်ခဲသော မေးခွန်းများဖြစ်၍ ဝင်ခွင့်ဖြေဆိုသူ အများစုမှာ စာမေးပွဲကျသည်။ သို့သော် အနည်းငယ်သာအောင်မြင်သော အောင်စာရင်းတွင် သူ့နာမည်ပါလာသည်။

ထိုရေးဖြေစာမေးပွဲအောင်သူများကို ပါမောက္ခက လူတွေ့မေးမြန်းစစ်ဆေးမည် ဖြစ်သည်။ ကျောင်းသားသည် သူ့ဆရာပေးလိုက်သောစာကို ပါမောက္ခထံ သွားမပေးဖြစ်ပါ။ နောက်ဆုံးတွင် လူတွေ့စစ်ဆေးရန် သွားသောအခါတွင်လည်း ထိုစာကို မပေးဖြစ်တော့ပါ။ သူ့ဆရာစာကြောင့် အောင်မြင်ရသည်မျိုး မဖြစ်ချင်ပါ။ ကိုယ့်ကိုယ်ပိုင်၏ အရည်အချင်းအရသာ အောင်မြင်အောင် ကြိုးစားတော့မည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်လိုက်သည်။

ပါမောက္ခက လူတွေ့စစ်ဆေးရာတွင် ကျောင်းသားပညာသင်ကြားခဲ့သော တက္ကသိုလ်အမည်ကို မေးသည်။ ကျောင်းသား၏ အဖြေကို ကြားရသည်နှင့် သူနှင့် ပြိုင်ဘက်ဖြစ်သော ပါမောက္ခ၏ တပည့်ဖြစ်ကြောင်း သိသွားသည်။

ဘာသာရပ်ဆိုင်ရာ မေးခွန်းများကို တစ်ခုပြီးတစ်ခု မေးသည်။ ကျောင်းသားဖြေဆိုနိုင်ပါသည်။ မေးခွန်းများက ပို၍ခက်လာသည်။ ကျောင်းသား ဖြေဆိုနိုင်ပါသေးသည်။ နောက်ထပ် ပို၍ခက်ခဲသော မေးခွန်းများကို မေးပြန်သည်။

ကျောင်းသားမှာ ဇောချွေးပြန်လာသည်။ ကြိုးစား၍ ဖြေသည်။ ကျယ်ပြန့်စွာ ကြိုးစားလေ့လာခဲ့သော ကျေးဇူးကြောင့် ဖြေနိုင်ပါသည်။ သို့သော် ဝင်ခွင့်အတန်းနှင့် သင့်တော်သောမေးခွန်းများ မဟုတ်ပါ။ ဝင်ခွင့်ပြုသင့်သော အတန်းထက်များစွာ ပိုခက်သော မေးခွန်းများ ဖြစ်နေသည်ကို ကျောင်းသား သတိထားမိသည်။

ထို့ထက် ပို၍ခက်သော မေးခွန်းများကို မေးပြန်သည်။ ကျောင်းသား စိတ်ညစ်လာပြီး အင်္ကျီတစ်ခုလုံးမှာလည်း ချွေးများနှင့် ရွှဲရွဲစိုနေပြီ။ မေးချိန်ကလည်း သိပ်ကြာသွားပြီ။ သူ့ရှေ့မှ လူများကို မေးခဲ့သည်ထက်လည်း များစွာ ခက်ခဲနေပြီ။ စာမေးပွဲချပစ်နိုင်ရန်အတွက် ပါမောက္ခ တမင်ညစ်နေပြီဟု ကျောင်းသားစိတ်ထဲမှာ ခံစားရသည်။

မေးနေသောမေးခွန်းအချို့မှာ တက်ခွင့်ရသော အတန်းပညာရပ် အောင်မြင်ပြီးမှသာ မေးသင့်သော မေးခွန်းများ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားမှာ ဤသင်တန်းကို ဝင်ခွင့်ရချင်လွန်း၍နာမည်ကြီးသော ပါမောက္ခညစ်သည်ကို ခံနိုင်ရန် အစွမ်းကုန် ကြိုးစားလာခဲ့သဖြင့် ဖြေနိုင်ပါသည်။

နောက်ဆုံးတွင် ပါမောက္ခလက်လျှော့သွားသည်။ 'တော်ပါပြီ။ မင်းက အများကြီးကိုလေ့လာတတ်မြောက်နေတာပဲ'ဟု ချီးကျူးသည်။ ကျောင်းသားမှာ ပင်ပန်းနွမ်းနယ်လှပြီမို့ ယဲ့ယဲ့သာ ပြုံးနိုင်တော့သည်။ ဘေးမှ စစ်ဆေးရေးအဖွဲ့ဝင်များမှာ ခုမှ လွတ်လွတ်လပ်လပ် ပြုံးနိုင်ကြသည်။ ကျောင်းသားကိုလည်း သနားနေသည်။

ကျောင်းသားက သူ့အိတ်ထဲမှာ အသင့်ပါလာသော သူ့ဆရာပေးလိုက်သည့်စာကို ထုတ်ယူ၍ ပါမောက္ခထံသို့ ပေးလိုက်သည်။

သူ့ဆရာ ပါမောက္ခပေးလိုက်ကြောင်းကိုလည်း ပြောပြသည်။ စစ်မေးသော ပါမောက္ခ အံ့သြသွားသည်။ ကျောင်းသားရှေ့မှာပင် စာကို ဖောက်ဖတ်လိုက်သည်။

စစ်ဆေးသော ပါမောက္ခ ပြုံးသည်။

'မင်းဆရာက ဘာတွေ ရေးပေးလိုက်တယ်ဆိုတာ မင်းသိသလား'ဟု ကျောင်းသားကို မေးသည်။

ကျောင်းသားက မသိကြောင်း ဖြေသည်။

'မင်းပါမောက္ခနဲ့ ဆရာက ပညာအတူ သင်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ တစ်ယောက်နှင့်တစ်ယောက် ပြိုင်ဘက်တွေမို့ မတည့်ကြဘူး။ သူရေးပေးလိုက်တဲ့စာက ဒါဟာ ငါ့တပည့်ပဲ၊ မင်း လွယ်လွယ်နဲ့တော့ စာမေးပွဲချလို့ရမယ့် ကျောင်းသား မဟုတ်ဘူး'တဲ့။

ကျောင်းသားမှာ သိပ်ကို အံ့သြသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းကို ဆရာတို့ ရွေးလိုက်ပါပြီ။ မေးခွန်းလေး၊ ငါး၊ ခြောက်ခုမေးပြီးကတည်းက ရွေးဖို့ ဆုံးဖြတ်ပြီးသားပါ။ ကျန်တဲ့ မေးခွန်းတွေကို မေးတာက ဝင်ခွင့်နဲ့ မဆိုင်တော့ပါဘူး။ မင်းဘယ် လောက် အထိ လေ့လာထားသလဲ၊ ဘယ်လောက်အထိ သိထား၊ တတ်မြောက်ထားသလဲဆိုတာ သိချင်လို့ ဆက်မေးနေတာပါ' ဟု ဆို သည်။

လေးစားမြတ်နိုးဖွယ်သော ဆရာစိတ်ဖြစ်ပါသည်။

ရန်သူသဖွယ်ပြိုင်ဘက်ဖြစ်နေသော ပါမောက္ခ၏ တပည့် ဖြစ်သည်ကို သိသော်လည်း ညစ်လိုစိတ်နှင့် ကောက်ကျစ်ခြင်းကို မပြု ခဲ့ပါ။

ဆရာသည် ကြီးမြတ်သော သဘောထားလှပသော စိတ်ထား ကောင်းမြတ်သော မေတ္တာစေတနာရှင်သာ ဖြစ်သင့်ပါသည်။

ဆရာသည် တပည့်အပေါ်မှာ စိတ်ကောက်တတ်သူ၊ အမှတ် အတေးနှင့် အာဃာတထားသူ မဖြစ်သင့်ပါ၊ တမင်မကောင်းသော အကြံအစည်နှင့် ကောက်ကျစ်စွာ ညစ်ခြင်းမှာကား ဆရာ လောကတွင် လုံးဝမရှိသင့်သော သဘောထား ဖြစ်ပါသည်။

www.burmeseclassic.com

## လူတော် လူကောင်းနှင့် ကျောင်းဆရာ

မတစ်ထောင်သားသမီးဖြစ်သော ကျောင်းသူကျောင်းသား တို့သည် စရိုက်အမျိုးမျိုးရှိသကဲ့သို့ မတစ်ထောင်သားသမီးများကို သင်ကြားပေးသော ဆရာ၊ ဆရာမများမှာလည်း ပတ်ဝန်းကျင်အမျိုးမျိုး မှာ နေထိုင်၍ အခြေအနေအမျိုးမျိုး၊ စရိုက်အမျိုးမျိုးရှိကြသည်။ ဆရာ၊ ဆရာမ ဘဝကို မြတ်နိုးလေးစား၍ တန်ဖိုးထားသူများရှိသကဲ့သို့ မလွှဲ သာ၍သာ ရရာအလုပ်အဖြစ်နှင့်ဆရာဆရာမလုပ်နေရသူများလည်း ရှိသည်။ တပည့်များအပေါ်မှာ မေတ္တာ၊ စေတနာ၊ ခွန်အားကြီးမား သူများ ရှိသကဲ့သို့ မေတ္တာ၊ စေတနာ လျော့ပါးသူများလည်းရှိသည် စိတ်ရှည်သည်းခံသူများရှိသကဲ့သို့ ဒေါသကြီးသူများလည်းရှိသည်။ စားဝတ်နေရေးအဆင်မပြေ၍ ပူပင်သောကများနှင့်စိတ်ဓာတ်ကျနေသူ လည်းရှိသည်။ သို့သော် မည်သို့ပင်ဖြစ်စေ ဆရာ၊ ဆရာမသည် ဆရာ၊

www.burmeseclassic.com

www.burmeseclassic.com



ဆရာမသာဖြစ်သည်။

ကျောင်းဝန်းကျင်ကို ဝင်လိုက်ရပြီ။ လုံချည်စိမ်းနှင့် အင်္ကျီဖြူကို ဝတ်လိုက်ပြီ။ ကလေးများကရိုသေစွာ လက်ပိုက်၍ ခေါင်းကလေးငုံ့ပြီး 'မင်္ဂလာပါဆရာ'၊ 'မင်္ဂလာပါဆရာမ' ဟု နှုတ်ဆက်ခြင်းကို ခံလိုက်ရပြီ။ ကလေးများကို နားလည်အောင် သင်ကြားပေးရပြီ။ မလိမ္မာသည်တို့ကို လိမ္မာအောင်ဆုံးမရပြီ။ ကျောင်းသူကျောင်းသားတို့၏ မိဘများက ရိုသေလေးစားစွာ ဆက်ဆံခြင်းကိုခံရပြီ။ ဤအခါတွင်ဆရာ၊ ဆရာမ၏ဂုဏ်သိက္ခာများက အလိုလိုခာတ်သားကျလာသည်။ ကြာသည်နှင့်အမျှ ဆရာ၊ ဆရာမပီသလာသည်။ ဆရာ၊ ဆရာမဘဝကို မြတ်နိုးလာရသည်။ ယေဘုယျအားဖြင့် ဆရာ၊ ဆရာမအများစုသည် ဆရာ၊ ဆရာမဘဝဟူသော ရေစီးချောင်းကြီးမှာ ပကတိရိုးသားဖြူစင်၍ အေးငြိမ်းချမ်းသာစွာ မျောပါသွားကြသည်။

ဆရာဖြစ်ပြီး အာဏာရှိချင်လျှင် ဆရာဘဝမှာ ပျော်ပိုက်နိုင်မည်မဟုတ်။ ဆရာဖြစ်ပြီး ချမ်းသာကြွယ်ဝချင်စိတ်များနေလျှင် ဆရာဘဝမှာ ကြာရှည်မြဲမည်မဟုတ်။

ဆရာ့ဘဝသည် အာဏာမရှိပါ။ ချမ်းသာကြွယ်ဝသောသူဌေးမဖြစ်နိုင်ပါ။ သို့သော် ဆရာ့မှာဂုဏ်ရှိသည်။ မေတ္တာရှင်စေတနာရှင်ဆိုသော ဂုဏ်သည် လွန်စွာကြီးမြတ်၏ ။အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့' ဆိုသည့် ဝတ်ငါးအင်နှင့် ပြည့်စုံသော ဆရာတို့ကို လူတိုင်းကြည်ညိုလေးစားကြသည်။ ချစ်ခင်မြတ်နိုးကြသည်။ ထို့ကြောင့် အလှူအတန်းဖိတ်၍ ရောက်သောလျှင် ဆရာ၊ ဆရာမကို အိမ်ဦးခန်းသို့ တင်ကြသည်။ အခြားသော

www.burmeseclassic.com

www.burmeseclassic.com



ငယ်ရွယ်သူ မိန်းကလေးများကို လမ်းဘေးမှာတွေ့လျှင် လူငယ်အချို့က စချင်စမည်၊ နောက်ချင်နောက်မည်။ သို့သော်လုံချည်စိမ်းနှင့်အင်္ကျီဖြူ ဝတ်ထားသော ဆရာမလေးကို တွေ့လျှင် အလိုလိုပင်လေးစားသော မျက်လုံးနှင့် ကြည့်မြင်မိတတ်၏။ ဌာနဆိုင်ရာတစ်ခုမှာရာထူးကြီး ရထားသူပင် ဖြစ်လင့်ကစား သားသမီး၏ ဆရာ၊ ဆရာမကိုလေးစား စွာ ဆက်ဆံကြ၏။ ဤသည်မှာ ဆရာ၊ ဆရာမတို့၏ ဂုဏ်ပင်ဖြစ် သည်။

## ကျောင်းဆရာနှင့် ဂုဏ်သိက္ခာ

အချို့သော ငယ်ရွယ်သူ ဆရာများက ဆရာ့ဘဝသည် ဂုဏ် သိက္ခာတွေ ထိန်းရလွန်းသည်။ မြို့ပိုင်မင်း အရက်သောက်လျှင် 'ဩော် မြို့ပိုင်က အရက်ကြိုက်တတ်သကိုး' ဟု ခွင့်လွှတ်သည်။ ကျောင်း ဆရာတစ်ယောက် အရက်သောက်နေသည်ကို တွေ့လျှင် 'ဟင်း... ကျောင်းဆရာလုပ်ပြီး အရက်သောက်နေတယ်' ဟု အပြစ်မြင်ကြ သည်။ ကျောင်းဆရာဘဝသည် မလွတ်လပ်ဟု ထင်မြင်ယူဆကြ သည်။ အမှန်စင်စစ်မှာမူ လေးစားကြည်ညို၍ဖြစ်ပါသည်။ မိမိတို့ လေးစားသူကို လေးစားစရာအသွင်နှင့်သာ မြင်ချင်ဂုဏ်ယူချင်၍ဖြစ် ပါသည်။ မတစ်ထောင်သားသမီးများကို 'အတတ်လည်းသင် ပဲ့ပြင် ဆုံးမ' ရသော ဆရာသည် မတစ်ထောင်သားသမီးတို့၏ စံနမူနာ ကောင်းပြသူလည်း ဖြစ်စေချင်သောကြောင့်ဖြစ်သည်။ လူမြင်ကွင်းမှာ မူးခွင့်ရူးခွင့် အရက်သောက်ခွင့် မရသည့်အတွက် မလွတ်လပ်ဟု

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်စရာ မရှိပါ။ မတင့်တယ်သော မကောင်းမှုကို မပြုမိအောင် ဆင်ခြင်စရာဖြစ်သောကြောင့်သာ၍ပင် ကောင်းကျိုးရှိပါသည်။ သိပ်ကြိုက်လျှင် တပည့်များ၊ လူအများ မမြင်သာရာမှာပင် သောက်သင့်ပါသည်။ ထိုသို့ဆင်ခြင်ရသည်မှာပင် မိမိအတွက် ကောင်းကျိုးရပြီးဖြစ်နေပါသည်။

## လွဲမှားသောအမြင်

အချို့ကလည်း ကျောင်းဆရာဆိုသည်မှာ အောင်မြင်လိုစိတ်၊ ကြီးပွားတိုးတက်လိုစိတ်မရှိသူ၊ ဘဝကို ရေစုန်မျှောပြီးနေနိုင်သူ၊ ထက်ထက်မြက်မြက် မရှိသူဖြစ်သည်။ သို့မှသာ ကျောင်းဆရာဘဝမှာ ကြာမြင့်စွာ မြဲမြံနိုင်သည်ဟု လွဲမှားစွာ ခံယူတတ်ကြသည်။ လွဲမှားသော အမြင်ဖြစ်ပါသည်။ အနာဂတ် လူ့အဖွဲ့အစည်းအတွက် အန္တရာယ်ရှိသော အမြင်ပင်ဖြစ်ပါသည်။ ကျောင်းဆရာတို့တော်မှ၊ တိုးတက်ထက်မြက်မှ ကျောင်းသူကျောင်းသား တပည့်များ တော်မည်။ တိုးတက်ထက်မြက်မည်။ ထိုသို့ တော်သော၊ တိုးတက်ထက်မြက်သော တပည့်များ ကြီးပြင်းလာမှ အနာဂတ်လူ့ဘောင်ကို ပိုမိုကောင်းမွန်တိုးတက်အောင် ဆောင်ရွက်နိုင်လိမ့်မည်။

လူညံ့ဖြစ်မှ ကျောင်းဆရာအလုပ်မှာ စွဲမြဲသည်ဟုမြင်လျှင် ထိုလူညံ့များ၏တပည့်တို့သည် ညံ့ဖျင်း၍ အနာဂတ်လူ့ဘောင် ကျဆင်းသွားလိမ့်မည်။ ကျောင်းဆရာဘဝသည် မေတ္တာစေတနာနှင့် လုပ်သလို တိုးတိုးတက်တက်၊ ထက်ထက်မြက်မြက်လုပ်စရာတွေ များစွာရှိ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ကျေနပ်စရာ၊ ပျော်စရာကောင်းသော ဘဝလည်းဖြစ်ပါသည်။ လူတော်လူကောင်းများ၊ ထက်မြက်တက်ကြွသူများ ကျောင်းဆရာအလုပ်ကို မြတ်နိုးသင့်ကြသည်။ ကျောင်းဆရာ ဆရာမအလုပ်ကို မြတ်နိုးနှစ်သက်စရာ၊ အားတက်စရာအဖြစ် အခွင့်အလမ်းများပို၍ ရှိသင့်ပါသည်။ ယခုနောက်ပိုင်းတွင် ကျောင်းဆရာများအားလုံးနီးပါးမှာ ဘွဲ့ရသူများဖြစ်ကြသည်။ အနည်းဆုံး ၁၀ တန်းအောင်ပြီး စာပေးစာယူနှင့် ဘွဲ့ယူမည့်သူများ ဖြစ်ကြသည်။ ဘွဲ့ရပြီးလျှင် အဆင့်ဆင့်သော ပညာရေးဘွဲ့များကိုတိုးတက်ရယူနိုင်ခြင်းဖြင့် မူလတန်းပြဆရာ၊ အလယ်တန်းပြဆရာ၊ အထက်တန်းပြဆရာ၊အလယ်တန်းကျောင်းအုပ်၊ အထက်တန်းကျောင်းအုပ်၊ မြို့နယ်ပညာရေးမှူး၊ ပြည်နယ်နှင့်တိုင်းပညာရေးမှူး၊ ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်အထိ တော်လျှင်တော်သလို ကြိုးစားလျှင် ကြိုးစားသလို တိုးတက်နိုင်ခွင့်များ မျှော်လင့်နေရမည် ဖြစ်ပါသည်။ ပညာသင်ဆုများနှင့်လည်း နိုင်ငံ့အကျိုး၊ မိမိအကျိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခွင့်ရမည် ဖြစ်ပါသည်။

တက္ကသိုလ်မှ ဆရာ၊ ဆရာမများဆိုလျှင် ပညာသင်ဆု၊ အဆင့်ဆင့်သော ဘွဲ့ဒီဂရီ တိုးတက်သင်ကြားပိုင်ခွင့်နှင့် လက်ထောက်ကထိက၊ ကထိက၊ ပါမောက္ခ၊ ပါမောက္ခချုပ်အထိ တိုးတက်ခွင့်များရရှိအောင် ကြိုးစားနိုင်ခွင့် ရှိနေကြပါသည်။

ကျောင်းများတွင် ဘာသာရပ်အလိုက် သင်ကြားသော ဆရာ၊ ဆရာမများမှာ အသင်အပြကောင်းလျှင် ကောင်းသလောက် ကျောင်းသူကျောင်းသားများ၏ ချစ်ခင်အားကိုးမှု၊ ကျောင်းသားမိဘများ၏ ချစ်ခင်အားကိုးမှုကို ခံယူကြရပါသည်။ ကျေနပ်စရာ ပျော်ရွှင်စရာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသော ဘဝ ဖြစ်ပါသည်။

မည်သည့်အလုပ်တွင် လုပ်သည်ဖြစ်စေ မိမိကိုယ်တိုင် စိတ်ပါဝင်စားမှုရှိပြီး ကြိုးစားမှု၊ ထက်ထက်မြက်မြက်ရှိမှ တိုးတက်နိုင်ပါသည်။

ဝတ်ကျေတမ်းကုန် အလုပ်လုပ်ပြီး ရေစုန်မျှောလိုက်ပါလျှင် အရည်အချင်းညံ့ဖျင်းသွားမည်သာဖြစ်သည်။ မိမိ၏ တိုးတက်မှုများ ရပ်ဆိုင်းသွားမည်သာဖြစ်သည်။ ထက်မြက်တက်ကြွစွာ ကြိုးစားလျှင် နေရာတိုင်း အလုပ်တိုင်းတွင် တိုးတက်ရန်အခွင့်အလမ်းများရှိနေသည်သာ ဖြစ်ပါသည်။ လူတစ်ဦးချင်း၏ ဘဝဆိုသည်မှာ မြင့်တက်ရန် ကြံ့စည်ကြိုးပမ်းနေကြလျှင် မြှင့်တင်နိုင်သော အခွင့်အလမ်းများစွာ ရှိနေကြသည်သာ ဖြစ်ပါသည်။

## မွန်မြတ်သန့်စင်၍ ပျော်ရွှင်ရသောအလုပ်

မည်သည့်အလုပ်ပင်ဖြစ်စေ၊ စိတ်ချမ်းသာစွာနေတတ်မှစိတ်ချမ်းသာရသည်။ ပျော်ရွှင်တတ်မှ ပျော်ရွှင်ရပါသည်။ ရာထူးကြီးကြီးရပြီး စိတ်ချမ်းသာမှု ပျော်ရွှင်မှု မရသူတွေများစွာရှိပါသည်။ ရာထူးမာန်တက်နေရ၍ ပိုမို ကြီးမြင့်သော အခွင့်အလမ်းကို မျှော်မှန်းနေရ၍ လုပ်ဖော်ကိုင်ဖက်အချင်းချင်း လောဘနှင့် ယှဉ်ပြိုင်တိုက်ခိုက်နေရ၍ မပျော်နိုင်ရုံမက လောဘဒေါသမာန်မာနမစ္ဆရိယတို့နှင့် ပူလောင်နေရသူများပင်ရှိသည်။ ငွေကြေးချမ်းသာပြီး စိတ်ချမ်းသာမှုမရ၊ ပျော်ရွှင်မှုမရသူတို့လည်း များစွာ ရှိကြသည်။ ကျောင်းဆရာသည် လုပ်ငန်း၏

www.burmeseclassic.com

www.burmeseclassic.com



သဘောကိုက စိတ်ကောင်းရှိရသော သဘာဝကြောင့် စိတ်ချမ်းသာမှု ပျော်ရွှင်မှုပို၍ ရနိုင်သော အခွင့်အလမ်း ရှိပါသည်။

ကုန်သည်၊ ပွဲစား၊ ဈေးသည်များနှင့်စာလျှင် ငွေကြေးအရ နည်းသည်ဟု ဆိုနိုင်သော်လည်း ဈေးသည်တစ်ယောက်ဈေးရောင်းရသည်မှာ ငွေအမြတ်ရရန်သက်သက်သာလျှင်ဖြစ်သည်။ကျောင်းဆရာတစ်ယောက်က တပည့်များကိုပညာသင်ပေးရသည်မှာလူ့အဖွဲ့အစည်းအတွက် ကြီးစွာသော ကောင်းကျိုးပြုခြင်းလည်း ဖြစ်နေသည်။ တပည့်တစ်ဦးချင်းအတွက် ကောင်းကျိုးကိုလည်း အထောက်အပံ့ပြုနေသည်။

ထို့ကြောင့် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်စာရင်းဝင်လည်းဖြစ်နေသည်။ လစာရအောင် ဆောင်ရွက်ရင်း ကြီးမားကျယ်ပြန့်သော အဓိပ္ပါယ်ရှိသည့် ကောင်းကျိုးပြုလုပ်ငန်းကိုလည်း ဆောင်ရွက်ပြီးသား ဖြစ်နေပါသည်။

စေတနာ၊ မေတ္တာကောင်းလျှင် ဆရာကောင်းဖြစ်နိုင်သည်။ ဆရာကောင်းဖြစ်လျှင် စိတ်ချမ်းသာမှု ပျော်ရွှင်မှုကိုရသည်။ ကျောင်းဆရာ အလုပ်သည် လူတော်လူကောင်းများ၊ ထက်ထက်မြက်မြက်ရှိသူများကို ဆွဲဆောင်မှုရှိသော အလုပ်ဖြစ်သင့်သည်။ ကျောင်းဆရာ၊ ဆရာမများ ကောင်းလျှင် တော်လျှင် 'ဆရာကောင်းတပည့်ပန်းကောင်းပန်' ဆိုသကဲ့သို့ တပည့်များကောင်းမည်။ တော်မည်။ တပည့်များကောင်းမှ အနာဂတ် လူ့ဘောင်တိုးတက်မည်။

လူတော်လူကောင်းများ ကျောင်းဆရာအလုပ်တွင် စိတ်ဝင်စားမှု ရှိနိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## ဆရာနှင့် ပဲ့ပြင်ဆုံးမ

‘အတတ်လည်းသင် ပဲ့ပြင်ဆုံးမ’ဆိုသကဲ့သို့ ဆရာ၏ပထမ တာဝန်မှာ တပည့်များကို အတတ်ပညာသင်ကြားပေးရသည်။ ဒုတိယ တာဝန်မှာ ပဲ့ပြင်ဆုံးမခြင်းဖြစ်သည်။ ပဲ့ပြင်ဆုံးမဆိုသည်မှာ လှေကို မတိမ်းမစောင်း မတိုက်မခိုက် လမ်းကြောင်းမှန်ကန်စွာသွားအောင် ပဲ့ကို ပြုပြင်ထိန်းကျောင်းပေးသကဲ့သို့ တပည့်တို့အား မတိမ်းမစောင်း မှန်ကန်စွာ နေထိုင်လုပ်ကိုင်ဆောင်ရွက်တတ်အောင် ပြုပြင်ခြင်း၊ ဆုံးမ သွန်သင်ခြင်း ဖြစ်ပေသည်။

### တပည့်မကောင်း ဆရာခေါင်း

အတတ်ကိုသင်သော်လည်း ပြုပြင်ဆုံးမရန် တာဝန်ပျက် ကွက်သောဆရာတို့၏ တပည့်များသည် အပြောအဆို၊ အသွားအလာ၊

www.burmeseclassic.com

www.burmeseclassic.com



အနေအထိုင်မှစ၍ ဆက်ဆံပုံပါ အားလုံးချို့ယွင်းနေသည်။ တပည့်တို့ အလိမ္မာနည်းပါးခြင်း၊ မိုက်ရိုင်းခြင်းသည် ဆရာ၏ ဆုံးမသွန်သင်မှု နည်းပါးခြင်းနှင့်လည်းဆိုင်သည်။ ထိုအခါမျိုးတွင် လူတို့သည် မည်သူ့တပည့်နည်းဟု ဆန်းစစ်တတ်သည်။ တပည့်မကောင်း ဆရာ့ ခေါင်းဆိုသည်မှာ အကြောင်းမဲ့ပြောဆိုခြင်းမဟုတ်။ ဆရာ၏ ဆုံးမ ပဲ့ပြင်မှုအားနည်း၍ ဆရာ့ခေါင်းပေါ်သို့ တာဝန်ကျရောက်ခြင်း ဖြစ်သည်။ ဆရာကောင်းတို့၏ တပည့်များသည် တော်သည်။ ကောင်း သည်။ စနစ်ကျသည်။ လိမ္မာယဉ်ကျေးသည်။ ထို့ကြောင့် ဆရာ ကောင်းတပည့် ပီသသည်ဟု ပြောဆိုချီးကျူးကြသည်။ တပည့်တို့ နားဝင်အောင် ဆုံးမသွန်သင်တတ်ခြင်းသည် ဆရာ၏ ဂုဏ်အင်္ဂါ ကောင်း ဖြစ်ပေသည်။

## ဆုံးမခြင်းအမျိုးမျိုး

ဆရာသည် တပည့်ကိုဆုံးမရာ၌ ကျူးလွန်သောအပြစ်ကို လိုက်၍လည်းကောင်း၊ ကျူးလွန်သောအကြိမ်ကိုလည်းကောင်း တပည့် တို့၏ စိတ်နေစရိုက်ကိုလည်းကောင်း၊ ဆုံးမနည်းအမျိုးမျိုးနှင့် ဆုံးမ ပြုပြင်ကြရသည်။

အကျိုးအကြောင်း အဆိုးအကောင်း သိမြင်နားလည်အောင် နှုတ်ဖြင့်ပြောဆိုဆုံးမခြင်း၊ ပြစ်တင်ရှုတ်ချ၍ဆုံးမခြင်း၊ ရှက်လောက် နာလောက်အောင် ငေါက်ငမ်းကြိမ်းမောင်း၍ဆုံးမခြင်း၊ အပြစ်ဒဏ်ပေး၍ ဆုံးမခြင်း၊ ရိုက်နှိုက်၍ဆုံးမခြင်း စသည်ဖြင့် နည်းအမျိုးမျိုးရှိလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



## ကိုက်ညီစွာ ဆုံးမခြင်း

ဆုံးမရာတွင် အပြစ်နှင့် ဆုံးမပုံနည်းလမ်း ကိုက်ညီမှန်ကန်ရန်လိုသည်။ မသိနားမလည်၍ ရိုးသားစွာမှားယွင်းသည်များမှာ အပြစ်ဖြစ်နေသော်လည်း အပြစ်ကျူးလွန်ခြင်းမဟုတ်ပါ။ ထိုအမှားမျိုးကို အကျိုးအကြောင်း အဆိုးအကောင်း၊ အမှားအမှန် သိရှိနားလည်စေရန် ရှင်းလင်းပြောကြားသည့်နည်းဖြင့်သာ ဆုံးမပြုပြင်သင့်ပါသည်။

မပြုသင့်သည်ကိုပြုခြင်း၊ မပြောသင့်သည်ကိုပြောခြင်း၊ မနေသင့်သည့်နည်းမျိုးနှင့် နေထိုင်ခြင်း စသည်တို့ကိုကား အပြစ်မှန်းသိနိုင်လောက်ပါလျက်နှင့် ပြုခြင်းဖြစ်ပါက အပြစ်ကို ထင်ရှားစွာ သိမြင်နိုင်အောင် ပြစ်တင်ရှုတ်ချသောနည်းမျိုးဖြင့် ဆုံးမသင့်ပါသည်။ တစ်ကြိမ်ဆုံးမပြီးသည်ကို ထပ်မံ၍ကျူးလွန်လျှင် ဒဏ်ပေးသောနည်းဖြင့် ပြုပြင်သင့်ပါသည်။ အကြိမ်ကြိမ်ဆိုဆုံးမ၍ ခက်ခဲသောတပည့် စိတ်နေစရိုက်မကောင်းမှုနှင့် အပြစ်ကျူးလွန်သည့် တပည့်တို့ကိုကား ရိုက်နှက်၍ဆုံးမရခြင်းလည်း ရှိပါသည်။ သို့သော် ရိုက်နှက်ရာမှာပင် ရိုက်သည့်အရေအတွက် ရိုက်သည့်အချိန်အဆတို့သည် ကျူးလွန်သောအပြစ်နှင့် ကိုက်ညီရုံသာဖြစ်စေရန် သတိထားရပါမည်။

## စိတ်ကို ပြုပြင်ပေးရခြင်း

တပည့်တို့ကို ဆုံးမပေးရခြင်းများတွင် စိတ်ကိုပြုပြင်ပေးရခြင်းများလည်း များစွာပါဝင်၏။ စိတ်ကိုပြုပြင်ပေးရာတွင် တပည့်တို့၏ စိတ်နေသဘောထားကို သိနားလည်ရန်လိုသည်။ သူတို့၏ စိတ်နေ

www.burmeseclassic.com

www.burmeseclassic.com



စရိုက်နှင့် မကိုက်ညီလျှင် အတင်းတိုက်တွန်း၍လည်းမရ။ ခြိမ်းခြောက်၍လည်းမရ။ ရိုက်နှက်သည်ပင်မရ။ သို့သော် စိတ်နေစရိုက်နှင့် ကိုက်ညီလျှင် နှုတ်ဖြင့်ပြောပြရုံနှင့် ကောင်းမွန်သွားသည်များရှိ၏။ အလယ်တန်းကျောင်းတစ်ကျောင်းသို့ ကျောင်းအုပ်အသစ်ရောက်သည့် နေ့မှာပင် ကျောင်းအုပ်ဆရာကြီး၏ရုံးခန်းသို့ ကျောင်းသူတစ်ယောက်က ငိုယိုတိုင်တန်းသော ပြဿနာတစ်ခုရောက်လာသည်။ ပဉ္စမတန်းမှ ကျောင်းသားတစ်ယောက် လက်သီးနှင့်ထိုး၍ ဖြစ်သည်။ တိုင်သူမိန်းကလေးနှင့်အတူ ဆရာမနှစ်ယောက်ပါလာသည်။ ထိုကျောင်းသားမှာ ဤကျောင်းတွင် အဆိုးဆုံးဖြစ်ကြောင်း၊ နေ့တိုင်း ပြဿနာမဖြစ်သည့်နေ့ မရှိကြောင်း၊ တော်ရုံသင့်ရုံရိုက်၍လည်း မရကြောင်း၊ ဆရာကြီးအနေနှင့် ဤကျောင်းသားကို အပိုးကျိုးသွားအောင် ပြင်းပြင်းထန်ထန် ရိုက်နှက်ဆုံးမရန်လိုကြောင်း အကြံပြုကြသည်။

ဆရာကြီးက ကျောင်းသားကို ရုံးခန်းသို့ခေါ်လိုက်သည်။ ကျောင်းသား၏ပုံမှာ ထုံပေပေ မာကျစ်ကျစ်နှင့် မိုက်တိမိုက်ကန်းပုံဖြစ်နေသည်။ မျက်နှာကလည်း ခပ်တင်းတင်းနှင့် အပိုးမကျိုးသော မျက်နှာ။

ဆရာကြီးက မိန်းကလေးတစ်ယောက်ကို ဘာကြောင့် လက်သီးနှင့်ထိုးရကြောင်း မေးသည်။

"သူက ကျွန်တော့်ညီမလေးကို အနိုင်ကျင့်လို့" ဟု ဖြေသည်။

"အနိုင်ကျင့်ရင် ဆရာကြီးကို တိုင်ရမှာပေါ့ကွ။ မင်းက ကိုယ့်ထက်ငယ်တဲ့ ကျောင်းသူကို လက်သီးနဲ့ထိုးလိုက်သလို အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးရဲ့အစ်ကို ခုနစ်တန်းမှာရှိတယ်ဆိုပါစို့ကွာ။ မင်းထက် အသက်လည်းကြီးမယ်၊ ခွန်အားဗလလည်းကြီးမယ်ဆိုပါစို့၊ သူက မင်းကို ပြန်ပြီးလက်သီးနှင့်ထိုးမယ်ကွာ။ ကဲ- အဲဒါဆိုရင် ကောင်းမလား"

ဆရာကြီး၏အမေးကို ကျောင်းသားက ခေါင်းယမ်းပြီးဖြေသည်။

"ကဲ- ဒါဆို ငါ့တပည့် နားလည်သွားပါပြီ။ နောက်ကျရင် သူများကို အနိုင်မကျင့်နဲ့နော်"

ဆရာကြီးက ကျောင်းသားကို ချစ်ခင်စွာ ပခုံးကိုကိုင်၍ ပြောသည်။

ကျောင်းသားဆိုးကလေး ခေါင်းညိတ်ပြသည်။

"ကဲ- ငါ့တပည့် လိမ်လိမ်မာမာနေနော်။ ဟုတ်လား"

ကျောင်းသားခေါင်းညိတ်ပြသည်။

'အတိုင်ခံရပြီး ဆရာကြီးရုံးခန်းကို မရောက်စေနဲ့နော်'

ကျောင်းသားခေါင်းညိတ်ပြသည်။

ဆရာကြီးက ကျောင်းသား၏ ကျောကိုပွတ်ပေးလိုက်သည်။

"ကဲ- ငါ့တပည့်သွားတော့"

ဆရာမများရုံးခန်းထဲဝင်လာတော့ ဆရာကြီးက ဆုံးမလိုက်ပြီဖြစ်ကြောင်း ပြောပြ၏။

ဆရာမများက ပြင်းပြင်းထန်ထန်မရိုက်၍ ဆရာကြီးကို မကျေနပ်ပါ။ ဆရာကြီးက အတွေ့အကြုံများသူမို့ ကလေးစိတ်ပညာကို ကောင်းစွာ နားလည်ထားပါသည်။ ဤကလေးမှာ အမြဲတမ်း အရိုက်ခံရ၍ အရေထူနေသူဖြစ်ဟန်တူသည်။ ရိုက်ခြင်းဖြင့်ထူးပြီး

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလာမည် မဟုတ်ဟု ယူဆသည်။ ဤတပည့်သည် ဆရာ၊ ဆရာမများ၏ အမုန်းခံတပည့်ဖြစ်နေပြီ။ မေတ္တာမရ အမုန်းခံရသော တပည့်တို့သည် ပိုဆိုးတတ်သည်။ ဆရာကြီးက မေတ္တာနှင့် စည်းရုံးခြင်းကို သင့်ရုံသာ ပြောဆိုလိုက်ခြင်းဖြစ်သည်။

နောက်တစ်နေ့တွင် ဆရာကြီးကျောင်းသွားသောအခါ ထိုတပည့်ဆိုးလေးကို ကျောင်းအဝင်မှာပင် တွေ့သည်။

ဆရာကြီးက ထိုတပည့်ကိုခေါ်၍ သူ့လက်ထဲမှ စာအုပ်များကို ပေးလိုက်သည်။ တပည့်က ဆရာကြီး၏ စာအုပ်များကို ဝမ်းသာအားရယူ၍ ရုံးခန်းအထိ လိုက်ပို့သည်။

ရုံးခန်းဖွင့်ပြီးတော့ ဆရာကြီးက တပည့်ကို စားပွဲသန့်ရှင်းရေး၊ ရုံးခန်းသန့်ရှင်းရေးလုပ်ပေးရန် အကူအညီတောင်းသည်။ မည်သည့် ဆရာ၊ ဆရာမကမျှ သူ့ကို ခင်မင်ရင်းနှီးခြင်းမခံရဖူးသော ကောင်ဆိုးလေးသည် ဆရာကြီး၏ ရုံးခန်းကို အကောင်းဆုံးသန့်ရှင်းပေးသည်။

'ငါ့တပည့်က သိပ်တော်ပါလားဟေ့၊ ဆရာကြီးအခန်းကို သန့်ရှင်းသွားတာပဲကွာ'

ဆရာကြီးက အားပါးတရ ချီးကျူးသည်။

အမြဲတစေ ဆူပူကြိမ်းမောင်း အပြစ်တင်ခြင်း၊ ရိုက်နှိုက်ခြင်းကိုသာ ခံနေခဲ့ရရာမှ ယခုအခါတွင် ထူးထူးခြားခြား ချီးကျူးခြင်းကို ခံရ၍ ကောင်ဆိုးလေး ဝမ်းသာသွားဟန်တူပါသည်။

နေ့စဉ် ဆရာကြီးကို ကျောင်းဝင်အပေါက်မှ စောင့်ကြိုသည်။ ဆရာကြီး၏ ရုံးခန်းကို သန့်ရှင်းပေးသည်။ ဆရာကြီး၏ ချီးကျူးခံရသည်ကို ကျေနပ်၍ အပြစ်တင်ခံရမည်တို့ကို ရှောင်ကြဉ်သည်။ အတိုင်

www.burmeseclassic.com

www.burmeseclassic.com



အတောလုံးဝကင်းသွားသည်။

နောင်တွင် ဆရာကြီးရုံးခန်းကို သာမက အတန်းထဲအထိ တံမြက်လှည်းကျင်းပြီး သန့်ရှင်းရေးလုပ်သည်။ ဆရာမများပါ ချီးကျူးလာကြရသည်။

ဆရာကြီးက ကျောင်းမှန်မှန်တက်ပြီဖြစ်သော တပည့်ကို စာမှန်မှန်ကျက်ရန်ပါ တိုက်တွန်းပေးသည်။ ကောင်ဆိုးလေးသည် လိမ္မာရာမှ စာကြိုးစားသူပင်ဖြစ်လာသည်။ ဆရာမများက ဆရာကြီးကို တစ်ချိန်က အထင်သေးခဲ့ရာမှ မည်သို့မည်ပုံ ဆုံးမပြုပြင်လိုက်သည်ကို တအံ့တသြမေးကြရသည်။

စင်စစ်မှာမူ ကလေး၏ သဘောသဘာဝနှင့် စိတ်နေစရိုက်ကို အကဲခတ်မိသောဆရာကြီးက ကိုက်ညီမည့်ပြုပြင်ဆုံးမနည်းကို အသုံးပြုလိုက်ခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## ဆရာနှင့် ပြစ်ဒဏ်ပေး၍ ဆုံးမခြင်း

ဆရာ၏ 'ပဲ့ပြင်ဆုံးမ'ဟူသော တာဝန်သည် တပည့်တို့ကို ကောင်းမွန်စေရန် ဆောင်ရွက်ခြင်းဖြစ်သည်။

### ဆရာနှင့် ပြစ်ဒဏ်ပေး၍ ဆုံးမခြင်း

တပည့်တို့တွင် အမှားအယွင်းများ၊ မလိမ္မာသည်များရှိလျှင် ဆရာသည် ဆုံးမပြုပြင်ရသည်။ ဆုံးမခြင်း၌ မသိ၍မှားလျှင် သိအောင် ပြော၍ ပြုပြင်ရသည်။ မလုပ်သင့်သည်ကို သိနိုင်ပါလျက် ကျူးလွန်လျှင် ပထမအကြိမ်၌ ထိုသို့လုပ်သည်မှာ မသင့်တော်ကြောင်း နောင်တွင် မပြုလုပ်ရန် ပြောဆိုသတိပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်တည်းပင် ဖြစ်သော်လည်း ဆိုးသော အမှားဖြစ်လျှင် ပြစ်တင်ရှုတ်ချ၍ ပြောထိုက်သည်လည်းရှိသည်။ ဆူပူကြိမ်းမောင်းသင့်သည်လည်းရှိသည်။ ပထမအကြိမ် သတိပေးပြီးဖြစ်ပါလျက် ဒုတိယအကြိမ် ထပ်မှားလျှင် ပြစ်တင်ရှုတ်ချသင့်သည်။ ဆူပူကြိမ်းမောင်းပြုသင့်သည်။ ဒုတိယအကြိမ်ထပ်ပြီး ကျူးလွန်လျှင် ဒဏ်ပေးမည်။ ရိုက်မည် စသည်ဖြင့် ခြိမ်းခြောက်သင့်ပါသည်။

## ပြစ်ဒဏ်ပေး၍ ဆုံးမခြင်း

တတိယအကြိမ်ထပ်ပြီး ကျူးလွန်လျှင် သတိပေးပြီးဖြစ်၍ ပြစ်ဒဏ်ပေးရတော့မည်။

ပြစ်ဒဏ်ပေးရာတွင်လည်း ကျူးလွန်သည့်အပြစ်ကိုလိုက်၍ ပြစ်ဒဏ်အနည်းအများ အပြင်းအပျော့ ခွဲခြားသင့်သည်။

ပြစ်ဒဏ်ပေးခြင်းသည် နောင်တွင် ထပ်မမှားအောင် ဟန့်တားရုံမက အခြားနည်း ကောင်းကျိုးလည်းရှိသော ပြစ်ဒဏ်မျိုးဆိုလျှင် ပို၍ကောင်းသည်။

## ကောင်းသော ဒဏ်ပေးခြင်း

ကျွန်တော်တို့ ငယ်စဉ်က စာစီစာကုံးရေးရာတွင် စာလုံးပေါင်းသတ်ပုံမှားလျှင် ဆရာက အမှန်ဆယ်လုံးရေးစေပြီး ပြန်အပြခိုင်းသည်။ ဒဏ်ပေးခြင်းပင်ဖြစ်၏။ ထိုသို့ ဒဏ်ပေးခြင်းဖြင့် သတ်ပုံအမှန်

www.burmeseclassic.com

www.burmeseclassic.com



ကို စွဲမြဲစွာမှတ်မိစေသည်။ အင်္ဂလိပ်စာ မီးနင်းမှားလျှင်လည်း ၁၀ လုံး၊ အလုံး ၂၀ ရေးပြရသည်။ ထိုစာလုံးများကို စွဲမြဲစွာ မှတ်မိခဲ့ရသည်။ ကောင်းသောအပြစ်ပေးခြင်းပင် ဖြစ်၏။

## သတိထားအပ်သော ဒဏ်ပေးခြင်းများ

အတန်းထဲမှာ စာသင်နေစဉ် စကားပြောခြင်း၊ ဆော့နေခြင်းတို့အတွက် ထိုကျောင်းသူကျောင်းသားကို ခုံပေါ်တက်အရပ်ခိုင်းခြင်းမှာလည်း ပြစ်ဒဏ်ပေး၍ ဆုံးမခြင်းပင်ဖြစ်သည်။ သို့သော် ပြစ်ဒဏ်ပေးရာတွင် ဆရာ၊ ဆရာမသည် ကျောင်းသား၏ ဂုဏ်သိက္ခာနှင့် စိတ်ဓာတ်ကို မထိခိုက်အောင် သတိထားရသည်။ မတ်တတ်အရပ်ခိုင်းရာမှာပင် ရိုးရိုးမတ်တတ်အရပ်ခိုင်းခြင်း၊ ခုံပေါ်တက်၍ မတ်တတ်အရပ်ခိုင်းခြင်း၊ အတန်းရှေ့မှာ မတ်တတ်အရပ်ခိုင်းခြင်း၊ အတန်းအပြင်ထွက်၍ မတ်တတ်အရပ်ခိုင်းခြင်းဟူ၍ အမျိုးမျိုးရှိသည်။

အရွယ်ရောက်သူ ယောက်ျားလေး၊ မိန်းကလေးကို တစ်ယောက်တည်း ခုံပေါ်မှာအရပ်ခိုင်းလျှင် ကာယကံရှင်အတွက် အတော်ပင် ရှက်စရာကောင်းသည်။ တစ်ခါတစ်ရံတွင် တစ်တန်းလုံးစာသင်၊ စာရေး၊ သင်္ချာတွက်လုပ်ချိန်မှာ ပြစ်ဒဏ်ကျသူကို ခုံပေါ်တက် မတ်တတ်ရပ်စေပြီး လက်ပိုက်နေစေခြင်းမှာ တပည့်အတွက် ပညာသင်ခွင့်ပါ ပျက်စေသည်။ မသင့်ပါ။ အထူးသဖြင့် အရွယ်ရောက်ပြီဖြစ်သော ယောက်ျားလေး မိန်းကလေးများကို ခုံပေါ်တက်အရပ်ခိုင်းရာတွင် သင့်မသင့်ချိန်ဆသတိထားပြီးမှ ပြုသင့်သည်။ ထိုသို့အပြစ်ပေး

www.burmeseclassic.com

www.burmeseclassic.com



ရာတွင် ဆရာ့စိတ်ထဲမှာ အရှက်တကွဲဖြစ်စေချင်စိတ်ဖြင့် လုံးဝ မပြုသင့်ပါ။ စာသင်ချိန်တစ်ချိန်လုံး ခုံပေါ်တက် မတ်တတ်ရပ် ရသည်ကိုရှက်ပြီး ကျောင်းထွက်သွားသူ ယောကျ်ားလေး၊ မိန်းကလေး များ ရှိခဲ့ဖူးပါပြီ။ ဆရာ ဆရာမကို စိတ်အနာကြီးနာသွားလျှင်လည်း မကောင်းပါ။

အချို့ ဆရာ၊ ဆရာမတို့သည် ကိုယ့်နားရွက်ကိုယ်ဆွဲပြီး အတန်းထဲမှာ အထိုင်အထလုပ်ခိုင်းသည်။ ငယ်ရွယ်သောကလေးများ တွင် မရှက်တတ်သေး၍ ကိစ္စမရှိပါ။ တစ်တန်းလုံးအများနှင့် လုပ်ရ လျှင် ပျော်စရာပင်ဖြစ်သွားသည်။ ပြဿနာ မရှိပါ။

အရွယ်ရောက်သူကို တစ်ယောက်တည်းခိုင်းလျှင် လွန်စွာ ရှက်ပါလိမ့်မည်။ စာရေးသူကိုယ်တိုင်ကြုံဖူးသည်မှာ ဆယ့်ငါးနှစ်ခန့် ရှိ၍ အပျိုဖော်ဝင်ပြီဖြစ်သော မိန်းကလေးတစ်ယောက်ကို ဆရာတစ်ဦး က အတန်းအပြင်မှ ကွင်းပြင်မှာထွက်ပြီး ထိုင်ထအလုပ်ခိုင်းသည်။ မိမိအတန်းမှသာမက ကျန်အတန်းများအားလုံးကပါ မြင်အောင်ဒဏ် ပေးခြင်းဖြစ်သည်။ ထိုင်ထ အကြိမ်ကိုလည်း အရေအတွက်သတ်မှတ် မထားပါ။ အခြားအတန်းများမှပါ လှည့်ကြည့်နေကြသည်။မိန်းကလေး မှာ ရှက်လွန်း၍ မျက်ရည်ပေါက်ပေါက်ကျပြီး ငိုရှာသည်။ သို့သော် ဆရာက ရပ်နားခွင့်မပြု၍ ငိုရင်းမှပင် အကြိမ်ပေါင်းများစွာ ဆက်ပြီး ထိုင်ထလုပ်နေရရှာသည်။ ရက်စက်သောဆရာ၊ တပည့်ကို အရှက်ခွဲ သောဆရာ၊ နှိပ်စက်ညှဉ်းပန်းသောဆရာ ဖြစ်သည်။

အခြားအတန်းများမှ မြင်မြင်သမျှ ဆရာ ဆရာမများ အား သမီးချင်း စာနာ၍ စိတ်မကောင်းဖြစ်ကြသည်။ အခြားအတန်းများမှ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူကျောင်းသားများအတွက်လည်း ထို မိန်းကလေးကို လှမ်းကြည့်နေကြ၍ စာသင်ပျက်စေသည်။ အလွန် မှားယွင်းသော ပြစ်ဒဏ်ပေးခြင်းဖြစ်သည်။ ကောင်းကျိုးမရ ဆိုးကျိုးများစွာရစေသော အပြစ်ပေးခြင်း ဖြစ်သည်။

## အတုယူဖွယ် ဒဏ်ပေးခြင်း

ပဲခူးမြို့မှ အမှတ် (၃) အထက်တန်းကျောင်းသည် တစ်နိုင်ငံလုံးမှာ ဆယ်တန်းအောင်ချက်အကောင်းဆုံးဆု အကြိမ်ကြိမ်ရခဲ့ဖူးသည်။ ကျောင်းသူကျောင်းသားများ ဂုဏ်ထူးများစွာနှင့် အောင်မြင်ကြ၍ နာမည်ကြီးကျောင်းတစ်ကျောင်း ဖြစ်သည်။ ထိုကျောင်းတွင် အတုယူစရာကောင်းသော ပြစ်ဒဏ်ပေးနည်းတစ်မျိုးရှိသည်။ ဆရာဆရာမတို့သည် ကျောင်းသားများကို သင်ပေးလိုက်သော စာများမှ ရအောင်ကျက်ခဲ့ရမည်တို့ကို အိမ်မှာ ကျက်လာရန် မှာကြားလိုက်ကြသည်။ နောက်တစ်နေ့တွင် စာမသင်မီ စာများကို ကျက်မကျက် စစ်ဆေးမေးမြန်းသည်။ ရအောင်ကျက်မလာသူတို့ကို နေ့လယ်မုန့်စားကျောင်းဆင်းချိန်မှာ အပြင်ထွက်ခွင့်မပြုဘဲ ဆက်ပြီး အကျက်ခိုင်းသည်။ ရလျှင် ထွက်ခွင့်ပြုသည်။ မရလျှင် ညနေမှာ ကျောင်းမဆင်းသေးဘဲ ဆက်ကျက်ရသည်။ စာရမှ ပြန်ရသည်။

စာမကျက်သော ကျောင်းသူကျောင်းသားကို ဒဏ်ပေးခြင်းဖြစ်သည်။ စာရသွားသည်။ ဆရာ၊ ဆရာမများမှာတော့ အလုပ်ရှုပ်ခံရသည်။ အပင်ပန်းခံရသည်။ ဒဏ်ပေးသူပါ ဒဏ်ခံရ၍ ကလေးအတွက် ကောင်းကျိုးရှိအောင် စေတနာထားခြင်းဖြစ်သည်။ သို့လုပ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



များကြောင့်လည်း အောင်ချက်ကောင်းခဲ့ခြင်း ဖြစ်သည်။

## သဲဒကာ ရေဒကာ

ကျွန်တော်တို့ ငယ်စဉ်ဘုန်းကြီးကျောင်းမှာနေစဉ် ပြစ်ဒဏ်ပေးခံရသည်။ အများစုမှာ သဲဒဏ်ရေဒဏ်ဖြစ်သည်။ သဲဒဏ်ဆိုသည်မှာ မြစ်နားချောင်းနားမှသဲသွားထမ်းပြီး ကျောင်းမှ စင်္ကြံလမ်းများတွင် သဲခင်းပေးရခြင်းဖြစ်သည်။ရေဒဏ်ဆိုသည်မှာ ကျောင်းဝင်းအတွင်းမှ သစ်ပင်များကို ရေထမ်းလောင်းရခြင်းဖြစ်သည်။

အပြစ်ရှိသော ကိုရင်၊ ကျောင်းသားများကို သဲဒဏ်ရေဒဏ်ပေးခြင်းဖြင့် နောက်အပြစ်မကျူးလွန်အောင် ဆုံးမခြင်း ဖြစ်သည်။ ထိုသို့ အပြစ်ပေးရင်းမှ ကျောင်းအတွက်လည်း ကောင်းကျိုးရသွားသည်။ ကောင်းသော အပြစ်ပေးခြင်းပင် ဖြစ်သည်။

## မသင့်သော ဒဏ်ပေးခြင်းများ

ဘုန်းကြီးကျောင်းတွင်စာမရသူကို နားရွက်ဆွဲရသည့်ပြစ်ဒဏ်ပေးခြင်းလည်းရှိသည်။ ရှက်ပြီး မခံချင်စိတ်နှင့် ကြိုးစားစေရန်ဖြစ်သည်။ ဘုန်းကြီးကျောင်းမှာ ယောကျ်ားလေးအချင်းချင်းဖြစ်၍ ထိုပြစ်ဒဏ်ပေးနည်းမှာ ကောင်းကျိုးရနိုင်ပါသည်။ သို့သော် ထိုနည်းကို ယောကျ်ားလေး မိန်းကလေး တစ်တန်းတည်းအတူနေကြသော စာသင်ကျောင်းတွင်ပြုလျှင် မသင့်ပါ။ မိန်းကလေးတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



စာရသော ယောက်ျားလေး၏ နားရွက်ဆွဲမခံသောကြောင့် ပြဿနာ ဖြစ်ကြရသည်။ မိဘများပါ မကျေမနပ်ဖြစ်ကြရသည်။

ကလေးကို ခုံပေါ်မှာ မတ်တတ်အရပ်ခိုင်းခြင်းမှာ အချိန်ကာလကြာလွန်းလျှင် မကောင်းပါ။ အချို့ ဆရာ ဆရာမသည် မိမိအချိန်ကုန်၍ အတန်းထဲမှ ထွက်ခွာသွားသည်အထိ အထိုင်မခိုင်းဘဲ ထားပစ်ခဲ့တတ်သည်။ ရက်စက်စိမ်းကားသော သဘော ဖြစ်၍ မသင့်ပါ။

ထိုင်ထဒဏ်ပေးရာတွင်လည်း ကလေးနှင့် သင့်တော်သော အကြိမ်အရေအတွက်သာ သတ်မှတ်သင့်ပါသည်။ သိပ်များလျှင် အလေ့အကျင့်မရှိသော ကလေးအတွက် ဒုက္ခ ဖြစ်တတ်ပါသည်။ ရေဒီယိုမှ ဇာတ်လမ်းပမာတစ်ခု ကြားဖူးပါသည်။ ကလေးကို ထိုင်ထ အလုပ်ခိုင်းပြီး ဆရာက မေ့လျော့နေ၍ ကလေးမလေး ဒုက္ခဖြစ်ပြီး အသက်ပါ ဆုံးရှုံးခဲ့ရသည်။ ဒဏ်ပေးပုံစနစ်မကျ၍ ကြေကွဲစရာဖြစ်ရသည်။

ကျွန်တော်၏အဖေကြီးသည် ငယ်စဉ် ဘုန်းကြီးကျောင်းသားဘဝက ပန်းကန်ဆေးရာတွင် ပန်းကန်ကျကွဲ၍ ကိုရင်ကြီးကဆောင်းတွင်းကာလ မနက်စောစောမှာ ရေပုံးတစ်ရာလောင်းချိုးရန် ဒဏ်ပေးသည်။ ရေပုံးတစ်ရာပြည့်သည်နှင့် ချမ်းလွန်း၍ခိုက်ခိုက်တုန်ပြီး ပုံလဲကျသွားသည်။ အအေးမိပြီး သေလုနီးပါးဖျားနာ၍ တစ်လခန့်ဆေးကုရသည်။ ထိုအချိန်မှစပြီး အဖေကြီးသည် သေသည်အထိ ရေချိုးရမည်ကို အလွန်ကြောက်သွားခဲ့သည်။ မှားယွင်းသော ပြစ်ဒဏ်မျှသာမက နှိပ်စက်ညှဉ်းပန်းရာလည်း ရောက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## နှိပ်စက်ညှဉ်းပန်းခြင်း

ယခုအချိန်အထိ အချို့သောကျောင်းများတွင် အချို့သော ဆရာ၊ ဆရာမများက ကြားဖူးနားဝနှင့် အဆန်းထွင်၍ပြစ်ဒဏ်ပေး ခြင်းများ ရှိပါသည်။ ဒူးအောက်တွင် ဆီးစေ့ခု၍ ဒူးထောက်ခိုင်းသည့် ပြစ်ဒဏ်ပေးကြောင်း ကလေးများပြန်ပြောပြ၍ ကြားသိရပါသည်။ နှိပ်စက်နည်း ဖြစ်ပါသည်။

'ကျွန်တော် စာမရပါ' 'ကျွန်မ စာမရပါ' ဟုလည်း စာဆွဲပြီး ကျောင်းဝင်းထဲလှည့်ပြခိုင်းသည်ဆိုသော ပြစ်ဒဏ်ပေးပုံများကိုလည်း ကြားရပါသည်။

ပြစ်ဒဏ်ပေးခြင်းသည် ဆုံးမပြုပြင်ရာတွင် အသုံးပြုသော နည်း တစ်မျိုးပင် ဖြစ်၏။ ရိုက်နှက်ခြင်း အောက် လျော့သော အပြစ်မျိုးလည်း ဖြစ်သည်။ ရိုက်လောက်အောင် မကြီးမားသော အပြစ်မျိုးမို့ ပြစ်ဒဏ်ပေးရာတွင် ရိုက်သည်ထက် ပိုမိုသည်မျိုး မဖြစ် သင့်ပါ။

ဆုံးမခြင်းဟူသည် ကောင်းစေလိုသော စေတနာနှင့်ပြုလုပ် ခြင်းသာ ဖြစ်သည်။ ပြစ်ဒဏ်ပေးခြင်းဖြင့် ဆုံးမပြုပြင်ရာတွင် ပြစ်ဒဏ်ပေးသူသည် ကိုယ့်တပည့်သားသမီးတို့ကို ကောင်းမွန်သွား စေရန်ဆိုသည့် စေတနာသန့်ရှင်းကြည်လင်ရန်လိုသည်။ ပြစ်ဒဏ်ခံရ သူကို နှိပ်စက်ညှဉ်းပန်းလိုစိတ်၊ နောက်ပြောင်ကျီစယ်လိုစိတ်၊ အရှက် တကွဲဖြစ်အောင် သိက္ခာချလိုစိတ် ကင်းရှင်းရန်လိုသည်။ အကယ်၍ စိတ်စေတနာက အဆိုးမရှိသည့် တိုင်အောင် ပြစ်ဒဏ်ပေးရာတွင်

www.burmeseclassic.com

www.burmeseclassic.com



အကျိုးအပြစ်ကို သတိသမ္ပဇဉ်ဉာဏ်ဖြင့် ယှဉ်ဆင်ခြင်သင့်ပါသည်။ ပြစ်ဒဏ်ပေးသူသည် ပြစ်ဒဏ်ပေးရာတွင် ဖြစ်နိုင်သည့်ကောင်းကျိုးဆိုးပြစ်ကို ဆန်းစစ်သင့်သည်။ အပြစ်နှင့် လိုက်လျောညီထွေသော ပြစ်ဒဏ်ကိုသာ ပေးသင့်သည်။ ကောင်းမွန်စေရန် ဆုံးမပြုပြင်လိုသည့် စေတနာမွန်နှင့်သာ ပြစ်ဒဏ်ပေးသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## ဆရာနှင့် ရိုက်နှက်ဆုံးမခြင်း

ဆရာတို့သည် တပည့်များကို ပဲ့ပြင်ဆုံးမရာ၌ အပြစ်ကျူးလွန်သည့်အကြိမ်အလိုက်၊ ပြစ်မှုအသေးအကြီးအလိုက် ရိုက်နှက်ဆုံးမရသည်လည်း ရှိသည်။ ယေဘုယျအားဖြင့်ဆိုလျှင် ရိုက်နှက်ရခြင်းမှာ မကောင်းပါ။ ရိုက်နှက်ခြင်းတွင် ရက်စက်မှုပါသည်။ အသားနာကျင်သည်ထက် စိတ်ဓာတ်ကို နာကျင်စေသည်မှာ မကောင်းပါ။ အထူးသဖြင့် ဒေါသနှင့်ရိုက်မိလျှင် ပို၍မကောင်းပါ။

## ဒေါသနှင့် ရိုက်နှက်ခြင်း

ဆရာဆရာမသည် ပုထုဇဉ်လူသားပင်ဖြစ်၍ ဒေါသနှင့်မကင်းပါ။ သို့သော် ဒေါသနှင့်မရိုက်မိအောင် အလေးအနက်သတိထား

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ဆုံးမသည်ဟုအမည်တပ်ပြီး အနိုင်ကျင့်ခြင်း၊ ရက်စက်ခြင်း၊ နှိပ်စက်ခြင်းဖြစ်သွားတတ်သည်။ ဒေါသသိပ်ကြီးနေလျှင် မရိုက်သင့်သည်ကို ရိုက်မိတတ်သည်။ ရိုက်သင့်သော အတိုင်းအဆထက်ပို၍ ရိုက်မိတတ်သည်။ ဒေါသနှင့်ရိုက်လျှင် အမှားဖြစ်ရန်များပါသည်။

ဆုံးမခြင်း၏ ရည်ရွယ်ချက်ကို မမေ့မလျော့ရန်လိုသည်။ ဆုံးမခြင်း၏ရည်ရွယ်ချက်မှာ တပည့်ကို ကောင်းသွားစေရန်ဖြစ်သည်။ ဆုံးမသည့်အခါတိုင်း တပည့်ကို ကောင်းသွားစေချင်သည့် စေတနာထားရသည်။ မှန်ကန်သောဆုံးမခြင်းသည်တပည့်အတွက်ကောင်းကျိုးဖြစ်သည်။ မိမိဆုံးမလိုက်၍ တပည့်ပိုဆိုးသွားလျှင် သို့မဟုတ် တပည့်မှာ ဆိုးကျိုးဖြစ်သွားလျှင် ဆုံးမပုံမှား၍ ဖြစ်နိုင်ပါသည်။ မသိ၍မှားလျှင် သိနားလည်အောင် ပြောရမည်။ သိနားလည်အောင်ပြောပြီးပါလျှင် နှုတ်ဖြင့် ပြစ်တင်ကြိမ်းမောင်းရန် ကျန်သေးသည်။ ထပ်မံကျူးလွန်လျှင် ရိုက်မည်ဟု ခြိမ်းခြောက်သတိပေးရမည်။ နောက်တစ်ကြိမ် ထပ်မံကျူးလွန်မှ အပြစ်အလိုက်ထိုက်တန်အောင်ရိုက်သင့်သည်။ တစ်ကြိမ်တစ်ခါတည်း ကျူးလွန်သည်ပင် ဖြစ်သော်လည်း မပြုသင့်မှန်းသိပါလျက် ကျူးလွန်ပြီး ဆိုးရွားသောပြစ်မှုလည်းဖြစ်လျှင် ရိုက်သင့်သည်များ ရှိပါ၏။

ရိုက်ရာမှာ ဒေါသနှင့်မဖြစ်သင့်၊ စေတနာနှင့်ဖြစ်သင့်သည်။ ကောင်းကျိုးရအောင် ရည်ရွယ်၍ ရိုက်သင့်သည်။ 'ပေ့ါစေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတွက်လေး'ဆိုသကဲ့သို့ ကောင်းစေလို၍ဆုံးမကာမှ ပိုဆိုးသွားသောအဖြစ်မျိုးသို့ မရောက်စေသင့်ပါ။

ဆရာသည် အရိုက်မလွယ်သင့်ပါ။ ရိုက်ရမည်ကို ဝန်လေး

www.burmeseclassic.com

www.burmeseclassic.com



သင့်ပါသည်။ မလွဲသာ မရှောင်သာရိုက်မှဖြစ်မည့် ကိစ္စမျိုးတွင်မှ ချိန်ချိန်ဆဆ ရိုက်သင့်သည်။

## ကျိုးအောင်ကန်းအောင် ရိုက်နှက်ဆုံးမခြင်း

အချို့က 'အရိုးကျဲအောင်ရိုက်မှ အသည်းစွဲအောင်မှတ်သည်' ဟု ပြောကြ၏။ မကောင်းသည့်ဘက်မှ အသည်းစွဲအောင် မှတ်သွားလျှင် ကြီးစွာအကျိုးယုတ်နိုင်ပါသည်။

ရှေးအခါက မိဘအချို့သည် ကလေးကို ကျောင်းအပ်ရာ၌ 'ကျိုးကျိုးကန်းကန်း ရိုက်နှက်ဆုံးမပါ' ဟု ပြောကြသည်။ ဆရာကို ယုံကြည်စိတ်နှင့် ပုံအပ်ခြင်းဖြစ်သည်။ ဆုံးမရာတွင် မတော်တဆ အချိန်အဆလွန်သွား၍ ကျိုးကန်းသွားလျှင် မကျေမနပ်မဖြစ်ပါဟု ဝန်ခံကတိပြုခြင်း ဖြစ်သည်။ သားသမီးကို ပညာတတ်စေချင် လိမ္မာစေချင်၍ စကားကုန်ပြောခြင်းဖြစ်ပါသည်။ သို့သော် ဘယ်မိဘမျှ ကိုယ့်သားသမီး ကျိုးမှာ ကန်းမှာကို လိုလားမည် မဟုတ်ပါ။

အချို့မိဘများက တစ်ထစ်လျှော့၍ 'မကျိုးမကန်းပြီးရော ရိုက်နှက်ဆုံးမပါ' ဟု ပြောတတ်ကြသည်။ အမှန်စင်စစ်လည်း ဆုံးမရာတွင် မည်သည့်အကြောင်းကြောင့်မျှ ကျိုးအောင်ကန်းအောင်အထိ မဖြစ်သင့်ပါ။

## စေတနာအမှားဟုဆိုသော်လည်း

'စေတနာနှင့်လွန်သွားတာပဲ၊ စေတနာနှင့်မှားသွားတာပဲ'ဟု

www.burmeseclassic.com

www.burmeseclassic.com



ပြောစရာရှိပါသည်။ သို့သော် အမှားသည်အမှားသာဖြစ်သည်။ အမှားဖြစ်သည်နှင့် အမှားအကြောင်းနှင့်ဆက်စပ်သော အဆိုးအကျိုးသည်ဖြစ်ပေါ်လာတတ်သည်။

ကိုယ်တွေ့ကြုံဖူးသော ဖြစ်ရပ်တစ်ခု ရှိပါ၏။ စေတနာကောင်းသော်လည်း ဒေါသအလွန်ကြီးသော ဆရာတစ်ယောက်သည် သူ့တပည့်များကို အလွန်တတ်စေချင် အောင်စေချင်သည်။ စည်းစနစ်လည်း အလွန်ကြီးသည်။

'ဒီနေ့သင်တဲ့ဂရမ်မာကို ဘယ်စာအုပ်နှင့်မှ မရောနဲ့ သီးခြားဗလာစာအုပ်တစ်ခုနဲ့ရေး၊ အခုပေးလိုက်တဲ့ လေ့ကျင့်ခန်းတွေ အားလုံးအဲဒီစာအုပ်အထဲမှာရေးပြီး နက်ဖြန်ခါမနက် ကျောင်းမတက်ခင်တင်မတင်တဲ့ကောင်တော့ အသေဆော်မယ်'

ဆရာ့ကိုကြောက်၍ နောက်တစ်နေ့မှာအားလုံးတင်ကြသည်။ မတင်နိုင်သူမှာ တစ်ယောက်သာရှိသည်။ ထိုတစ်ယောက်မှာ ဗလာစာအုပ်အသစ်မဝယ်နိုင်၍ဖြစ်သည်။ သူ့အဖေနှင့်အမေမှာ ငွေပေးစရာမရှိ၊ အမှုန့်ကြိတ်စက်တစ်ခုမှာ အလုပ်လုပ်သော သူ့အစ်ကိုဆီသွားရသည်။ အစ်ကို့ကိုအိမ်မှာမတွေ့ လိုက်ရှာရသည်။ အစ်ကို့ထံမှ ပိုက်ဆံရချိန်တွင် ကျောင်းနောက်ကျသွားပြီ။ သို့သော် ဗလာစာအုပ်ဝယ်ပြီး ဆရာခိုင်းသည့် လေ့ကျင့်ခန်းများကို လုပ်သည်။ နေ့ခင်း ၁၁ နာရီ ထမင်းစားကျောင်းဆင်းမှ ကျောင်းသို့သွားနိုင်သည်။

စည်းကမ်းကြီး၊ ဒေါသကြီးသော ဆရာသည် စာအုပ်တစ်အုပ်လိုသည့်အတွက် ကြီးစွာမကျေမနပ်ဖြစ်နေသည်။

'လာစမ်းပစေ၊ ဒီကောင် အသေဆော်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထဲဝင်လာသောကျောင်းသားကို တွေ့သည်နှင့် သူ ခိုင်းလိုက်သည့်အတိုင်းမလုပ်သူ၊ မနက်ပိုင်းခွင့်မတိုင်ဘဲ ကျောင်းပြေးသူဟူ၍ မမေးမမြန်းဘဲ ဆွဲထိုးပစ်သည်။ တစ်ချက်မဟုတ်၊ နှစ်ချက်မဟုတ်၊ ငါးချက်မဟုတ်၊ ဆယ်ချက်မဟုတ်၊ အချက်ပေါင်းများစွာ၊ ၁၃ နှစ်သား ကလေးငယ် လဲကျသွားမှရပ်တော့သည်။ ကလေး၏ မျက်နှာမှာ အညိုအမည်းများ ဖြစ်ကုန်ပြီ။

လက်လွန်သွားပြီကို ဆရာဖြစ်သူ သူ့ဘာသာသိလိုက်ပြီ။

ဘေးမှကြည့်မြင်နေရသူအားလုံးမှာလည်း စိတ်ပျက်ကြ၊ စိတ်မကောင်းဖြစ်ကြသည်။ ဆုံးမသည်ဟုနားလည်ရန် ခက်သွားပြီ။

'မင်း ဘာဖြစ်လို့ ကျောင်းပြေးတာလဲ၊ ငါခိုင်းတဲ့ လေ့ကျင့်ခန်းစာအုပ်ရော ဘယ်မှာလဲ၊ မှန်မှန်ပြော'

တပည့်က ဗလာစာအုပ်ကလေးကိုထုတ်ပြပြီး အကြောင်းစုံရှင်းပြသည်။

ထိုအခါကျမှ ဆရာဖြစ်သူ ချုံးပွဲချငိုသည်။ တပည့်ကို တောင်းပန်သည်။

မြင်နေရသူများက တပည့်ကိုသနားကြသော်လည်း ဆရာ့ကို မသနားကြ၊ မကျေမနပ်ပင် ဖြစ်ကြသည်။

ထိုကျောင်းသားလေးမှာ နောက်ပိုင်းတွင် ကျောင်းဆက်မတက်တော့ပါ။ ကျောင်းနေရသည်ကို ကြောက်သွားသည်။ စာသင်ရသည်ကို စိတ်ကုန်သွားဟန်တူသည်။ ပညာရေးတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်သွားသည်။

ဆုံးမပုံ စနစ်မကျ၍ တပည့်အတွက် ကောင်းမသွားသည့်

www.burmeseclassic.com

www.burmeseclassic.com



အပြင် ဆိုးကျိုးများစွာ ဖြစ်သွားပါသည်။

## ရိုက်နှက်ဆုံးမခြင်း အမျိုးမျိုး

ရိုက်နှက်ဆုံးမခြင်းသည် အသားနာသည်ထက် တပည့်၏ စိတ်ကို အနည်းနှင့်အများ နာသွားစေတတ်သည်။ အရှက်တကွဲဖြစ်စေသော ရိုက်နှက်နည်းများသည် ပို၍ ဆိုးပါသည်။ ရှေးအခါက တပည့်ကို ဆုံးမရာတွင် တိုင်ကိုအဖက်ခိုင်းပြီးရိုက်သည်။ ကြိုးနှင့်တုပ်ပြီး ရိုက်သည်။ ဝမ်းလျားအမှောက်ခိုင်းပြီး ရိုက်သည်။ အဝတ်များချွတ်ပြီးရိုက်သည်။ ကျောင်းသူကျောင်းသားအများရှေ့မှာ အားလုံးမြင်အောင်ရိုက်သည်ဟူ၍ ကြားဖူးပါသည်။ စိတ်နာသွားနိုင်သည်။ ရှက်သွားနိုင်သည်။ မကောင်းပါ။

## စိတ်ကို ညှဉ်းပန်းသော ရိုက်ခြင်း

ရိုက်ရာတွင် စိတ်ဓာတ်ကိုညှဉ်းပန်းသော သဘောဖြစ်စေသည်မှာလည်း မကောင်းပါ။ စာရေးသူငယ်စဉ်က ဘုန်းတော်ကြီးကျောင်းတွင်နေစဉ် ဆရာဘုန်းတော်ကြီးသည် ကျောင်းသားများကို အပြစ်ရှိ၍ ရိုက်နှက်သည့်အခါတိုင်း သူ့ရှေ့မှာအလျားလိုက်ဝမ်းလျားအမှောက်ခိုင်းသည်။ ပြီးမှလက်ထဲမှာ ကြိမ်လုံးကိုကိုင်၍ ခြေသလုံး၊ ပေါင်၊ တင်ပါး၊ ခါး၊ ကျောပြင်တို့ကို ထက်အောက်စုံဆန် တုတ်နှင့် အသာဖိပြီး စကားတပြောပြောလုပ်နေသည်။ အောက်မှ ဝမ်းလျားမှောက်ပြီး နေရသူမှာ ဘယ်အခါတွင် ဖြန်းကနဲရိုက်လိုက်မည်ကို

www.burmeseclassic.com

www.burmeseclassic.com



တထိတ်ထိတ်တလန့်လန့်နှင့် အသက်ပင်မရှူနိုင်အောင် တုန်လှုပ်နေရသည်။ ထိုကဲ့သို့ တုန်လှုပ်နေစဉ်မှာပင် ရုတ်တရက်ဖြန်းကနဲနေအောင် ရိုက်ပစ်လိုက်သည်။

ပြီးတော့ စကားတပြောပြောနှင့် ထက်အောက်စုံဆန် တုတ်နှင့် ထိကာတို့ကာ လုပ်နေပြန်သည်။

'ဖျန်း'

အလစ်မှာ ချလိုက်ပြန်ပြီ။

'အောင်မယ်လေးဗျ'

အော်သံနှင့်အတူ ကျောင်းသားကျောကော့သွားသည်။

တုတ်နှင့်အစုံအဆန် တို့ထိရင်း စကားတပြောပြောလုပ်နေပြန်သည်။

အောက်မှကျောင်းသားမှာ အရိုက်ခံရသည်ထက် ကြောက်နေရသည်ကပို၍ နာကြည်းစရာဖြစ်ရသည်။

အရိုက်ခံရသူသာမက ဘေးမှ ကြည့်နေရသူများပါ အသည်းတထိတ်ထိတ်နှင့် ကြောက်လန့်တုန်လှုပ်မှုကို ခံစားရသည်။

သွေးအေးအေးနှင့် ညှဉ်းပန်းရာရောက်၍ ထိုကဲ့သို့သောဆုံးမနည်းမျိုးမှာ မသင့်ပါ။

## လက်လွတ်စပယ် ပစ်ပေါက်ခြင်း

ရုတ်တရက် စိတ်မထိန်းနိုင် တွေ့ရာနှင့် ကောက်ပေါက်ခြင်းမှာလည်း အမြင်တွင် အလွန်အရုပ်ဆိုးပါသည်။ စေတနာနှင့်တညီငြိမ်

www.burmeseclassic.com

www.burmeseclassic.com



စွာ ဆုံးမခြင်းမဟုတ်ဘဲ လက်လွတ်စပယ်လုပ်ရာ ရောက်ပါသည်။ ဘေးမှ ကြည့်ရမြင်ရသည်မှာလည်း မသင့်ပါ။ စာရေးသူငယ်စဉ်က ဆရာတစ်ယောက်သည် အတန်းထဲမှာ စာသင်ရင်း ဒေါသအလျောက် ကျောင်းသူကျောင်းသားများကို စာအုပ်နှင့် ပစ်ပေါက်တတ်သည်။ ဒက်စတာနှင့်ပေါက်တတ်သည်။ မကြာခဏဆိုသလိုပင် မဆိုင်သူများကို ထိမှန်တတ်၍ ထိုဆရာအချိန်တွင် ကျောင်းသူကျောင်းသားအားလုံး တထိတ်ထိတ်တလန့်လန့်နှင့် နေရသည်။

မကောင်းသောအပြုအမူဖြစ်၍ ရှောင်ကြဉ်သင့်ပါသည်။

## ပေတံနှင့် ရိုက်ခြင်း ခုတ်ခြင်း

သင်္ချာတွက်ရာတွင် လျှမ်း၍ လက်ရေးကို ဖြစ်ကတတ်ဆန်းရေး၍ မမှားသင့်သည်များမှား၍ လက်ဝါးဖြန့်ခိုင်းပြီး ပေတံလေးနှင့် ခပ်စပ်စပ်ကလေးမျှရိုက်သည်မှာ သင့်သော်လည်း လက်ခေါက်လက်ဆစ်များကို ပေတံစောင်းနှင့်ခုတ်သည်မှာ ရက်စက်ရာ ရောက်ပါသည်။ အမြင်မကောင်းသလို အကြားလည်းမကောင်းပါ။

ဆရာ၊ ဆရာမများသည် တပည့်တို့ကို လိမ္မာစေချင်သောစေတနာနှင့်ဆုံးမရာ၌ မလွှဲသာမရှောင်သာ ရိုက်နှက်ရသည့်အခါမှာ အလွန်သတိထားသင့်ကြပါသည်။ ရိုက်နှက်ဆုံးမပုံ စနစ်မကျ၍ အကျိုးယုတ်ရသည်များရှိသကဲ့သို့ ရိုက်နှက်ဆုံးမပုံ မှန်ကန်သောအခါ ကောင်းကျိုးရသည်များလည်း ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ရိုက်နှက်ခြင်း၏ နောက်ဆက်တွဲ

ရိုက်နှက်ဆုံးမရာတွင် စေတနာအရေးကြီးလှပါသည်။ ဆရာ ဆရာမသည် လက်မရွံ့အာဏာပါးကွက်သား မဟုတ်ပါ။ နှိပ်စက်ညှဉ်း ပန်းသူ မဟုတ်ပါ။ ကလေးတို့၏ ချစ်ခင်လေးစားစွာ ခံရမည့်သူသာ ဖြစ်သည်။ ဆရာသည် ရိုက်နှက်ညှဉ်းပန်းမှု အဆန်းထွင်ရမည့်သူ မဟုတ်ပါ။

နွယ်နီမဂ္ဂဇင်းတွင် ဆရာနှင့် ရိုက်နှက်ဆုံးမခြင်းအကြောင်း ကို ရေးသားပြီးနောက် စာဖတ်သူများထံမှ ဖြည့်စွက်အကြံပြုသော စာများ၊ လူကိုယ်တိုင်လာရောက်တွေ့ဆုံ၍ ဖြည့်စွက်ရေးသားပေးပါ ရန် အကြံပြုချက်များကို ရရှိပါသည်။

အချို့ ကြားသိရသည်များမှာ စိတ်မကောင်းစရာ ဝမ်းနည်း စရာပင် ဖြစ်သည်။ ကျောင်းတစ်ကျောင်းတွင် နှစ်တန်းသုံးတန်းအရွယ်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူကျောင်းသားများကို ဆရာမများက ရိုက်ရာတွင်ဘောင်းဘီ ချွတ်ခိုင်း၊ စကတ်ချွတ်ခိုင်းပြီးမှ ရိုက်သည်ဟုသိရသည်။ ဆရာမ၏ ရည်ရွယ်ချက်မှာ ကြိမ်လုံးနှင့်အသားကြားတွင် အဝတ်ခံလျှင် အထိ မနာမည်ကို စိုးရိမ်ဟန်တူပါသည်။ ရိုက်သည့် ရည်ရွယ်ချက်မှာ ကလေးကို အသားနာစေချင်သောစေတနာက အဓိကဖြစ်မနေသင့်ပါ။ အဝတ်ကိုချွတ်ပြီးမှရိုက်ခြင်းသည် ကလေးကို အသားပို၍နာရုံသာမ က အရှက်ရ၍ စိတ်ပါ ထိခိုက်စေနိုင်ပါသည်။

ရိုက်သည့်အကြောင်းကလည်း စာမရ၍ စာမှား၍ဖြစ်သည် ဆို၏။ အထူးသဖြင့် ဆရာမငယ်ငယ်များဖြစ်သည်။ တစ်တန်းနှင့်တစ် တန်းအပြိုင်ရိုက်နေကြသည်။ အရိုက်မခံရသည့်ကလေးဟူ၍အတော် နည်းသည်။ ကျောင်းအုပ်ကလည်း ဘာမျှမပြောဟု ဆိုသည်။

ကလေးများကျောင်းသွားရန် ကြောက်နေကြသည်။ စာသင် ရမှာ ကြောက်နေကြသည်။ အချို့ ရှက်တတ်သူလေးများမှာ ရိုက်သည့် အတွက် မငိုသော်လည်း အတန်းထဲမှာ အဝတ်ချွတ်ရသည့်အတွက် မျက်ရည်ပေါက်ပေါက် ကျရသည်။ မိဘများ စိတ်မကောင်းဖြစ်ကြရ သည်။တွေ့မြင်နေရသည့် အခြားဆရာ၊ဆရာမများလည်းစိတ်မကောင်း ဖြစ်ရသည်ဟု ဆိုသည်။

ဆရာ၊ ဆရာမသည် လက်မရွံ့ အာဏာပါးကွက်သား မဟုတ်ပါ။ နှိပ်စက်ညှဉ်းပန်းသူ မဟုတ်ပါ။ ကလေးကို အရှက်တကွဲ ဖြစ်အောင် ပြုရမည့်သူမဟုတ်ပါ။ ကလေးတို့၏ ချစ်ခင်လေးစားစွာ အားကိုးခံရမည့်သူသာ ဖြစ်သည်။ စေတနာနှင့် စာတော်အောင် ပြုခြင်းပင်ဖြစ်သော်လည်း ကလေး၏အသည်းမှာ နာသွားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ကျောင်းသွားရန် ကြောက်ခြင်း၊ ပညာသင်ရမည်ကို ကြောက်ခြင်းမှာ ကြီးစွာသော အရှုံးဖြစ်သွားသည်ကို သတိထားရပါမည်။

## ရိုက်နည်းထွင်၍ ပျော်ရွှင်သူ

စာဖတ်သူတစ်ဦးထံမှ ဆွေးနွေးအကြံပြုလာသော ဖြစ်ရပ်တစ်ခုလည်း ရှိပါသေးသည်။ ထိုဖြစ်ရပ်မှာ အမျိုးသားဆရာတစ်ဦး၏ ရိုက်နှက်ပြစ်ဒဏ်ပေးပုံ ဖြစ်သည်။

ထိုဆရာသည် အပြစ်ရှိသောတပည့်၊ စာမရသောတပည့်၊ စာမှားသွားသော တပည့်တို့ကို ရိုက်နှက်ရာတွင် သူ့စားပွဲပေါ် သို့ခေါ်၍ စားပွဲနှင့် နဖူး ထိခါနီးအထိ အငုံ့ခိုင်းသည်။

'ရှေ့ကိုတိုး၊ ရှေ့ကိုတိုး'

'ငုံ့လိုက်ဦး၊ ငုံ့လိုက်ဦး'

'ဒုတ်'

'ဒုန်း'

စားပွဲနှင့်နဖူးထိရန် တစ်လက်မခန့်အလိုတွင် တင်းတင်းပါအောင် ဆုပ်ထားသော လက်ခေါက်နှင့်နောက်စေ့ကို ထုတ်ချလိုက်သည်။

တပည့်မှာ နောက်စေ့ဖုသွားသလို စားပွဲနှင့်ဆောင့်မိသော နဖူးလည်း ဖုသွားသည်။ ရှေ့နောက်ညှပ်အချခံလိုက်ရခြင်းဖြစ်သည်။

ဆရာက သူ့လုပ်နည်းလုပ်ဟန်ကို သူ့ဘာသာ သဘောကျ၍

www.burmeseclassic.com

www.burmeseclassic.com



တဟားဟားရယ်နေသော်လည်း တပည့်အတွက် ခံရချက်မသက်သာ နဖူးရော နောက်စေ့ကိုပါ ပွတ်နေရရှာသည်။

'နောက်တစ်ယောက်လာခဲ့' ဟု ခေါ်သောအခါ နောက်တစ်ယောက်ခမျာ မျက်စိမျက်နှာပျက်နေရပြီ။

'ရှေ့ကိုတိုး နဖူးငုံ့' ဆိုသည်နှင့် နဖူးအတွက် နောက်စေ့အတွက် ထိတ်လန့်တုန်လှုပ်မှု ကြီးမားစွာ ဖြစ်နေရပြီ။

အသေအချာ စဉ်းစားကြည့်လျှင် အလွန်စိတ်ဆင်းရဲရမည့်အဖြစ်။

ဆရာသည် နှိပ်စက်ညှဉ်းပန်းမှုအဆန်းထွင်ရမည့်သူ မဟုတ်ပါ။

ဆရာသည် တပည့်ကို ထိတ်လန့် တုန်လှုပ်စေခြင်းဖြင့် ပျော်ရွှင်ရမည့်သူ မဟုတ်ပါ။

ဆရာသည် တပည့်တို့၏ ယုံကြည်ကိုးစား အားထားထိုက်သူသာ ဖြစ်သင့်သည်။

## လက်ဆောင်ရလျှင် မရိုက်

နောက်တစ်ယောက်ကတော့ သူငယ်တန်းမှာ အတန်းပိုင်အဖြစ် တာဝန်ယူ၍ သင်ကြားရသော ဆရာမကြီး ဖြစ်သည်။ ဆရာမကြီးသည် သူ့တွင် သားသမီးများရှိပါလျက် သားသမီးချင်း မစာမနာ သူငယ်တန်းကလေးများကို လွန်စွာအရိုက်ကြမ်းသောကြောင့် 'ဒေါ်ရိုက်' ဟုပင် အားလုံးက အမည် ပေးထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဒေါ်ရိုက်သည် သူ့ကို ထိုက်တန်စွာ လက်ဆောင်ပဏ္ဏာ ပေးထားသူများ၏ သားသမီးများကိုတော့ လုံးဝမရိုက်ဟု ဆိုသည်။

ဆရာ ဆရာမဆိုသည်မှာ တပည့်တို့အတွက် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်တစ်ပါးဖြစ်ပါသည်။ တပည့်တို့အတွက် တစ်သက်တာမှာ ကြည်ညိုလေးစားစွာ ရှိခိုးဦးခိုက်နေရမည့်သူ ဖြစ်ပါသည်။

ဆရာ ဆရာမသည် မတစ်ရာ သားသမီးများကို ကိုယ့် ရင်သွေးနှင့်မခြား ချစ်ခင်ကြင်နာရမည့်သူ ဖြစ်သည်။ ကောင်းစေ လိုသောစေတနာကို တူညီမျှတစွာထားရမည့်သူဖြစ်သည်။ ကျောသား ရင်သား ခွဲခြားရမည့်သူ မဟုတ်ပါ။ တပည့်တိုင်းက ရာသက်ပန် ကန်တော့အပ်သော အနန္တဂိုဏ်းဝင် ပီသစေရန် လိုပါသည်။

## ဒေါသအာဃာတနှင့်ရိုက်ခြင်း

ဆရာမတစ်ယောက်၏ အဖြစ်သည်ကား ဆရာမသည် ရုံးခန်းမှာ စာအုပ်စာရင်း လုပ်စရာရှိ၍ အတန်းထဲသို့ မဝင်နိုင်။ အတန်းခေါင်းဆောင်ကို သင်္ချာပုစ္ဆာ အပေးခိုင်းပြီး အတန်းထဲမှာ အတွက်ခိုင်းထားရန် မှာထားသည်။ ဆူညံ ဆော့ကစားခြင်း မပြုလုပ်ရန်နှင့် 'ဆူဆူညံညံပြုလျှင်ရိုက်' ဆိုပြီး သူ၏ကြိမ်လုံးကိုပါ အတန်းခေါင်းဆောင်လက်သို့ အပ်ခဲ့သည်။ အတန်းမှာလည်း အတန်းငယ်လေးမဟုတ် ကိုးတန်းဖြစ်သည်။ အရွယ်ရောက်နေကြ သောကျောင်းသူကျောင်းသားများ ဖြစ်သည်။ အတန်းခေါင်းဆောင်ပင် ဖြစ်စေကာမူ ကျောင်းသားအချင်းချင်း ရိုက်ခွင့်ဆိုသည်မှာ လုံးဝ မပေးသင့်သော ကိစ္စဖြစ်သည်။ ရိုက်သည်နှင့် ပြဿနာဖြစ်မည်မှာ

www.burmeseclassic.com

www.burmeseclassic.com



သေချာသည်ကို ဆရာမသိသင့်ပါသည်။ သို့သော် ဆရာမက ပေးခဲ့သည်။

ကျောင်းသားနှစ်ဦးက သင်္ချာတွက်ရင်း စဉ်းစားပုံအယူအဆမတူ၍ ငြင်းခုံပြောဆိုနေသည်။ ကျောင်းသားနှစ်ယောက်မှာ ကျောင်းသားဆိုးများမဟုတ်အတန်းထဲမှာ စာတော်သူများဖြစ်သည်။ ထိုကျောင်းသားနှစ်ဦးထံမှ စကားသံထွက်လာ၍ အတန်းခေါင်းဆောင်က စကားမပြောရန် လာတားသည်။

'ငါတို့ စကားပြောတာမဟုတ်ဘူးကွ၊ သင်္ချာ ဆွေးနွေးနေတာ' ဟု ကျောင်းသားနှစ်ယောက်က ပြန်ပြောသည်။

'မလိုချင်ဘူးကွာ၊ မင်းတို့ စကားမပြောနဲ့'

အတန်း ခေါင်းဆောင်က တားသည်။

'ဟ-သင်္ချာဆွေးနွေးတာတော့ ဆွေးနွေးခွင့် ရှိရမှာပေါ့ကွ' ဟု ကျောင်းသားက ပြန်ပြောသည်။

'မလိုချင်ဘူး၊ မင်းတို့ဆီက အသံထွက်လာရင် ငါရိုက်မှာပဲ၊ ဆရာမက ငါ့ကို ရိုက်ခွင့်ပေးထားတယ်' ဟု အတန်းခေါင်းဆောင်က ပြောသည်။

ကျောင်းသားနှစ်ယောက်က အရေးမစိုက်၊ သင်္ချာပုစ္ဆာကို ဆက်ဆွေးနွေးကြသည်။

အတန်းခေါင်းဆောင်က ကြိမ်လုံးယူလာသည်။ 'မင်းတို့နှစ်ယောက် ငါပြောတာကို နားမထောင်ဘူး၊ စကားပြောတဲ့အတွက် ငါ ရိုက်မယ်' ဟု ဆိုသည်။

ကျောင်းသားနှစ်ယောက်က 'မင်းဆရာ မဟုတ်ဘူး ငါတို့ကို

www.burmeseclassic.com

ရိုက်ခွင့်မရှိဘူး၊ မင်းရိုက်တာ ငါတို့မခံနိုင်ဘူး' ဟု တုံ့ပြန်လိုက်ကြသည်။

အတန်းခေါင်းဆောင် မကျော့မနပ်ဖြစ်ပြီး ရုံးခန်းမှာရှိသော ဆရာမကို သွားတိုင်သည်။ ဆရာမ ဒေါသနှင့်လိုက်လာသည်။

ကျောင်းသားနှစ်ဦးက ဖြစ်ပုံအကျိုးအကြောင်းကို ပြောပြသည်။

'ဘယ်လိုပဲဖြစ်ဖြစ် နင်တို့စကားပြောရင် သူရိုက်ခွင့်ရှိတယ်၊ သူ့ကို ငါ ရိုက်ခွင့်ပေးထားတယ်' ဟု ဆရာမက ပြောသည်။

'သူက ဆရာမဟုတ်ဘူး သူရိုက်တာကို ကျွန်တော်တို့ မခံနိုင်ဘူး ဆရာမရိုက်တယ်ဆိုရင် ကျွန်တော်တို့ ခံနိုင်တယ်' ဟု ကျောင်းသားတစ်ယောက်က ပြောသည်။

'အဲဒီလိုဆို ရိုက်တယ်ဟယ်၊ ရိုက်တယ်ဟယ်'ဆိုပြီး ဆရာမက ပြန်ပြောသော ကျောင်းသားကို ဒေါသတကြီးနှင့် အတန်းထဲမှာပင် ဆက်ကာဆက်ကာ ရိုက်သည်။ ကျောင်းသား၏ ကျောကိုသာမက လက်မောင်းများပါ ရိုက်မိသည်။

အရိုက်ခံရသည့် ကျောင်းသားသာမက ကျန်သည့်ကျောင်းသူကျောင်းသားများပါ စိတ်မကောင်း ဖြစ်ကြရသည်။

ဆရာမသည် ကျောင်းသားအချင်းချင်း ရိုက်ခွင့်မပြုသင့်ပါ။ ထိုသို့အရိုက်မခံသည့်အတွက် ဒေါသတကြီးနှင့် ရိုက်သည်မှာလည်း မသင့်ပါ။ အရိုက်ခံရသူအနေနှင့် ဆရာမကို မတရား အနိုင်ကျင့်သည်ဟု စိတ်နာသွားနိုင်သည်။ ကျောင်းသား အချင်းချင်းလည်း မုန်းတီးသွားနိုင်သည်။ ဆင်ခြင်သင့်သောကိစ္စများ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရိုက်နှက်ဆုံးမခြင်းသည် မကောင်း၊ လုံးဝမလုပ်သင့်ဟု ဆိုလိုသည်မဟုတ်ပါ။ သို့သော် ကျောင်းသားကို ရိုက်နှက်ဆုံးမသည့် ကိစ္စသည် အတော်အပြစ်ကြီးမှုပြုသင့်ပါသည်။ ရိုက်နှက်ဆုံးမခြင်းကို လွယ်လွယ်ကူကူ သဘောထားပြီး ပေါ့ပေါ့ဆဆ မပြုသင့်ပါ။ ရိုက်နှက်ရာတွင် ကလေးတို့ကို အရှက်တကွဲ မဖြစ်စေသင့်ပါ။ အဆန်းထွင်ပြီး အပျော်ရိုက်ခြင်းမျိုး မဖြစ်သင့်ပါ။ ဒေါသအလျှောက် ရိုက်ခြင်း မဖြစ်သင့်ပါ။ ကျောင်းသားကို ကောင်းစေချင်သော စေတနာဖြင့် ကောင်းကျိုးရစေရန် ရည်မျှော်၍သာ ရိုက်သင့်ပါသည်။ ရိုက်နှက်ဆုံးမပုံ စနစ်မကျလျှင် ရိုက်နှက်ခြင်း၏ နောက်ဆက်တွဲများ ပေါ်ပေါက်လာတတ်သည်ကို ဆရာ ဆရာမတိုင်း လေးနက်စွာ သတိထားသင့်ပါသည်။

စေတနာနှင့် ရိုက်နှက်ဆုံးမရာမှ ကောင်းကျိုးရသွားလျှင် ရိုက်နှက်ဆုံးမခြင်း၏ နောက်ဆက်တွဲမှာ တပည့်ရော ဆရာပါ ကြည်နူးရခြင်း ဖြစ်စေတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာနှင့်ရိုက်တတ်ပါစေ

ဆရာသည် တပည့်တို့ကိုဆုံးမရာ၌ ရိုက်နှက်ဆုံးမခြင်းသည် ယေဘုယျအားဖြင့် မကောင်းသော်လည်း တစ်ခါတစ်ရံတွင် မလွှဲသာမရှောင်သာ ရိုက်နှက်ဆုံးမရန် လိုအပ်သည်များလည်း ရှိသည်။ ထိုအခါမျိုးတွင် အပြစ်နှင့်သင့်တန်စွာ ရိုက်နှက်ဆုံးမခြင်းဖြင့် ကောင်းကျိုးရသွားသည်များလည်း ရှိပါသည်။

ကျွန်တော်ကိုယ်တိုင် ဆယ်တန်းကျောင်းသား အရွယ် ရောက်မှ ရိုက်နှက်ဆုံးမခြင်းကို ခံခဲ့ရဖူးပါသည်။

ကျွန်တော် ဆယ်တန်းသို့ရောက်သောအခါ ကျောက်ဆည်မြို့မှ ပြည်လုံးနိုင် အလွတ်ပညာသင်ကျောင်းတွင် နေပါသည်။

ကျောင်းအုပ်ဆရာကြီးအမည်မှာ ဦးတင်ထွန်း ဖြစ်သည်။ ဆရာကြီးသည် ကျောင်းကို စီမံအုပ်ချုပ်သည့် တာဝန်အပြင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဆယ်တန်းကိုလည်း သင်္ချာ ၂ နှင့် အင်္ဂလိပ်စာသင်သည်။

ပင်ကိုအားဖြင့် ဆရာ့မျက်နှာမှာ တင်းမာသော်လည်း ပြုံးလိုက်သည့်အခါတွင် လွန်စွာ နှစ်လိုဖွယ်ရာ ကောင်းပါသည်။

ဆရာသည် သူသင်သည့် ဘာသာရပ်များကို ကျွမ်းကျင်နိုင်နင်းသည်။ အသင်အပြလည်းကောင်းသည်။ အထူးသဖြင့် ဆရာ့စေတနာမှာ သင်ပြရာတွင် ပေါ်လွင်နေသည်။ သူသင်ပြသည့် ဘာသာရပ်ကို တပည့်တိုင်းကောင်းစွာ တတ်မြောက် နားလည်စေချင်သည်။ စာမေးပွဲကိုလည်း အောင်စေချင်သည်။

ထိုအချိန်က ကျွန်တော်တို့ကျောင်းတွင် ဆယ်တန်း ကျောင်းသူကျောင်းသား ၂၈ ယောက်သာရှိသည်။ ကျွန်တော်တို့အားလုံးကို ဆရာက ဆယ်တန်းစာမေးပွဲ အောင်သွားစေချင်သည်။

ညနေကျောင်းဆင်း၍ အိမ်ပြန် ထမင်းစားပြီးလျှင် ညပိုင်းတွင် ကျောင်းသို့ပြန်၍ စာကြည့်ရသည်။ ည ခုနစ်နာရီမှ ကိုးနာရီအထိ စာကြည့်ချိန် သတ်မှတ်ထားသည်။ ဆရာကိုယ်တိုင် စောင့်သည်။ နားမလည်သည်ရှိ၍ မေးလျှင်လည်း ရှင်းပြသည်။

တစ်ပတ်မှာ စနေနေ့ တစ်ညသာ စာကြည့်ချိန်နားသည်၊ ရုပ်ရှင်ကြည့်ချင်လျှင် ထိုရက်မှာ ကြည့်ခွင့်ပြုသည်။

စနေတစ်ရက်တွင် ကျွန်တော် ရုပ်ရှင်သွားကြည့်သည်။ နောက်ပြမည့်ကားကို ရုပ်ရှင်ရုံမှ နမူနာပြသည်။ တာဇံ ဇာတ်ကားဖြစ်သည်။ တာဇံနှင့် မိကျောင်း ရေထဲမှာ သတ်ခြင်း၊ တာဇံနှင့် ကြံ့ကြီးသတ်ခြင်း၊ နွယ်ကြိုးများနှင့်လွဲ၍ သစ်ပင်များကို ကူးသွားသောတာဇံ၊ ဆင်ကြီးများနှင့် လိမ္မာသော ချင်ပန်ဇီမျောက် ဟာလေး။

www.burmeseclassic.com

www.burmeseclassic.com



အလွန်ကြည့်ချင်စရာကောင်းသည်။ ထိုကားကို ကျွန်တော် သိပ်ကြည့်ချင်သည်။ ပြမည့်ရက်ကို ကြေငြာသည်။ လာမည့် ဗုဒ္ဓဟူးနေ့ ညနေနှင့် ကြာသပတေးနေ့ည နှစ်ညတည်းသာ ပြမည်။

ခက်ပြီ။ ထိုနှစ်ညလုံးက ကျောင်းမှာ စာကြည့်ချိန် ရှိသည်။ ဆရာကြီးက စည်းကမ်းကြီးသည်။ နေ့ခင်းမှာ ကျောင်းပျက်၍ မရသကဲ့သို့ ညစာကြည့်ချိန်ကိုလည်း ပျက်၍မရ။

ဘယ်လို ကြံရပါ့ . . .

ကျွန်တော် ဉာဏ်နီဉာဏ်နက် ထုတ်ရပြီ။

ဗုဒ္ဓဟူးနေ့တွင် ကျွန်တော် ကျောင်းတက်ပါသည်။ သင်ကြားပို့ချသော သင်ခန်းစာများကိုတော့ အလွတ်မခံဝံ့ပါ။

ညနေ ငါးနာရီခန့်တွင် ကျွန်တော် အနွေးထည်ဝတ်ပြီး ဆရာကြီးထံသွားသည်။

ဆရာကြီး၊ ကျွန်တော် နေမကောင်းလို့ ဒီနေ့ည စာကြည့်ချိန် ခွင့်တိုင်ချင်လို့

ဆရာက ကျွန်တော့်ကို ကြည့်လိုက်သည်။

အေး ဟုတ်ပါရဲ့ မင့်မျက်နှာက ညှိုးနေတယ်၊ ပြစမ်း

ဆရာကြီးက ကျွန်တော့် နဖူးကို ကြင်ကြင်နာနာ စမ်းကြည့်သည်။

ကိုယ်တော့မပူပါဘူးကွ၊ မင်း ညကျသိပ်ပြီး အိပ်ရေးပျက်ခံ စာကြည့်တယ် ထင်တယ်၊ အားနည်းလို့ ဖြစ်မှာပါ။ ပြန်ပြီး အိပ်ရေး ဝအောင် အားရပါးရ အိပ်လိုက်ကွာ၊ နေဦးကွ၊ ဆရာ ဆေးပေး လိုက်ဦးမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးသည် ကျောင်းထဲမှာပင်နေသူဖြစ်၍ သူ့အခန်းသို့ သွားပြီး ဆေးယူသည်။

'ဒါ အားဆေးကွ၊ ဒီနေ့ည ဒီဆေးနှစ်လုံးကို သောက်ပြီး အိပ်လိုက်၊ အိမ်မှာ စာကြည့်မနေနဲ့ ကဲ သွား'

ကျွန်တော် စိတ်ထဲမှာ မကောင်းပါ။

ကျွန်တော်က ရုပ်ရှင် ကြည့်ချင်၍ ဆရာကြီးကို ညာသည်။ ဆရာကြီးက တကယ်မှတ်၍ ကြင်ကြင်နာနာနှင့် ဆေးပေးပြီး အိပ်ရေးဝအောင် အအိပ်ခိုင်းနေသည်။

ကျောင်းမှပြန်လာသည့် လမ်းတစ်လျှောက်လုံး ကျွန်တော့် စိတ်ထဲမှာ ချီတုံချတုံ ဖြစ်နေမိသည်။

ဆရာကြီး၏ မေတ္တာ စေတနာကို လေးစားသည်။ မိမိ အပေါ်တွင် ဤမျှ ကြင်နာကောင်းမွန်သော ဆရာကြီးကို စော်ကား သလို မဖြစ်ချင်။

ငါ ရုပ်ရှင် မကြည့်တော့ပါဘူး၊ အိမ်ပြန်ရောက်ရင် ဆရာ ကြီးပေးတဲ့ အားဆေးနှစ်လုံးသောက်ပြီး စာကျက်တော့မယ်ဟု ဆုံးဖြတ်လိုက်သည်။

ခြေလှမ်းများ ပေါ့ပါး သွက်လက်သွားသည်။

သို့သော် တာဇံကားကိုလည်း သိပ်ကြည့်ချင်သည်။ တာဇံ၏ တောသံပေး၍ အော်သံကို နားထဲမှာ ကြားယောင်လာသည်။ နွယ်ကြိုးနှင့်လွှဲ၍ ရေထဲ ဒိုင်ဗင်ထိုးချသွားပုံကို မြင်ယောင်မိသည်။

ဆရာ့ စေတနာကို လေးစားတဲ့အနေနဲ့ နောက်နေ့တွေကျမှ စာပိုကျက်ရင်လည်း ဖြစ်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဖောက်ပြန်လိုသော အတွေးက ဆင်ခြင်ပေးလာသည်။

အိမ်ပြန်ရောက်သည်အထိ စိတ်ထဲမှာ မပြတ်သား။

ရုပ်ရှင်က ရှစ်နာရီထိုးလောက်မှ စပြမည်။

လက်မှနာရီကို ကြည့်လိုက်သည်။ ခြောက်နာရီသာ ရှိသေးသည်။

ကျက်စရာရှိသော စာများကို ကျက်လိုက်ဦးမည်။ စာကြည့်စားပွဲ ထိုင်သည်။ စာထဲတွင် စိတ်ဝင်စား၍ မရ။ ဆရာကြီးနှင့် တာဇံတို့ လွန်ဆွဲနေကြသည်။

ခုနစ်နာရီခွဲသောအခါ လွယ်အိတ်ကိုလွယ်ပြီး အိမ်မှ ထွက်ခဲ့သည်။ ည စာကြည့်ရန် သွားသည့်ပုံ။

ရုပ်ရှင်ရုံနား ရောက်ခါနီးပြီ။ ဆရာကြီး မျက်နှာကို မြင်ယောင်လာ၍ သိပ်ကိုအားနာမိသည်။

ရေခင်းသံခါတ်ပြား ဖွင့်နေပြီ။ ကိစ္စမရှိ။ စဉ်းစားချိန် ရသေးသည်။ ထိုအချိန်က ကွန်တော်တို့မြို့မှ ရုပ်ရှင်ရုံသည် ရေခင်းသံ နှစ်ခါဖွင့်မှ ပြသည်။

နောက်ဆုံးတွင် ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ သို့သော် ရုပ်ရှင်ရုံသို့ဝင်၍ မဖြစ်သေး။ ရုပ်ရှင်ရုံအနီးမှ ကုက္ကိုပင်အောက်တွင် မှောင်ရိပ်ခို၍ ရပ်နေသည်။

ဆရာကြီးက ညစာကျက်ချိန်တွင် စာမကျက်ဘဲ ရုပ်ရှင်လာကြည့်သော ရှစ်တန်း ကိုးတန်းမှ ကျောင်းသားများကို စောင့်ဖမ်းတတ်သည်။ ရုပ်ရှင်ပြနေမှ ဝင်ရမည်။

ရေခင်းသံ နှစ်ခါဖွင့်ပြီးသည်နှင့် ရုပ်ရှင်ရုံဘက်သို့ လျှောက်

www.burmeseclassic.com

www.burmeseclassic.com



လာလိုက်သည်။

ဆရာကြီးတို့အဖွဲ့ ရှိမရှိကို ကြည့်သည်။ လုံးဝမတွေ့ရ။

ကျွန်တော်က အဝင်၊ ဆရာကြီးနှင့် ဆရာနှစ်ယောက်က ရုံထဲမှအထွက် ပက်ပင်းပါ တိုးမိတော့သည်။

'ဟင် မင်း နေမကောင်းဘူးဆို'

ဆရာကြီး မကျေမနပ်ပြောရင်း ကျွန်တော့်ကို ကြည့်နေသည်။ မျက်နှာထားက တင်းလှသည်။

ကျွန်တော့် တစ်ကိုယ်လုံး တုန်သွားသည်ဟု ခံစားလိုက်ရသည်။

ဖြစ်နိုင်လျှင် ထိုနေရာမှာပင် ပျောက်သွားလိုက်ချင်သည်။

ဆရာကြီး ကျွန်တော့ကို နားရင်းရိုက်တော့မည် ထင်သည်။

သို့သော် ဆရာကြီးက မရိုက်၊ ရုပ်ရှင် ကြည့်နေသူများကို စိတ်အနှောင့်အယှက်ဖြစ်မည် စိုးဟန်တူသည်။

နက်ဖြန်ခါ မနက်ကျရင် မင်းရုံးခန်းလာခဲ့ အခုပြန်တော့

ကျွန်တော် ရုံထဲမှ ထွက်လာခဲ့ရသည်။

ဆရာကြီးနှင့် ဆရာနှစ်ယောက်လည်း ကျောင်းသို့ ပြန်သွားသည်။

'သွားပြီ'

ကျွန်တော် စိတ်ပျက်လက်ပျက် ဖြစ်မိသည်။

အရိုက်လည်း ခံရမည်။ တာဇံ ဇာတ်ကားလည်း မကြည့်ရ။

ထိုအတွေးက ကျွန်တော့်စိတ်ကူးကို တစ်မျိုးတစ်ဖုံ ပြောင်းလဲစေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးနှင့် မိပြီးပြီ။ မနက်ဖြန်ကာ အရိုက်ခံရမှာ သေချာသည်။ အရိုက်ခံမည့်အတူတူ တန်အောင် တာဇံ ဇာတ်ကားကို ပြန်ကြည့်မည်။

ကျွန်တော် ရုပ်ရှင်ရုံသို့ တစ်ခေါက်ပြန်သွားပြီး ကြည့်ပါသည်။

တာဇံ ဇာတ်ကား သိပ်ကောင်းပါသည်။ ဆရာကြီးကိုပင် မေ့သွားပြီ။

မနက်ဖြန် အရိုက်ခံရမည်ကိုလည်း မေ့နေသည်။

ရုပ်ရှင်ပြီးသောအခါ ကျွန်တော် အေးအေးဆေးဆေး ပြန်ထွက်လာခဲ့သည်။ ဆရာကြီး နောက်တစ်ခေါက်လာပြီး စောင့်လိမ့်မည် မထင်။

သို့သော် ဆရာကြီး ရုပ်ရှင်ရုံထွက်ပေါက်နှင့် ခပ်လှမ်းလှမ်းမှ စောင့်နေသည်။

ဆရာ တပည့် ဆုံကြရပြန်ပြီ။

ဆရာကြီး ကျွန်တော့်ကို ကြည့်နေသည်။

ကျွန်တော် ဆရာကြီးကို မကြည့်ဝံ့၍ ခေါင်းငုံ့ပြီး ထွက်လာခဲ့သည်။ ဆရာကြီးက လှမ်းခေါ်ခြင်းမရှိ။

နောက်တစ်နေ့တွင် ကျွန်တော် ဆရာကြီးရုံးခန်းသို့ သွားသည်။

'ဘယ်လိုလဲကွ၊ တာဇံဇာတ်ကား တော်တော်ကောင်းလား' ဆရာကြီး၏ အမေးကို ကျွန်တော် မဖြေဝံ့ပါ။

'မင်းမှာ အပြစ်ရှိသလား'

www.burmeseclassic.com

www.burmeseclassic.com



'ရှိပါတယ် ဆရာကြီး'

'ငါကတော့ တကယ်နေမကောင်းဘူးမှတ်လို့ ဆေးတောင်ပေးလိုက်သေးတယ်။ မင်းကတော့ ရုပ်ရှင်သွားကြည့်တယ်'

ကျွန်တော် စိတ်မကောင်း ဖြစ်မိသည်မှာ အမှန်ပါ။

ငါပြန်လွှတ်တာတောင် နောက်တစ်ခါ ပြန်ကြည့် လိုက်သေးတယ်။

ကျွန်တော် ဆရာကြီးကို ရှက်ရွံ့အားနာ ဖြစ်မိပါသည်။

'မင်းကို ငါရိုက်သင့်သလား'

ဆရာကြီးက ကျွန်တော့် သဘောတူညီချက် တောင်းသည်။

'ရိုက်သင့်ပါတယ် ဆရာကြီး'

ကျွန်တော် ကျေနပ်စွာ လက်ခံပါသည်။

ဆရာကြီးက စားပွဲပေါ်မှ ကြိမ်လုံးကို ကောက်ကိုင် လိုက်သည်။

'ဟိုဘက်လှည့်'

ကျွန်တော် လှည့်ပေးလိုက်သည်။

'လက်ပိုက်ထား'

ဆရာကြီးက လက်ကိုထိမှာ စိုးသည်။

'ရွှမ်း'

သိပ်မှန်သည့် ရိုက်ချက်ဖြစ်သည်။

ငါကတော့ အောင်စေချင်လွန်းလို့ တစ်နှစ်ဆိုတဲ့ အချိန်ဟာနည်းတာမဟုတ်ဘူးကွ၊ စာမေးပွဲကျသွားရင် ငွေလည်းကုန်၊ အချိန်တွေလည်းကုန်၊ စိတ်ဓါတ်လည်းပျက်၊ အများကြီး ဆုံးရှုံးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီဆယ်တန်း အောင်ပြီးတဲ့နောက်ကျ ကြည့်ပါလေ့၊ ဒီထက်ကောင်းတဲ့ကားတွေ အများကြီး ကြည့်ရဦးမယ်၊ နောက်စာကြည့်ချိန်ဖျက်ပြီး ရုပ်ရှင်ကြည့်ဦးမလား။

'မကြည့်တော့ပါဘူး ဆရာကြီး'

'ရှမ်း'

ဒုတိယအချက်မှာပို၍ သတိထားသည့်ကြားမှ ကျောကော့သွားရသည်။

'စာကြိုးစားမလား'

'ကြိုးစားပါ့မယ် ဆရာကြီး'

'ဒီနှစ်အောင်အောင် လုပ်မှာလား'

'လုပ်မှာပါ ဆရာကြီး'

'မင်း ငါ့ကို ကတိပေးတယ်နော်'

'ပေးပါတယ် ဆရာကြီး'

'သွားတော့'

ကျွန်တော် စာကြည့်ချိန်မှာ နောက်ထပ် ရုပ်ရှင်ကြည့်ခြင်း တစ်ခါမျှ မလုပ်တော့ပါ။ ဆရာကြီး စေတနာကို လေးစား၍ ဆရာကြီးကို ပေးခဲ့သည့် ကတိအတိုင်း ကျွန်တော် ကြိုးစားပါသည်။

ထိုနှစ်က ကျွန်တော် ဆယ်တန်းစာမေးပွဲ အောင်သွားပါသည်။

ဆရာကြီး ရိုက်ပုံစနစ်ကျ၍ ကျွန်တော် ကောင်းကျိုးရခဲ့ပါသည်။ စေတနာနှင့် ရိုက်ခြင်းဖြစ်၍ အရိုက်ခံရသည့် တပည့်မှာလည်း ကျေနပ်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## အကျိုးကိုမျှော်၍အပြစ်ပေးခြင်း

လူနှင့်လူချင်းနာကျင်အောင် ရိုက်နှက်ခြင်းမှာမကောင်းပါ။ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့် ရိုက်နှက်ဆုံးမခြင်းကိုလည်း ယေဘုယျသဘောနှင့်ပြောရလျှင် မကောင်းပါ။ သို့သော် ကိစ္စတိုင်းကို တစ်ဖက်သတ်တရားသေ ယူဆပြောဆို၍လည်း မရပါ။ အကောင်းအဆိုး၊ အကျိုးအပြစ်တို့သည် ဒွန်တွဲ၍ ရှိနေကြသည်။ ရိုက်နှက်ဆုံးမရာမှ အဆိုးဖြစ်သွားသည်များ ရှိသကဲ့သို့ စနစ်တကျ ရိုက်နှက်ဆုံးမ၍ ကောင်းကျိုးရသွားသည်များလည်း ရှိပါသည်။

ဆရာကောင်းတို့သည် ရိုက်သင့်သည့်ကိစ္စ၊ မရိုက်သင့်သည့်ကိစ္စကို ခွဲခြား၍ ရိုက်သင့်သော ကိစ္စများတွင်တပည့်၏နောင်ရေးအတွက် ကောင်းကျိုးကို ရည်မျှော်ပြီး ထိုက်တန်စွာ ရိုက်နှက်ဆုံးမတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## တိလမုဋ္ဌိဇာတ်

ငါးရာ့ငါးဆယ် နိပါတ်တော်လာ တိလမုဋ္ဌိဇာတ်တွင် ဗာရာဏသီပြည်မှ ဗြဟ္မဒတ်မင်းကြီး၏ သားတော် ဗြဟ္မဒတ္တမင်းသားသည် တက္ကသိုလ်ပြည်မှ ဒိသာပါမောက္ခဆရာ့ထံတွင် ပညာသင်ကြားစဉ် တစ်နေ့၌ ဆရာကြီးနှင့်အတူ ရေချိုးဆိပ်သို့ ရေချိုးရန်လိုက်ခဲ့ရာ လမ်းခရီးတွင် အဖွားကြီးတစ်ယောက်က နှမ်းများကိုလှန်းထားသော နှမ်းများကိုတွေ့၍ နှမ်းတစ်ဆုပ်ကို ယူလိုက်သည်။

နှမ်းပိုင်ရှင် အဖွားအိုသည်မြင်သော်လည်း ဘာမျှမပြောဘဲ နေ၏။ ဒုတိယနေ့နှင့် တတိယနေ့များတွင်လည်း ဗြဟ္မဒတ္တမင်းသားသည် ပထမနေ့အတိုင်းပင် နှမ်းတစ်ဆုပ်စီယူ၍စား၏။

အဖွားအိုသည် သည်းမခံနိုင်တော့၍ 'ဆရာကြီးသည် တပည့်များကို လုယက်ခိုင်းသည်' ဟု ဟစ်အော်ငိုကြွေးသည်။ ဆရာကြီးသိသောအခါ အဖွားအိုကို တန်ဖိုးလျော်ပါမည်ဟု ပြောဆိုသည်။ အဖွားအိုက တန်ဖိုးလျော်ရန်မလိုပါ နောင်တွင်ဤသို့ မပြုရန်သာ ဆုံးမပါဟုဆိုသည်။

ဆရာကြီးက အဖွားအို၏ ရှေ့မှာပင် မင်းသားကို 'နောင်ဤသို့မပြုလင့်' ဟု ဆိုကာ ဝါးခြမ်းစိတ်ဖြင့် သုံးချက်ရိုက်၏။ မင်းသား ပညာစုံ၍ ဗာရာဏသီပြည်သို့ ပြန်ရောက်ပြီး မင်းဖြစ်သောအခါ ဆရာကြီးကိုဗာရာဏသီပြည်သို့ကြွလာပါရန်အကြောင်းကြားသည်။ ဆရာကြီးသည် ဗာရာဏသီမင်း ငယ်ရွယ်သေး၍ အသိဉာဏ်မရင့်သေးသောကြောင့် ဒုတိယအရွယ်ရောက်မှ လိုက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မင်းသားသည် အမတ်များကိုခေါ်၍ 'အမတ်တို့ ငါ့အား ဆရာကြီးရိုက်ခဲ့သော ဒဏ်ရာသည် ယနေ့တိုင်နာကျင်နေသေးသည်။ ဆရာသည် ယနေ့သေဖို့ ကံကြမ္မာပါ၍ ဤနန်းတော်သို့ ရောက်လာသည်ဟု' ဆိုသည်။

ဆရာကြီးက 'မြတ်သောမင်းကြီး အကျွန်ုပ်သည် သင်မင်းကြီးကို ငယ်စဉ်က မဆုံးမခဲ့လျှင် နောင်တွင်လမ်းသွားလမ်းလာများနှင့်ကျေးရွာများကို တစ်ဆင့်တက်ပြီး လုယက်တိုက်ခိုက်လာနိုင်ပါသည်။ ထိုသို့ဆိုလျှင် ပြစ်ဒဏ်အမျိုးမျိုးသက်ရောက်၍ ယနေ့ရရှိနေသော မင်းစည်းစိမ်ကိုလည်း ရမည်မဟုတ်ပါ။ မင်းကြီး၏လက်ရှိစည်းစိမ်သည် ကျွန်ုပ်ကြောင့်ရရှိသော စည်းစိမ်ဖြစ်ပါသည်' ဟု တင်လျှောက်လေသည်။ ထိုအခါမင်းကြီးသည် ဆရာကြီးအပေါ် ထားသည့် ရန်ငြိုးများ ပြေပျောက်ပြီး အသိမှန်ရောက်၍ ဆရာကြီးအား ပရောဟိတ်ဆရာခန့်ထားသည်။ ဆရာကြီး အဆုံးအမများကိုလည်း သက်ဆုံးတိုင် ခံယူသွားလေသည်။

## မင်းတုန်းဘုရင်နှင့် စံကျောင်းဆရာတော်

ရတနာပုံနေပြည်တော်မှ ပဥ္စမသင်္ဂါယနာတင် ဘုရင်မင်းတုန်းမင်း တရားကြီးငယ်စဉ် မောင်လွင် ဘဝက ဇောတိကာ ရာမတိုက် ရတနာဘုံစံ စံကျောင်းတော်တွင် ပညာသင်ကြားစဉ် ဆရာဘုန်းကြီးဦးစန္ဒိမာက တစ်နေ့သောအခါမှာ အင်းသူကြီး ကြွေလာရောက်လှူဒါန်းသော ငါးခြောက်ပြားကို သိမ်းဆည်းထားရန် ပေးအပ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောင်အခါ ဆရာဘုန်းကြီးက အလိုရှိ၍ ငါးခြောက်ပြားကို မေးသောအခါ မောင်လွင် သိမ်းဆည်းထားရာ ကျက်သရေခန်းထဲမှာ ငါးခြောက်ပြား မရှိတော့ပါ။ မောင်လွင်သည် ငါးခြောက်ပြား ပျောက်ဆုံးသွား၍ မရှိတော့ကြောင်း ဆရာတော်ကို လျှောက်ထားသည်။

'ဟဲ့ ငလွင် ရှင်ဘုရင့်သားဆိုတာ အကြောင်းညီညွတ်ရင် နိုင်ငံတော် အုပ်ချုပ်မင်းလုပ်ရမည့်သူမဟုတ်လား။ ဒီလိုနိုင်ငံတော်ကို ထိန်းသိမ်းရမည့်သူက ငါးခြောက်ကလေးတစ်ချပ်ကိုမှ လုံခြုံအောင် မထိန်းသိမ်းနိုင်ရင် နိုင်ငံတော်ကို ဘယ်လိုလုံခြုံအောင် အုပ်ချုပ်ထိန်းသိမ်းနိုင်မလဲဟဲ့' ဟု မိန့်တော်မူပြီး ကျောပြင်ကို အရှုံးထင်အောင် ရိုက်နှက်ဆုံးမခဲ့၏။

မင်းတုန်းမင်းကြီးသည် ရှင်ဘုရင်ဖြစ်သည်အထိ ဆရာတော်၏ ဆုံးမသြဝါဒကို ရိုသေလေးစားစွာ မှတ်သားထားခဲ့သည်။ ဆရာတော်သည် မင်းဖြစ်မည့်သူအား မပေါ့မလျော့ သတိရှိစေရန် ရိုက်နှက်ဆုံးမခဲ့ခြင်းဖြစ်ပေသည်။

လောကနီတိတွင်လည်း 'အိုးထိန်းသည် သည်အိုးကို ကွဲစိမ့်သောငှာ မခတ်၊ တင့်တယ်စိမ့်သောငှာ ခတ်၏။ ဆရာသည် တပည့်တို့အား အပါယ်ဆင်းရဲတို့သို့ ကျစေခြင်းငှာ မပုတ်ခတ်၊ အတတ်ပညာ အစီးအပွားဟူသော အကြောင်းကြောင့် ပုတ်ခတ်၏' ဟူ၍ ပြဆိုထားပေသည်။ တပည့်တို့အား ဆရာ၏ ရိုက်နှက် ပုတ်ခတ်ခြင်းသည် တပည့်၏ ပညာတတ်စေခြင်း၊ ကောင်းကျိုး တိုးတက်စေခြင်း အတွက်သာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com


## အလျှမ်းပျောက်သော သင်္ချာဆရာ

သင်္ချာသင်သော ဆရာတစ်ယောက်သည် သင်္ချာတစ်ပုဒ်ကို တွက်ရာ၌ အဖြေမှန်သော်လည်း အဖျက်ရာပါလျှင် ရိုက်သည်။ ကျွန်တော်၏ သားသည် ရှစ်တန်းနှစ်တွင် ထိုဆရာနှင့်ကြုံရ၏။ အိမ်စာ တွက်ရန် သင်္ချာငါးပုဒ်လောက်ပေးလျှင် ကျွန်တော့်သားမှာ သုံးနာရီ လောက်ကြာအောင် သင်္ချာနှင့်သာ အချိန်ကုန်ရသည်။ ကျန်သည့် စာ များကို လုံးဝမကျက်ရ။

ခဲဖျက်နှင့် သပ်သပ်ရပ်ရပ်ဖျက်ပြီး ပြန်ရေး၍လည်းမရ၊ ဖျက်ပြီးပြန်ရေးထားသည်ကို ထိုဆရာက တွေ့အောင်ရှာသည်။ တွေ့ သည်နှင့်ရိုက်သည်။

ဘလိတ်ဓားပါးပါးထက်ထက်နှင့် ဖျက်မှန်းမသိအောင် ဖျက် သည်။ သပ်သပ်ရပ်ရပ်ကလေး ပြန်ရေးထားသည်။ ထိုဆရာက တွေ့ သည်။ ရိုက်သည်။

တစ်လုံးမှားသွားသည်နှင့် တစ်ပုဒ်လုံးကို ဖျက်ပြီး မျဉ်းပိတ် ရသည်။ အသစ်တစ်ခါ ပြန်တွက်ရသည်။ သင်္ချာတစ်လုံးမျှ မလွဲရ။ အဖျက်ရာမပါစေရ၊ ရေးသော စာလုံး ပီသရှင်းလင်းရသည်။ တစ်လုံး မျှ အဖျက်ရာမပါစေရ၊ အဖြေ၏ အောက်တွင် မျဉ်းနှစ်ကြောင်းကို ညီ အောင်သားရသည်။ တစ်ဖက်ကျဉ်းကျယ်ဖြစ်၍မရ၊ မျဉ်းတစ်ကြောင်း က နည်းနည်းလေးပိုရှည်၍မရ။ သားခမျာ ညစာကြည့်ချိန်ကို သင်္ချာ နှင့်သာ ကုန်နေရသည်။

'ဟာ သွားပါပြီဗျာ'

သားက ညည်းရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးခါနီးမှ စာတစ်လုံးမှားရေးမိ၍ တစ်ပုဒ်လုံးအသစ်ပြန်ကူး ရသည်။ အချိန်တွေ အပိုထပ်ကုန်ရသည်။ ရှစ်တန်းဆိုသည်မှာ အရေး ကြီးသော အတန်းဖြစ်၏။ ကျက်စရာစာများစွာရှိသည်။ သချာ်တစ်ခု တည်းနှင့်အချိန်တွေ အများကြီးပေးနေရသည်။ ထိုဆရာ၏ လုပ်ရပ်ကို ကျွန်တော်ကိုယ်တိုင် နားမလည်အောင်ဖြစ်မိသည်။

သို့သော် တစ်လခန့်ကြာသောအခါ သချာ်ငါးပုဒ်ကို ကျွန်တော့်သားသည် အမှားအယွင်းအဖျက်ရာ မပါအောင် နှစ်နာရီနှင့် စွမ်းဆောင်နိုင်လာသည်။ နောက်ထပ်တစ်လကြာသောအခါ တစ်နာရီနှင့်စွမ်းဆောင်နိုင်လာသည်။သုံးလကြာသောအခါ ပေါ့တီပေါ့ဆ ရေးသော အကျင့်လုံးဝပျောက်သွားသည်။ သတိထားသော အကျင့် သိပ်ကောင်းသွားသည်။ လျှမ်းသည်ဆိုသော အမှားအယွင်းများလုံးဝ ကင်းသွားသည်။ ကျန်သည့်စာများကိုလည်း ကျက်မှတ်ချိန်ရလာ သည်။

ကျွန်တော့်သားသည် သချာ်တွက်ရာတွင် ငယ်စဉ်ကတည်း က အလွန်လျှမ်းသည်။ တစ်ပုဒ်လုံးမှန်ပြီး အဖြေထုတ်မှ တလွဲရေးချင် ရေးမိတတ်သည်။

အပေါ်မှ ဂဏန်းသည် အောက်တစ်ကြောင်းတွင် အရေး အကူးမှား၍ ပြောင်းသွားသည်။ ထိုတစ်လုံးမှားပြောင်းမိ၍ တစ်ပုဒ်လုံး မှားသွားရသည်။ ယခုတော့ သုံးလအတွင်းမှာ လျှမ်းသည့်အကျင့် လုံးဝပျောက်သွားပြီး စာမေးပွဲကြီးတွင် သချာ်ဂုဏ်ထူးထွက်သည်။ ကိုးတန်း၊ ဆယ်တန်းအထိ ထိုအကျင့်ကောင်း ဆက်ပါသွား၍ ဆယ်တန်းမှာလည်း သချာ်ဂုဏ်ထူးရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်သား၏ လျှမ်းတတ်လွန်းသော အကျင့်ကြောင့် သင်္ချာဘာသာတွင် မည်သည့်စာမေးပွဲမျှ ဂုဏ်ထူးရမည်မဟုတ်ဟု ကျွန်တော်ထင်ခဲ့သည်။ ဆရာကောင်း၏ ကျေးဇူးကြောင့် သုံးလနှင့် အကျင့်ဆိုး ပျောက်ပြီး အကျင့်ကောင်းရောက်ရသည်။

နှိပ်လိုနှိပ်စက်နိုင်သည်။ အလဟဿအချိန် ကုန်အောင် ညှဉ်းပန်းသည်ဟု ကျွန်တော့်စိတ်ထဲမှ ပစ်မှားခဲ့မိသည်ကို ကောင်းကျိုးရမှ ထိုဆရာအားဖွင့်ပြောပြီး တောင်းပန်ရသည်။ ဆရာက ပြုံးနေသည်။

'ခဏတော့ ဒုက္ခရောက်တာပေါ့ဗျာ၊ ဒါပေမဲ့ သင်္ချာဆို တာ သိပ်တိကျမှုလိုတယ်။ လျှမ်းလို့မရဘူး။ ပေါ့တိပေါ့ဆလုပ်လို့ မရဘူး။ ဆရာ့သားတင် မဟုတ်ပါဘူး၊ ကလေးတိုင်းလိုလို လျှမ်းကြ တာပါပဲ။ ပေါ့တိပေါ့ဆလုပ်ခွင့်ရခဲ့တော့ အဲဒါက အကျင့်ပါလာတာပဲ၊ သတိထားတဲ့အကျင့် ကောင်းသွားရင် လျှမ်းတာ အလိုလိုပျောက်သွား တာပဲ၊ ဒါကြောင့်မို့ ကျွန်တော်အမုန်းခံပြီး လုပ်တာပါ။ နောက်တော့ ကျေးဇူးတင်ကြတာပါပဲ' ဟု သင်္ချာဆရာက ရှင်းပြသည်။ ကလေးတိုင်း အရိုက်ခံရမည်ကို ကြောက်ကြသည်။ အမှားပါလျှင် အဖျက်ရာပါလျှင် ရိုက်မည်ဆိုသောအခါ အမှားကင်းအောင် ကြိုးစား ခြင်းဖြင့် အကျင့် ကောင်းရသွားကြသည်။

## လက်ရေးမလှ လက်ဝါးချ

တက္ကသိုလ်ရောက်သည်အထိ လက်ရေးအလွန်လှသော တပည့်မတစ်ဦးကို တွေ့ဖူးသည်။ အမြန်ပြောသည်ကို အမြန်လိုက်ရေး

www.burmeseclassic.com

www.burmeseclassic.com



ရာမှာလည်း လက်ရေးလှနေသည်။ အဆွဲအငင်၊ အရစ်အပင့်၊ အသတ် အားလုံးရေးထုံးနှင့်ညီသည်။ လက်ရေးလှရုံမက ရှင်းလည်း ရှင်း သည်။ ပုဒ်ထီး ပုဒ်မအဖြတ်အားလုံး စနစ်ကျသည်။

ဘာဖြစ်လို့ လက်ရေးဒီလောက်ကောင်းနေရတာလဲဟု မေး ကြည့်ရာ မူလတန်းတွင် သင်ခဲ့ရသော ဆရာမကြီးက လက်ရေး ကောင်းအောင်၊ အဆွဲအငင်အဖြတ်အတောက်မှန်ကန်အောင် စနစ် တကျ သင်ပေးသည်။ လက်ရေးမလှလျှင် ရေးထုံးမှားလျှင် လက်ဝါး ဖြန့်ခိုင်းပြီး ပေတံနှင့်ရိုက်သည်။ ထို့ကြောင့် အမြဲတမ်းသတိထားပြီး လက်ရေးလှအောင် ကြိုးစားရေးရသောကြောင့် ကျင့်သားကျပြီး အသက်ကြီးသည်အထိ လက်ရေးလှနေကြောင်း၊ မြန်မြန်ရေးလျှင်လည်း လက်ရေးပျက်မသွားကြောင်း ပြောပြသည်။ အလွန်ကောင်းသော အကျင့်ကို စနစ်ကျသော ဆရာမကြီးက တစ်သက်လုံး အကျိုးရှိနေ အောင် လေ့ကျင့်ပေးခြင်းဖြစ်ပေသည်။

ဆုံးမတတ်သော ဆရာကောင်းတပည့်ဖြစ်ခဲ့ရသည့် ကျေးဇူး ကို တပည့်သည် အသက်ထက်ဆုံး ခံစားရပေ၏။

ကျွန်တော်၏ အဖေကြီးသည် မူလတန်းကျောင်းအုပ်ဆရာ ကြီးဖြစ်သည်။ ကျွန်တော်သည် မူလတန်းပညာကို အဖေကြီး၏ ကျောင်းမှာပင် သင်ခဲ့ရသည်။ အဖေကြီးသည် ကျောင်းသူ ကျောင်း သားများနှင့် ရင်းနှီးချစ်ခင်စွာ ပြောဆိုနေထိုင်တတ်သည်။ ရိုက်နှက် ဆုံးမခြင်း လွန်စွာနည်းပါးသည်။ နူတ်ဖြင့်သာ နားလည်အောင် ပြောဆို ဆုံးမလေ့ရှိသည်။ သို့သော် အဖေကြီးသည် ရန်ဖြစ်ခြင်းနှင့် ဆဲရေး တိုင်းထွာခြင်းကို အလွန်စက်ဆုပ် ရွံ့မုန်းသည်။ ရန်ဖြစ်လျှင် ဆဲရေး

www.burmeseclassic.com

www.burmeseclassic.com



တိုင်းထွာလျှင် ရိုက်နှက်၍ ဆုံးမလေ့ရှိသည်။ အဖေကြီး၏ မူလတန်းကျောင်းဝန်းကျင်သည် ကျေးလက်တောရွာဖြစ်၍ ခိုက်ရန်ဖြစ်ပွားမှုများသည် ဓားခုတ်မှု၊ လူသတ်မှုများအထိ ဖြစ်ပွားကြသည်။ ဒေါသအလျောက် ခိုက်ရန်ဖြစ်ရာမှ သတ်သူရော၊ သေသူပါ ဒုက္ခဖြစ်ရသည်။ မိသားစုများ ဆွေမျိုးများပါ ပူဆွေးသောကဖြစ်ကြရသည်ကို အဖေကြီး တွေ့မြင်နေရသည်။

လူများမှာ စရိုက်ကြမ်း၍ ဆဲရေးတိုင်းထွာမှုကိုလည်း လွယ်လွယ်ကူကူပြုနေကြသည်။ ရန်ဖြစ်လျှင် မကြားဝံ့မနာသာ ဆဲရေးတိုင်းထွာကြသည်။ အဖေကြီးကိုလည်း မိန်းမကြီးတစ်ယောက်က အိမ်ရှေ့မှနေ၍ မကြားဝံ့မနာသာ ဆဲရေးတိုင်းထွာသည်။ အဖေကြီးက သူပြောသည်မှာ မဟုတ်ကြောင်း၊ အကျိုးအကြောင်းနှင့် ရှင်းပြသည်။ မိန်းမကြီးက နားမဝင် ဆက်ပြီးဆဲနေသည်။ အဖေကြီးက ဘာမျှ ထပ်မပြောတော့ပါ။ သူမောလျှင် ရပ်တန့်လိမ့်မည်။ သူဆဲသည်မှာ သူ့အကုသိုလ်သာဖြစ်သည်။ ကိုယ့်ကိုဘာမျှ ထိခိုက်သည် မဟုတ်ဟု ပြောသည်။

သို့သော် သူ့ကျောင်းသားများကိုတော့ ရန်ဖြစ်သော အလေ့အထနှင့် ဆဲရေးတိုင်းထွာသော အလေ့အထကို ငယ်စဉ်ကတည်းက ပပျောက်အောင် ဖျောက်သည်။ ကျွန်တော်ကိုယ်တိုင် အဖေကြီးရိုက်သည်ကို နှစ်ကြိမ်ခံရဖူးသည်။ တစ်ကြိမ်မှာ ရန်ဖြစ်၍ဖြစ်သည်။ ရန်ဖြစ်သူနှစ်ယောက်စလုံးကို အရှိုးထင်အောင် ရိုက်သည်။ ထိုအချိန်မှစပြီး ကျွန်တော့်သက်တမ်းတွင် ခုထိနောက်ထပ် ခိုက်ရန်ဒေါသဖြစ်ပွားခြင်း မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြိမ် အရိုက်ခံရသည်မှာ မိန်းကလေးတစ်ယောက်ကို ဒေါသအလျောက် ဆဲရေးတိုင်းထွာမိ၍ ဖြစ်သည်။ မိန်းကလေးက အဖေကြီးကို သွားတိုင်သည်။ ဆိုးဆိုးရွားရွား ဆဲရေးခြင်း မဟုတ်ဘဲ တိုင်းထွာရုံမျှနှင့် အရှိုးထင်အောင် အရိုက်ခံရသည်။ နောက်တစ်ခါဆိုလျှင် ပိုနာမည်ဟုပြော၍ ကျွန်တော်ကြောက်ပြီး ဆဲရေးတိုင်းထွာခြင်းကို သတိထားပြီး ရှောင်သည်။ ယခုကြီးသည်အထိ ဆဲရေးတိုင်းထွာခြင်းအကျင့်မရှိဖြစ်သွားသည်။ ကျွန်တော်၏ သားသမီးအထိ ထိုအကျင့်ကောင်းမှာ ဆက်တိုက်ရရှိသွားသည်။

ရိုက်နှက်ဆုံးမခြင်းသည် ယေဘုယျအားဖြင့် မကောင်းဟု ယူဆရမည်ဖြစ်သော်လည်း မိဘဆရာတို့၏ မေတ္တာ စေတနာဖြင့် တစ်သက်တာကောင်းကျိုးကို ရည်မျှော်ပြီး၊ ရိုက်နှက်ဆုံးမ၍ ကောင်းကျိုးရသည်တို့ကိုလည်း အသိအမှတ်ပြုရမည်ပင် ဖြစ်ပါသည်။

ရိုက်နှက် ဆုံးမရာတွင် မေတ္တာ၊ စေတနာဖြင့် ရိုက်နှက်ဆုံးမရန်လိုသည်။ နောင် အရှည်ကောင်းကျိုးကို မျှော်၍ အပြစ်နှင့်လျော်စွာဆုံးမခြင်းဖြစ်ရန် လိုပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဆရာနှင့်စာမေးပွဲ

ဆရာ၏ လုပ်ငန်းတာဝန်များတွင် မိမိသင်ကြားထားသော တပည့်များကို စာမေးပွဲစစ်ခြင်းလည်း ပါဝင်သည်။ စာမေးပွဲစစ်ခြင်းတွင် မေးခွန်းထုတ်ခြင်း၊ ဖြေဆိုသည်ကို ကြီးကြပ်ခြင်း၊ အဖြေလွှာများကို စစ်ဆေးခြင်း၊ အောင်ရှုံး ထုတ်ပြန်ပေးရခြင်းများ ပါဝင်ပါသည်။ ထိုအလုပ်များသည် ကျောင်းသားတစ်ယောက်အတွက် အဆုံးအဖြတ်ဖြစ်၍ အရေးကြီးပါသည်။ အမှားအယွင်းမရှိသင့်သော လုပ်ငန်းတာဝန်ဖြစ်ပါသည်။

## ပညာရည်စစ်ဆေးခြင်း

ပညာရည်စစ်ဆေးခြင်းနှင့် ပတ်သက်၍ စာမေးပွဲ စနစ်ကို ကြိုက်နှစ်သက်သူ မကြိုက်နှစ်သက်သူ အမျိုးမျိုးရှိပါသည်။ စာမေးပွဲ

www.burmeseclassic.com

www.burmeseclassic.com



စနစ်ဖြင့် ကျောင်းသား၏ ပညာအရည်အချင်းကို မှန်ကန်စွာ အကဲမဖြတ်နိုင်။ စာမေးပွဲစနစ်၏အားနည်းချက်ကြောင့် တကယ်တတ်သူက ကျကျန်ခဲ့ပြီး တကယ်မတတ်သူက မေးခွန်းနှင့် အဆင်ပြေစွာဖြေလိုက်နိုင်ခြင်းဖြင့် အောင်သွားသည်များဖြစ်နိုင်သည်။ ကျောင်းသား၏ အစစ်အမှန် အရည်အချင်းကို စာမေးပွဲစနစ်သည် တိကျစွာအာမခံချက်မပေးနိုင် ဟူ၍ ဝေဖန်ကြသည်။ သို့သော် မည်သို့ပင်ဖြစ်စေ၊ ပညာသင်ကြားသည့် ကျောင်းသူ ကျောင်းသားအများစု၏ ပညာရည်ကိုစစ်ဆေးရာတွင် ယနေ့အထိ စာမေးပွဲစနစ်ကို ဖယ်ရှား၍မရ။ ယေဘုယျအားဖြင့် မှန်ကန်ကောင်းမွန်သည်ဟု လက်ခံနေရဆဲသာ ဖြစ်သည်။

စစ်ပုံဆေးပုံ စာမေးပွဲဖြေဆိုပုံနှင့် အမှတ်ပေးပုံသာကွာချင်ကွာမည်၊ စာမေးပွဲစနစ်ကတော့ ရှေးယခင်မှစ၍ ယခုထက်တိုင်ရှိနေဆဲပင် ဖြစ်သည်။

ဆရာဇီဝကသည် ဆေးကုသခြင်း အတတ်ပညာကို သူ၏ဆရာ့ထံတွင် ကြိုးကြိုးစားစား သင်ယူပြီးနောက် ဆေးကုသနိုင်လောက်အောင် တတ်မြောက်ပြီဟု ထင်သောအခါ သူ့၏ဆရာထံတွင်မိမိ၏ အရပ်ဒေသသို့ပြန်၍ ဆေးကုသခွင့်ပြုရန် ပြောဆိုသည်။

ဆရာဖြစ်သူက ဇီဝကကို တူရွင်းတစ်ချောင်းပေးပြီး ဆေးဖက်မဝင်သော သစ်ပင်တစ်ပင်ရအောင် အရှာခိုင်းသည်။ ရလျှင်ဆေးကုသခွင့်ပြုမည်ဟု ပြောဆိုသည်။

ဆရာဇီဝက တူရွင်းတစ်ချောင်းနှင့် တောတကာ၊ တောင်တကာနှံ့အောင် ဆေးဖက်မဝင်သော သစ်ပင်ကိုရှာသည်။ ဘယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



မျှမတွေ့။ နွယ်မြက်သစ်ပင်အားလုံးသည် သူ့နေရာနှင့်သူ ဆေးဖက်ဝင်နေကြသည်ချည်း ဖြစ်သည်။

လနှင့်ချီ၍ ကြာအောင်ရှာသော်လည်း ဆေးဖက်မဝင်သောအပင်ဟူ၍ တစ်ပင်မျှမတွေ့သောအခါ ဆရာဇီဝကသည် စိတ်ပျက်လက်လျှော့၍ သူ့ဆရာထံပြန်လာသည်။ ဆေးကုသခွင့် မတောင်းတော့ပါ။ ဆေးဖက်မဝင်သော သစ်ပင်ကို ကြိုးစား၍ရှာသော်လည်း တစ်ပင်မျှ မတွေ့ပါဟု ပြောဆိုသည်။

ထိုအခါကျမှ သူ၏ဆရာကြီးက ငါ့တပည့်ဆေးပညာကို ကောင်းစွာတတ်မြောက်ပြီဟုဆိုကာ ဆေးကုသခွင့်ပြုလိုက်သည်။

အမှန်စင်စစ် ဆရာဇီဝက၏ ဆရာကြီးသည် တပည့်ကို ဥပါယ်တံမျဉ်နှင့် စာမေးပွဲစစ်ဆေးလိုက်ခြင်းဖြစ်သည်။ ဆေးဖက်မဝင်သော သစ်ပင်ကိုအရှာခိုင်းသည်မှာ စာမေးပွဲမေးခွန်းထုတ်လိုက်ခြင်းဖြစ်သည်။ ဆရာဇီဝက ကြိုးစားပမ်းစား ရှာဖွေခြင်းသည် စာမေးပွဲဖြေခြင်းပင်ဖြစ်သည်။ မတွေ့သောအခါ ဆရာက အောင်စာရင်း ထုတ်ပေးလိုက်သည်။

ယနေ့ ပုဂ္ဂလိကလုပ်ကိုင်နေကြသော စက်မှုလက်မှုလုပ်ငန်းများတွင်လည်း ပညာသင်တပည့်တို့သည် လုပ်ငန်းကျွမ်းကျင်မှုရှိ မရှိ ကိုယ်တိုင် အစအဆုံးတာဝန်ယူ၍ ပြီးမြောက်အောင် လုပ်နိုင်ခြင်း ရှိမရှိ စမ်းသပ်တာဝန်ပေး စစ်ဆေးပြီးမှ ကျွမ်းကျင်စွာတတ်မြောက်ပြီဟု ယူဆလျှင် လုပ်ကိုင်စားသောက်နိုင်ရန် ခွင့်ပြုချက်အောင်စာရင်းကို ထုတ်ပေးလိုက်ကြသည်။

ကျောင်းသင်ပညာရပ်တွင်ကား အများနှင့် သင်ကြားရခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



ပညာအရည်အချင်း သတ်မှတ်ပေးရခြင်းကြောင့် စာမေးပွဲစနစ်ဖြင့် အအောင်အရှုံးဆုံးဖြတ်ရသည်။

## စာမေးပွဲအမျိုးမျိုး

ကျောင်းသင်ပညာနှင့် ပတ်သက်သည့် စာမေးပွဲအမျိုးမျိုး ရှိပါသည်။ အဓိကအားဖြင့် အစိုးရစစ်စာမေးပွဲနှင့် ကျောင်းစစ်စာမေးပွဲဟူ၍ ဖြစ်သည်။ ကျောင်းစစ်စာမေးပွဲကို ထပ်ခွဲလျှင် လပတ်စာမေးပွဲ၊ ပထမအစမ်း၊ ဒုတိယအစမ်းစာမေးပွဲနှင့် စာမေးပွဲကြီးဟူ၍ ဖြစ်သည်။ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းအားလုံးမှာပင် ဤစာမေးပွဲများကို စစ်ဆေးလေ့ရှိကြသည်။ သို့သော် အချို့သောကျောင်းများတွင် အခြေအနေအမျိုးမျိုးတို့ကြောင့် လပတ်စာမေးပွဲ စစ်ဆေးနိုင်ခြင်းမရှိပါ။ ပထမအစမ်း၊ ဒုတိယအစမ်းနှင့် စာမေးပွဲကြီးတို့သာ စစ်ဆေးနိုင်သည်။ ဖြစ်နိုင်လျှင် လပတ်စာမေးပွဲကို လစဉ်စစ်ဆေးနိုင်သည်မှာကောင်းပါသည်။ ကျောင်းသားများ၏ ပညာအရည်အချင်းကို လစဉ် စစ်ဆေးခြင်း ဖြစ်သောကြောင့် ကျောင်းသားများ စာကျက်ဖြစ်သည်။ လစဉ်တိုးတက်မှု အခြေအနေကို သိနိုင်သည်။ လိုအပ်သည်တို့ကို အချိန်မီ သင်ကြားပေးနိုင်သည်။ မိဘထံသို့ ပညာရည်မှတ်တမ်းစာရွက် လစဉ်ပေးပို့နိုင်ခြင်းဖြင့် မိဘများကလည်း မိမိတို့ သားသမီး၏ ကြိုးစားမှု မကြိုးစားမှု တိုးတက်မှု ဆုတ်ယုတ်မှုများကို သိနိုင်သည်။ 'အချိန်မီချုပ် အစုတ်သက်သာ' ဆိုသကဲ့သို့ ဆုတ်ယုတ်နေလျှင် အချိန်မီ ပြုပြင်ထိန်းသိမ်းနိုင်သည်။ ထို့ကြောင့် လပတ်စာမေးပွဲ စစ်ဆေးနိုင်သော ကျောင်းနှင့် စစ်ဆေး

www.burmeseclassic.com

www.burmeseclassic.com



မပေးနိုင်သော ကျောင်းမှာ များစွာကွာပါသည်။ လပတ်စာမေးပွဲ စစ်ဆေးနိုင်သော ကျောင်းမှ ကျောင်းသူကျောင်းသားများသည် ပညာရေးမှာ ပို၍ တိုးတက်ကောင်းမွန်ပါသည်။

ပထမအစမ်းနှင့် ဒုတိယအစမ်းစာမေးပွဲများမှာကား စာမေးပွဲကြီးကဲ့သို့ပင် အရေးတကြီး သဘောထား၍ ကျောင်းတိုင်းလိုပင် စစ်ဆေးကြသည်။ ဤစာမေးပွဲကြီးများ၏ အအောင် အရှုံးသည် ကျောင်းသား၏ ပညာရေးအခြေအနေကို အကဲဖြတ်ရာ၌ များစွာ အထောက်အကူ ဖြစ်ပါသည်။

ရှေးယခင်က စနစ်ကျသော ကျောင်းကြီးများတွင် စာမေးပွဲကြီး၏ အောင်စာရင်းတွင် ခြေချော်လက်ချော်ဖြစ်ပြီး အမှတ်အနည်းငယ်မျှနှင့် ကျနေသူများကို ဘုတ်ထိုင်၍ စဉ်းစားရာ၌ ပထမအစမ်း၊ ဒုတိယအစမ်းတို့မှ ပညာရည်မှတ်တမ်းကို ခိုင်မာသော အထောက်အထားအဖြစ် ရယူစဉ်းစားပြီး အအောင် အရှုံးကို ဆုံးဖြတ်ပေးကြသည်။

လပတ်စာမေးပွဲများ၊ ပထမအစမ်းနှင့် ဒုတိယအစမ်း စာမေးပွဲများသည် တပည့်တို့ကိုစစ်ဆေးရင်းနှင့် ဆရာ၏သင်ကြားမှုကိုလည်း စစ်ဆေးပြီးဖြစ်ပါသည်။ စာမေးပွဲမှာ ကျောင်းသားအများစု ကျနေသည်၊ ဖြေဆိုနိုင်မှု အားနည်း၍ အမှတ်သိပ်နည်းနေကြလျှင် ဆရာသည် မိမိသင်ကြားမှုကိုပါ ပြန်လည်ဆန်းစစ်ရန်လိုပါသည်။ဤဘာသာရပ်ကို အများစုမဖြေနိုင်ကြသည်မှာ ဘာကြောင့်ပါလဲ။ မိမိသင်ကြားသည်ကို နားမလည်၍လား၊ ပြန်လည်ဆန်းစစ်ရပါမည်။ အများစု နားမလည်ဖြစ်နေပါက လိုအပ်လျှင် ပြန်လည် သင်ကြား

www.burmeseclassic.com

www.burmeseclassic.com



ပေးသင့်ပါသည်။ မိမိသင်ကြားပုံ သင်ကြားနည်းကိုလည်း လိုအပ်ပါက ပြုပြင်ပြောင်းလဲသင့်ပါသည်။ ထို့ကြောင့် အစမ်းစာမေးပွဲများ စစ်ဆေးခြင်းသည် ကျောင်းသူကျောင်းသား၏ ပညာရည်ကိုသာမက ဆရာ၏ သင်ကြားပို့ချမှု စွမ်းရည်ကိုပါ စစ်ဆေးခြင်းဖြစ်သည်ဟုလည်း သဘောထားသင့်ပါသည်။

## မိဘ ဆရာ ပူးပေါင်း

အများစု ဖြေနိုင်ပါလျက် ကျောင်းသား၏ မကြိုးစားခြင်း စာမှန်မှန် မကျက်ခြင်းကြောင့် မဖြေနိုင်ခြင်းဖြစ်လျှင် သက်ဆိုင်ရာ အတန်းပိုင်ဆရာသည် ကျောင်းသား၏ ပညာရည်မှတ်တမ်း စာရွက်တွင် မိဘသိသာမြင်သာအောင် မှတ်ချက်များ ရေးပေးသင့်ပါသည်။ ထိုထက်ပို၍ လိုအပ်လျှင် ကျောင်းသား၏ ပညာရေးနှင့်ပတ်သက်၍ လာရောက်တွေ့ဆုံ ညှိနှိုင်းပါရန် မိဘကို ဖိတ်ခေါ်သင့်သည်၊ သို့မဟုတ် အခြေအနေပေး၍ အခွင့်သင့်ပါက မိဘထံသွား၍ဆွေးနွေး ညှိနှိုင်းသင့်ပါသည်။ ဆရာ့ဘက်က လိုအပ်သည်ကို ဖြည့်ဆည်း သင်ကြားပေးသကဲ့သို့ မိဘဘက်ကလည်း စာကျက်ချိန်တွင် စာမှန်မှန် ကျက်ရန် ကြီးကြပ်ပေးဖို့ ဆွေးနွေးသင့်ပါသည်။ မိဘကလည်း မိမိ သားသမီး၏ ပညာရေး တိုးတက်ကောင်းမွန်စေရန် ဆရာ၏ညှိနှိုင်း အကြံပြုချက်ကို လေးစားစွာလိုက်နာ၍ ကြပ်ကြပ်မတ်မတ် ဂရုတစိုက် ဆောင်ရွက်ပေးသင့်ပါသည်။

စာမေးပွဲကြီးတွင် သားသမီးစာမေးပွဲကျမှ မကျေနပ် လာပြောသော ကျောင်းသားမိဘတစ်ဦးကို အလယ်တန်းကျောင်းအုပ်

www.burmeseclassic.com

www.burmeseclassic.com

ကြီးတစ်ယောက် ပြစ်တင်ပြောဆိုနေသည်ကို ကြားရဖူးပါသည်။ 'ခင်ဗျား ခုမှမကျေမနပ်လာပြောတယ်၊ ခင်ဗျားသား ပထမအစမ်းမှာ ဘာသာစုံကျလို့ဆွေးနွေးတိုင်ပင်ဖို့ ကျွန်တော်စာရေးခေါ်တော့ ခင်ဗျား မလာဘူး၊ အဲဒီတုန်းကသာလာလို့ အချိန်မီ ဆွေးနွေးညှိနှိုင်းပြီး ပြုပြင်ရရင် ဒီလိုတောင် မကျေမနပ်ပြောနေစရာမလိုဘူး' ဟူ၍ ဖြစ်သည်။ ဆရာ့ဘက်မှ တာဝန်ကျေပါသည်။ မိဘဘက်မှ ပျက်ကွက်မှုသာ ဖြစ်ပါသည်။ မိဘများကလည်း မိမိတို့ သားသမီး၏ ပညာရေး အတွက် ဆရာများနှင့် ဆွေးနွေးညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သင့်ပါ သည်။

## စာမေးပွဲကြီး

စာမေးပွဲကြီးဆိုသည်ကား ကျောင်းသား၏ ပညာအရည် အချင်းကို အဓိကအဆုံးအဖြတ်ပေးသော စာမေးပွဲဖြစ်သည်။ အတန်း တိုးမြှင့်ရေးအတွက် အအောင်အရှုံးကို နောက်ဆုံးသတ်မှတ်ပေးသော စာမေးပွဲဖြစ်သည်။ တစ်နှစ်တာအတွင်း သင်ကြားခဲ့သော သင်ရိုး ညွှန်းတမ်းပါ သင်ခန်းစာများအားလုံးကို နားလည်ကျေညက်ခြင်း ရှိ မရှိ လွှမ်းခြုံစစ်မေးခြင်းဖြစ်သည်။ လပတ်အစမ်း၊ ပထမအစမ်း၊ ဒုတိယအစမ်း စာမေးပွဲများတွင် ကျခဲ့သော်လည်း ထိုအတွေ့အကြုံ များကို အခြေပြုပြီး ကြိုးစား၍ စာမေးပွဲကြီးမှာ လွတ်လွတ် ကျွတ်ကျွတ်အောင်လျှင် အတန်းတက်ခွင့်ရမည် ဖြစ်ပါသည်။ ထို့ ကြောင့် စာမေးပွဲကြီးမှာ နောက်ဆုံးနှင့် အရေးအကြီးဆုံး စာမေးပွဲ လည်း ဖြစ်ပါသည်။ ထို့ကြောင့် အချို့အရပ်ဒေသ၊ အချို့ကျောင်းများ

www.burmeseclassic.com

www.burmeseclassic.com



တွင် စာမေးပွဲကြီးကို အစိန်ဟု ခေါ်ကြသည်။ လပတ်များကို အစမ်းဟု ခေါ်ကြသည်။ ယေဘုယျအားဖြင့်ကား အစမ်းများတွင် အောင်မြင်သူတို့သည် အစိန်တွင်လည်း အောင်မြင်ကြသည်သာ ဖြစ်ပါသည်။

## စာမေးပွဲနှင့် ဆရာ ဆရာမများ၏ တာဝန်

စာမေးပွဲများကို စစ်ဆေးရာ၌ ဆရာ ဆရာမများတွင် မေးခွန်းထုတ်ခြင်း၊ စာမေးပွဲခန်းတွင် မှန်မှန်ကန်ကန် စည်းကမ်းတကျ ဖြေဆိုရန် ကြီးကြပ်ခြင်း၊ စာမေးပွဲ အဖြေလွှာများကို ဘာသာရပ် အလိုက်တာဝန်ခွဲဝေ၍ စစ်ဆေးခြင်း၊ ဘာသာစုံရမှတ်များ ပေါင်း၍ အအောင်အရှုံး ဆုံးဖြတ်ခြင်းဟူ၍ တာဝန်များရှိပါသည်။ ဤတာဝန်များကို ဆောင်ရွက်ရာတွင် တိကျမှန်ကန်မှု တရားမျှတမှု စနစ်ကျမှု စေ့စပ်သေချာမှု မှန်မှန်ကန်ကန် ဖြစ်စေမှုများ အထူး အရေးကြီးပါသည်။ သို့မှသာ မှန်ကန်သော အအောင်အရှုံး ဆုံးဖြတ်ခြင်းများကို ရရှိနိုင်မည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဆရာနှင့် မေးခွန်းထုတ်ခြင်း

ဆရာသည် ကျောင်းသူကျောင်းသား တပည့်များကို စာမေးပွဲ စစ်ဆေးခြင်းနှင့်အတူ မေးခွန်းထုတ်ခြင်းအလုပ်ကိုလည်း လုပ်ရသည်။ မေးခွန်းထုတ်ရာတွင်ကိုယ်သင်သည့်အတန်း ကိုယ်မေးခွန်းထုတ်ရခြင်း ရှိသကဲ့သို့ သူတစ်ပါးသင်ထားသော အတန်းများကို မေးခွန်းထုတ်ရ သည်လည်းရှိသည်။ ဆယ်တန်းစာမေးပွဲတွင် အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများက တပည့်များကို သင်ကြားပြီး တက္ကသိုလ်မှ ပါမောက္ခဆရာဆရာမကြီးများက မေးခွန်းထုတ်ရသည်လည်းရှိသည်။ မည်သို့ပင်ဖြစ်စေကာမူ မေးခွန်းထုတ်ခြင်း၏ ရည်ရွယ်ချက်မှာ သက်ဆိုင်ရာ အတန်းအလိုက် သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်း နှင့်အညီ ဘာသာရပ်ကို တတ်မြောက်နားလည်ခြင်း ရှိမရှိ ဆန်းစစ်ခြင်း သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## သင်ရိုးညွှန်းတမ်းနှင့် မေးခွန်း

မေးခွန်းထုတ်ရာတွင် အတန်းလိုက်၊ သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းကို အခြေပြုရသည်။ လပတ်အစမ်းရှိလျှင် သင်ပြီးသောလများမှ သင်ခန်းစာများကို ကျေညက်ခြင်းရှိမရှိ ဆန်းစစ်ခြင်းသာဖြစ်၍ သင်ပြီးသောလများမှ သင်ခန်းစာများကိုသာ မေးခွန်းထုတ်သည်။ ပထမအစမ်းဆိုလျှင် ဇွန်လ ကျောင်းဖွင့်သည်မှစ၍ အောက်တိုဘာလ စာမေးပွဲ မစစ်ဆေးမီအထိ သင်ကြားထားသော သင်ခန်းစာများအတွင်းမှသာ မေးခွန်းထုတ်ရသည်။ စာမေးပွဲ မစစ်မီအထိ သင်ထားသော သင်ခန်းစာများကိုသာ မေးခွန်းထုတ်ရသည်။ သင်ရိုးညွှန်းတမ်းအလိုက် ဘာသာရပ်ကို သင်ကြားရာတွင်လည်း လအလိုက် သင်ကြားပြီးစီးရန် သတ်မှတ်ထားသည်များ ရှိပါသည်။ သင်ကြားသော ဆရာကလည်း ထိုမှတ်ချက်နှင့်အညီ ပြီးစီးစေရန်နှင့်တတ်မြောက်နားလည်စေရန် သင်ကြားရသည်။ ထိုသင်ကြားသည်များကို ကျောင်းသားနားလည်တတ်မြောက်ခြင်း ရှိမရှိ ပိုင်နိုင်စွာသိရှိအောင် လေ့လာမှတ်သားရမည်တို့ကို ကျက်မှတ်လေ့လာခြင်းရှိမရှိ မေးခွန်းထုတ်၍ ဆန်းစစ်ခြင်းဖြစ်သည်။ ထို့ကြောင့် မေးခွန်းမေးသူသည် သင်ရိုးညွှန်းတမ်းအရသာ မေးရသည်။ သင်ကြားရန် သတ်မှတ်ထားသည့်အချိန်ကာလနှင့် ကိုက်ညီသော မေးခွန်းများကိုသာ မေးရပါသည်။ သင်ရိုးညွှန်းတမ်း၏ဘောင်ကိုကျော်၍ မေးခွင့်မရှိပါ။ မေးလေ့မေးထလည်း မရှိပါ။

မြန်မာနိုင်ငံ စာစစ်အဖွဲ့မှ ကြီးမှူးကျင်းပလျက် ရှိသော

www.burmeseclassic.com

www.burmeseclassic.com



အခြေခံပညာအထက်တန်းကဲ့သို့သော စာမေးပွဲများတွင်လည်း မေးခွန်းထုတ်သူသည် အတန်းအလိုက်သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းကို အခြေပြု၍ မေးခွန်းထုတ်သည်။

သင်ကြားပို့ချသော ဆရာများကလည်း ထိုသင်ရိုးညွှန်းတမ်းကို အခြေပြု၍ သင်ကြားရသည်။ ကျောင်းသူကျောင်းသားသည် ထိုသင်ရိုးညွှန်းတမ်းကို ကျေညက်စွာ တတ်မြောက်နားလည်အောင် သင်ယူကျက်မှတ်ထားရမည်ဖြစ်သည်။

သင်ရိုးညွှန်းတမ်းကို အခြေပြုချက် တူညီသောကြောင့် မေးခွန်းထုတ်သူနှင့် သင်ကြားသူ ကွဲလွဲရန်မရှိ။ သင်ရိုးအတိုင်း ကျေညက်စွာ တတ်မြောက်နားလည်ထားသော ကျောင်းသားအတွက်လည်း မဖြေနိုင်စရာ အကြောင်းမရှိ။

တစ်ခါတစ်ရံ၌ အလွဲလွဲအချော်ချော် ဖြစ်တတ်သည်မှာ သင်ကြားသော ဆရာတစ်ယောက်က သင်ရိုးကုန်စင်အောင် မသင်ဘဲ ချန်လှပ်ထားသောကြောင့်ဖြစ်သည်။ အချို့သော ဆရာများက မေးပြီးသည်တို့ကို ချန်လှပ်ခြင်း၊ မေးမည်မထင်သည်တို့ကို ချန်ထားခြင်းများ ပြုတတ်ကြ၍ အချို့ဆိုလျှင် မေးမည်ထင်သည်တို့ကို ခန့်မှန်းပြီး ကွက်ကျော်ရိုက်၍ အပိုင်သင်တတ်ကြသည်။ လွဲမှားသော လုပ်ရပ်ဖြစ်သည်။ ကိုယ်ထင်သည့်အတိုင်း ကွက်တိဝင်၍ ဖြေနိုင်လျှင်ပင် ကျောင်းသားအတွက် အတန်းအလိုက် သတ်မှတ်ထားသော သင်ရိုးကို မကျေမကုန်ဖြစ်တတ်သည်။ ရှေ့ဆက်သင်ရမည့် အတန်းများတွင် အခက်အခဲ တွေ့တတ်သည်။

စာမေးပွဲကို ကံတိုက်သဘောထား၍ မလုပ်သင့်ပါ။ မည်မျှ

www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးသော အတန်းမှ မည်မျှခက်ခဲသော စာမေးပွဲပင်ဖြစ်စေ သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းကို ပြည့်စုံစွာ တတ်ကျွမ်းနားလည်ထားလျှင် မအောင်စရာအကြောင်း မရှိပါ။

စာမေးပွဲများသည် စာဖြေသူများအတွက် အခွင့်အလမ်းများစွာ ပေးထားပါသည်။ အမှတ် ၁၀၀ ပေးသည့်အနက် ထက်ဝက် အမှတ် ၅၀ ပင် မဟုတ်၊ အမှတ် ၄၀ ရလျှင် အအောင်ပေးသည်။ ခြေချော်လက်ချော် အများကြီးဖြစ်ခွင့်ရပါသည်။

ယခုအခါတွင် ဖြတ်လမ်းလိုက်၍ အလွယ်ကြိုက်သူများသည် မှန်မှန်ကန်ကန် မကြိုးစားချင်ဘဲ စာမေးပွဲနားနီးမှ တစ်ကြိုများ၊ ခန့်မှန်းများနောက်သို့ တကောက်ကောက်လိုက်၍ ထိုတစ်ကြိုခန့်မှန်းတို့ကိုသာ ကျက်မှတ်ပြီး စာမေးပွဲခန်းသို့သွားကြသည်။

ဥပမာအားဖြင့် ဘာသာရပ်တစ်ခုမှာ သတ်မှတ်ထားသည့် သင်ခန်းစာ ၅၀ ရှိလျှင် ထို ၅၀ လုံး ကျေညက်ပိုင်နိုင်စွာ နားလည်အောင် လေ့လာထားရမည်ဖြစ်သည်။ နှစ်စမှ နှစ်ဆုံးတိုင် ကျောင်းမှန်မှန်တက်ပြီး စာမှန်မှန်ကျက်လျှင် ထိုသင်ခန်းစာ ၅၀ကို လွယ်ကူစွာ တတ်မြောက်မည် ဖြစ်ပါသည်။ သင်ကြားသော ဆရာကလည်း ထိုသင်ခန်းစာ ၅၀ ပြည့်စုံစွာ သင်ရမည်ဖြစ်သည်။

ဆရာက သင်ခန်းစာ ၅၀ မှ ၁၀ ခုချန်၍ ၄၀ သာသင်သည်။ တပည့်ကလည်း စာတွေများသည်ဟု အကြောင်းပြပြီးဆရာသင်သည့် ၄၀ ထဲမှ ထက်ဝက်ကိုချန်သည်။ တစ်ကြိုခန့်မှန်းများနှင့် တိုက်ဆိုင်ပြီး ၂၀ ကိုသာ အပိုင်ကြည့်ထားသည်။

သင်ခန်းစာ ၅၀ ရှိသည့်အနက် ၃၀ ချန်ထား၍ စာမေးပွဲခန်း

www.burmeseclassic.com

www.burmeseclassic.com



ကို ဘုရားတပြီး ဝင်ရသည်။

ကိုယ်ကြည့်ထားသော ၂၀ ထဲမှ မေးခွန်း ၆ ခုလုံးပါလျှင် ကောင်းစွာဖြေနိုင်သည်။ စာမေးပွဲခန်းထဲမှ ပြုံးပျော်ရွှင်မြူးစွာ ထွက်လာနိုင်သည်။

'ဘယ်လိုလဲ ဖြေနိုင်လား' ဟု မေးသူများကို 'တိုးတယ်၊ အပိုင်ပဲ' ဟု ဝင့်ကြွားစွာ ပြောနိုင်ကြသည်။

နောက်တစ်ရက် နောက်တစ်ဘာသာကိုလည်း ထိုအတိုင်းပင် ပြုသည်။ မေးခွန်း ၆ ခုအနက် ကိုယ်အပိုင်ကြည့်ထားသည်က ၄ ခု ပါသည်။ ဖြေနိုင်သည် 'မဆိုးပါဘူး'၊ 'တိုးတာတွေပါတယ်' ဟု ပြောနိုင်သေးသည်။

နောက်တစ်ဘာသာတွင်ကား ကိုယ်အပိုင်လုပ်ထားသည့် သင်ခန်းစာ ၂၀ ထဲမှ မေးခွန်းတစ်ခုမျှ ပါမလာ မျက်ကလဲဆန်ပျာ ဖြစ်ရပြီ။ ချန်ထားခဲ့သော သင်ခန်းစာ ၃၀ ထဲမှ မေးခွန်း ၆ ခုလုံးကို မေးထားသည်။

'သေပြီကွာ' 'သတ်တယ်ကွ'ဟု ညည်းညည်းညူညူနှင့် စာမေးပွဲခန်းထဲမှ ထွက်လာရသည်။

အောင်စာရင်းစောင့်နေရန် မလိုတော့ပါ။ စာမေးပွဲကျမည်မှာ သေချာသည်။

စာမေးပွဲလောကမှာ 'တိုးတယ်'ဆိုသော စကားနှင့် 'သတ်တယ်'ဆိုသောစကား မရှိသင့်ပါ။ သင်ခန်းစာအားလုံးကို ပိုင်နိုင်ထားလျှင် 'တိုးတယ်၊ သတ်တယ်' ပြောရန်မလိုပါ။ ပိုင်နိုင်စွာ ဖြေနိုင်မည်ပင် ဖြစ်ပါသည်။ ဤနည်းဖြင့် တကယ်ကြိုးစားသူများ ဂုဏ်ထူးများစွာ

www.burmeseclassic.com

www.burmeseclassic.com



ပင် ရနေကြပါသည်။

ထို့ကြောင့် ဆရာဆရာမတိုင်းသည် မိမိတို့၏ တပည့်များကို သတ်မှတ်သည့် သင်ရိုးညွှန်းတမ်းအတိုင်း ပြည့်စုံစွာ သင်ကြားရန်လို သည်။ ထိုသင်ရိုးညွှန်းတမ်းအတိုင်း ပြည့်စုံပိုင်နိုင်စွာ ကျက်မှတ်ရန် လည်း တိုက်တွန်းသင့်ပါသည်။

## မေးခွန်းထုတ်သူ၏ လုပ်ပိုင်ခွင့်နှင့်သဘောထား

မေးခွန်းထုတ်သော ဆရာသည် သတ်မှတ်ထားသော သင်ရိုး ညွှန်းတမ်းအတွင်းရှိ သင်ခန်းစာများအားလုံးမှ မေးခွန်းမေးနိုင်သည်။ မနှစ်က မေးပြီးသားကိုလည်း ထပ်ပြီးမေးနိုင်သည်။ တက္ကသိုလ် စာမေးပွဲတစ်ခုတွင် ဘာသာရပ်တစ်ခုမှာ မေးခွန်း ၆ ခုလုံး ယခင်နှစ် ကမေးပြီးသားကို ထပ်မေးသောကြောင့် စာကြိုးစား၍ စာလည်း တော်သော ကျွန်တော့်တပည့်တစ်ဦး ထိုဘာသာရပ်ဖြင့် စာမေးပွဲကျ သွားပါသည်။ မနှစ်က မေးထားသည်များကို ယခုနှစ် ထပ်မေးမည် မဟုတ်ဟူသော ယုံကြည်ချက်ဖြင့် မေးပြီးသား ၆ ခု လွှတ်ပြီး ကျန် သည်များအားလုံး အပိုင်လုပ်ထားသည်။ တစ်ခုတလေ ပြန်မေးလျှင် ဖြေနိုင်ဦးမည်။ ၆ ခုလုံးမေးလိုက်၍ ဒုက္ခရောက်သွားရသည်။ သို့သော် ထိုအဖြစ်မျိုးမှာ ရှားပါးပါသည်။ မေးခွင့်ရှိသော်လည်း တမင် ညစ်သလိုဖြစ်မည်စိုး၍ ရှောင်ကြပါသည်။ ယေဘုယျအားဖြင့်ဆိုလျှင် မနှစ်က မေးထားသည်ကို ထပ်မေးလေ့ မရှိကြပါ။

ကျောင်းသားများ တစ်ကြိုခန့်မှန်းမလုပ်ဘဲ သတ်မှတ်ထား

www.burmeseclassic.com

www.burmeseclassic.com



သော သင်ရိုးကို ကျေညက်စွာ လေ့လာစေချင်၍ သင်ခန်းစာအားလုံး နီးပါးမျှ ပါဝင်လာအောင် ဖြန့်ပြီး ထုတ်နှုတ်မေးသော မေးခွန်းများကို လည်း ကျင့်သုံးတတ်ကြသည်။ သတ်မှတ်ထားသည့် သင်ခန်းစာများ ကို အခြေပြုပြီး ဉာဏ်စမ်းပုစ္ဆာများကိုလည်း မေးတတ်ကြပါသည်။ သို့သော် သတ်မှတ်ထားသော ဖြေဆိုချိန်နှင့် သင့်လျော်ကိုက်ညီအောင် လည်း သတိထားရပါသည်။ လွယ်လွန်းခြင်း မဖြစ်စေဘဲ အတန်းလိုက် ကိုက်ညီသည့်မေးခွန်းများလည်း ဖြစ်သင့်ပါသည်။

## မျှတသော သဘောထား

ဆရာသည် မေးခွန်းထုတ်ရာတွင် မျှတသော သဘောထား ရှိသင့်သည်။ အဆန်းထွင်လိုစိတ်၊ ပညာပြလိုစိတ်၊ ကျောင်းသားများ ဒုက္ခရောက်စေချင်သည့်စိတ်၊ ကိုယ့်ဘာသာရပ်ကို ကြောက်လန့်ပြီးမှ အထင်ကြီးစေချင်သောစိတ် စသည်တို့ မရှိသင့်ပါ။ စာမေးပွဲကျကုန် ကြပါစေဆိုသော စေတနာဆိုးနှင့် ညစ်သည်မျိုးကား လုံးဝမဖြစ်သင့် ပါ။ ကြုံဖူးပါသည်။ တက္ကသိုလ်အဆင့် စာမေးပွဲတစ်ခုတွင် ဘာသာ ရပ်တစ်ခုမှာ သင်ကြားသော ဆရာပင် မေးခွန်းထုတ်မည် ဖြစ်သည်။ ထိုဘာသာရပ်၌ သတ်မှတ်ထားသော အပိုင်းနှစ်ပိုင်းရှိသည်။ ရှေ့ပိုင်း (ပထမပိုင်း)သည် အရေးမကြီးပါ။ လက်တွေ့လည်း အသုံးမဝင်တော့ ပါ။ သင်ရိုးအရ ထည့်ထားခြင်းသာဖြစ်သည်။ ထိုအပိုင်းမှ လုံးဝမမေး ပါ။ နောက်ပိုင်း (ဒုတိယပိုင်း)က အရေးကြီးပါသည်။ အသေအချာ ကြည့်ကြပါ။ မေးခွန်းအားလုံး ဒုတိယပိုင်းမှသာ မေးပါမည်ဟု ဆရာ ကိုယ်တိုင် ကျောင်းသူကျောင်းသားများကို အသေအချာ ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် စာမေးပွဲခန်းထဲရောက်၍ မေးခွန်းကိုတွေ့ရသော အခါ ကျောင်းသူကျောင်းသားအားလုံး စိတ်ပျက်လက်မှိုင်ချသည့် အဖြစ်မျိုးနှင့် ကြုံရသည်။ မေးခွန်း ၆ ခုလုံးကို မမေးဘူးဟု ပြောထား သော ရှေ့ပိုင်းမှချည်း မေးထားပါသည်။ မည်သူမျှ မဖြေနိုင်ဘဲ ဒုက္ခ ရောက်ကြရသည်။

ဆရာတစ်ဦးမှာ သူ၏ရုံးခန်းသည် ကျောင်းသူကျောင်းသား များ စာကျက်ကြသောအခန်းနှင့်ကပ်နေ၍ စာကျက်သံကို နေ့စဉ်ကြား နေရသည်။ ကျောင်းသူကျောင်းသားများက မေးသင့်သည်များကို မေးမည်ထင်၍ အပိုင်ကျက်ထားကြသည်။ စာမေးပွဲဖြေရသောအခါ ကျောင်းသူကျောင်းသားများ မေးမည်မထင်သည်များကိုချည်း မေးခွန်းထုတ်လိုက်သောကြောင့် အားလုံး အခက်အခဲ ကြုံကြရသည်။

စာမေးပွဲဖြေပြီးသောအခါ ဆရာက 'ဖြေနိုင်ကြရဲ့လား'ဟု တပည့်များကိုမေးသည်။ တပည့်များက မထင်သည်များကိုမေး၍ ကောင်းစွာမဖြေနိုင်ကြောင်း ပြန်ပြောကြသည်။ 'ဆရာက အေး. . . ဟုတ်တယ်၊ မင်းတို့အားလုံး စာကျက်နေကြတာ ဆရာအားလုံးကြားနေ ရတယ်၊ ဒါကြောင့်မို့ မင်းတို့ကျက်တဲ့အထဲမှာ လုံးဝမပါတာတွေချည်း မေးခွန်းထုတ်လိုက်ရတာ'ဟု ပြောသည်။

ဆရာ့စကားကြောင့် ကျောင်းသူကျောင်းသားများ စိတ်ပျက် သွားကြသည်။

ထိုဆရာသည် သူ မေးခွန်းထုတ်သည့် ဘာသာရပ်တွင် ကျောင်းသူကျောင်းသားများ မဖြေနိုင်လျှင် အလွန်ပျော်သည်ဟု နာမည်ကြီးနေသူ ဖြစ်သည်။ သူ့ဘာသာရပ်ကို ဖြေသည့်နေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတော်တော်များများငိုရတတ်သည်။ သူ့ဘာသာရပ်ကြောင့် ငိုကြရသည်ဟု အသံကြားတိုင်း ဆရာမှာ တပြုံးပြုံးဖြစ်နေတတ်သည်။

'ဆရာ့ဘာသာခက်၍ ငိုရသည်'ဟု သွားပြောလျှင် ဆရာ အလွန်ဝမ်းသာတတ်သည်။ 'အေးကွယ်. . . ဟုတ်တယ်၊ ဆရာ့ ဘာသာကတော့ ခက်တယ်၊ ဒီလိုပါပဲ နှစ်တိုင်း ငိုကြတာများတယ်' ဟု ဆရာက ကျေကျေနပ်နပ်ဖြစ်နေသည်။

မေးခွန်းထုတ်သောဆရာသည် သင်ရိုးညွှန်းတမ်းအတွင်းမှ သူကြိုက်ရာ မေးနိုင်ခွင့်ရှိသည်မှာ မှန်ပါသည်။ သို့သော် ကျောင်းသူ ကျောင်းသားများ မဖြေနိုင်စေရန် အခက်အခဲတွေ့စေရန် မထင်သည် များကိုသာ ရွေး၍ မေးမည်ဟူသော သဘောထားမျိုးကား မရှိသင့်ပါ။

မေးခွန်းထုတ်သောဆရာသည် ဖြေဆိုသူများ အခက်အခဲကြုံမှ ကိုယ့်ဘာသာရပ်ကို တန်ဖိုးကြီးကြီးထားပြီး လေးစားကြလိမ့်မည်ဆို သောမျှော်လင့်ချက်မျိုး မထားသင့်ပါ။ ကောင်းမွန်မျှတသော သဘော ထားဖြင့်သာ မေးခွန်းများကို ထုတ်သင့်ပါသည်။

ဘယ်ဆရာ မေးခွန်းထုတ်လိုက်မှ ဘယ်ဘာသာရပ်က တန်ဖိုးတက်လာသည်ဟု ဂုဏ်ယူဝင့်ကြွားရန် မရှိပါ။ အလွတ် ကျက်မှတ်၍ ဖြေသည်များချည်းမဖြစ်စေရန် ဉာဏ်စမ်းမေးခွန်းများ ထည့်မေးရာတွင်လည်း အချိန်အကန့်အသတ်အတွင်းမှာ စဉ်းစားရ ခြင်းဖြစ်၍ အတန်းအလိုက် သင့်တော်သော မေးခွန်းများသာဖြစ်သင့် သည်။

မေးခွန်းထုတ်ရာ၌ ဆရာသည် ဖြေဆိုမည့် တပည့်များ အပေါ်တွင်လည်းကောင်း၊ မိမိတာဝန်ယူရသည့် ဘာသာရပ်အပေါ်

www.burmeseclassic.com

www.burmeseclassic.com



တွင်လည်းကောင်း မှန်ကန်ကောင်းမွန်သော စေတနာထားရန် လိုပါသည်။

ဘာသာရပ်၏ အခြေခံ အရေးကြီးသော အချက်များ၊ သိကိုသိနေရမည်ဖြစ်သော အချက်များကို သိမသိ ဆန်းစစ်သော မေးခွန်းများ၊ ဘာသာရပ်ကို ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံ၍နားလည်ခြင်းရှိမရှိ ဆန်းစစ်သော မေးခွန်းများ၊ ဘာသာရပ်အပေါ်မှာ ထူးချွန်စွာ တတ်ကျွမ်းနားလည်မှု ရှိသူများကို ဆန်းစစ်သည့် မေးခွန်းများ စသည်ဖြင့် မေးခွန်းအဆင့်ဆင့်အပိုင်း ခွဲခြားပြီး စဉ်းစားသူများလည်း ရှိပါသည်။

ဘာသာရပ်အပေါ်မှာ ယေဘုယျအားဖြင့် တတ်ကျွမ်းနားလည်မှုကို ဆန်းစစ်မေးခွန်းများ (အခြေခံအောင်မှတ်)၊ ထို့ထက်ပို၍ ကြိုးစားလေ့လာမှု၊ တတ်ကျွမ်းနားလည်မှုကို ဆန်းစစ်သော မေးခွန်းများ (တော်သည့် အဆင့်အမှတ်)၊ ထူးချွန်သူများသာ ဖြေနိုင်သည့် မေးခွန်းများ (ဂုဏ်ထူးအမှတ်) ဟူ၍ ခွဲခြားစဉ်းစားသူများလည်းရှိပါသည်။

မည်သို့ပင်ဖြစ်စေ မေးခွန်းထုတ်သူသည် မေးခွန်းထုတ်သည့် ရည်ရွယ်ချက်အမှန်ကို မမေ့ရန်လိုပါသည်။ စာမေးပွဲစစ်ဆေးခြင်း၊ မေးခွန်းထုတ်ခြင်းသည် အတန်းအလိုက် ဘာသာရပ်အလိုက် သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းကို နားလည်တတ်မြောက်ခြင်း ရှိမရှိ ဆန်းစစ်ခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

# ဆရာနှင့် စာမေးပွဲကြီးကြပ်ခြင်း

ဆရာသည် စာမေးပွဲစစ်ဆေးချိန်တွင် စာမေးပွဲခန်းစောင့် ကြပ်သော တာဝန်ကိုလည်း ယူရသည်။ စာမေးပွဲစစ်ဆေးရာတွင် စည်းကမ်းစနစ်တကျရှိစေရန် ကြီးကြပ်ပေးရသည်။ 'အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက' ဟူသော ဆောင်ပုဒ် ရှိသည်။ အလွန်မှန်ကန် ကောင်းမြတ်သော ဆောင်ပုဒ်ဖြစ်၏။ စာမေးပွဲစစ်ဆေး ရာတွင် အချိန်ကို တိကျစွာသတ်မှတ်၍ လိုက်နာစေခြင်း၊ ကိုယ်တိုင် ၏ စွမ်းအားဖြင့် ရိုးသားစွာ ကြိုးစားစေခြင်း၊ စာမေးပွဲခန်း၏ စည်းကမ်းများကို လိုက်နာစေခြင်းတို့မှာ တစ်နည်းအားဖြင့် ကျောင်းသူ ကျောင်းသားများကို စည်းကမ်းရှိစေရန် လေ့ကျင့်ပေးခြင်းလည်းဖြစ် သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဖြေဆိုချိန်စည်းကမ်း

စာမေးပွဲဖြေဆိုရာတွင် ဖြေဆိုရသော အတန်းစာမေးပွဲအလိုက် အချိန်ကန့်သတ်ချက်ရှိသည်။ ထိုအချိန်ကို ကျောင်းသားများ တိကျစွာ လိုက်နာစေရန် စာမေးပွဲခန်းစောင့်သော ဆရာက ကြီးကြပ်ပေးရသည်။ စတင်ဖြေဆိုရန် ခေါင်းလောင်းထိုးသည်နှင့် ကျောင်းသားများအတန်းထဲသို့ဝင်ရသည်။ စနစ်ကျသော ကျောင်းများတွင် ပထမခေါင်းလောင်း၊ ဒုတိယခေါင်းလောင်းနှစ်မျိုးထားသည်။ ပထမခေါင်းလောင်းထိုးသည်နှင့် အတန်းထဲဝင်ရသည်။ စာမေးပွဲဖြေဆိုမည့် ကျောင်းသားသည် ပါလာသည့်စာအုပ်၊ စာရွက်အားလုံးကို အပြင်မှာထားခဲ့ရသည်။ သို့မဟုတ် ဆရာ့ထံမှာ လာရောက်အပ်နှံရသည်။ ကျောင်းသားများနေရာယူပြီးသောအခါ ဆရာက ကျောင်းသားအားလုံးစုံမစုံ စစ်ဆေးရသည်။ သူ့နေရာ သူ့ခုံအမှတ်နှင့်ကိုက်ညီခြင်းရှိမရှိစစ်ဆေးရသည်။ စာမေးပွဲနှင့် တစ်စုံတစ်ရာ သက်ဆိုင်ခြင်းရှိနေသော စာရွက်စာတမ်းများကို ကိုယ်နှင့်အတူ မထားရန်၊ ရှိနေလျှင် လာရောက် အပ်နှံရန် ပြောရသည်။ ပြီးလျှင် စာမေးပွဲဖြေဆိုရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို အားလုံးကြားအောင် ပြောရသည်။ ယေဘုယျအားဖြင့် စာမေးပွဲဖြေဆိုရာတွင် ခိုးမချရန် တစ်ဦးနှင့်တစ်ဦးတိုင်ပင်ခြင်း၊ စကားပြောခြင်းမပြုရန်၊ ခုံနံပါတ်ကို ပီသ မှန်ကန်စွာရေးရန်၊ တစ်စုံတစ်ခု လိုအပ်သည်ရှိလျှင် နေရာမှ မတ်တပ်ရပ်၍ စာမေးပွဲခန်းစောင့်သော ဆရာအား အကူအညီတောင်းခံရန် စသည်တို့ကို ပြောကြားရသည်။ အဖြေလွှာစာရွက်များကို ကြိုတင်ဝေထားရသည်။ ဒုတိယခေါင်းလောင်းထိုးသည်နှင့် မေးခွန်းစာရွက်

www.burmeseclassic.com

www.burmeseclassic.com



များကို ဝေပေးရသည်။ မေးခွန်းပေးပြီးသည်နှင့် စာမေးပွဲခန်းသည် တိတ်တဆိတ်ငြိမ်သက်စွာ ဖြေဆိုနေကြရမည်ဖြစ်ပါသည်။

တိတ်ဆိတ်ငြိမ်သက်ခြင်းသည် စာမေးပွဲခန်း၏ ဂုဏ်ကျက်သရေပင်ဖြစ်ပါသည်။

စနစ်ကျ၍ စေတနာကောင်းသော ဆရာတို့သည် စာမေးပွဲဖြေဆိုနေစဉ် ကျောင်းသားကို အချိန်နှင့် ပတ်သက်၍ သတိပေးတတ်ကြ၏။

ကျောင်းသားတိုင်းတွင် နာရီပါသည်မဟုတ်။ နာရီပါလျှင်လည်း ဖြေဆိုခြင်းမှာ အာရုံဝင်စားနေ၍ အချိန်တွက်ရန် မေ့လျော့နေတတ်၏။ စာမေးပွဲခန်း၏ ရှေ့မှ နံရံတွင် နာရီရှိနေလျှင်လည်း မကြည့်မိဘဲရှိတတ်၏။ ထို့ကြောင့် စာမေးပွဲခန်းစောင့်သော ဆရာက အချိန်တစ်ဝက်ကုန်လျှင် ပထမအကြိမ် သတိပေးသည်။ ဥပမာ သုံးနာရီဖြေဆိုချိန်ပေးလျှင် တစ်နာရီခွဲကုန်သွားပါက အချိန်တစ်နာရီခွဲကုန်သွားပြီဖြစ်ကြောင်း၊ နောက်ထပ်တစ်နာရီခွဲသာ ကျန်တော့ကြောင်း အားလုံးကြားအောင် သတိပေးလိုက်သည်။

ကျောင်းသားများ အချိန်တွက်ရန် သတိရသွားကြသည်။ ကိုယ်ဖြေပြီးသည်မှာ မေးခွန်းများ တစ်ဝက်ပြီးနေပြီလား၊ နောက်ကျနေပြီလား သတိထားရပြီ၊ မြန်သင့်က မြန်ရပြီ။

သို့သော် စေတနာများပြီး ၁၅ မိနစ် တစ်ကြိမ်ခန့်အော်နေလျှင်လည်း၊ ကျောင်းသား၏ အာရုံစိုက်မှု ပျက်တတ်ပါသည်။

နှစ်နာရီမျှကြာမှ အချိန်သုံးပုံတစ်ပုံကုန်သွားပြီဖြစ်ကြောင်း သတိပေးသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၅ မိနစ်သာ ကျန်တော့လျှင် သတိပေးသင့်သည်။ ငါးမိနစ်သာကျန်လျှင် နိဂုံးချုပ်ပြီး ပြန်စစ်သင့်ပြီကို သတိပေးရသည်။

အချိန်စေ့သည်နှင့် အဖြေလွှာများကို လိုက်သိမ်းရမည် ဖြစ်ပါသည်။

'နေပါဦး ဆရာ၊ ခဏလေးပါ' ဟု အချို့ ကျောင်းသားက အချိန်စေ့ပြီးမှ နောက်ထပ် တစ်ပုဒ်ဖြေဆိုရန် တောင်းဆိုလျှင် သူတို့ တစ်ယောက်နှစ်ယောက်ကို ဆယ်မိနစ် ဆယ့်ငါးမိနစ်ထပ်၍ စောင့်ပေးသင့်သည်မဟုတ်ပါ။ ထိုသို့ခွင့်ပြုလျှင် အချိန်လေးစားခြင်း၊ အလေ့အကျင့်ပျက်သွားပြီ။ စာမေးပွဲ စည်းကမ်းလည်းပျက်သည်။ စာမေးပွဲဆိုသည်မှာ သင်ကြားထားသည်ကို တတ်မြောက်နားလည်ခြင်းရှိမရှိ ဆန်းစစ်ခြင်းဖြစ်သော်လည်း တစ်ပြိုင်တည်းမှာပင် ကျောင်းသားအချင်းချင်းပြိုင်ဆိုင်မှုလည်း ပါနေသည်။ အမှတ်အနည်းအများ အလိုက်အဆင့် ခွဲခြားမည်ဖြစ်သည်။

ပြိုင်ဆိုင်ရာတွင် မျှတမှုရှိရန်လိုသည်။ အချိန်အတိအကျနှင့် စည်းကမ်းရှိသော ကျောင်းသူကျောင်းသားများ၊ နစ်နာပြီး၊ အချိန်ပိုယူသော ကျောင်းသားကသာသွားလျှင် တရားမျှတမည် မဟုတ်ပါ။

ထို့ကြောင့်အချိန်ကို အတိအကျ လိုက်နာစေရမည်။

လျှော့လွှန်းသော ဆရာများရှိသကဲ့သို့ တင်းလွန်းသော ဆရာများလည်းရှိသည်။

စာမေးပွဲကာလတစ်လျှောက်လုံးတွင် အချိန်ကို သတိပေးခြင်းလည်းမရှိ၊အချိန်စေ့သော ခေါင်းလောင်းသံကြားသည်နှင့် 'ရေးနေတာကို ခုချက်ချင်း ရပ်လိုက်ပါ' ဟု အော်သည်။ မရပ်သော

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသား၏လက်မှ ရေးနေသော အဖြေလွှာကိုဆွဲလုခြင်းများလည်း ကြုံဖူးပါသည်။

အချိန်တိကျခြင်းမှာ ကောင်းသော်လည်း တင်းမာလွန်း၍ စိတ်မကောင်းစရာဖြစ်ရသည်။

ရေးလက်စ ဝါကျလေးဆုံးအောင်နိဂုံးချုပ်နေသည်လေးအပြီး သတ်အောင် စောင့်ဆိုင်းခြင်းသည် လွန်ရာမကျပါ။

အထူးသဖြင့် သင်္ချာတွက်ရာတွင် ဘေးမျဉ်းအတွင်း အကြမ်း တွက်ရာတွင် အဖြေထွက်နေပြီ။ ထိုအဖြေလေးတစ်ကြောင်းကို ကူးရေး လိုက်ရန်သာ ကျန်တော့သည်။ စာရွက်ကို အတင်းဆွဲလုသွားလျှင် ကျောင်းသားအတွက် နစ်နာလွန်းပါသည်။ အကြမ်းထဲမှာလည်း အဖြေ ရပြီးဖြစ်နေပါပြီ။ ထိုအဖြေလေးသာ ရေးခွင့်ရလျှင် အမှတ်ပြည့်ရ ပေလိမ့်မည်။ ဤစက္ကန့်ပိုင်းမျှ အချိန်ကို ခွင့်ပြုခြင်းဖြင့် စည်းကမ်းပျက် ရာ မရောက်ဟု ယူဆပါသည်။

## ခိုးချသည်ကို မသိယောင်ဆောင်ခြင်း

စာမေးပွဲခန်းတွင် ခိုးချခြင်း၊ ခိုးချနိုင်ခွင့်ရှိခြင်းသည် စာမေးပွဲ တစ်ခုအတွက် အရုပ်ဆိုး အကျည်းတန်ဆုံးဖြစ်သည်။ အလွန်ကြီးလေး သော ပြစ်မှုကျူးလွန်ခြင်းလည်းဖြစ်ပါသည်။ ထိုအပြစ်မျိုးကို မကျူးလွန်ကြစေရန် ဆရာက ကြိုတင်ကာကွယ်ရမည်။ စာမေးပွဲခန်း စောင့်သော ဆရာသည် စာမေးပွဲဖြေသော ကျောင်းသူကျောင်းသား များ စည်းကမ်းရှိရှိနှင့် ရိုးသားမှန်ကန်စွာ ဖြေဆိုရန် ကြီးကြပ်ပေးရ မည်မှာ အရေးကြီးဆုံး တာဝန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မသမာသော ကျောင်းသားကို ငဲ့ညှာအားနာရမည်ထက် ရိုးသားမှန်ကန်စွာ ဖြေဆိုကြသော ကျောင်းသူကျောင်းသားအများစုကို ပို၍ လေးစားအားနာသင့်သည်။

မမှန်မကန် မလုပ်စေရန် ကြိုတင်ကာကွယ်သည့်ကြားမှ အတင့်ရဲလွန်းစွာ ကြိုးစားလာလျှင် လုပ်ခွင့်မရအောင် တားမြစ်ရမည်။ ပြစ်မှုကျူးလွန်ပြီးမှ အရေးယူရလျှင် လွန်စွာအပြစ်ကြီးလိမ့်မည်။ ဆယ်တန်းစာမေးပွဲနှင့် တက္ကသိုလ်စာမေးပွဲဆိုလျှင် နှစ်နှင့်ချီ၍ စာမေးပွဲဖြေဆိုခွင့်ကို ရပ်ဆိုင်းထားခြင်းခံရလိမ့်မည်။

အရေးယူရလျှင် ကျောင်းသား သိပ်နစ်နာသောကြောင့် အရေးမယူချင်လျှင် ပြစ်မှုမကျူးလွန်ခင်က ကြိုတင်ကာကွယ်မှုကို စနစ်ကျစွာ ဆောင်ရွက်ရန်လိုသည်။

ကြီးကြပ်သောဆရာသည် စာမေးပွဲခန်းထဲမှာ ဖတ်စရာ စာအုပ်ယူသွားပြီး စာဖတ်နေခြင်းသည် မရိုးမသားခိုးချလိုသော ကျောင်းသားကို ပြစ်မှုကျူးလွန်စေရန် အားပေးရာရောက်သည်။ ခိုးချသည်ကို သွားပြောလျှင် မုန်းမည်စိုး၍ ပြဿနာဖြစ်မည်စိုး၍ သို့မဟုတ် သနားအားနာ၍ မသိချင်ယောင်ဆောင်ခြင်းသည် ပြစ်မှုကို အလိုတူ အလိုပါခွင့်ပြုရာရောက်သည်။ ရိုးသားစွာ ကြိုးစားသူများကိုမငဲ့ညှာရာ ရောက်သည်။ စာမေးပွဲစစ်ဆေးခြင်း၏ အဓိပ္ပါယ်ကို ပျက်စေသည်။ ငယ်စဉ်ကတည်းက စည်းကမ်းမရှိသော ကျောင်းသား၊ မရိုးသားသော ကျောင်းသားသည် အနာဂတ်လူ့လောကမှာလည်း ထိုမရိုးသားမှုကို ဆက်ယူလာတတ်သည်။ ထိုအခါ သူ့အတွက်လည်းမကောင်း၊ နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးအတွက်လည်းမကောင်း၊ လူ့အဖွဲ့အစည်းအတွက်လည်း မကောင်းပါ။

စာမေးပွဲခန်းစောင့်သောဆရာသည် စာမေးပွဲစစ်ဆေးနေရုံသာမက ကျောင်းသားများ၏ စည်းကမ်းကောင်းမွန်မှု ရိုးသားမှန်ကန်စွာ ကိုယ့်အားကိုယ်ကိုး ကြိုးစားမှု၊ ပြိုင်ဘက်များအပေါ်မှာ တရားမျှတစွာ ယှဉ်ပြိုင်လိုမှု စသည့်ကောင်းမြတ်မှုများကို လေ့ကျင့်ပေးနေခြင်းလည်း ဖြစ်ပါသည်။

မိမိဆောင်ရွက်ရမည့် ဆရာကောင်းတစ်ယောက်၏ ကြီးမြတ်သော တာဝန်ကို ပေါ့ဆစွာ သဘောမထားဘဲ တာဝန်ကျေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## ခိုးနည်းစနစ်များ

ကျောင်းသူကျောင်းသားတို့၏ ခိုးနည်းစနစ်အမျိုးမျိုးကို များသောအားဖြင့် ဆရာများသိကြပါသည်။ လက်ကိုင်ပဝါပေါ်တွင် ရေးမှတ်သည်။ လက်ဝါးပြင်ပေါ်မှာ ရေးမှတ်သည်။ ပုဆိုး၊ အင်္ကျီမှာ ရေးမှတ်သည်။ ပေတံမှာ ရေးသည်။ စာရွက်စာအုပ်သေးသေးအပိုင်းအစလေးများမှာ ရေးမှတ်ယူသွားသည်။ ဤအချက်ကိုသိသော ဝိသမလောဘသမားအချို့က စာအုပ်သေးသေးလေးမှာ စာလုံးသေးသေးလေးနှင့် အရေးကြီးသည်များ အားလုံးပါအောင် ရေးသားရိုက်နှိပ်ပြီး ရောင်းကြသည်။ စာအုပ်ပေါ်တွင် ခိုးချရန်မဟုတ်ဟုပင် ရေးထားလိုက်သေးသည်။ ရိုးသားစွာ ကြိုးစားခြင်းသာ စစ်မှန်သော အောင်မြင်မှုကို

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ မရိုးမသား အချောင်သမား စိတ်ဓာတ်ပါသွားလျှင် တစ်သက်တာဘဝခရီးအတွက်ပါ အကျင့်ပျက်သွားလိမ့်မည်။ ထိုအကျင့်ပျက်မှုသည် တစ်ဦးချင်းအတွက်လည်း ယုတ်ညံ့သေးသိမ်သော စိတ်ထားကို ဖြစ်စေသည်။ ယုတ်ညံ့သေးသိမ်သူတို့ ကြုံတွေ့ရတတ်သည့် ဆုံးရှုံးမှုများ၊ ဂုဏ်သရေပျက်မှုများ၊ တကယ့်အရေးတွင် ကိုယ်ပိုင်အရည်အချင်းနှင့် ဖြေရှင်းနိုင်စွမ်းမရှိသည်များကို ဖြစ်စေသည်။

ထိုကဲ့သို့ အကျင့်ပျက်သူတွေများလာလျှင် လူ့အဖွဲ့အစည်းအတွက်ပါ အန္တရာယ်ဖြစ်လာပေလိမ့်မည်။ ထို့ကြောင့် ဝိသမလောဘသမားများသည်လည်း တစ်နပ်စားဉာဏ်ဖြင့် ငယ်ရွယ်သူတို့ကို အကျင့်ပျက်အောင် မဖျက်ဆီးသင့်ပါ။ ဆရာ၊ ဆရာမများကလည်း ကျောင်းသူ ကျောင်းသားများကို နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသင့်သည်။ မသမာမှုများမပြုကြရန် သတိပေးဟန့်တားသင့်ကြပါသည်။

## စာမေးပွဲ စောင့်ရာမှာ မရိုးဖြောင့်သော ဆရာ

စာမေးပွဲခန်းစောင့်ရာမှာ တပည့်အားလုံးကို ရိုးသားမှန်ကန်စွာ ကြိုးစားဖြေဆိုရန် ကြီးကြပ်ရမည့်ဆရာက မရိုးဖြောင့်စွာ အကူအညီပေးခြင်းသည် အရုပ်ဆိုးသော မတရားမှုကိုဖြစ်စေသည်။ အချို့သော ဆရာများသည် စာမေးပွဲခန်းစောင့်ရင်း မိမိနှင့် ရင်းနှီးခင်မင်ရာ၊ သို့မဟုတ် လိုလားနှစ်သက်ရာ တပည့်အနားသို့ မကြာခဏသွား၍ အဖြေလွှာတွင် ဖြေဆိုထားသည်များကို ကြည့်သည်။ မှားနေလျှင်

www.burmeseclassic.com

www.burmeseclassic.com



ထောက်ပြသွားသည်။ ထို့ထက်ပို၍ အခွင့်အရေးရလျှင် တိုးတိုးလေး ပြင်ပေးသွားသည်။ မိမိ၏ တာဝန်ကို အလွဲသုံးစားပြုခြင်း၊ ကျန်သည့် တပည့်များအပေါ်မှာ မတရားမှုကို ကျူးလွန်ခြင်းဖြစ်သည်။

ဆရာသည် တပည့်အားလုံးကို တူညီစွာ မေတ္တာထားရမည် ဖြစ်သည်။ ခွဲခွဲခြားခြား မျက်နှာလိုက်ခြင်းသည် တရားမျှတမှု ကင်းမဲ့ခြင်းဖြစ်သည်။ ဆရာစိတ်မဟုတ်၍ ဆရာ မပီသခြင်းဖြစ်ပါ သည်။ အနီးအပါးမှ တပည့်တို့က သိမြင်၍ ဆရာ့အပေါ်မှာ အကြည်ညို အရိုအသေ ကင်းမဲ့စရာဖြစ်ပါသည်။

ဆရာတိုင်း အလေးအနက် ဆင်ခြင်သင့်သော အချက်ဖြစ်ပါ သည်။

ဆရာသည် မိမိ၏ တပည့်များကို ချစ်ခင်၍ ကူညီလိုလျှင် ပညာတတ်အောင် ကြိုးစားသင်ပေးခြင်း၊ စည်းကမ်းရှိအောင် လေ့ကျင့် ပေးခြင်း၊ ရိုးသားမှန်ကန်စွာ ကြိုးစားအောင် အားပေးခြင်းသာ ပြုသင့် သည်။ စာမေးပွဲမှာ မမှန်မကန် ကူညီခြင်း မပြုသင့်ပါ။ ဆယ်တန်း ကဲ့သို့သော စာမေးပွဲတွင် ကိုယ့်ကျောင်းမှ ကိုယ့်မြို့မှ ကလေးများ အောင်သွားစေချင်၍ ဆရာက သင်္ချာဖြေဆိုရာမှ သင်ပုန်းကြီးပေါ်တွင် ပုစ္ဆာအားလုံးကို တွက်ပေးခြင်းသည် အမြော်အမြင်ဉာဏ်ပညာအလွန် နည်းပါးခြင်း ဖြစ်ရုံမက ကြီးမားသော ပြစ်မှုကို ကျူးလွန်ခြင်းလည်း ဖြစ်သည်။

ထိုကဲ့သို့ ပြုခြင်းသည် မိမိစာမေးပွဲစောင့်သော အခန်းတစ် ခန်းတည်းကိုသာ အခွင့်အရေးရစေ၍ ထိုစာစစ်ဌာနမှာပင် ကျန်သော

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲခန်းများအပေါ်မှာ မတရားမှုဖြစ်သည်။ တစ်ပြည်လုံးမှာ ဖြေဆိုနေကြသော ကျောင်းသူကျောင်းသားများအပေါ်မှာလည်း မတရားမှုဖြစ်သည်။ မိမိ၏ ကြီးမားသော တာဝန်ကိုလည်း ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သည်။ ထိုအခါ စာစစ်ဌာနတစ်ခုတည်း မှာပင် မကျေနပ်မှုများစွာ ဖြစ်ပေါ်လာ၍ တိုင်တန်းသောအခါ ဆရာ အဖြစ် သူပြစ်မှုအလျောက် အရေးယူခံဘူးသည်။ ထိုစာမေးပွဲခန်းမှာ ဖြေဆိုသော ကလေးများလည်း ဆုံးရှုံးနစ်နာကြရသည်။ ထိုအခန်းတွင်း မှာ သူ့ဘာသာအရည်အချင်းအလိုက် အောင်မြင်နိုင်မည့် ကျောင်းသား များပါ စာမေးပွဲကျရသည်မှာ လွန်စွာနစ်နာလှပါသည်။

ဆရာသည် ကြီးမြတ်သော တာဝန်ကို ထမ်းဆောင်ရသူဖြစ်၍ ကြီးမြတ်သော စိတ်စေတနာရှိရန်လိုသည်။ မျှတမှန်ကန်သော သဘောထားရှိရန်လိုသည်။

စာမေးပွဲစစ်ဆေးခြင်း၊ စာမေးပွဲစောင့်ကြပ်ခြင်း တာဝန်ကို ထမ်းဆောင်ကြရာ၌ ကျောင်းသားများ စည်းကမ်းရှိစေရန်၊ အချိန်ကို တိကျစွာ အသုံးချတတ်စေရန် ရိုးသားမှန်ကန်စွာနှင့် ကိုယ့်အားကိုယ် ကိုး ကြိုးစားကြစေရန် မျှတမှန်ကန်သော ယှဉ်ပြိုင်မှုဖြစ်စေရန် ဆရာ တို့သည် တိကျမှန်ကန်စွာ ဆောင်ရွက်ခြင်းဖြင့် ဆရာ့ဂုဏ်သိက္ခာကို ပိုမို၍ မြှင့်တင်သင့်ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဆရာနှင့် အဖြေလွှာ စစ်ဆေးခြင်း

ကျောင်းသူကျောင်းသား တပည့်များ၏ စာမေးပွဲအဖြေလွှာများကို စစ်ဆေးရခြင်းသည်လည်း ဆရာ၏ အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်သည်။ လပတ်စာမေးပွဲများထက် အတန်းတင်စာမေးပွဲများသည် ပို၍ အရေးကြီးသည်။

ဆရာသည် စာမေးပွဲအဖြေလွှာများကို စစ်ဆေးရာတွင် ဆန္ဒာဒေါသ၊ ဘယာ၊ မောဟ အာဂတိတရားလေးပါးကင်း၍ မှန်ကန်မျှတ ရန်လိုသည်။

ဆယ်တန်းကဲ့သို့သော စာမေးပွဲများသည် အအောင်အရှုံးအတွက်သာမက တက္ကသိုလ်အသီးသီးသို့ ဝင်ခွင့်အတွက်ပါ ယှဉ်ပြိုင်နေကြရသောကြောင့်အမှတ်တစ်မှတ်နှစ်မှတ်သည်ပင် ကျောင်းသားတို့ဘဝနှင့်ချီ၍ အဆုံးအဖြတ်ပြုနေပါသည်။ စစ်ဆေးသော ဆရာ ဆရာမ

www.burmeseclassic.com

www.burmeseclassic.com



များ တိကျမှန်ကန်မှုရှိရန်အလွန် အရေးကြီးလှပါသည်။

ထို့ကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများက စာစစ်သူ၊ စာစစ်မှူး၊ စာစစ်မှူးချုပ်ဟူ၍ အဆင့်ဆင့်ကြီးကြပ်ရသည်။ စာစစ်သူ အများကြီးကို တညီတညွတ်တည်း ဖြစ်စေရန် အမှတ်ပေးစည်းမျဉ်းကို ရေးဆွဲထားရသည်။

## အမှတ်ပေး စည်းမျဉ်း

အမှတ်ပေးစည်းမျဉ်းဆိုသည်မှာ မေးထားသည့် မေးခွန်း အလိုက် ဖြေဆိုရာတွင် ပါဝင်ရမည့် အချက်များကို ရေးသားဖော်ပြ ထားပြီး ထိုအချက်များပါသည့်အလျောက် ပေးရမည့်အမှတ်ကို တိကျ စွာသတ်မှတ်ပေးထားခြင်းဖြစ်သည်။

စစ်ဆေးသူများသည် ထိုစည်းမျဉ်းအရ တိကျစွာ အမှတ်ပေး ကြလျှင် တစ်ဦးနှင့်တစ်ဦး လက်ရည်ကွာခြားမှု မရှိဘဲ ဖြေဆိုသော ကျောင်းသားတိုင်းအညီအမျှ အမှတ်ရကြမည်ဖြစ်ပါသည်။

ထိုအမှတ်ပေးစည်းမျဉ်းအတိုင်း တိကျစွာ အမှတ်ပေးခြင်း ရှိမရှိ စာစစ်မှူးများနှင့် စာစစ်မှူးချုပ်များက ကြီးကြပ်ပေးရသည်။ လိုအပ်သည်ဟုထင်လျှင် ထပ်မံစစ်ဆေးကြည့်ရသည်။

စစ်ဆေးသော ဆရာသည် အမှတ်ပေးစည်းမျဉ်းကို ကျေညက်အောင် လေ့လာရသည်။ အမှတ်ပေးစည်းမျဉ်းကို လေးစား စွာလိုက်နာရန် လိုပါသည်။

စံပြုထားသော အမှတ်ပေးစည်းမျဉ်းအပေါ်တွင် အမှတ်ပေး ကြရာမှာပင် တင်းကျပ်လွန်းသူ အမှတ်ပေးရာတွင် ကပ်စေးနဲသူ

www.burmeseclassic.com

များရှိသည်။ အထူးသဖြင့် ဂုဏ်ထူးပေးရန် အလွန်လက်တွန့်ကြသည်။ ဂုဏ်ထူးမှတ်ဆိုလျှင် စာစစ်မှူးထံတင်ရမည်။ စာစစ်မှူးချုပ်အထိ ရောက်မည်။ ထိုအခါ မိမိအမှတ်ပေးရာတွင် အားနည်းချက်ရှိလျှင် စာစစ်မှူးနှင့် စာစစ်မှူးချုပ်တို့ တွေ့မြင်သွားလိမ့်မည်။ အပြောအဆို ခံရမည်။ ၇၅ မှတ် ဂုဏ်ထူးပေးသောဘာသာကို အမှတ် ၇၀ နှင့် အထက်ဆိုလျှင် စာစစ်မှူးထံ တင်ရမည်။ ထို့ကြောင့် ၆၇ မှတ်၊ ၆၈ မှတ်လောက်မှာ ဖြတ်ထားလိုက်သည်။ မိမိပြဿနာမပေါ်ရေးတစ်ခု တည်းကိုသာ အလေးထားလွန်း၍ ဖြေဆိုသူကျောင်းသားအတွက် များစွာ နစ်နာစေသည်။ ဘယာဂတိပင်ဖြစ်သည်။ အမှန်စင်စစ် ထိုကိစ္စ မှာလည်း စိုးရိမ်လောက်သည့် ကြီးမားသော ပြဿနာ မဟုတ်ပါ။ စာစစ်မှူး၏ ထပ်မံစစ်ဆေးမှုခံရခြင်းသာဖြစ်သည်။ မိမိက မှန်မှန် ကန်ကန် ပေးထားလျှင် ဘာပြဿနာမျှ မရှိပါ။ မှားယွင်းချွတ်ချော်မှု ကြောင့် မမှန်မကန်ပါသွားလျှင်လည်း စာစစ်မှူးကခေါ်ပြောရုံ၊ တည့် မတ်ပေးရုံလောက်သာ ဖြစ်ပါသည်။စာစစ်မှူးက အမှတ်ပေးသည်ကို မှန်ကန်အောင် ပြုပြင်ပေးမည်သာ ဖြစ်ပါသည်။

အချို့ စာစစ်သူ၏ စိတ်ဓာတ်က မိမိထံမှ ဂုဏ်ထူးတင်ပေး လိုက်လျှင် စာစစ်မှူးထံမှ အပြင်မခံရ၊ စာစစ်မှူးချုပ်ကလည်း မပြင်ရ ဟု ဂုဏ်ယူချင်သည်။ ထို့ကြောင့် မပေးမဖြစ်လောက်အောင် တော် လွန်းသူကိုမှ တင်ပေးသည်။ ပေးသင့်မပေးသင့် စဉ်းစားသင့်သော အဖြေလွှာမျိုးဆိုလျှင် စဉ်းစားသော အဆင့်သို့ မရောက်အောင် ဖြတ်ချထားလိုက်သည်။ အခြားစာစစ်သူဘက်မှာဆိုလျှင် တင်ပေး လိုက်၍ ဂုဏ်ထူးရသွားနိုင်ပါသည်။ သားသမီးချင်းစာနာသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



မွန်မြတ်သော ဆရာစိတ် မွေးသင့်သည်။ မိမိကြောင့် ကျောင်းသူကျောင်းသား မနစ်နာစေရန် သတိထားသင့်သည်။

## လက်ဖွာလွန်းသော စာစစ်သူ

အချို့သော စာစစ်သူများမှာကား အမှတ်ပေးရာတွင် ရက်ရောလွန်း၊ လက်ဖွာလွန်းကြသည်။ ပေးသင့်ပေးအပ်သည်ထက် သာသာထိုးထိုးပေးချင်ကြသည်။ အမှတ်ပေးစည်းမျဉ်းဘောင်ကိုပင် ကျော်လွန်၍ ပေးချင်ကြသည်။ 'သားသမီးချင်းစာနာပါတယ်' ဟူ၍ သဘောကောင်း မနောကောင်း လုပ်လွန်းတတ်ကြသည်။ ထိုလုပ်ရပ်သည်လည်း မှန်ကန်မှုမရှိပါ။ ဆန္ဒကတိလိုက်ခြင်းဖြစ်သည်။

ကိုယ့်သားသမီးပင် ဖြစ်ပါစေ၊ အမှတ်ပေးစည်းမျဉ်းအရ ပေးသင့်ပေးထိုက်သော အမှတ်ကိုသာ ပေးရမည်ဖြစ်သည်။ လက်ဖွာ၍ သာသာထိုးထိုးပေးလျှင် ကလေး၏ အရည်အချင်းအစစ်အမှန်အတိုင်း ဖြစ်မည်မဟုတ်ပေ။ ထိုအခါ အမှတ်ပေးစည်းမျဉ်းနှင့်အညီ အမှတ်ရသည့် ကလေးများ နစ်နာမည်ဖြစ်သည်။

ငဲ့ထံရောက်လာသော ကလေးများ ကံကောင်းစေဟု မလုပ်သင့်ပါ။ တင်းလွန်းခြင်းသည် မကောင်းသကဲ့သို့ လျော့လွန်းခြင်းမှာလည်း မကောင်းပါ။ အမှတ်ပေးစည်းမျဉ်းနှင့်အညီ အမှန်အတိုင်း အမှတ်ပေးခြင်းသာ တရားမျှတသည်။ အကတိတရားလေးပါးမှကင်းလွတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## စာစစ်မှူးက ညှိနှိုင်းပေးရသည်

စာရေးသူသည် တက္ကသိုလ်စာမေးပွဲတစ်ခုတွင် စာစစ်မှူး တာဝန်ထမ်းဆောင်ဖူးပါသည်။ ရှေးဦးစွာ စစ်ဆေးမည့်သူများကို အမှတ်ပေးစည်းမျဉ်းတစ်ခုစီ ဝေငှပြီး အမှတ်ပေးစည်းမျဉ်းကို ရှင်းပြသည်။ တညီတညွတ်တည်းဖြစ်စေရန် ညှိနှိုင်းပေးသည်။ တင်းလွန်းခြင်း လျော့လွန်းခြင်း မဖြစ်စေရန် ပြောပြသည်။

ရှေးဦးစွာ အဖြေလွှာငါးဆယ်စီ ထုတ်ပေးလိုက်သည်။ တစ်ယောက်ချင်း၏ အဖြေလွှာငါးဆယ်စစ်ဆေးမှုများကို စာစစ်မှူးက ပြန်စစ်ကြည့်ရသည်။ တစ်ယောက်က အမှတ်ပေး တင်းကျပ်လွန်းနေသည်။ သူ့ထံရောက်သွားသော အဖြေလွှာအားလုံး အမှတ်အနည်းဆုံး ဖြစ်နေသည်။

နောက်နှစ်ယောက်ကတော့ အမှတ်ပေးလက်ဖွာလွန်းနေသည်။ သူထံရောက်သော အဖြေလွှာများမှာ အမှတ်တွေ အများကြီးရနေသည်။

တစ်ယောက်ကတော့ အားလုံးကို မနည်းမများ ယေဘုယျ အမှတ်များကိုသာ ပေးထားသည်။

ကျန်စစ်သူများမှာ အမှတ်ပေးစည်းမျဉ်းအတိုင်း မှန်ကန်တိကျမှုရှိသည်။ ဂုဏ်ထူးထွက်သင့်သူ ထွက်သည်။ အမှတ်နည်းသင့်သူ နည်းသည်။ များသင့်သူများသည်။

တင်းလွန်းသူ အမှတ်ပေးထားသည်များကို အမှန်အတိုင်း ပေးထားသည့်အမှတ်နှင့် ယှဉ်ပြရသည်။ သူ့ထံမှာ ရောက်နေသော ကလေးများ နစ်နာနေပြီဖြစ်ကြောင်း ရှင်းပြရသည်။ ငါးအုပ်သန့်နမူနာ

www.burmeseclassic.com

www.burmeseclassic.com



စစ်ပြပြီး သူ့ကို ပြန်အစစ်ခိုင်းရသည်။ သူပြန်စစ်သည်များကို ထပ်မံ စစ်ဆေးပေးရသည်။

လက်ဖွာနေသူနှစ်ဦးကိုလည်း မှန်ကန်စွာ ပေးသင့်သော အမှတ်များနှင့် နှိုင်းယှဉ်ပြရသည်။ အမှတ်ပေး စည်းမျဉ်းအရ မှန်ကန်စွာ စစ်ထားသော အဖြေလွှာများ နစ်နာနေပြီဖြစ်ကြောင်း ရှင်းပြရသည်။

သူတို့ကိုလည်း နမူနာငါးအုပ်စီ စစ်ပေးပြီး သူတို့ အဖြေလွှာများကို ပြန်အစစ်ခိုင်းရသည်။

ယေဘုယျအမှတ်များကိုသာ ပေးထားသူတို့တော့ ထိုသို့ မလုပ်သင့်ကြောင်း၊ အမှတ်ပေးစည်းမျဉ်းအတိုင်း တိတိကျကျ စစ်ဆေးရန် သတိပေးရသည်။ သူ့ကိုတော့ သတိထားရမည်။ သူ စစ်ဆေးသော အဖြေလွှာများကို မကြာခဏ ပြန်လည်စစ်ဆေးကြည့်ရန် မှတ်ထားလိုက်ရသည်။

စာစစ်မှူးကို မဏ္ဍိုင်ပြု၍ စစ်ဆေးသူများအားလုံး တညီတညွတ်ဖြစ်စေရန် ညှိနှိုင်းပေးရသည်။ ထိုနည်းတူစွာပင် စာစစ်မှူးချုပ်ကို ဗဟိုပြု၍ စာစစ်မှူးများ တညီတညွတ်ဖြစ်စေရန် ညှိနှိုင်းကြရသည်။

စာစစ်မှူးတိုင်းကလည်း မိမိတို့ တာဝန်ကို လေးလေးစားစား ဆောင်ရွက်ရန်လိုသည်။ စာစစ်မှူးက အဖြေလွှာထုတ်ပေးပြီး ပြန်မစစ်လျှင် စာစစ်မှူးထံသို့ကျသော အဖြေလွှာများနှင့် ဂုဏ်ထူးထွက်သော အဖြေလွှာများသာ တက်လာတော့သည်။

ယေဘုယျအမှတ်လောက်သာ ပေးထားသည့်အထဲတွင် ဂုဏ်ထူးထွက်သင့်သော ကလေးများစွာပါ၍ နစ်နာတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲ စစ်ဆေးသော ဆရာဆရာမများသည် မိမိတို့ တာဝန်ကို အလေးအမြတ်တန်ဖိုးထား၍ စာဖြေသူကလေးများ အားလုံး အပေါ်မှာ တရားမျှတ မှန်ကန်ရေးကို အလေးအမြတ်ထားသင့်ကြပါသည်။ သို့မှသာ ယှဉ်ပြိုင်ရသော ကလေးများအတွက် ကြိုးစားရကျိုး နပ်မည်ဖြစ်ပါသည်။

## ချစ်ခြင်း မုန်းခြင်းကို အခြေခံ၍ စစ်ဆေးခြင်း

ကိုယ့်တပည့်၏ အဖြေလွှာကို ကိုယ်တိုင်စစ်ဆေးရသော ကျောင်းစစ်စာမေးပွဲများ၊ တက္ကသိုလ်စာမေးပွဲများတွင် ချစ်ခြင်း၊ မုန်းခြင်းကို အခြေခံ၍ စစ်ဆေးခြင်းများ တွေ့ရတတ်သည်။ ချစ်သော တပည့်၊ ခင်မင်ရင်းနှီးသော တပည့်ကို ပိုပိုမိုမိုသာသာထိုးထိုး အမှတ်ပေး၍ ကူညီတတ်ကြသည်။ ကျနေလျှင် မကျအောင်၊ ဖြေနိုင်လျှင် ရသင့်သည်ထက်ပိုရအောင် လုပ်ပေးတတ်ကြသည်။

မုန်းသောတပည့်ကိုတော့ တင်းတင်းကျပ်ကျပ် စစ်ဆေးပြီး လျှော့လျှော့ပေါ့ပေါ့ အမှတ်ပေးကြသည်။ ဂုဏ်ထူးထွက်နိုင်သည်ကို ဂုဏ်ထူးမထွက်အောင် လုပ်ပစ်ကြသည်။ ဖြစ်နိုင်လျှင် အငြိုးအာဃာတနှင့် စာမေးပွဲချပစ်သည်ကိုပင် ရှိကြသည်။

တစ်ဖက်သတ် ကောက်ကျစ် ညစ်ပတ်စွာ အနိုင်ကျင့်ခြင်း ဖြစ်သည်။ လွန်စွာဝမ်းနည်းစရာ ကောင်းပါသည်။ ညစ်ပတ်ခြင်းများ စွာတို့တွင် ပညာသင်ပေးသော အနန္တဂိုဏ်းဝင် ဆရာအရှင်က တပည့် ၏ အဖြေလွှာကို အာဃာတနှင့် ညစ်ပတ်ခြင်းမှာ အရက်စက်ဆုံးဖြစ် ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတိုင်းမှာ မွန်မြတ်သော ဆရာစိတ်သာ ရှိသင့်ကြပါသည်။ တပည့်အားလုံး၏ ရိုသေစွာ ရှိခိုးထိုက်သူသာ ဖြစ်သင့်ကြပါသည်။

ဆရာတိုင်း ဆရာမတိုင်းသည် ကျောင်းသူကျောင်းသားတို့၏ အဖြေလွှာများကို စစ်ဆေးရာတွင် ကျောင်းစစ်စာမေးပွဲဖြစ်စေ တက္ကသိုလ်ဝင်စာမေးပွဲဖြစ်စေ၊ တက္ကသိုလ်ဖြစ်စေ ဆန္ဒာ၊ ဒေါသ ဘယာ၊ မောဟ အကတိတရားလေးပါးကင်းစင်စွာနှင့် တရားမျှတမှုကို အလေးအနက်ထားသင့်ကြသည်။ အနန္တဂိုဏ်းဝင် ဆရာရှင်၏ ကြီးမြတ်သော ဂုဏ်သိက္ခာကို လေးစားစွာ တန်ဖိုးထား၍ စောင့်ထိန်းသင့်ပါသည်။ ဆရာ ဆရာမတိုင်း ဆရာကောင်း ဆရာမြတ် ဖြစ်ကြရန် လိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# တပည့်အိမ်သို့ ရောက်သောဆရာ

ဆရာသည် တပည့်တိုင်းကို ရင်းနှီးစွာ သိနေရန်လိုသည်။ ဖြစ်နိုင်လျှင် တပည့်၏ မိသားစုအခြေအနေ၊ တပည့်၏ ဖြတ်သန်းကြုံတွေ့နေရသောဘဝ၊ တပည့်၏ ပတ်ဝန်းကျင်ကိုပါ သိနေရန် လိုသည်။

ထိုသို့ သိရှိနားလည်ရန်အတွက် တပည့်တိုင်း၏ နေအိမ်သို့ အနည်းဆုံး တစ်ခေါက်လောက်တော့ ရောက်ဖူးသင့်သည်။

ကျေးရွာတွင်ရှိသော မူလတန်းကျောင်းများတွင် ဆရာ၊ ဆရာမနှင့် တပည့်တို့ပို၍ ရင်းနှီးကြသည်။ တစ်ရွာတည်းမှာ နေထိုင်ကြသည်မို့ တပည့်တို့အိမ်သို့ ဆရာသည် ရောက်လွယ်ကြသည်။ အကြောင်းအမျိုးမျိုးနှင့် ရောက်တတ်ကြသည်။

မိဘနှင့်ဆရာလည်း ရင်းနှီးခင်မင်နေကြသည်။ တစ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးမှ လာရောက် သင်ကြားသော ဆရာ၊ ဆရာမများပင် မြို့မှာ ထက်ပို၍ တပည့်အိမ်သို့အရောက်အပေါက်ရှိကြသည်။ ထို့ကြောင့် တပည့်၏ မိသားစုအကြောင်း၊ တပည့်တို့ ကြုံတွေ့နေရသော ဘဝ၊ တပည့်တို့၏ ပတ်ဝန်းကျင်ကို ဆရာ၊ ဆရာမများသိ နားလည် ကြသည်။ ထိုသို့ နားလည်မှုလည်း ဘယ်တပည့်သည် ဘာကြောင့် ဆိုးရသည်။ ဘယ်တပည့်က ဘာကြောင့်စိတ်ထားသိမ်ငယ်နေရသည်။ ဘယ်တပည့်က ဘာကြောင့် ညစ်ကျယ်ကျယ် ဆောင့်ကြွားကြွားဖြစ်ရ သည်ကို မှန်ကန်စွာ သိနေကြသည်။ ထိုသို့သိသည့်အလျောက် ဘယ် တပည့်ကို ဘယ်လိုဆက်ဆံရမည်။ ဘယ်တပည့်ကို ဘယ်လို ဆုံးမ ရမည်ဆိုသည်ကိုလည်း အနာနှင့်ဆေး သင့်အောင် ပေးနိုင်ကြသည်။

မူလတန်းကျောင်းထက် အလယ်တန်းကျောင်း၊ အထက်တန်း ကျောင်းများတွင် ကျောင်းသားဦးရေပို၍ များလာသည်။ လာရောက် ကြသည့် ကျောင်းသူကျောင်းသားတို့၏ ခရီးအကွာအဝေး နယ်ပယ်မှာ လည်း ပိုမိုကျယ်ပြန့်လာသည်။

## အိမ်တိုင်ရာရောက် ခရီးပေါက်

ပုသိမ်ကြီးမြို့နယ် ကျောင်းမီးရွာ အလယ်တန်းကျောင်းတွင် ကျွန်တော် ကျောင်းဆရာအဖြစ် ဆောင်ရွက်စဉ်က ကျွန်တော်တို့ ကျောင်းသို့ ကျောင်းလာတက်ကြသော တပည့်များမှာ ကျောက်မီး၊ ငွေတောင်၊ လက်ကောက်၊ သုံးအိမ်၊ သမ္ဘော၊ အောင်ပင်လယ်၊ ဗိုလ် တက်ကုန်း၊ ရွာရှည်၊ တံတိုင်းရှည်၊ ထုံးဖို၊ ကျောက်ချော၊ အုန်းချော၊ ကျွဲနဖားစသည့် ရွာများမှလာရောက်ခြင်းဖြစ်၍ နယ်ပယ်ကျယ်ဝန်း

www.burmeseclassic.com

www.burmeseclassic.com



သည်။ ခရီးလည်းဝေးသည်။

သို့သော် ကျွန်တော်တို့ ဆရာ၊ ဆရာမများက တပည့်တိုင်း၏ အိမ်သို့ အနည်းဆုံး တစ်ခေါက်စီရောက်ရန် စီစဉ်ထားကြသည်။ တပည့်များကလည်း သူတို့ရွာများမှာ အလှူပွဲ၊ ဘုရားပွဲရှိလျှင် ဆရာ၊ ဆရာမများကို ဖိတ်ကြားသည်။ သူတို့ကိုယ်တိုင် တပျော်တပါး လာကြိုကြသည်။ ဆရာ၊ ဆရာမများ သူတို့အိမ်သို့ ရောက်လာသည်ကို ဝမ်းသာလွန်း၍ မြူးမြူးကြွကြွပင် ဖြစ်နေကြသည်။

တပည့်တို့၏ မိဘများနှင့် ဆရာ၊ ဆရာမများ စကားပြောကြရသည်။ တပည့်တို့၏ နေ့စဉ်ကျောင်းသွားကျောင်းပြန်ရသော အခြေအနေ တပည့်မိဘများ၏ စီးပွားရေး အခြေအနေ၊ လူမှုရေးအခြေအနေများကို သွားရင်း လေ့လာပြီးသား ဖြစ်သွားကြသည်။

စီးပွားရေးအဆင်ပြေသော တပည့်များအတွက် ဝမ်းသာရသလို ဆင်းရဲသော တပည့်များအတွက် သနားကြင်နာရသည်။ စောင်ချမ်းပင်အောင်မှာ ဖျာစုတ်လေးနှင့် ထိုင်ခဲ့ရသည်ပင်ရှိသည်။ ထိုတပည့်မျိုးကို ပညာတတ်စေချင်သော စေတနာထက်သန်လာရသည်။

ကျွဲနဖားရွာသို့ ရောက်သောအခါ တပည့်သုံးယောက်မှာ လိုင်းကားများက အခမဲ့တင်လိုသော စေတနာမရှိ၍ ငြူစူသောကြောင့် မနက် ၄ နာရီထွက်သော ထင်းကားနှင့်လိုက်ရသည်။ ကျောင်းသို့ ၅ နာရီခန့်တွင် ရောက်နေသောကြောင့် ကျောင်းရှေ့မှ ဈေးဆိုင်ကလေးများပေါ်မှာ တစ်ရေးအိပ်ရသည်။ မိဘများလည်း မနက် ၃ နာရီထပြီး ထမင်းဘူးလေး ထည့်ပေးနိုင်ရန် ကြိုးစားရသည်။ ကျွန်တော်တို့ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ဆရာမများ မသိကြ။ တပည့်တို့ကလည်း သူတို့ဒုက္ခကို သူတို့ဘာသာ ခံနေကြ၍ ဆရာ၊ ဆရာမများကို မပြောကြ။

ကျွန်တော်တို့ ကျွဲနဖားရွာကိုရောက်မှ မိဘများ ပြောပြ၍ သိရသည်။ ကားအသင်းမှ ဉက္ကဋ္ဌကို တွေ့ဆုံ၍ အကြောင်းအကျိုး ရှင်းလင်းပြောပြသည်။ မေတ္တာရပ်ခံသည်။ ကားအသင်းဉက္ကဋ္ဌမှာ များစွာ စိတ်မကောင်းဖြစ်သွားသည်။ ကားပိုင်ရှင်များနှင့် ညှိနှိုင်းသော အခါ ကျောင်းသားများကို စေတနာထား၍ ကူညီပါမည်ဟု တာဝန် ယူသော မော်တော်ကားများကို ကျောင်းချိန်နှင့် အဆင်ပြေအောင် ပြောင်းလဲစီစဉ်ပေးလိုက်သည်။ ကလေးများအဆင်ပြေသွားကြသည်။

ထိုကလေးများ ခက်ခက်ခဲခဲ ကျောင်းလာ၍ ပညာရှာသော အဖြစ်ကို သိရသော ဆရာ၊ ဆရာမများမှာ ကလေးများကို ပို၍ကြင်နာ ရသည်။ စေတနာဖြစ်ရသည်။ မိဘနှင့်ပါ ရင်းနှီး၍ ကလေးများ၏ ပညာရေးအတွက် ရင်းနှီးခင်မင်စွာ တိုင်ပင်ညှိနှိုင်းရသည်။

## မိဘဆရာ ညှိနှိုင်းပါ

ကျောင်းမှာ အလွန်စွာ၊ အလွန်ဆိုး၍ မကြာခဏရန်ဖြစ်ပြီး အရိုက်ခံနေရသော တပည့်တစ်ဦးရှိသည်။ သက်ဆိုင်ရာ ဆရာက သူ့အိမ်သို့ရောက်သွားသောအခါ ထိုကလေးဆိုးရသည့်အကြောင်းများ ကို သိနားလည်လာရသည်။

ထိုကလေး၏ဖခင်မှာ ရဲတပ်ကြပ်ကြီးတစ်ဦးဖြစ်၍ အိမ်တွင် မိသားစုနှင့်အတူ နေရသောအချိန် အလွန်နည်းပါးသည်။ ကလေးတို့ကို ဆုံးမသွန်သင်နိုင်ခြင်း မရှိ၊ မိခင်မှာလည်း ကလေးငါးယောက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



မနိုင်မနင်းဖြစ်နေသည်။ သိနားလည်အောင် ဆုံးမသွန်သင်တတ်သူ လည်း မဟုတ်။

ထစ်ခနဲရှိတိုင်း ခေါက်လိုက်၊ ရိုက်လိုက်သာ လုပ်တတ် သည်။ ရိုက်လျှင်လည်း ခေါက်လျှင်လည်း သက်သက်သာသာ ညှာညှာ တာတာမဟုတ်၊ ရက်စက်သည်။ အဆဲအဆိုကလည်း ကြမ်းသည်။ သားသမီးများမှာ မိခင်၏စရိုက် ကူးစက်နေသည်။

ဆရာက ရဲတပ်ကြပ်ကြီးပြန်လာချိန်မှာ တွေ့ဆုံ၍ ကလေး များကို အိမ်ကလည်း ဆုံးမသွန်သင်မှု မှန်ကန်စေရန် အကြံပြုရသည်။ ကျောင်းမှာလည်း ထိုကလေးကို ရိုက်နှက်ခြင်းထက် မေတ္တာအကြင်နာ ဖြင့် ရင်းနှီးခင်မင်စွာ ဆက်ဆံပြီး လိမ္မာယဉ်ကျေးစိတ်ဖြစ်လာအောင် ဆုံးမပြုပြင်ရသည်။ လိမ္မာယဉ်ကျေးလာတိုင်း ချီးကျူးဂုဏ်ပြုစကား ပြောရသည်။

ဆရာနှင့် ရဲတပ်ကြပ်ကြီးမိသားစုမှာ ပို၍ ခင်မင်ရင်းနှီးသွား သောကြောင့် ကလေးများကို ညှိနှိုင်းပြုပြင်ခွင့်ရသည်။ ဆိုးမိုက် ရက်စက်ခြင်းများ လျော့ပါးသွား၍ ပညာရေးမှာ စိတ်ဝင်စားအောင် ပြုပြင်နိုင်ခွင့်ရကြသည်။

## အိမ်မှာဆိုးသော ကလေး

'ဆရာကြီးရယ်၊ ဒီအငယ်ဆုံးကလေးက အိမ်မှာ သိပ်ဆိုးတာ ပဲ။ အဆဲမျိုးစုံလည်း တတ်တယ်၊ မနက်လင်းအိပ်ရာကနိုးတာနဲ့ အိမ်မှာ အားလုံးကို ဂျီတိုက်နေတာပဲ၊ ဘာလုပ်ပေးပေး ကျေနပ်တယ်မရှိဘူး။ မရှိတာကို ရှာကြံတောင်းတယ်၊ အစ်ကိုတွေ အစ်မတွေကို ဆဲတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မနက်တိုင်း အိမ်မှာ သူ့ငိုသံဆဲသံနဲ့ ဆူညံနေတာပဲ၊ မုန့်ဖိုးပေးတာနည်းရင်လည်း လွှင့်ပစ်တယ်၊ ငိုတယ်၊ ဆဲတယ်၊ သိပ်ဆိုးတဲ့ ကလေး၊ ကျောင်းသွားခါနီးလေ ဆိုးလေပဲ၊ ဆရာကြီး သူ့ကို ဆုံးမပေးပါဦး၊ ရိုက်ရင်လည်း စိတ်မဆိုးပါဘူးဆရာကြီးရယ်၊ ရိုက်သာရိုက်ပါ'

မူလတန်းကျောင်းအုပ်ဆရာကြီးတစ်ယောက် သူငယ်တန်းကျောင်းသားလေးတစ်ယောက်အိမ်သို့ အလည်ရောက်သွားစဉ် ကလေး၏မိခင်က သူ၏သားလေး ဆိုးပုံကို တိုင်သည်။

ဆရာကြီးသည် နောက်တစ်နေ့ကျောင်းချိန်တွင် သူငယ်တန်းဆရာမကိုခေါ်၍ ထိုကလေးအကြောင်း မေးကြည့်သည်။ ဆရာမက ထိုကလေးမှာ အတန်းထဲတွင် အလွန်အေးသော ကလေးဖြစ်ကြောင်း၊ မိဘများကအငယ်ဆုံးမို့ ချစ်လွန်း၍ အလိုလိုက်သောကြောင့် အိမ်မှာဆိုးခြင်းဖြစ်ကြောင်း၊ အစ်ကိုအစ်မများကလည်း အငယ်ဆုံးလေးမို့ ချစ်၍ စကြပြောင်ကြသောကြောင့် ကလေးမှာ အိမ်တွင် ဆဲတတ်နေခြင်းဖြစ်ကြောင်း၊ ကျောင်းတွင် လုံးဝမဆဲကြောင်း ပြောပြသည်။ ဆရာမကိုယ်တိုင်လည်း ထိုကလေးအိမ်သို့ ရောက်ဖူးပြီဖြစ်သည်။

ကျောင်းတက်ချိန်တွင် ဆရာကြီးက သူငယ်တန်းသို့ နောက်ဘက်မှသွားပြီး မသိမသာ အကဲခတ်ကြည့်သည်။ ဆရာမပြောသည့်အတိုင်းပင် အေးဆေးလိမ္မာစွာနေသော ကလေးဖြစ်သည်ကို တွေ့ရသည်။

ဆရာကြီး သူငယ်တန်းအခန်းထဲသို့ ဝင်သွား၍ ကလေးများပါ အားလုံး မတ်တတ်ရပ်ပြီး 'မင်္ဂလာပါ ဆရာကြီး' ဟု နှုတ်ဆက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက ဆိုးသည်ဆိုသော ကလေးကို အတန်းရှေ့သို့ ခေါ်လိုက်သည်။ ကလေးက ရှိုရှိုသေသေ လက်ပိုက်ပြီး ရပ်နေသည်။

'ငါ့တပည့်က အိမ်မှာ ဆိုးတယ်၊ ငိုတယ်၊ ဆဲတယ်လို့ ဆရာကြီး သိရတယ်။ ဒါပေမဲ့ မင်းဆရာမကတော့ ကျောင်းမှာမဆိုးပါဘူး၊ လိမ္မာတဲ့ကလေးပါလို့ ပြောတယ်၊ ငါ့တပည့်က လူဆိုးလေးလား'

ကလေးက ခေါင်းယမ်းပြသည်။

'ဒါဖြင့် လိမ္မာတဲ့ လူကောင်းလေးလား'

ခေါင်းညိတ်ပြသည်။

'လိမ္မာတဲ့ကလေးကို ဆရာကြီးတို့က ရိုက်မဆုံးမပါဘူး၊ မနက်ဖြန်ခါ မနက်ကျတော့ အိပ်ရာထရင် ငါ့တပည့် ငိုဦးမှာလား'

ကလေးက ခေါင်းယမ်းပြသည်။

'အေး. . . မငိုနဲ့ အေးအေးဆေးဆေး ကိုယ့်ဘာသာ အိပ်ရာက ထရမယ် ဟုတ်လား'

ခေါင်းညိတ်သည်။

'မနက်စာကျွေးရင်လည်း ချေးမများနဲ့ သူတို့ကျွေးတာနဲ့ပဲ စားနော်'

ခေါင်းညိတ်သည်။

'မုန့်ဖိုးလည်း မေမေပေးသလောက်ပဲ ယူနော်'

ခေါင်းညိတ်သည်။

'အစ်ကိုတွေ၊ အစ်မတွေကိုလည်း မဆဲရဘူးနော်'

ခေါင်းညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ၊ ငါ့တပည့်ဟာ လိမ္မာတဲ့ကလေးတစ်ယောက် ဖြစ်သွားပြီ၊ မနက်ဖြန်ခါညပိုင်းကျတော့ ဆရာအိမ်လာမေးမယ်နော်'

ခေါင်းညိတ်သည်။

နောက်တစ်နေ့ညတွင် ဆရာကြီးအိမ် သွားမေးရန် မလိုပါ။ နေ့လယ်ပိုင်းတွင် ကလေး၏မိခင် ကျောင်းသို့ရောက်လာသည်။ ဆရာကြီးနှင့်တွေ့သည်။

'ဆရာကြီးရယ်၊ သားလေးကို ဘယ်လိုဆုံးမလိုက်တာလဲ၊ သားလေးခမျာ သနားစရာကောင်းလိုက်တာ၊ မနက်က သူ့ဘာသာ အိပ်ရာထ မျက်နှာသစ်တယ်'

'ပဲပြုတ်နဲ့ ထမင်းကြမ်းကို ကြော်ကျွေးရင် ခါတိုင်း ဘယ်တော့မှ မစားဘူး။ မနက်ကတော့ စားရှာတယ်၊ ဘာမှလည်း မပြောဘူး၊ ကျောင်းသွားတော့လည်း မုန့်ဖိုးတောင် မတောင်းလို့ လမ်းပေါ်ရောက်မှ ကျွန်မ အပြေးလိုက်ပေးရတယ်၊ ကျွန်မတို့ရော သူ့အစ်ကိုတွေ၊ အစ်မတွေရော သူ့ကိုကြည့်ပြီး သနားနေကြတယ်'

ကလေးအမေမှာပြောရင်း မျက်ရည်များ ရစ်ဝဲနေသည်။

'ဘယ်လိုမှထူးပြီး ဆုံးမရတာ မဟုတ်ပါဘူး၊ ခင်ဗျားတို့က အငယ်ဆုံးဆိုတော့ အချစ်ပိုပြီး အလိုလိုက်ကြလွန်းလို့ပါ။ အစ်ကိုတွေ အစ်မတွေကလည်း ချစ်တော့ စကြ၊ ပြောင်ကြလွန်းလို့ ကလေးက အဆဲတတ်သွားတာပါ၊ ပြန်ပြီးတော့သာပျက်အောင် မဖျက်ကြပါနှင့် သူ့ဘာသာကောင်းနေတာလေးကို ကောင်းတဲ့အတိုင်း နေပါစေ'ဟု ဆရာကြီးက တောင်းပန်လိုက်ရသည်။

အိမ်မှာ ဆိုးသော ကလေးသည် ကျောင်းမှာရော

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာပါ လိမ္မာသောကလေး ဖြစ်သွားသည်။

'မိဘဆရာပူးပေါင်း၊ ကလေးပညာကောင်း' ဟူသော စကားရှိသည်။ ဆရာနှင့်မိဘတွေ့ဆုံခြင်းဖြင့် ကလေးတို့၏လိမ္မာရေး ပညာရေးကို ညှိနှိုင်းတိုင်ပင်၍ရသည်။

စာညံ့သောကလေးကို မိဘနှင့်ဆရာ ညှိနှိုင်း၍ စာမှန်မှန် ကျက်အောင် ဆုံးမပြုပြင်၍ရသည်။ ကျောင်းပြေးတတ်သော ကလေး မှာလည်း မိဘနှင့်ဆရာ တွေ့ဆုံညှိနှိုင်းခြင်းကြောင့် ကျောင်းမှန်မှန် တက်အောင် ကြီးကြပ်ထိန်းကိုင်နိုင်သည်။

မြို့ကြီးများမှာ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း များတွင် ကျောင်းသားဦးရေများပြား၍ ဆရာမများ တပည့်များ အိမ် သို့ရောက်ရန် ခက်ခဲသည်။ သို့သော် အနည်းဆုံး အတန်းပိုင်ဆရာ ဆရာမတို့ကတော့ မိမိ၏အတန်းမှ တပည့်တိုင်း အိမ်သို့ တစ်ခေါက် ရောက်ဖူးသင့်သည်။

မြို့ရပ်ဒေသမှာ ကိုယ့်ကိစ္စနှင့်ကိုယ် ရုန်းကန်လှုပ်ရှားနေကြရ ၍ အချိန်အားမရသည်မှာ မှန်သည်။ သွားရေးလာရေး ခက်ခဲသည်မှာ လည်းမှန်ပါသည်။ သို့သော် အလျဉ်းသင့်သလိုသွားနိုင်ရန် ကြိုးစား သင့်သည်။ တပည့်တိုင်း အိမ်သို့ရောက်လျှင်လည်း ထူးထူးခြားခြား ဖြစ်နေသော တပည့်များ၊ ပြောဆိုဆုံးမရန် ခက်ခဲနေသော တပည့်များ အိမ်ကို ရောက်သင့်သည်။

မိမိအတွက် အလေးအနက်ထား၍ အိမ်တိုင်ရာရောက်လာ သော ဆရာဆရာမကိုလည်း တပည့်တို့သည် လေးစားအားနာဖြစ်၍ ဆိုဆုံးမရာမှာ အထောက်အပံ့ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာ၊ ဆရာမများ တပည့်တို့အိမ်သို့ ရောက်အောင် သွားခြင်းသည် ဆရာနှင့်မိဘ ရင်းနှီးခင်မင်သည်။ ကလေး၏ အိမ်ထောင်ရေး အခြေအနေ၊ လူမှုရေးအခြေအနေ၊ ပတ်ဝန်းကျင် အခြေအနေကို ဆရာ ဆရာမတို့ သိရသည်။ လိုအပ်သလို ကူညီနိုင်သည်။ မိဘနှင့် တိုင်ပင်၍ ကလေးကို ဆုံးမပြုပြင်နိုင်သည်။ ကလေး၏ ပညာရေးသာမက လိမ္မာယဉ်ကျေးမှုပါ တိုးတက်စေနိုင်သည်။

ဆရာ၊ ဆရာမတိုင်း တပည့်တို့အိမ်သို့ အနည်းဆုံး တစ်ခေါက်တော့ ရောက်ဖူးသင့်သည်။ ရောက်အောင်လည်း ကြိုးစားသင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## မိဘဆရာပူးပေါင်း ကလေးပညာကောင်း

ကျောင်းသားတစ်ယောက် ပညာရေး ကောင်းမွန်စေရန် အတွက် ဆရာ၊ မိဘနှင့်ကျောင်းသားသုံးဦးသုံးဖလှယ် တာဝန်ကျေရန် လိုသည်။ ဆရာက မေတ္တာ စေတနာနှင့် သင်ကြားပြသဆိုဆုံးမသည်။ မိဘက သားသမီး၏ပညာရေးကို စိတ်ဝင်စားစွာ ဂရုတစိုက် ကြီးကြပ်ပေးသည်။ ကျောင်းသားကိုယ်တိုင်ကလည်း ပညာလိုချင်စိတ်နှင့် ကြိုးစားသည်ဆိုလျှင် ထိုကျောင်းသား၏ပညာရေးမှာ ကောင်းမွန်ရန် ရာခိုင်နှုန်းများစွာ သေချာနေပါသည်။

ကျောင်းသားတစ်ဦး၏ ပညာရေးအတွက် မိဘနှင့်ဆရာ ပူးပေါင်းညှိနှိုင်းမှုရှိခြင်းသည် အရေးကြီးသော အခြေခံအကြောင်း အချက် ဖြစ်သည်။

မိဘနှင့်ဆရာ ပူးပေါင်းမှု ဆက်သွယ်မှု မရှိလျှင် ကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com



၏ပညာရေးအတွက် လစ်ဟာနေသော အချက်များစွာ ပေါ်ပေါက်နိုင်ပါသည်။

## ပညာရည်မှတ်တမ်း

ဆရာသည် ကျောင်းသူကျောင်းသားများကို ကျောင်းတွင် အများနှင့် သင်ကြားပေးရခြင်း ဖြစ်သည်။ တော်သူရှိသည်။ သင့်သူရှိသည်။ ညံ့သူရှိသည်။ ကြိုးစားသူရှိသည်။ မကြိုးစားသူရှိသည်။ လိမ္မာသူရှိသည်။ မလိမ္မာသူရှိသည်။ လပတ်စာမေးပွဲ စစ်ဆေးသော အခါ ကျောင်းသား၏ပညာရည်တိုးတက်ခြင်း ဆုတ်ယုတ်ခြင်းမှာ ပို၍ပေါ်လွင်သည်။

ထို့ကြောင့် စနစ်ကျသော ကျောင်းများသည် လပတ်စာမေးပွဲများကို လစဉ်စစ်ဆေးကြသည်။ ထိုစစ်ဆေးချက်မှ ထွက်ပေါ်လာသော ကျောင်းသူကျောင်းသား၏ ပညာရည်မှတ်တမ်းကို မိဘထံသို့ ပို့ပေးရသည်။

ထိုလစဉ် ပေးပို့သော ပညာရည်မှတ်တမ်းသည် မိဘနှင့် ဆရာကို ဆက်သွယ်ပေးသော ပေါင်းကူးတစ်ခုလည်း ဖြစ်သည်။

ပညာရည်မှတ်တမ်းတွင် ကျောင်းသားတစ်ဦးဦးချင်း၏ ဘာသာရပ်အလိုက် ရရှိသောအမှတ်၊ အအောင်အရှုံး၊ ကျောင်းခေါ်ချိန်နှင့် ကျောင်းသား၏ ကျောင်းတက်ရက်။ အကျင့်စာရိတ္တ ကောင်းမွန်မှု၊ ကြိုးစားမှု၊ အတန်းထဲတွင်ရှိသော ကျောင်းသားအရေအတွက်နှင့် ရရှိသောအဆင့် ဆရာ၏မှတ်ချက် စသည်တို့ပါဝင်သည်။

ဆရာက ပညာရည်မှတ်တမ်းတွင် အထက်ပါ အချက်များ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးပြည့်စုံအောင် ဖြည့်သွင်းပြီး မိဘထံသို့ ပို့ပေးသည်။ လစဉ် ဖော်ပြချက်ဖြစ်၍ တစ်လနှင့်တစ်လ နှိုင်းယှဉ်ဖော်ပြပြီးလည်း ဖြစ်နေသည်။

မိဘသည် ဆရာပေးပို့သော သားသမီး၏ ပညာရည်မှတ်တမ်းကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာပြီးမှ လက်မှတ်ထိုးရန်လိုသည်။

အချို့သော မိဘများသည် ဤပညာရည်မှတ်တမ်းကို ကျောင်း၏ လုပ်ရိုးလုပ်စဉ် တစ်ခုဟု သာမန်သာ သဘောထားပြီး အသေအချာ ကြည့်ရှုစစ်ဆေးခြင်းမရှိ။ ခပ်လွယ်လွယ်ပင် လက်မှတ်ထိုးပေးလိုက်သည်။ အဖေမအားလျှင် အမေ၊ အမေ မအားလျှင် အဖေရှိသူက လက်မှတ်ထိုးပေးလိုက်ကြသည်။

အချို့ကျောင်းသားက မိဘကိုပင်မပြ၊ ကိုယ့်ဘာသာ မိဘလက်မှတ်ကို အတုထိုးပြီး ဆရာ့ထံပြန်ပေးလိုက်သည်။ မိဘကလည်း လစဉ်ပညာရည်မှတ်တမ်း မရသည်ကို မသိ။ သားသမီးကိုလည်း မမေး။ မေ့မေ့လျော့လျော့ နေလိုက်သည်။

အမှန်စင်စစ် လပတ်စာမေးပွဲ စစ်ဆေးရခြင်းသည် ကျောင်းအတွက်၊ ဆရာ ဆရာမများအတွက် လွန်စွာအလုပ်များသည်။ တာဝန်ကြီးပါသည်။

ဤမျှအပင်ပန်းခံပြီး လုပ်ရသည်ကို မိဘက သေသေချာချာ မကြည့်၍ မသိလျှင် ဆရာ၊ ဆရာမများအတွက် ပင်ပန်းရကျိုးမနပ်ပါ။

ဂရုစိုက်သော မိဘများသည် သားသမီး၏ အအောင်အရှုံး အမှတ်စာရင်း အတက်အကျကို သေသေချာချာကြည့်သည်။ အဆင့်

www.burmeseclassic.com

www.burmeseclassic.com



တက်လာသလား ကျသွားသလား၊ ဘယ်ဘာသာရပ်တွေမှာ အမှတ်နည်းပြီး ဘယ်ဘာသာရပ်တွေမှာ အမှတ်ကောင်းနေသလဲ။ သင်္ချာစသည့်အတွက် အချက်မှာ အားနည်းသလား၊ ကျက်စာများမှာ အမှတ်လျော့နေသလား၊ ဆန်းစစ်သည်။ မိမိသားသမီး၏ ပညာအရည်အချင်းနှင့်စပ်လျဉ်း၍ လိုအပ်မည်ထင်သည်များကို မှတ်သား၍ ကျောင်းသို့လာပြီး ဆရာ၊ ဆရာမနှင့် ဆွေးနွေးသည်။ ဤကဲ့သို့သော မိဘများနှင့်တွေ့လျှင် ဆရာ၊ ဆရာမများ ဝမ်းသာရသည်။ ကလေး၏ အားနည်းသော ဘာသာကို မိဘနှင့် ညှိနှိုင်းရသည်။ ဆရာ၊ ဆရာမတို့က ကူညီနိုင်သည့်ကိစ္စ၊ မိဘဘက်မှ တာဝန်ယူနိုင်သည့်ကိစ္စသည့်ကိစ္စများကို ညှိနှိုင်းဆွေးနွေးကြရသည်။ ကျောင်းတွင် စာမှန်မှန်သင်သကဲ့သို့ အိမ်တွင် စာမှန်မှန်ကြည့်စေရန် မိဘကိုအကြံပေးရသည်။ မိဘက သားသမီးကို စာကြည့်ချိန်မှာ စနစ်ကျရန် ကြီးကြပ်ပေးရသည်။ မိဘနှင့် ဆရာ ပူးပေါင်းခြင်းဖြင့် ကလေး ပညာကောင်းလာမည်။

စာမေးပွဲတွင် လစဉ်ကျ၍ ညံ့ဖျင်းနေသော ကျောင်းသူကျောင်းသားဖြစ်လျှင် ဆရာ၊ ဆရာမတို့က ပညာရည်မှတ်တမ်းတွင် မှတ်ချက်ရေးရုံသာမက မိဘကို ကျောင်းသို့လာရောက်၍ တွေ့ဆုံပါရန် စာဖြင့် ဖိတ်ခေါ်သင့်ပါသည်။ ခေါ်လေ့ခေါ်ထလည်း ရှိပါသည်။ သို့သော် ထိုစာကို ကျောင်းသားနှင့် တစ်ဆင့်ပေးရခြင်းဖြစ်၍ အချို့သော ကျောင်းသားများက မိဘကို ပြန်မပေးဘဲ ထားသည်။

'အဖေ ခရီးသွားနေလို့ပါ။ အမေကလည်း နေမကောင်းလို့ပါ'ဟု လိမ်ညာပြောတတ်သည်။ အချို့ဆိုလျှင် သင့်တော်ရာ လူကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို အကူအညီတောင်းပြီး မိဘတုအဖြစ် ခေါ်သွားသည် များပင်ရှိသည်။ ထို့ကြောင့် ဆရာ၊ ဆရာမများမှာ နောက်တစ်ကြိမ် စာပေးသောအခါ သက်ဆိုင်ရာ ကျောင်းသားကိုမပေးဘဲ အခြားနီးစပ်ရာ ကျောင်းသားကို အပေးခိုင်းရသည်။ မိဘရောက်လာမှ ဆရာနှင့် ညှိနှိုင်း ပြောဆိုရသည်။ ကလေးကို စိတ်ရှည်စွာထားပြီး မိဘနှင့် ပူးပေါင်းပြုပြင်ကြရသည်။

## အချိန်မီချုပ် အစုတ်သက်သာ

အချို့ကျောင်းသားများမှာ အလိမ်အညာခွင့်စာ အမျိုးမျိုးနှင့် ကျောင်းပြေး ကျောင်းပျက်သူများ ရှိသည်။ ဆရာ ဆရာမတို့က ပညာရည်မှတ်တမ်းတွင် ကျောင်းခေါ်ချိန်ဖော်ပြထားခြင်းဖြင့် ဂရုစိုက်သော မိဘများသည် မိမိတို့၏သားသမီးအိမ်မှ ကျောင်းသို့ နေ့စဉ်သွားပါလျက် ကျောင်းပျက်နေသည်ကို သတိထားမိသည်။ သက်ဆိုင်ရာ ဆရာ ဆရာမနှင့် သွားရောက်ဆွေးနွေးခြင်းဖြင့် အမှန်ကို သိနိုင်သည်။ 'အချိန်မီချုပ် အစုတ်သက်သာ'ဆိုသကဲ့သို့ စောစောသိသည်နှင့် ပြန်လည်ပြီး တည့်မတ် ထိန်းချုပ်နိုင်ပါသည်။

ကျောင်းသူ ကျောင်းသား၏ လိမ္မာရေး၊ စည်းကမ်းလိုက်နာရေး၊ ပညာတိုးတက်ကောင်းမွန်ရေးတို့အတွက် မိဘနှင့်ဆရာ တွေ့ဆုံမှု ရှိသင့်ပါသည်။

ဆရာက မိဘများအိမ်သို့ အခါအားလျော်စွာ သွားရောက်တွေ့ဆုံခြင်းဖြင့် လည်းကောင်း၊ မိဘက သားသမီး၏ဆရာကိုသွားရောက်တွေ့ဆုံခြင်းဖြင့်လည်းကောင်း၊ ညှိနှိုင်းတိုင်ပင်မှုရှိလျှင် ကလေး

www.burmeseclassic.com

www.burmeseclassic.com



များ မိဘနှင့်ဆရာအကြားတွင် လိမ်ညာလှည့်ဖြား၍ မရပါ။

မိဘနှင့်ဆရာ တွေ့ဆုံမှုရှိနေသည်ဟူသော အသိကြောင့်ပင် ကျောင်းသားသည် မမှန်မကန်လုပ်ရန် မဝံ့တော့ပါ။

အချို့သော မိဘများသည် မိမိတို့၏ သားသမီး အမှတ်နည်းနည်းကျသွားသည်နှင့် ဆရာ၊ ဆရာမကို သွားတွေ့သည်။ အချို့ဆိုလျှင် ပို၍ တိုးတက်စေလိုသောကြောင့်ပင် သွားရောက်တွေ့သည်။ အချို့သောမိဘများမှာ အကြောင်းထူးမရှိဘဲလျက်ပင် သားသမီး၏ဆရာ ဆရာမကို သွားရောက်တွေ့ဆုံ၍ သားသမီးကို အပ်နှံသည်။ အကြောင်းရှိလျှင် ဆက်သွယ်ပြောဆိုပါရန် မေတ္တာရပ်ခံသည်။

ကျောင်းသားဆိုး တော်တော်များများသည် မိဘကလည်း သားသမီးပညာရေးတွင် စိတ်မဝင်စား၊ ဆရာများနှင့် တွေ့ဆုံခြင်း ညှိနှိုင်းခြင်း မရှိ။ ကျောင်းမှ ဆရာ ဆရာမများကလည်း မိဘကို အကြောင်းကြား ဆက်သွယ်ခြင်းမရှိ၍ ဖြစ်တတ်သည်။

လိမ္မာသော ကျောင်းသား၊ စာတော်သော ကျောင်းသား အများစုမှာ မိဘနှင့်ဆရာ တွေ့ဆုံဆက်သွယ်မှု ကောင်းသူများဖြစ်ကြသည်။

စာရေးသူ ကျောင်းဆရာ လုပ်ခဲ့စဉ်က အချို့သော မိဘများသည် တစ်လတစ်ခါ ဆိုသကဲ့သို့ မကြာမကြာ ကျောင်းသို့ရောက်လာပြီး သားသမီး၏ပညာရေး အခြေအနေကို မေးမြန်းတိုင်ပင်သည်များ တွေ့ရသည်။

ကျွန်တော့်သား ကျောင်းမှန်မှန်တက်ရဲ့လား ဆရာ. . . ။ စာသင်တဲ့အချိန်မှာ စိတ်ဝင်စားရဲ့လားဆရာ. . . ။ သူ့ကြိုးစားမှုအခြေ

www.burmeseclassic.com

www.burmeseclassic.com

အနေက ဘယ်လိုရှိလဲ. . .။ ဘယ်ဘာသာရပ်တွေမှာ အားနည်းနေလဲ ဆရာ...။အဲဒါ ဘယ်လိုလုပ်ရင်ကောင်းမလဲ...။ ဒီကောင့်ကို ဆုံးမစရာရှိရင် ဆုံးမပါ ဆရာ...။ ဆရာ့ကို အပ်ပါတယ်... စသည်ဖြင့် လာရောက် မေးမြန်းပြောဆိုသည်။ ညှိနှိုင်းတိုင်ပင်သည်။ ဆရာဘက်ကလည်း မိဘနှင့်ညှိနှိုင်းစရာရှိသည်များကို စဉ်ဆက်မပြတ် ညှိနှိုင်း၍ရသည်။

အချို့မိဘကတော့ တစ်နှစ်လုံး တစ်ခေါက်မျှ လာရောက်မေးမြန်းညှိနှိုင်းခြင်း မရှိဘဲ သားသမီး စာမေးပွဲကျမှ ဒေါသတကြီးနှင့် ကျောင်းသို့ရောက်လာသည်လည်း ရှိသည်။ သားသမီး တစ်ဖက်သတ်ပြောသည်ကိုယုံပြီး ဆရာ၊ ဆရာမများကို မကျေမနပ် စွပ်စွဲပြောဆိုတတ်သည်။

သူ့သားသမီး ကျောင်းမှန်မှန်တက်ပြီး စာတော်ပါလျက်နှင့် တမင်သက်သက်ညစ်ပြီး စာမေးပွဲချပစ်သည်ဟူသော စွပ်စွဲမှုမျိုးကို ပင် ပြုတတ်သည်။ ထို့ကြောင့် ကျောင်းအုပ်ဆရာကြီးက ကျောင်းသား၏လစဉ်ပညာရည်မှတ်တမ်းကို ထုတ်ပြသည်။ အတန်းပိုင်ဆရာမ၏ မှတ်ချက်များကို ပြသည်။

'ဒီအချိန်ကတည်းက ခင်ဗျား ခုလိုလာပြီး ဆွေးနွေးရင် ဒီကလေး စာမေးပွဲကျမှာ မဟုတ်ဘူး'ဟု ဆရာကြီးက ရှင်းပြလိုက်သည်။

## သူ့ဘက်တာ ကိုယ့်ဘက်တာ

"မိဘဆရာ ပူးပေါင်း၊ ကလေးပညာရေးကောင်း" ဆိုသော

www.burmeseclassic.com

www.burmeseclassic.com



စကားနှင့်အညီ မိဘကလည်း မိမိသားသမီးကို အိမ်မှာ တွေ့မြင်ရသည့်အပေါ် အခြေခံ၍ နေထိုင်မှု ပေါင်းသင်းဆက်ဆံမှု စိတ်လေလွင့်မှု၊ ပညာကြိုးစားမှုမှစပြီး အားသာချက်၊ အားနည်းချက်ရှိသည်များကို ကျောင်းသို့သွား၍ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံညှိနှိုင်းသင့်သည်။ အကြံဉာဏ် တောင်းခံသင့်သည်။

ဆရာ၊ ဆရာမများကလည်း တပည့်များနှင့် ပတ်သက်၍ ကျောင်းတွင် တွေ့မြင်ရသည်များမှ ပညာရေးတွင် စိတ်ဝင်စားမှု၊ စိတ်လေလွင့်မှု၊ စိတ်ပြောင်းလဲမှု၊ ပေါင်းသင်းဆက်ဆံမှု၊ ပညာရည် တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ ကျောင်းတက်မှု၊ ကျောင်းပျက်မှုများကို မိဘနှင့် တွေ့ဆုံပြီး ပြောဆိုညှိနှိုင်းသင့်သည်။ အကြံပြုစရာ ရှိသည်တို့ကို အကြံပြုသင့်သည်။ သတိပေးစရာ ရှိသည်များကို သတိပေးသင့်သည်။

သူ့တာကိုယ့်တာ လုံခြုံစွာနှင့် မိဘဆရာ ပူးပေါင်းညှိနှိုင်းမှု ရှိပါက ကျောင်းသူကျောင်းသားတို့ကို လမ်းမှားသို့ တူရူပြုနေလျှင်ပင် အချိန်မီ ပြုပြင်နိုင်သည်။ စာညံ့သောကလေးများ စာတော်လာနိုင်သည်။

မိဘနှင့်ဆရာတို့ ပူးပေါင်းခြင်းဖြင့်သာ သားသမီးရတနာဖြစ်သော ပန်းကလေးများ တင့်ဆန်းစွာ ပွင့်လန်းလာကြလျှင် မိဘရော ဆရာပါ ကြည်နူးဝမ်းသာ ဂုဏ်ယူစရာဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဆရာနှင့် မျက်နှာလိုက်ခြင်း

မိဘသည် သားသမီးတိုင်းကိုချစ်၏။ လိမ္မာသော သားသမီးကို လိမ္မာ၍ချစ်ရသကဲ့သို့ မိုက်သောသားသမီးကိုလည်း ကရုဏာပို၍ ချစ်ရ၏။

မိဘနှင့် တစ်ဂိုဏ်းတည်း ထားရသော ဆရာသည်လည်း တပည့်တိုင်းကို မေတ္တာစေတနာညီမျှစွာ ထားရှိနိုင်ရန်လိုပါသည်။

မိဘတို့သည် မိမိတို့၏ သားသမီးများကို ဆရာ၊ ဆရာမတို့ထံမှာ ယုံကြည်စိတ်ချစွာ အပ်နှံထားကြသည်။

"ကျွန်တော့် သမီးလေးကို ပညာတတ်အောင် သင်ပေးပါ ဆရာမရယ်. . ."

"ကျွန်မသားလေးကို ဂရုစိုက်ပေးပါဆရာရယ်"ဟူ၍ အပ်နှံ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

မတစ်ထောင် သားသမီးများတွင် လူမျိုးစုံပါသည်။ ချမ်းသာသောသူ၏သားသမီးများပါသလို ဆင်းရဲသူ၏သားသမီးများပါသည်။ ရာထူးဂုဏ်သိန်ကြီးမြင့်သူ၏ သားသမီးပါသလို နွမ်းပါးနိမ့်ကျသူ၏ သားသမီးလည်းပါ၏။ ရုပ်ဆိုးသူပါသည်၊ ရုပ်လှသူပါသည်၊ လိမ္မာသူပါသည်။

ဆရာသည် တပည့်အမျိုးမျိုးနှင့် ဆက်ဆံရသည်။

သို့သော် မိမိထံသို့ ရောက်လာသော တပည့်၊ မိမိ ပညာသင်ပေးရသော တပည့်များအားလုံးသည် မိမိ၏တပည့်သာဖြစ်သည်၊ ထိုတပည့်များအားလုံးကို "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"ဆိုသော ဆရာ့ဝတ္တရားငါးပါးနှင့်အညီ စောင့်ရှောက်ကြရမည်သာ ဖြစ်သည်။

မျက်နှာကြီးငယ် မလိုက်သော ဆရာကို တပည့်တိုင်းကချစ်ခင်ကြသည်။ လေးစားအားကိုးကြသည်။ တစ်သက်တာလုံးမမေ့နိုင်အောင် အနန္တဂိုဏ်းဝင်အဖြစ် ရှိသေကြသည်။ မျက်နှာမလိုက်သော ဆရာ၊ ဆရာမသည် တပည့်တိုင်းအပေါ်မှာ သြဇာရှိသည်။ ဆိုဆုံးမ၍ အောင်မြင်သည်။

ငွေကြေးချမ်းသာသူ၊ ရာကြီးထူးကြီးနှင့် သြဇာအာဏာကြီးသူတို့၏ သားသမီးများကို ပို၍ အခွင့်အရေးပေးရန် မလိုသကဲ့သို့ ဆင်းရဲနိမ့်ကျသူတို့၏ သားသမီးများကိုလည်း အခွင့်အရေးမလျော့ပါးစေသင့်ပါ။ သာတူညီမျှ မေတ္တာစေတနာထား၍ ဆုံးမပြုပြင်သင်ကြားပေးသင့်သည်၊ ထိုအခါ ချမ်းသာသူသြဇာအာဏာရှိသူတို့၏ သားသမီး

www.burmeseclassic.com

www.burmeseclassic.com



များရော ဆင်းရဲနိမ့်ကျသူတို့၏ သားသမီးများကပါ တူညီစွာ ချစ်ခင်လေးစားကြသည်။

ချမ်းသာသူ၏သားသမီးဖြစ်၍ အခွင့်အရေးပိုပေးလျှင် ချမ်းသာသူ၏ သားသမီးကပင် ထိုဆရာ၊ ဆရာမကို ပြန်ပြီး အထင်သေးတတ်သည်၊ ဤဆရာ ဤဆရာမသည် ငါ့မိဘချမ်းသာ၍ ငါ့ကိုသူများထက်ပိုပြီး အခွင့်အရေးပေးခြင်းဖြစ်သည်ဟု နားလည်တတ်ကြသည်။ ချမ်းသာသူ၏ သားသမီးသည် ထိုဆရာကို သဘောကျချင်ကျမည်။ သို့သော် အထင်မကြီးဖြစ်တတ်သည်။

ကြီးမြတ်သော ဆရာ့ဂုဏ်သိက္ခာကို ချမ်းသာခြင်း၊ အောက်သို့ငုံ့ဝင်မိခြင်းကြောင့် အထင်သေးခံရခြင်းဖြစ်သည်။ ထိုနည်းတူပင် ဩဇာအာဏာကြီးသူ၏ သားသမီးကို အခွင့်အရေးပိုပေးလျှင်လည်း အခွင့်အရေးအပေးခံရသော ကလေးကပင် ထိုဆရာကိုပြန်ပြီးအထင်သေးတတ်သည်။ ငါ့မိဘဩဇာအာဏာရှိ၍ ငါ့ကိုသူများထက်ပိုပြီး အခွင့်အရေးပေးခြင်းဖြစ်သည်ဟု နားလည်တတ်ကြသည်။ ဩဇာအာဏာကြီးသူ၏ သားသမီးသည် ထိုဆရာကိုသဘောကျချင်ကျမည်၊ သို့သော် အထင်ကြီးမည်မဟုတ်ပါ။

ကြီးမြတ်သော ဆရာ့ဂုဏ်သိက္ခာကို ဩဇာအာဏာကြီးခြင်း၏အောက်သို့ ခေါင်းငုံ့ဝင်မိခြင်းကြောင့် အထင်သေးခံရခြင်းဖြစ်သည်။

တပည့်တို့အပေါ်မှာ မျက်နှာကြီးငယ် လိုက်ခြင်းသည် ဆရာ ဆရာမတို့ အတွက်အကျည်းတန်ဆုံးသော ဂုဏ်သိက္ခာပျက်မှုပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ကျောင်းသားဘဝက ခရိုင်ရဲဝန်၏သား တစ်ယောက်ရှိသည်။ သူ့ကိုဆရာ, ဆရာမများက ဖခင်၏အရှိန်အဝါကြောင့် မျက်နှာသာပေးကြသည်။ ထိုသို့ မျက်နှာသာပေးသည်ကို သူ သဘောမကျ၊ သူ့ကိုလည်း အများနည်းတူပင် ဆက်ဆံစေချင်သည်၊ ဆရာ၊ ဆရာမများထဲတွင် သူ့ကိုထူးပြီးမျက်နှာသာမပေးဘဲ ပုံမှန်ဆက်ဆံသော ဆရာတစ်ဦးရှိသည်၊ ထိုဆရာကို သူပိုပြီးသဘောကျသည်။ ရိုသေလေးစားသည်။

ထိုဆရာက တပည့်အားလုံးကို မျှမျှတတ မှန်မှန်ကန်ကန် ဆက်ဆံသည်။ ကျန်တပည့်များကလည်း ထိုဆရာကို ရိုသေလေးစားကြသည်။

တစ်နေ့တွင် ခရိုင်ရဲဝန်သားသည် အခြားကျောင်းသားတစ်ဦးနှင့်စကားများရာမှ သူ မခံချင်သောစကားပြော၍ လက်သီးဖြင့်ထိုးလိုက်သည်။

အတန်းပိုင်ဆရာသည် ဤကဲ့သို့ ကျောင်းသားအချင်းချင်းထိုးကြိတ်သူကို ယခင်က ရိုက်နှက်ပြီး အပြစ်ပေးဆုံးမလေ့ရှိသည်။ သို့သော် ခရိုင်ရဲဝန်သားကိုရိုက်နှက်ခြင်းမပြုဘဲ နောင်တွင်ဤသို့မပြုရန်သာ ပြောဆိုဆုံးမသည်။

အထိုးခံရသော ကျောင်းသားက မကျေနပ်၍ကျောင်းအုပ်ကြီးကိုသွားတိုင်သည်။ ကျောင်းအုပ်ဆရာကြီးကလည်း ခရိုင်ရဲဝန်သားကို မရိုက်ဘဲ နောင်တွင်ဤသို့မပြုရန်ပြောဆိုဆုံးမပြီး ပြန်လွှတ်လိုက်သည်။

ခရိုင်ရဲဝန်၏သားက သူ ကျူးလွန်သော ပြစ်မှုသည် ရိုက်သင့်သည်ဟု ခံယူသည်။ ရိုက်လျှင်လည်း ကျေနပ်စွာခံယူရန်အသင့်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အတန်းပိုင်ဆရာနှင့် ကျောင်းအုပ်ဆရာကြီးက မရိုက်သော အခါ အထိုးခံရသောကျောင်းသားက "ဤကျောင်းတွင် ခရိုင်ရဲဝန်၏ သားကို ရိုက်ဝံ့သောဆရာမရှိ"ဟု မကျေမနပ် ပြောဆိုသည်။

ထိုအပြောမျိုးကို ခရိုင်ရဲဝန်၏သားက ပို၍မခံချင်။ထို့ကြောင့် ကျောင်းသူကျောင်းသားများကို မျက်နှာမလိုက်ဘဲ မျှမျှတတရှိသော ဆရာ့ထံသွား၍ သူကျူးလွန်သောပြစ်မှုအကြောင်းပြောပြသည်။

"ဤကျောင်းတွင် ခရိုင်ရဲဝန်၏သားကို ရိုက်ဝံ့သောဆရာ မရှိ"ဟု သူများပြောသည်ကိုလည်း မခံနိုင်ကြောင်း၊ ဆရာသည် မျက်နှာကြီးငယ် မလိုက်သူဖြစ်၍ ကိုယ်တိုင် ဆရာ့ကို လာတိုင်ခြင်း ဖြစ်ကြောင်း၊ ဆရာပေးသောပြစ်ဒဏ်ကို ကျေနပ်စွာ ခံယူမည် ဖြစ် ကြောင်း ပြောပြသည်။"

ဆရာက သူနှင့်တိုက်ရိုက် မဆိုင်သောကိစ္စဖြစ်၍ အတန်းပိုင် ဆရာနှင့် ကျောင်းအုပ်ဆရာကြီးတို့ကို ခရိုင်ရဲဝန်၏သား လာပြောသည် များကို ပြောပြသည်။ ရန်ဖြစ်ခဲ့ကြပုံ အကျိုးအကြောင်းကိုလည်း မေးမြန်းသည်။ အတန်းပိုင်ဆရာနှင့် ကျောင်းအုပ်ကြီးက ဖြစ်ပုံကိုရှင်း လင်းပြောပြပြီး ရိုက်သင့်သည်မှာ မှန်ကြောင်း ထိုဆရာကိုပင် ရိုက်ပြီး ဆုံးမပါရန် အပ်နှံကြသည်။

ထိုဆရာက ခရိုင်ရဲဝန်သားနှင့်အတူ ရန်ဖြစ်သူကိုပါ ရုံးခန်း သို့ခေါ်၍ သူတစ်ပါး မခံချင်အောင်ပြောဆိုသူကို အပြစ်တင်သည်။ နောင်တွင် ထိုသို့မပြောရန် ဆုံးမသည်။

ခရိုင်ရဲဝန်သားကိုတော့ ဤသို့ပြောရုံနှင့် ကိုယ်ထိလက် ရောက်ပြုသည်မှာ ကျောင်းစည်းကမ်းအရ အပြစ်ကြီးကြောင်းပြောပြီး

www.burmeseclassic.com

www.burmeseclassic.com



နှစ်ချက်ရိုက်၍ ဆုံးမလိုက်သည်။

ခရိုင်ရဲဝန်၏သားသည် သူ့ဖခင် နှလုံးရောဂါနှင့် ရုတ်တရက် ကွယ်လွန်သောအခါ သူ့ကိုရိုက်သော ဆရာထံသို့ အားကိုးတကြီး ရောက်သွားသည်။

မနက် (၆)နာရီခန့်ဖြစ်၍ ဆရာ အိပ်ရာမနိုးသေးသောကြောင့် ဆရာ့ကိုမနှိုးရက်၍ ဆရာ၏အိပ်ရာဘေးမှာ ထိုင်ငိုနေခဲ့ပါသည်။

သူ့ငိုရှိုက်သံကြောင့် ဆရာ အိပ်ရာမှနိုးလာပြီး သူ့ကိုကြင်နာစွာ နှစ်သိမ့်အားပေးသည်။

မျက်နှာကြီးငယ်မလိုက်သော ဆရာ၊ ဆရာမကို တပည့်တိုင်းက မြတ်နိုးလေးစားစွာ ယုံကြည်အားကိုးတတ်ကြသည်။

ယခုအခါတွင် အလိုလောဘကြီးလွန်းကြသော မိဘအချို့သည် မိမိတို့၏သားသမီးကို ဆရာ၊ ဆရာမများက မျက်နှာသာပေးရန် နည်းမျိုးစုံနှင့် ကြိုးစားကြသည်။

မော်တော်ကားရှိသူက မိမိတို့သားသမီးကို မော်တော်ကားနှင့် ကျောင်းပို့ရင်း သားသမီး၏အတန်းပိုင်ဆရာမကိုပါ အိမ်ဝင်ခေါ်၍ ကျောင်းသို့ပို့ပေးသည်။ အပြန်တွင်လည်း ကားနှင့်လိုက်ပို့သည်။

တန်ဖိုးရှိသော လက်ဆောင်ပစ္စည်းအမျိုးမျိုးကိုလည်း မကြာခဏပေးကြသည်။

ဆရာ၊ ဆရာမ၏ မျက်နှာသာပေးမှုအမျိုးစုံကို ရအောင် ယူတတ်ကြသည်။ ကျောင်းစစ် လပတ်စာမေးပွဲများတွင် ပြိုင်ဘက်မရှိ ပထမရသည်အထိ ယူတတ်ကြသည်။

သို့သော် သားသမီး အတန်းတက်သွားသည်နှင့် ယခင်ဆရာ၊

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကို မေ့ထားခဲ့ပြီး နောက်တစ်တန်းမှ အတန်းပိုင်ဆရာ၊ ဆရာမကို မော်တော်ကားနှင့် ကြိုပို့သည်။ လက်ဆောင်ပစ္စည်းအမျိုးမျိုးပေးပြန်သည်။

စစ်မှန်သော ရိုသေလေးစားခြင်းမဟုတ်၊ ဆရာ၊ ဆရာမတို့၏ ကြီးမြတ်သော ဂုဏ်သိက္ခာအခွင့်အလမ်းအနည်းအပါးပေးပြီး ဖျက်ဆီးသွားခြင်းသာဖြစ်သည်။ မိမိတို့သားသမီး မျက်နှာသာရရေး၊ ပြိုင်ဘက်ကျောင်းသူကျောင်းသားအချင်းချင်းအပေါ် အသာယူနိုင်ရေးအတွက် အသုံးချသွားခြင်းသာ ဖြစ်သည်။

ဆရာ၊ ဆရာမမှာ အသုံးချသူတို့၏ အထင်ကြီးလေးစားမှုကိုလည်း မခံရ။ ကျန်သောတပည့်များ၏ အထင်သေးခြင်းကိုလည်း ခံရသည်။

ဆရာသည် တပည့်တို့ကို မိဘ၏ရာထူးအာဏာကြောင့်လည်း မျက်နှာမလိုက်သင့်၊ ဆင်းရဲချမ်းသာကြောင့်လည်း မျက်နှာမလိုက်သင့်ပါ။ တံစိုးလက်ဆောင်ကြောင့်လည်း မျက်နှာမလိုက်သင့်ပါ။ မည်သည့်အကြောင်းကြောင့်မျှ မျက်နှာမလိုက်သင့်ပါ။

တပည့်အားလုံးကို တူညီစွာ မေတ္တာစေတနာထား၍ ဆရာ့ဝတ်ငါးပါးနှင့်အညီ ဖြစ်စေသင့်ပါသည်။

ဆရာကောင်း၊ ဆရာမြတ်ကို တပည့်အားလုံး ချစ်ခင်လေးစားကြသည်။ ထို့ထက် ကြီးမြတ်သောဂုဏ်ဟူ၍ ဆရာအတွက် မရှိတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## ဆရာနှင့် အမှန်းခံအလှ

ဆရာသည် တပည့်တို့ကို အတတ်သင်ပေးရသည့်အပြင် ပဲ့ပြင်ဆုံးမရသည်။ ပဲ့ပြင်ဆုံးမရာတွင် တပည့်တို့၏ အပြောအဆို အနေအထိုင်မှစ၍ မကောင်းသော အပြုအမူ အလေ့အကျင့်များကိုပါ ပြုပြင်ပေးရသည်။

စနှင့်သ မကွဲသူ၊ စနှင့်ဆ မကွဲသူ၊ ရှနှင့်ဆ မကွဲသူ၊ ကစား နှင့် စကား မကွဲသူတို့ကို ပြုပြင်ပေးရသည်။

ကိုယ်အမူအရာ၊ နှုတ်အမူအရာ ကြမ်းကြုတ်သူများကို ပြုပြင် ပေးရမည်။

စကားပြောမြန်၍ ဗလုံးဗထွေးဖြစ်နေသူများကိုလည်း ပြုပြင် ပေးရသည်။

အချို့သောဆရာများသည် စကားထစ်သူများကို ချောချော

www.burmeseclassic.com

www.burmeseclassic.com



မောမောပြောနိုင်အောင် ပြုပြင်ပေးကြသည်။

အနေအထိုင် မတတ်သူတို့ကို နေထိုင်တတ်အောင် ပြုပြင်ပေးရသည်။

နည်းအမျိုးမျိုးနှင့် ပြုပြင်ရာတွင် တစ်ခါတစ်ရံမှာ ဆရာဖြစ်သူသည် တပည့်၏ အမုန်းခံရသည်အထိ ကြောက်အောင် ခြောက်လှန့်ပြီး ပြုပြင်ရသည်များပင် ရှိသည်။

မူလတန်းကျောင်းအုပ်ဆရာကြီးတစ်ဦးသည် စတုတ္ထတန်းသို့ရောက်မှ သူ့ကျောင်းသို့ပြောင်းလာသော မိန်းကလေးတစ်ယောက်၏ အမူအကျင့်ဆိုးကို ပြုပြင်ရာတွင် အောင်မြင်သွားသော်လည်း တပည့်ဖြစ်သူက ဆရာကြီးကို ကြောက်ရွံ့ရာမှ မုန်းတီး၍သွားသည်အထိ ဖြစ်ခဲ့ရလေသည်။

မိန်းကလေးမှာ ဖြူဖြူနုနုနှင့် ရုပ်ရည်ချောမောသူလေးဖြစ်သည်။ ထိုမိန်းကလေးကို ဆရာကြီးက အတန်းထဲမှာ စာဖတ်ခိုင်းသောအခါ မိန်းကလေးသည် ဆွံ့ဆွံ့ဆိုင်းဆိုင်းဖြစ်ရုံမက စာဖတ်ရင်းမျက်စိတစ်ဖက် မှိတ်လိုက်၊ နှုတ်ခမ်းက ထောင့်တန်းတွန့်သွားလိုက် ဖြစ်နေသည်။

ဆရာကြီးက အသေအချာ ကြည့်နေသည်။

စာမဖတ်လျှင် မျက်နှာလေးမှာ ပကတိအတိုင်း လှပနေသည်။

စာဖတ်လိုက်သည်နှင့် မျက်စိမှိတ်လိုက်၊ နှုတ်ခမ်းတွန့်လိုက်ဖြစ်လာသည်။

စာတစ်ကြောင်းကို ငါးကြိမ်ခန့် တွန့်ပြီးမှ ဖတ်၍ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက စာဖတ်သည်ကို အရပ်ခိုင်းလိုက်သည်။

'မင်းမျက်စိနဲ့ နှုတ်ခမ်းက စာဖတ်တိုင်း ဒီလိုဖြစ်သလား'

'ဟုတ်ကဲ့ ဆရာကြီး'

နှစ်ကြိမ်ခန့် မှိတ်တွန့်ပြီးမှ ပြော၍ရသည်။

'သူစကားပြောရင်လည်း အဲဒီလိုပဲ ဆရာကြီး' ဟု ဘေးမှ မိန်းကလေးများက ပြောကြသည်။

မိန်းကလေးကို ကြည့်ပြီး ဆရာကြီး စိတ်မကောင်းဖြစ်မိသည်။

ဤအတိုင်းသွားလျှင် ဤမိန်းကလေး၏ မျက်နှာမှာ တစ်သက်လုံး အကျင့်ပါသွားတော့မည်။

ပင်ကိုယ်က ချောမောလှပသူလေးဖြစ်ပါလျက် ဤအပြုအမူကြောင့် အလှပျက်တော့မည်။

တပည့်ငယ်၏ တစ်သက်တာကောင်းကျိုးအတွက် မကောင်းသော အမူအကျင့်ကို ပျောက်အောင် ဖျောက်ပေးမည်ဟု ဆရာကြီးက ဆုံးဖြတ်လိုက်သည်။

'ကဲ. . . မင်းပြန်ဖတ်။ ဒီတစ်ခါဖတ်ရင် မျက်စိမမှိတ်နဲ့၊ နှုတ်ခမ်းမတွန့်နဲ့ သတိထားပြီးဖတ်'

မိန်းကလေး မျက်နှာပျက်သွားသည်။

'ကဲ- စဖတ်'

မိန်းကလေးထံမှ ဘာသံမျှ ထွက်မလာ၊ မျက်ရည်များသာ စီးကျလာသည်။

'ဖတ်လေ'

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက လေသံမာမာနှင့်ပြောသည်။ ဤအကျင့်သည် စွဲနေပြီမို့ တော်တော်ကြောက်မှ ပျောက်မည်ဟု ဆရာကြီး သုံးသပ်မိသည်။

မိန်းကလေး သတိထားပြီး အားယူနေသည်။

'မျက်စိ လုံးဝမမှိတ်နဲ့၊ နှုတ်ခမ်း လုံးဝမတွန့်နဲ့'

ဆရာကြီးကို ကြောက်လွန်း၍ မိန်းကလေး သတိကြီးစွာထားပြီး စာဖတ်သည်။

မျက်စိ မမှိတ်၊ နှုတ်ခမ်းမတွန့်။

သို့သော် ဆက်ဖတ်သောအခါ မျက်စိမှိတ်ပြီး နှုတ်ခမ်း တွန့်သွားသည်။

'ဖြန်း'

ဆရာကြီးက ကြိမ်လုံးနှင့် စားပွဲကိုရိုက်လိုက်သည်။

မိန်းကလေး တုန်သွားသည်။

'ဖြန်း'

'မမှိတ်နဲ့လို့ပြောနေတာ မကြားဘူးလား'

မိန်းကလေး မျက်ရည်ပေါက်ပေါက်ကျသည်။

'ထိုင်တော့'

မိန်းကလေး ကြောက်လန့်မှုမှ သက်သာရာရသွား၍ အမြန်ထိုင်လိုက်သည်။

'မနက်ဖြန်ခါကျမှ မင်းကို ပြန်ဖတ်ခိုင်းမယ်။ အိမ်မှာ လေ့ကျင့်ခဲ့ပါ။ မျက်စိမမှိတ်ရဘူး။ နှုတ်ခမ်းမတွန့်ရဘူး'

အိမ်ပြန်ရောက်သည်နှင့် မိန်းကလေးက အဖေနှင့် အမေကို

www.burmeseclassic.com

www.burmeseclassic.com



ငိုပြောသည်။

အမေက သမီးကို သနားသည်။

သူငယ်နာကြောင့် အကြောဆွဲခြင်းဖြစ်သည်။ ပြုပြင်၍မရနိုင်ဟု ထင်သည်။ ကျောင်းကို လိုက်သွားပြီး ဆရာကြီးကိုပြောပြချင်သည်။

အဖေကတော့ ဆရာကြီး ပြုပြင်ပေးခြင်းဖြင့် ကောင်းသွားနိုင်သလားဟု မျှော်လင့်သည်။ ကောင်းသွားလျှင် သမီးလေးအတွက် အကျိုးများစွာရမည်ဟု ယူဆသည်။

သို့သော် ဇနီး၏ဆန္ဒအတိုင်း ဆရာကြီးနှင့် သွားဆွေးနွေးသည်။

ဤအရွယ်တွင် တင်းတင်းကျပ်ကျပ် ပြုပြင်ပေးပါက မိန်းကလေးကိုယ်တိုင် သတိထားပြီး ပြုပြင်သွားလျှင် ရနိုင်ကြောင်း ဆရာကြီးက ရှင်းပြသည်။

သူကြိုးစား၍ ပြုပြင်သွားလိုကြောင်း မိဘက သဘောတူခွင့်ပြုရန် ဆရာကြီးက တောင်းပန်သည်။ ဖခင်က သဘောတူသည်။

ဆရာကြီးက ထိုမိန်းကလေးကို နေ့စဉ် စာအဖတ်ခိုင်းသည်။ မျက်စိမှိတ်ပြီး နှုတ်ခမ်းတွန့်တိုင်း ပြန်ဖတ်ရသည်။ ပြန်ဖြေရသည်။ တစ်လခန့်ကြာသောအခါ ကလေးမှာ မျက်စိမှိတ်ခြင်း၊ နှုတ်ခမ်းတွန့်ခြင်း အတော်ပင် လျော့သွားပြီ။ သို့သော် အမှတ်တမဲ့ သတိမထားလျှင် ဖြစ်သေးသည်။

ဆရာကြီးက လမ်းမှာတွေ့လျှင်လည်း ထိုမိန်းကလေးကို မေးခွန်းများ မေးသေးသည်။ ရုတ်တရက်မို့ တွန့်သွားလျှင် ပြန်မေး

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြန်ဖြေရသည်။

မိန်းကလေးမှာ ဆရာကြီးနှင့် တွေ့ရမှာကို ကြောက်နေသည်။ ဆရာကြီးကိုမြင်လျှင် အဝေးကြီးက ရှောင်ပြေးသည်။

ဆရာကြီးသည် တမင်သက်သက် အပြုံးထားပြီး နှိပ်စက်နေသည်ဟုပင် ထင်သည်။

သုံးလခန့်ကြာသောအခါ ရှင်းရှင်းပျောက်သလောက် ဖြစ်သွားသည်။ စတုတ္ထတန်းစာမေးပွဲ ဖြေပြီးချိန်တွင် ကလေးမသည် ပကတိအတိုင်း မျက်စိမမှိတ်၊ နှုတ်ခမ်းမတွန့်ဘဲ ချောမောစွာ စကားပြောနိုင်၊ စာဖတ်နိုင်သွားသည်။

ဆရာကြီးကိုကား ရွံ့မုန်းကြီး ဖြစ်သွားသည်။

ထိုကျောင်းမှ လေးတန်းအောင်၍ အထက်တန်းကျောင်းသို့ ပြောင်းသွားသော အခြားကလေးများ ဆရာကြီးကို လာကန်တော့ကြသည်။ ထိုမိန်းကလေး လုံးဝလာမကန်တော့ပါ။ လမ်းမှာတွေ့လျှင် အခြားကလေးများက ဆရာကြီးကို ရိုရိုသေသေ လေးလေးစားစား နှုတ်ဆက်ကြသည်။ ထိုမိန်းကလေးသည် ဆရာကြီးကိုမြင်သည်နှင့် အဝေးမှ ရှောင်ပြေးလေသည်။

ကလေး၏ဖခင်ကတော့ ဆရာကြီးကို ကျေးဇူးတင်ကြောင်း၊ ဆရာကြီးပြုပြင်ပေး၍ သူ့သမီးလေး၏ အမူအကျင့်ဆိုးမှာ လုံးဝပျောက်သွားပြီဖြစ်ကြောင်း၊ သို့သော် သမီးလေးမှာ ဆရာကြီးကို သိပ်မုန်းသွား၍ ကန်တော့ရန်ခိုင်းသည်ပင် မသွားပုံ၊ ဆရာကြီးကိုမတွေ့ဝံ့ဟုပြောကြောင်း၊ နောင် ကြီးလာမှ သူ့ဘာသာ နားလည်လာရင် ကျေးဇူးတင်မည့်အကြောင်းနှင့် ခုချိန်မှာတော့ ကလေးကို ခွင့်လွှတ်

www.burmeseclassic.com

www.burmeseclassic.com


ပါရန်အကြောင်း ဆရာကြီးကို ပြောဆိုတောင်းပန်သည်။

ဆရာကြီးက ပြုံးသည်။ ကလေး၏ဖခင်ကိုလည်း ကလေးအားခွင့်လွှတ်ကြောင်း ပြောဆိုလိုက်ပါသည်။

"မုန်းချင်မုန်းတော့တပည့်ရေ . ၊ မင်းရဲ့ အမူအယာဆိုးလေး ပျောက်ပြီး မင်းဘဝလေး လှသွားရင် ဆရာဝမ်းသာပါတယ်"ဟူသော အတွေးနှင့် ဆရာကြီး ကျေနပ်လိုက်ပါသည်။

အနန္တဂိုဏ်းဝင်ဆရာတိုင်းသည် တပည့်တို့ကိုချစ်ကြသည်။ ကောင်းစေချင်ကြသည်။ ပညာထူးချွန်စေချင်ကြသည်။ တပည့်တို့ တိုးတက်လျှင်၊ အောင်မြင်လျှင်၊ ကောင်းမွန်သွားလျှင် ဝမ်းသာပီတိဖြစ်ကြသည်။

ထို့ကြောင့် တပည့်တို့ကို ပညာသင်ပေးရုံသာမက မကောင်းသည်တို့ကို ကောင်းအောင် ဆုံးမပြုပြင်ရသည်။

တပည့်တို့ ကောင်းသွားလျှင် တပည့်က မုန်းသည်ကိုပင် ကျေနပ်စွာ ခံယူနိုင်သည်မှာ ဆရာကောင်းတို့၏ စေတနာအလှပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ဆရာနှင့် သိပ္ပမချန်

မြန်မာ့ရိုးရာ အစဉ်အလာ ဆရာ့ဝတ္တရား ငါးပါးတွင် သိပ္ပမချန် ဆိုသည်မှာ တစ်ပါးအပါအဝင်ဖြစ်၏။ ဆရာသည် တပည့်အပေါ်မှာ စေတနာအပြည့်အဝထားရသူ ဖြစ်သောကြောင့် အတတ်ပညာ မထိန်မချန်ရှိသာမက ကိုယ့်ထက်ပို၍ တတ်မြောက်စေရန်ပင် လမ်းညွှန်အကြံပြုရသည်။ မိမိထံမှ ပညာကုန်သင်ပေးပြီးလျှင် မိမိထက် ပိုမိုတတ်မြောက်သည့် ဆရာ့ထံသို့ သင့်ရာအပ်ပို့ပြုရသည်။

လူ့လောက ဖြစ်စဉ်အရကြည့်လျှင် လူမျိုးနွယ်ဆက်တို့သည် တစ်ဆက်ထက်တစ်ဆက် သာလွန်တိုးတက်နေကြသည်။ သားသည် အဖေထက် တော်ရသည်။ တပည့်သည် ဆရာထက် သာရသည်။ သို့မှသာ လူ့လောက အစဉ်တိုးတက်နေမည် ဖြစ်သည်။

ထိုသို့မဟုတ်မူ၍ အဖေ့ထက်သားက ညံ့။ ထိုသား၏သားက

www.burmeseclassic.com

www.burmeseclassic.com



သူ့ထက်ညံ့၊ အဆင့်ဆင့်ညံ့သွားလျှင် လူ့လောကနှင့်လူနေမှုဘဝသည် မူလသုညအရိုင်းဘုံသို့ ပြန်ရောက်သွားရုံသာ ရှိတော့သည်။

ဖခင်တိုင်းသည် သားသမီးကို ကိုယ့်ထက်သာစေချင်၊ တော်စေချင်ကြသည်။ အတိဇာတသား ဖြစ်စေချင်ကြသည်။ သာအောင်၊ တော်အောင်လည်း နည်းအမျိုးမျိုးဖြင့် ပြုစုပျိုးထောင်ပေးကြသည်။ သားသမီးက မိမိထက်သာလျှင် ဝမ်းသာမဆုံး၊ ဂုဏ်ယူမဆုံးဖြစ်ကြသည်။ အဖေက ခုနစ်တန်းအောင်သည်။ သားက ဆယ်တန်းအောင်သည်။ ထိုသား၏သမီးက ဘွဲ့ရသည်။ ထိုသမီး၏သားက ပါရဂူဖြစ်သည်ဆိုလျှင် တိုးတက်မှုအစဉ်မှန်သည်။

ပညာရေးနယ်ပယ်တွင်လည်း ဆရာသည် တပည့်တို့ကို မိမိတို့ထက် သာစေချင်ကြသည်။ ပို၍တတ်မြောက်စေချင်ကြသည်။ အိတ်သွန်ဖာမှောက်သင်ပေးကြသည်။ ဆရာထက်တပည့်လက်စွမ်းထက်ရန်လိုသည်။ ဆရာထက် တပည့်လက်စွမ်းထက်မှ ပညာရေး လောကတိုးတက်မည်။ ပညာရေးတိုးတက်မှ လူ့ဘောင်တိုးတက်မည်။

ဆရာက ငါးမူးဖိုးတတ်လျှင် တပည့်လက်ထက်မှာ တစ်ကျပ်ဖိုးတတ်ရမည်။ ထိုတပည့်၏ တပည့်လက်ထက်မှာ တစ်ကျပ်ခွဲဖိုးတတ်ရမည်။ နောက်တပည့်လက်ထက်တွင် နှစ်ကျပ်ဖိုးတတ်ရမည်။

ဤနည်းအားဖြင့် ဗိသုကာပညာတွင် ဆရာက တစ်ထပ်တိုက်ဆောက်နိုင်လျှင် တပည့်က နှစ်ထပ်တိုက်ဆောက်နိုင်သည်။ နောက်တပည့်က သုံးထပ်တိုက် နောက်တပည့်က လေးထပ်တိုက် အဆင့်ဆင့် တိုးတက်လာရာ ခုအခါတွင် အထပ်ပေါင်း လှုကျော်

www.burmeseclassic.com

www.burmeseclassic.com



ဆောက်နိုင်ခဲ့ပြီ ဖြစ်သည်။

ဆရာထက် တပည့် လက်စွမ်းမထက်ဘဲ အဆင့်ဆင့်နိမ့်ကျသွားလျှင် ဆရာက တစ်ကျပ်ဖိုးတတ်သည်။ တပည့်လက်ထက်မှာ ငါးမူးဖိုးသာတတ်သည်။ ထိုတပည့်၏ တပည့်လက်ထက်မှာ တစ်မတ်ဖိုးသာ တတ်တော့မည်။

အဆင့်ဆင့်ညံ့သွားလျှင် အသုံးလုံး တစ်ခေတ်ပြန်လည် ဆန်းသစ်ရတော့မည်။

ထို့ကြောင့် တပည့်သည် ဆရာထက်သာရန် ဆရာတို့စေတနာထား၍ သင်ကြားပေးကြရမည်။ သိပ္ပမချန်သင်ကြားရုံသာမက မိမိထက်ပို၍ သင်ပြနိုင်သူကို လမ်းညွှန်ရမည်။ တပည့်၏ ပညာတိုးတက်ရေးအတွက် သင့်တော်ရာသို့ ပို့အပ်ပေးရမည်။

## ဆရာစားချန်သည်

ဆရာထက် တပည့် လက်စောင်းထက်ရမည်ဆိုသည်မှာ စာပေပညာမှာသာမက ပညာရပ်တိုင်းမှာပင် တပည့်က သာလွန်ရန်လိုသည်။ ပညာရပ်တိုင်းမှာ ဆရာဖြစ်သူတို့သည် မိမိတို့၏တပည့်ကို မိမိတို့ထက်သာလွန်အောင် စေတနာထားပြီး သင်ကြားပေးသင့်ကြသည်။ ပန်းချီပညာမှာလည်း ဆရာထက်တပည့်ကပို၍ တော်သင့်သည်။ စက်မှုပညာမှာလည်း ဆရာထက်တပည့်ကပို၍ တော်သင့်သည်။ ဆေးပညာမှာလည်း ဆရာတို့ထက် တပည့်အဆင့်ဆင့်တို့က ပို၍ ဆေးပညာမှာလည်း ဆရာတို့ထက် တပည့်အဆင့်ဆင့်တို့က ပို၍

www.burmeseclassic.com

www.burmeseclassic.com



သာလွန်သင့်ကြသည်။ သို့သော် အချို့သော အတ္တလွန်ကဲသူ၊ နှမြော ကပ်စေးနှဲသူတို့သည် ပညာကိုထိန်ချန်ထားတတ်ကြသည်။ ဆရာစား ချန်သည်ဟုဆို၍ ပညာကို လျှို့ဝှက်ထားတတ်ကြသည်။ တပည့်အပေါ်မှာ တာဝန်မဲ့ခြင်းသာမက ပညာရပ်အပေါ်မှာ တာဝန်မဲ့ခြင်း၊ လူ့ဘောင်လောက၏ တိုးတက်မှုအပေါ်မှာ တာဝန်မဲ့ခြင်းလည်း ဖြစ်သည်။

ပညာရပ်ကို ဆယ်ပုံရှိလျှင် ကိုးပုံသာတပည့်ကို သင်ပေးခြင်း ဖြစ်သည်။ တစ်ပုံချန်ထားသည်။ ထို့ကြောင့် တပည့်သည် ဆရာ့ပညာကို အကုန်မရ။ ဆရာက တစ်ပုံတော့သာနေသည်။

ထိုအတိုင်းသာဆက်သွားလျှင် ကိုးပုံတတ်ထားသူကလည်း သူ့တပည့်ကို တစ်ပုံချန်ပြီး သင်တော့မည်။ တပည့်သည် ရှစ်ပုံသာ ရမည်။ ထိုတပည့်က ဆရာဖြစ်သောအခါ သူ့တပည့်သည် ခုနစ်ပုံသာ ရတော့မည်။ ကြာသောအခါမှာ ပညာရပ်မှာ ဆရာတို့၏ စေတနာ မမှန်မှုကြောင့် လုံးဝတိမ်ကောသွားပေတော့မည်။

ဤနည်းအားဖြင့် ပျောက်ကွယ်သွားခဲ့ကြသော ပညာရပ်တို့ လည်း များစွာရှိပေမည်။ ယခုအခါတွင် အမည်သာကြားနေရပြီး တတ်မြောက်သူမရှိတော့သည့် ပညာရပ်များမှာ သတိထားစရာပင် ဖြစ်ပေသည်။

## ပညာကို လျှို့ဝှက်၍ ထိန်းချုပ်ခြင်း

အချို့သော ပညာရပ်တို့သည် မသမာသူတို့လက်သို့ ရောက် သွားလျှင် လူအများ ဒုက္ခရောက်နိုင်သောကြောင့် တတ်ကျွမ်းသော

www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်သည် လူတိုင်းကို သင်မပေးဘဲ လူ့ဘောင်၏ကောင်းကျိုးကို ဆောင်ရွက်မည့်သူ စိတ်ကောင်းစေတနာကောင်းရှိသူကိုသာ သင်ပေးသည်။ မှန်ပါသည်။ သင်ပေးရာတွင်လည်း အပြည့်အစုံသင်ပေးပါသည်။ ဤနည်းအားဖြင့် ပညာကိုလျှို့ဝှက်ခြင်း၊ ထိန်းချုပ်ခြင်းမှာ အမြော်အမြင်ကြီးခြင်း ဖြစ်သည်။

သို့သော် ဆေးပညာကဲ့သို့သော ပညာရပ်များမှာ လူအများကောင်းကျိုးသာ ဖြစ်ပါသည်။ ထို့ကြောင့် ဆေးပညာကို ကျယ်ကျယ်ပြန့်ပြန့် ကျောင်းကြီးများ၊ တက္ကသိုလ်ကြီးများဖွင့်၍ သင်ကြားပေးသည်။

သုတေသနစာတမ်းများနှင့် တွေ့ရှိချက်မှတ်တမ်းများကို အဆင့်ဆင့် လက်ဆင့်ကမ်းကြရသည်။ ရှေ့မှတွေ့ရှိချက်များအပေါ်မှာ နောက်လူတို့၏ တွေ့ရှိချက်များ ထပ်လောင်းပေါင်းစည်းသောအခါ ဆေးပညာရပ်၏တိုးတက်မှုမှာ အစဉ်အမြဲရှင်သန်နေသည်။ ဝမ်းသာစရာဖြစ်ပါသည်။

မြန်မာတိုင်းရင်းဆေးကိုလည်း ယခုအခါတွင် ကျောင်းကြီးများဖွင့်၍ လက်ဆင့်ကမ်းနေကြပြီ။ တွေ့ရှိချက်များကို သုတေသနပြု၍ မှတ်တမ်းတင်နေကြပြီ။ အဆင့်ဆင့် တိုင်းရင်းဆေးပညာတိုးတက်မြင့်မားအောင် ဆောင်ရွက်နေကြပြီ။ တစ်ချိန်ကဆိုလျှင် တချို့သော တိုင်းရင်းဆေးဆရာကြီးများ၏ ပညာလျှို့ဝှက်မှုကြောင့် လွယ်လွယ်ရနိုင်သောပညာများ ခက်ခဲနေကြရသည်။

ဆရာအချို့သည် သူတို့၏တန်ဖိုးကြီးသော ပညာရပ်တစ်ခုကို ဘယ်သူ့မျှမပေးဘဲ၊ အသက်ထက်ဆုံး ထိန်းထားကြသည်။ နောက်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးအချိန်ရောက်မှ သား သို့မဟုတ် သမီးတစ်ဦးတည်းကို လက်သိပ်ထိုးပေးသွားခဲ့သည်။

တစ်ခါတစ်ရံတွင် ဆရာဖြစ်သူ ရုတ်တရက် ကွယ်လွန်သွားသောအခါ ပညာရပ်ကို မည်သူ့မျှ မပေးခဲ့နိုင်ဘဲ ဆရာနှင့်အတူ ပျောက်ကွယ်ခဲ့ရသည်။ ဆရာ့ထံတွင် ထိုပညာရပ် ရှိမှန်းကိုလည်း သိနေကြ၍ နှမြောတသ ဖြစ်ရသည်။

ကျွန်တော်၏ မိတ်ဆွေတစ်ဦးသည် သူ့ရှေ့မှာပင် ခါးနာရောဂါဖြစ်နေသူတစ်ဦးကို ဆရာတစ်ယောက်ကုသပျောက်ကင်းသွားပုံ မျက်မြင်တွေ့ခဲ့ရသည်။

နှစ်များစွာ ဒုက္ခဖြစ်နေသော ခါးနာရောဂါမှာ နာရီပိုင်းနှင့်ပင် ယူပစ်သလိုပျောက်သွားခဲ့သည်။ ထိုပညာရပ်ကို သဘောကျလွန်း၍ ကုသသောဆရာ့ထံမှာ တပည့်ခံသည်။ ထိုပညာရပ်အတွက် မိမိကဲ့သို့ တပည့်ခံသူလေးဦးရှိသည်။ တစ်ဦးမှာ ငွေကြေးချမ်းသာသော တရုတ်သူဌေးတစ်ဦး ဖြစ်သည်။ ဆရာ့ကို ငွေပုံပေးပြီး ဆေးနည်းတောင်းသည်။ ဆရာက အချိန်ဆွဲထားသည်။ နောက်ဆုံး ဆရာ ရုတ်တရက် ကွယ်လွန်သွားသောအခါ ထိုပညာရပ်ကို မည်သူမျှမရဖြစ်သွားသည်။ နှမြောစရာကောင်းလှ၏။

ထိုကဲ့သို့သော ပညာကောင်း၊ ဆေးနည်းကောင်းကို လူများများ တတ်ကျွမ်းနားလည်ထားလျှင် ခါးနာသူ ဝေဒနာရှင် များစွာ ပျောက်ကင်းချမ်းသာရပေမည်။ လူ့လောကအတွက် ကောင်းကျိုးဖြစ်ပေသည်။

ပညာကို လက်ဝါးကြီးအုပ်၍ မိမိတစ်ယောက်တည်း ဤ

www.burmeseclassic.com

www.burmeseclassic.com



ပညာကို ထိန်းချုပ်ထားကြခြင်းဖြစ်သည်။ ပညာကုသနည်းများစွာသည် ပျံ့နှံ့မှုနည်းပါးရာမှ တိမ်ကောပျောက်ကွယ်ကုန်ကြရသည်။ လူ့ဘောင်အတွက် ဆုတ်ယုတ်မှုပင် ဖြစ်ပေသည်။

ယခုအခါတွင် တိုင်းရင်းဆေးပညာ ထွန်းကားတိုးတက်စေရန်အတွက် ကျယ်ပြန့်စွာ ဖော်ထုတ်ပေးနေပါပြီ။ ထို့ကြောင့်လည်း အစိုးတန် တိုင်းရင်းဆေးပညာကျောင်းကြီးများ ဖွင့်၍ စနစ်တကျ သင်ကြားပေးနေပါပြီ။ သင်ရိုးညွှန်းတမ်းများနှင့် စာအုပ်များကိုလည်း စနစ်တကျ ပြုစုထုတ်ဝေထားကြပြီ ဖြစ်သည်။

အချို့သော စေတနာကောင်းပြီး မှန်ကန်ကျယ်ပြန့်သည့် အမြင်ရှိသူ ဆေးပညာရှင်များသည် မိမိတို့ကိုယ်တိုင်လည်း တတ်သိခဲ့သမျှ၊ အတွေ့အကြုံမှ ပညာရခဲ့သမျှကို စာအုပ်များရေးသား၍ပြန်လည်ဖောက်သည်ချနေပြီ ဖြစ်ပါသည်။ စာအုပ် မထုတ်နိုင်သူအချို့သည် တွေ့ရှိချက်များကို စာတမ်းပြုစု၍ တိုင်းရင်းဆေးပညာတိုးတက်ထွန်းကားရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သည်များလည်း ရှိနေကြပါပြီ။ ဝမ်းသာစရာကောင်းလှပါ၏။ ထိုအပြုအမူများသည် စေတနာမှန်သော ဆရာပီသမှုပင်ဖြစ်ပါသည်။

## ဆရာ့အတွက် တစ်ကွက်ချန်သည်

ဤစကားသည် သိုင်းလောကမှလာသည်ဟု ကြားဖူးပါ၏။ သိုင်းဆရာကြီးသည် တပည့်တို့ကို သိုင်းပညာသင်ကြားပေးရာ၌ တပည့်ကို ပညာကုန်သင်ကြားပေးပါက နောင်တစ်နေ့တွင် မိမိကို ပြန်တော်လှန်လျှင် ဒုက္ခရောက်မည်ဟု စိုးရိမ်သောကြောင့် မတော်လှန်

www.burmeseclassic.com



ရဲအောင် တစ်ကွက်ချန်ထားရသည်ဟု ဆိုသည်။

ဤအတိုင်းမှန်လျှင် တပည့်ကလည်း သူ ဆရာဖြစ်သောအခါ သူ့တပည့်ကို တစ်ကွက်ချန်မည်။ ဤနည်းအားဖြင့် အဆင့်ဆင့် တစ်ကွက်စီချန်သွားလျှင် ပညာရပ် တိမ်ကောပျောက်ကွယ်သွားမည် ဖြစ်ပါသည်။

ဆရာနှင့်တပည့် မေတ္တာစေတနာမှန်ကြလျှင် တော်လှန်ရန် အကြောင်းမရှိပါ။ တော်လှန်ချင်သော တပည့်မိုက်သည်ကား တစ်ကွက်ချန်သည်ဖြစ်စေ၊ မချန်သည်ဖြစ်စေ ဒုက္ခပေးနိုင်သည့်နည်း များစွာရှိနေသည်သာ ဖြစ်ပါသည်။

ဆရာဖြစ်လျှင် ဆရာစိတ်ရှိရမည်သာ ဖြစ်သည်။ တပည့် အပေါ်မှာ မေတ္တာစေတနာနှင့်ပညာကုန်သင်ပေးရမည်သာ ဖြစ်သည်။ မိမိထံမှ ပညာကုန်သွားလျှင် မိမိထက် တတ်ကျွမ်း၍ ပိုမိုသင်ကြားပေး နိုင်သူထံသို့ပင် ပေးပို့အပ်နှံရဦးမည်ဖြစ်ပါသည်။ ထိုကဲ့သို့ စေတနာ မေတ္တာထားသော ဆရာကို တပည့်တို့သည်လည်း တော်လှန်ကြမည် မဟုတ်ပါ။ ဆရာထက်ပို၍သာသွားသော တပည့်သည် ဆရာ့အတွက် အားထားရာပင် ဖြစ်လာပါလိမ့်မည်။

## ဆရာနှင့် မြန်မာ့ခံယူချက်

ဆရာနှင့် ပတ်သက်သော မြန်မာတို့၏ အစဉ်အလာခံယူချက် မှာ ဆရာသည် စေတနာရှင်ဖြစ်၏။ ဆရာသည် တပည့်တို့ကို စေတနာ အပြည့်အဝနှင့် သင်ကြားပေးသူဖြစ်၏။ ထို့ကြောင့် ဆရာ့ဝတ္တရား ငါးပါးမှာပင် 'သိပ္ပမချန်' ဆိုသည်ကို ထည့်သွင်းထားခဲ့ခြင်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။

ပညာလျှို့ဝှက်ခြင်း၊ ပညာထိန်ချန်ခြင်း၊ ပညာအကုန်မပေးခြင်းသည် ဆရာနှင့်ပတ်သက်သော မြန်မာတို့၏ အစဉ်အလာခံယူချက် မဟုတ်ပါ။

စေတနာမှန်သော ဆရာကောင်းတို့သည် ဆရာစားချန်သည်၊ ဆရာ့အတွက် တစ်ကွက်ချန်သည်ဆိုသော စကားများကိုလက်သုံးမပြုကြပါ။ ဆရာထက် တပည့်လက်စွမ်းထက်သည်ကိုသာ ဂုဏ်ယူကြပါသည်။

ဆရာတိုင်းသည် မိမိတို့၏ တပည့်များကို ဆရာ့ထက်သာလွန်ကြီးမြင့်အောင် မြှင့်တင်နိုင်ခြင်းဖြင့် ဆရာပီသသော ဆရာကောင်း၊ ဆရာမြတ်များအဖြစ် ဂုဏ်တင့်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## ဆရာနှင့် ဘေးရန်ဆီးကာ

ဥယျာဉ်မှူးသည် ပန်းပင်ကလေးများ ရှင်သန်ပွင့်လန်းစေရန် ရေလောင်းပေါင်းသင်ပြုရသည်။ ထိုနည်းတူပင် ဆရာသည် တပည့်တို့ကို ပညာသင်ပေးရုံသာမက လိမ္မာယဉ်ကျေးအောင် ဆုံးမရသည်။ ဘေးရန်အန္တရာယ်ဖြစ်မည်တို့တိုလည်း ကာကွယ်ပေးရသည်။

ရှေးအခါက ဆရာ တပည့်ဆိုသည်မှာ အဓိကအားဖြင့် စာသင်သားနှင့် ဘုန်းတော်ကြီးများ ဖြစ်ကြ၏။ တစ်ကျောင်းတည်း တစ်ဝင်းတည်းမှာ ညအိပ်ညဉ့်နေ အတူနေရသည်။ ယခုအခါတွင် ဘုန်းတော်ကြီးကျောင်း ပရိယတ္တိစာသင်တိုက်ကြီးများ ဖြစ်၏။ ဆရာသည် တပည့်တို့၏ စားဝတ်နေရေးမှအစ ကိစ္စအဝဝကို တာဝန်ယူရသည်။ တပည့်၏ ကျန်းမာရေးကိုလည်း စောင့်ရှောက်ပေးရသည်။ ဘေးအန္တရာယ်ကိုလည်း ကာကွယ်ပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါတွင် ဆရာတပည့်ဆိုလျှင် အဓိကအားဖြင့် ကျောင်းမှာ ပညာသင်ကြားပေးသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသူကျောင်းသားများကို မြင်မိကြသည်။

ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများမှာလည်း ညအိပ်ညဥ့်နေ အတူမနေရသည့်တိုင် မနက်(၈) နာရီ (၉) နာရီမှ ညနေ (၃) နာရီ (၄) နာရီထိ တစ်နေ့ခင်းလုံး အတူနေကြရသည်။ ထိုအချိန်အတွင်းမှာ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ် ပြုရသည်။ ပညာသင်ကြားပေးရသည်။ ဘေးအန္တရာယ်တို့ကို ကာကွယ်ပေးရသည်။

ဘေးရန် အန္တရာယ်ဆိုသည်မှာလည်း ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်နှင့် စိတ်ပိုင်းဆိုင်ရာ အန္တရာယ်ဟူ၍ နှစ်မျိုးရှိ၏။

ဆရာသည် တပည့်တို့၏ ရုပ်ပိုင်းဆိုင်ရာအန္တရာယ်ကိုလည်း အကာအကွယ်ပေးရသည်။ စိတ်ပိုင်းဆိုင်ရာအန္တရာယ်ကိုလည်း အကာအကွယ်ပေးရသည်။ နောင် အနာဂတ်မှာဖြစ်လာနိုင်သည့် အန္တရာယ်ကိုပင် ကြိုတင်သတိပေး၍ အကာအကွယ် ပြုကြရသည်။

(သို့နေ၊ သို့ထိုင်၊ သို့ကိုင်၊ သို့ထား၊ သို့သွား၊ သို့လာ၊ သို့ကာ၊ သို့ကွယ်) စသည်ဖြင့် မသင့်သည်များ မဖြစ်စေရန် ဆုံးမလမ်းညွှန်ကြရသည်။

## ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်

ထိပ်ပေါက်ခေါင်းကွဲ ဖြစ်ကြပြီ။ သွေးထွက်သံယိုဖြစ်ကြပြီဆိုလျှင် ဆရာ၊ ဆရာမတို့၏ တာဝန်ဖြစ်လာပြီ။ ပျာပျာသလဲဖြစ်ကြရ

www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ထို့ကြောင့် ကလေးအချင်းချင်း ဆော့ကစားသည်ကအစ အန္တရာယ်ဖြစ်နိုင်လျှင် ကြိုတင်ဟန့်တားရသည်။

ခိုက်ရန်ဒေါသ မဖြစ်ကြရန် ကျောင်းစည်းကမ်းများနှင့် သတိပေး ဟန့်တားကြရသည်။

ဖွံ့ဖြိုးရေးအချိန်တွင် ကျောင်းစိုက်ခင်းကို မြေပြင်သည်မှအစ မြက်ခုတ်ဓားနှင့်ထိပြန်ပြီ။ ပေါက်ပြားနှင့်ထိပြန်ပြီ မဖြစ်စေရန် ဆရာ၊ ဆရာမတို့ကိုယ်တိုင် ကြီးကြပ်စောင့်ရှောက်ပေးရသည်။

ကျေးလက်မှ ဆရာမလေးတစ်ယောက် ရေးသားပေးပို့သည့် စာတွင် သူ့ရွာသူ့ကျောင်းမှ ကလေးများမှာ ဆင်းရဲနွမ်းပါး၍ မိဘများ ကလည်း ဂရုစိုက်မှု နည်းသောကြောင့် ခြေသည်း လက်သည်း ရှည်လျှင်လှီးဆိုသည်ပင် ဆရာမလေးများက လက်သည်းညှပ်ကလေး များ ဆောင်ထားပြီး မရွံ့မရှာ ပြုလုပ်ပေးရသည်။ ကြယ်သီးမပါ၍ အင်္ကျီဟာပြဲဖြစ်နေသော ကလေးများကို အေးချမ်းသောရာသီမှာ ရင်ဘတ် အအေးမိမည်စိုး၍ ကြယ်သီးအပ်နှင့်အပ်ချည်ပါ ကျောင်းယူ ထားပြီး ကြယ်သီးတပ်ပေးရသည်ဟု ဖော်ပြထားသည်။ လေးစားဖွယ် ရာ ဆရာပီသသူတို့၏ စေတနာအလှဖြစ်ပါသည်။

မကျန်းမာသောကလေး ဆေးရုံတင်ရန်လိုသောအခါ မိဘ များ ငွေကြေးမတတ်နိုင်၍ ဆရာ၊ ဆရာမများပင် ရှိသမျှငွေလေး စုဆောင်းပြီး ဆေးရုံပို့ပေးကြသည်။ ငွေချမ်းသာသူတို့ပင် မပြုနိုင်သော အမှုကို စေတနာချမ်းသာသော ဆရာမတို့ ပြုနိုင်ကြသည်။

မြို့ကြီးများတွင်ကား တပည့်တို့၏ ကျန်းမာရေးအတွက် ကျောင်းဈေးဆိုင်ကိုလည်း ဆရာ၊ ဆရာမတို့ စစ်ဆေးကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးများကိုရောင်းမည့် အစားအစာများ ကျန်းမာသန့်ရှင်းရောဂါကင်းအောင် ဆရာ၊ ဆရာမတို့တာဝန် ဖြစ်သည်။ ထို့ကြောင့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများသည် ကျောင်းဈေးဆိုင်များကို စစ်ဆေးကြသည်။ ကလေးများအတွက် မသင့်သောအစားအစာများရောင်းချသည်ကိုတွေ့လျှင် အမုန်းခံ၍ ပြောရဆိုရ တားမြစ်ရသည်။

ကျောင်းနားမှာ ကံစမ်းမဲလာဖွင့်လျှင် ကလေးတို့စိတ်ဓာတ်ပျက်ပြား၍ လောင်းကစားနှင့်ယဉ်ပါးမည်စိုးသောကြောင့် တားမြစ်ရသည်။

မြို့ကြီးများတွင် ကျောင်းသွားကျောင်းပြန်နှင့် ကျောင်းအဝင်အထွက်မှစ၍ မော်တော်ယာဉ်အန္တရာယ်မှ ကာကွယ်နိုင်ရန် ဆရာ၊ ဆရာမတို့သည် သက်ဆိုင်ရာတို့နှင့် ညှိနှိုင်းစီစဉ်ရသည်။ ကလေးတို့ကို သတိပေးရသည်။

ငယ်သောကလေးကို ငယ်သလို စောင့်ရှောက်ရသကဲ့သို့ ကြီးသောကလေးကို ကြီးသလို စောင့်ရှောက်ရသည်။

(၁၀) တန်းကျောင်းသား ဆေးလိပ်ခိုးသောက်နေသည်။ ကိုးတန်းကျောင်းသား ဆေးလိပ်ခိုးသောက်နေသည်။ ဆရာ၊ဆရာမတို့ ခေါ်ယူတားမြစ်ရပြန်သည်။ နားလည်အောင် ရှင်းလင်းပြောပြပြီး ဆိုဆုံးမရသည်။

ဆေးလိပ်ကိုမဟန့်တားလျှင် မူးယစ်ဆေးဝါးအထိ အန္တရာယ်ကြီးလာနိုင်သည်။ 'ဘိန်းဖြူအစ ဆေးလိပ်က' ဟု ဆိုထားသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးအန္တရာယ်ကို အတန်းထဲမှာ သင်ရိုးအလျဉ်းသင့်တိုင်း ပြောရဟောရသည်။

www.burmeseclassic.com

www.burmeseclassic.com



တပည့်များ ဘိန်းဖြူသားကောင်မဖြစ်ရေးအတွက် ဆေးလိပ်ကအစ မသောက်ကြရန် ပြောရသည်။ လိုအပ်လာသောအခါ တစ်ကျောင်းလုံးအတိုင်းအတာနှင့် ဟောပြောပွဲများ ပြုလုပ်ပေးရသည်။ မူးယစ်ဆေးဝါးအန္တရာယ် ပြပွဲပြိုင်ပွဲများ ပြုလုပ်ပေးရသည်။

ပြင်ပလုပ်ငန်းခွင်မှ ပညာသင် ဆရာတပည့်များတွင်ကား ဆရာသည် တပည့်ကို လုပ်ငန်းပညာသင်ပေးရာတွင် ဦးစွာပထမ အန္တရာယ်ဖြစ်နိုင်သည်များကို ကြိုတင်၍နားလည်အောင် သင်ကြားပေးရသည်။ အန္တရာယ်များသော အလုပ်ဖြစ်လေလေ စနစ်တကျ ဘေးရန်ဆီးကာမှု လိုလေလေဖြစ်သည်။ လုပ်ငန်းပညာကို သင်ကြားရာတွင် ဘေးရန်ကင်းစွာ လုပ်ဆောင်နိုင်အောင် သင်ကြားပေးနိုင်မှသာ ဆရာကောင်း ဖြစ်ပါသည်။

## စိတ်ပိုင်းဆိုင်ရာ အန္တရာယ်

စိတ်ပိုင်းဆိုင်ရာ အန္တရာယ်အတွက်လည်း ငယ်စဉ်ကတည်းက စိတ်ကောင်း စေတနာကောင်းထားတတ်သည့် လူကောင်း သူကောင်းလေးများ ဖြစ်လာစေရန် ပဲ့ပြင်ဆုံးမပေးရသည်။

ငယ်ရွယ်သောကလေးများကို ပုံတိုပတ်စကလေးများပြော၍ စိတ်ကောင်းရှိသူကို နှစ်သက်အားကျဖွယ်၊ စိတ်ကောင်းမရှိသူကို စက်ဆုပ်ရွံမုန်းဖွယ် ပညာပေးရသည်။ ခိုးဝှက်ခြင်း၊ လိမ်ညာပြောဆိုခြင်း၊ အရက်သေစာ သောက်စားခြင်း၊ လောင်းကစားခြင်းတို့ မကောင်းပုံ ဖြစ်ရပ်ကလေးများနှင့် ထင်ဟပ်၍ မှတ်သားမိအောင်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးမရသည်။

စည်းကမ်းရှိခြင်း၊ ကိုယ်ချင်းစာတရားရှိခြင်း၊ သူတစ်ပါးကို ကူညီတတ်ခြင်း၊ တရားမျှတမှုကိုမြတ်နိုးခြင်း၊ ဆရာသမား လူကြီး မိဘကို ရိုသေတတ်ခြင်း၊ အများအကျိုးကို ဆောင်ရွက်လိုခြင်း၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးစိတ်ရှိခြင်း စသည့် ကောင်းသော အထုံအလေ့များ ရကြစေရန်အတွက် သင်ကြားရသော သင်ခန်းစာများ နှင့် အလျဉ်းသင့်သလို ဆက်စပ်၍ပြောဆိုဆုံးမသည်။

ကျောင်းသို့ လာရောက်ကြသော ကလေးများစွာတွင် မတစ်ရာသားသမီးများဖြစ်၍ ကောင်းသူလည်းပါသည်။ ဆိုးသူလည်း ပါသည်။ အနိုင်ကျင့်တတ်သူလည်း ပါသည်။ ကုန်းတိုက်ချောစား စကားရှုပ်သူလည်းပါသည်။ ထစ်ခနဲရှိတိုင်း ရန်လိုသူ၊ ရန်ဖြစ်သူလည်း ပါသည်။

ဆရာ၊ ဆရာမသည် ကောင်းသူကိုသာချစ်ပြီး မကောင်းသူ ကိုပစ်၍မရပါ။ အားလုံးမှာ မိမိအရိပ်ကို ခိုဝင်လာကြသော တပည့် သားသမီးများသာ ဖြစ်သည်။ ကောင်းသူကို ကောင်းသည်ထက် ပိုကောင်းအောင် ပြုစုပျိုးထောင်ရသကဲ့သို့ မကောင်းသူကိုလည်း ကောင်းလာအောင် ပြုပြင်ပေးရသည်။ စိတ်ရှည်ရှည်ထားပြီး အခါ သင့်အခွင့်သာတိုင်း နားဝင်အောင် ပြောရသည်။ လိုအပ်လျှင် ဆိုရ ငေါက်ရ ရှုတ်ချရသည်ပင် ရှိသည်။ သို့သော် မုန်းသောစိတ်နှင့်ပြုပြင် ခြင်းမဟုတ်။ ချစ်သောစိတ်နှင့် တပည့်လိမ္မာဖြစ်လာအောင် ဆိုရ ငေါက်ရ ရှုတ်ချရခြင်း ဖြစ်သည်။ နောင်တစ်နေ့မှာ ဆရာ၊ ဆရာမတို့၏ မှန်ကန်သော စေတနာကို တပည့်တို့ နားလည်လာလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ လူငယ်တို့သည် နောင်ဝယ် လူကြီးဖြစ်ကြလိမ့်မည်။ အထူးထူးသော အတတ်ပညာတို့မှာ မည်မျှပင် လိမ္မာကျွမ်းကျင်သူ ဖြစ်လင့်ကစား စည်းကမ်းမရှိသူ၊ ကိုယ်ချင်းစာတရား မရှိသူ၊ စိတ်ကောင်းမရှိသူ၊ မတရားပြုကျင့်တတ်သူ၊ နိုင်ထက်ကလူ နှိပ်စက်ညှဉ်းပန်းတတ်သူဖြစ်လျှင် ထိုလူ၏ပတ်ဝန်းကျင်မှာ အေးချမ်းသာယာမည်မဟုတ်။ 'ဖွတ် မိချောင်းဖြစ် မြစ်မချမ်းသာ' ဆိုသကဲ့သို့ လူအများစိတ်ဆင်းရဲစရာ ဖြစ်တတ်သည်။

စိတ်ကောင်းမရှိသူသည် ကိုယ်တိုင်လည်း စိတ်၏အေးချမ်းသာယာမှုကို မရနိုင်။ စစ်မှန်သော ပျော်ရွှင်မှုကို မရနိုင်။ ထိုအခါ လုပ်ငန်းခွင်အောင်မြင်မှုကိုလည်း မရနိုင်။

စိတ်ကောင်းရှိသူတို့သည် ရောက်လေရာမှာ ပေါင်းသင်းဆက်ဆံရေး အဆင်ပြေ၍ လုပ်ငန်းခွင်အောင်မြင်မှုရသည်။ စိတ်နှလုံးအေးချမ်းသာယာသည်။ ထိုအခါ စစ်မှန်သောပျော်ရွှင်မှုကို ခံစားရသည်။

ဆရာ၊ ဆရာမတို့၏ ကြီးမြတ်သောတာဝန်များတွင် တပည့်များကို ရုပ်ပိုင်းဆိုင်ရာဘေးရန်အန္တရာယ်များကို ကာကွယ်ပေးရသကဲ့သို့ စိတ်ပိုင်းဆိုင်ရာမှာလည်း မကောင်းစိတ်များ ဖယ်ရှားပြီး ကောင်းသောစိတ်များ ပွားများနိုင်စေရန် ဆုံးမပြုပြင်ပေးရသည်။

သို့မှသာလျှင် တပည့်၏ တစ်သက်တာနောင်ရေးတွင် အန္တရာယ်ကင်းဝေးပြီး အေးချမ်းစွာ ပျော်ရွှင်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## ဆရာနှင့် အရိပ်

အရိပ်ကြီးလေးပါးတွင် ဆရာ၏အရိပ်ကို ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၏ အရိပ်မှလွဲလျှင် အအေးဆုံးဟု ပြဆိုထား၏။

## အရိပ်ကြီး လေးပါး

အရိပ်ကြီးလေးပါးမှာ ရတနာသုံးပါး၏အရိပ်၊ မိဘ၏အရိပ်၊ မင်း၏အရိပ်၊ ဆရာ၏အရိပ်ဟူ၍ ပြဆိုထားသည်။

## ရတနာသုံးပါး၏ အရိပ်

ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့၏ အရိပ်သည် အရိပ်တကာတို့တွင် အအေးမြဆုံးဖြစ်၏။ မျက်မှောက်ဘဝသာမက သံသရာဘဝအဆက်ဆက် အေးမြ၏။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား၏ အဆုံးအမဖြစ်သော တရားဓမ္မများကို လေးစားလိုက်နာကျင့်ကြံအားထုတ်လျှင် အအေးမြဆုံးတို့၏ အထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်ချမ်းသာကိုပင် ရရှိခံစားနိုင်ပေသည်။ သံဃာတော်တို့သည် ထိုတရားတော်တို့ကို ထိန်းသိမ်းစောင့်ရှောက်၏။ လူတို့အား ဟောပြော ပြသဆိုဆုံးမ၏။ လောကီလောကုတ္တရာနှစ်ဖြာ အကျိုးအတွက် အားကိုးရာဖြစ်၏။

ထို့ကြောင့် ဘုရား၊ တရား၊ သံဃာတို့သည် အရိပ်တကာတို့တွင် အသာလွန်ဆုံး အအေးချမ်းဆုံးဖြစ်သည်။ အမြတ်ဆုံးသော အားထားရာဖြစ်သည်။

## မိဘ၏ အရိပ်

မိဘ၏အရိပ်သည်လည်း သားသမီးတို့အတွက် အေးမြ၏။ မိဘတို့၏ မေတ္တာ၊ အကြင်နာ၊ စေတနာတို့သည် သားသမီးများအပေါ်မှာ အတိုင်းအဆမရှိဖြန့်ကျက်အုပ်မိုးနေ၏။ ထို့ကြောင့် မိဘတို့သည် တတ်နိုင်စွမ်းသမျှ သားသမီးကို အကောင်းဆုံး၊ အဆင်ပြေဆုံးဖြစ်အောင် ပြုစုစောင့်ရှောက်ကြသည်။ တာဝန်ယူကြသည်။ ထို့ကြောင့် သားသမီးတို့သည် မိဘနှင့်အတူတကွ နေထိုင်ရသည်မှာ မိဘမေတ္တာကြောင့် လုံခြုံသည်။ အေးမြချမ်းမြေ့သည်။ မိဘနှင့်အတူနေ၍ မိဘအရိပ်ကို ခိုနေစဉ်မှာ မိဘအရိပ်၏ အေးမြမှုကို မေ့မေ့လျော့လျော့ ဖြစ်နေတတ်သော်လည်း မိဘနှင့် ဝေးကွာသောအခါ မိဘအရိပ်၏ လုံခြုံအေးမြမှုကို ပို၍ နားလည်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



## မင်း (အစိုးရ) ၏ အရိပ်

မင်း၏ အရိပ်သည် မိဘအရိပ်ထက်ပိုအေးသည်ဟုဆို၏။ မင်းဆိုသည်မှာ တိုင်းသူပြည်သားတို့၏လုံခြုံမှု၊ အေးချမ်းမှု၊ တရားမျှတမှုအတွက် တာဝန်ယူ အုပ်ချုပ်သူဖြစ်သည်။ ထို့ကြောင့် အုပ်ချုပ်သူ အစိုးရဆိုသော အဓိပ္ပာယ်လည်းရသည်။ နိုင်ငံတစ်ခုတွင် စည်းကမ်း၊ နည်းလမ်း၊ တရားဥပဒေနှင့်အညီ အုပ်ချုပ်သော မင်း (အစိုးရ) ရှိမှ တိုင်းသူပြည်သားများအတွက် လုံခြုံမှုရှိသည်။ တရားမျှတမှုရှိသည်။ အေးချမ်းစွာ နေထိုင်ရသည်။

မင်း (အစိုးရ) ၏ အုပ်ချုပ်မှုပျက်၍ မင်းမဲ့စရိုက်ဖြစ်လာလျှင် နိုင်ငံသူ နိုင်ငံသား အားလုံး လုံခြုံမှုကင်းမဲ့သည်။ ကျီးလန့်စာစား စိုးရွံ့ထိတ်လန့်နေ၍ အေးချမ်းမှုပျက်သည်။ မင်း (အစိုးရ) ၏ အရိပ် အေးချမ်းမှုကို မင်း (အစိုးရ) မဲ့ကာလတွင်မှပို၍သိရသည်။

မင်းမဲ့စရိုက် ဖြစ်ပေါ်နေသော ကာလတွင် မိဘ၏ အရိပ်သည်လည်း သားသမီး၏ လုံခြုံမှု၊ အေးချမ်းမှုကို မပေးနိုင်တော့ပါ။ ထို့ကြောင့် မင်း (အစိုးရ) ၏ အရိပ်သည် မိဘ၏ အရိပ်ထက် ပို၍ အေးသည်ဟု ဆိုခြင်းဖြစ်သည်။

## ဆရာ၏ အရိပ်

ဆရာ၏ အရိပ်သည် မင်း (အစိုးရ) ၏ အရိပ်ထက်ပို၍ ကျယ်ပြန့်သည် ပို၍ အေးမြသည်။ ဆရာသည် တပည့်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



အသိပညာ၊ အတတ်ပညာသင်ပေးရုံသာမက နေထိုင်ရေး၊ ပေါင်းသင်း ဆက်ဆံရေး၊ တွေးခေါ်မြော်မြင်ရေးကိုပါ အလျဉ်းသင့်သလို သင်ကြားပေးရသည်။ မျက်မှောက်ကာလ၏ လုံခြုံအေးချမ်းမှုသာမက နောင်အနာဂတ်အတွက် လုံခြုံမှုနှင့်အေးချမ်းမှုကိုပါသင်ကြားလမ်းညွှန် ပြုရသည်။ ဆရာကောင်းတို့၏ သင်ကြားလမ်းညွှန်မှု၊ ဆိုဆုံးမမှုများ သည် သံသရာအထိ အကျိုးများ၍ အေးမြချမ်းသာမှုကို ဖြစ်စေသည်။

ဆရာကောင်းတပည့် ပန်းကောင်းပန်ဟု ဆိုသည်။ ဂုဏ်တင့်သည်၊ မျက်မှောက်ဘဝ သာမက သံသရာအထိ ချမ်းသာမှုကို ရရှိစေသည်။ ထို့ကြောင့် ဆရာ၏ အရိပ်သည် မိဘ၏အရိပ်၊ မင်းစိုးရာဇာ၏ အရိပ်ထက်ပို၍ အေးသည်ဟု ဆိုခြင်းဖြစ်သည်။

## ဆရာကုန်ရှုံးလျှင် တစ်သံသရာလုံးမှောက်

'ကုန်ရှုံးလျှင် တစ်ခေါက်၊ လင်ကုန်ရှုံးလျှင် တစ်သက်လုံး မှောက်၊ ဆရာကုန်ရှုံးလျှင် တစ်သံသရာလုံးမှောက်' ဟူသော စကား ရှိသည်။ ဆရာကောင်းမှ တပည့် ပန်းကောင်းပန်နိုင်သည်။ ဆရာမကောင်းလျှင် တပည့်မှာ တစ်ဘဝသာမက တစ်သံသရာလုံး ဒုက္ခရောက်ရသည်။ အဇာတသတ်သည် ဒေဝဒတ်ကို ဆရာအတင်မှား ၍ အဖသတ်သားအဖြစ် မဟ္ဘာနန္တရိယကံကြီးထိုက်ပြီး တစ်သံသရာလုံး မှောက်ခဲ့ရသည်။

ဟိသကသည် ဆရာ၏ မကောင်းအကြံအစည်နှင့် ဒုက္ခ ရောက်အောင်လုပ်ဆောင်မှုကြောင့် အင်္ဂုလိမာလ အမည်ရသော

www.burmeseclassic.com

www.burmeseclassic.com



လူသတ်ဝရမ်းပြေးအဖြစ်သို့ ရောက်ခဲ့ရသည်။

မိခင်ကိုပင် သတ်တော့မည့်အခြေအနေထိရောက်ခဲ့ရသည်။ ဆရာကောင်းဖြစ်သော ဘုရားရှင်၏ အရိပ်ကို ခိုမိ၍ ပဉ္စာနန္တရိယကံကြီးထိုက်မည့်ဘေးမှ ကင်းဝေးခဲ့ရသည်။ ရဟန္တာအဖြစ်နှင့် သံသရာမှ လွတ်မြောက်၍ နိဗ္ဗာန်ချမ်းသာကို ရခဲ့သည်။

တပည့်မကောင်းလျှင် ဆရာခေါင်းဖြစ်သကဲ့သို့ ဆရာမကောင်းလျှင်လည်း တပည့်အကျိုးယုတ်သည်။ ဆရာကောင်း တပည့်ဖြစ်မှ ကောင်းကျိုးရသည်။

ဆရာသည် အဇာတသတ်ကဲ့သို့ အဖသတ်သားကို မွေးထုတ်ပေးသော ဒေဝဒတ်နှယ်ဆရာမျိုး မဖြစ်ရန်လိုသည်။

ဆရာသည် တပည့်ဖြစ်သူ ဟိံသကကို ဒုက္ခရောက်အောင် ချောက်ချသော ဒိသာပါမောက္ခ ဆရာကြီးကဲ့သို့ မဖြစ်ရန်လိုသည်။ ဆရာသည် တပည့်တို့အပေါ်မှာ မေတ္တာ၊ စေတနာကောင်းမွန်မှန်ကန်သော အနန္တဂိုဏ်းဝင် ဆရာပီသရန်လိုသည်။

## မေတ္တာ စေတနာ အရိပ်

ဆရာ၏ အရိပ်အေးမြခြင်းမှာ ဆရာ၏ မေတ္တာ၊ စေတနာကြောင့်ဖြစ်သည်။ ဆရာ၏ အရိပ်ဆိုသည်မှာ တစ်နည်းအားဖြင့် မေတ္တာ စေတနာအရိပ်ဖြစ်သည်။ ဆရာစိတ်ဆိုသည်မှာ တပည့်အားလုံးကို ကောင်းစေချင်သော မေတ္တာ စေတနာစိတ်ဖြစ်သည်။ ဆရာ၊ ဆရာမကောင်းတို့သည် တပည့်အားလုံးကို ရင်ဝယ်သားကဲ့သို့ ချစ်ခင်သည်။ ဆင်းရဲချမ်းသာ ခွဲခြားခြင်း မရှိ။ ရုပ်ဆိုး ရုပ်လှ ခွဲခြား

www.burmeseclassic.com

www.burmeseclassic.com



ခြင်းမရှိ။ အားလုံးကို ပညာတတ်စေချင်သည်။ အကောင်းဆုံး အမြတ်ဆုံး ဖြစ်စေချင်သည်။ ဘေးရန် အန္တရာယ်မှ ကင်းစေချင်သည်။ မျက်မှောက်ဘဝသာမက အနာဂတ် လူ့ဘဝခရီးအတွက်ပါ ကောင်းစေချင်သည်။ နောင်သံသရာအထိ အကျိုးရှိစေချင်သည်။

ဆရာ၏ မေတ္တာသည် လိမ္မာသူကို ချစ်သလို ဆိုးသော တပည့်ကိုလည်း သနားပို၍ချစ်ရသည်။

'ဉာဏ်ကောင်းသော တပည့်အတွက် အားတက်ရသလို ဉာဏ်ထိုင်းသော တပည့်အတွက်လည်း ကရုဏာသက်ရသည်။ သူနှင့်တန်ရာ ပညာကိုတော့ ပေးရသည်။ မောင်ပေါက်ကျိုင်း၏ ဆရာသည် ပညာအရာတွင် သင်ကြား၍ ထူးချွန်စွာ တတ်မြောက်ခြင်းမရှိသော မောင်ပေါက်ကျိုင်းကို သွားဖန်များ ခရီးရောက်၊ မေးဖန်များစကားရ၊ မအိပ်မနေ အသက်ရှည်ဟူသော ဆောင်ပုဒ်သုံးခုကိုတော့ သင်ကြားပေးလိုက်သေးသည်။ ထိုဆောင်ပုဒ်သုံးခုကို မှတ်သားလိုက်နာခြင်းဖြင့် မောင်ပေါက်ကျိုင်းနဂါးနိုင်မင်းဖြစ်ခဲ့ရသည်။

## မိဘကိုယ်စား အားထားရာ

မိဘတိုင်းသည် ဆရာ၊ ဆရာမများကို အားထား၍ မိမိတို့၏ သားသမီးများကို ကျောင်းသို့ ပို့လွှတ်ခြင်းဖြစ်သည်။ မိမိတို့၏ ရင်နှစ် အလွန်ချစ်သော သားသမီးများကို မိမိတို့၏ ကိုယ်စား၊ ဆရာ ဆရာမ တို့၏ ထိမ်းသိမ်းစောင့်ရှောက်မှုကို စိတ်ချသည်။ သားသမီးကို ကျောင်းပို့ထားသော မိဘတိုင်း စိတ်အေးလက်အေး သွားလာလုပ်ကိုင် နေနိုင်ကြသည်မှာ ဆရာ၊ ဆရာမများကို ယုံကြည်အားထား၍ဖြစ်

www.burmeseclassic.com

သည်။

ကျောင်းချိန်မှာ ဆရာ၊ ဆရာမတို့ ပညာသင်ကြား ပေးကြလိမ့်မည်။ ပညာသင်ရင်းမှ ဘဝရှေ့ရေးအတွက် ဆုံးမလမ်းညွှန်မှုပြုကြလိမ့်မည်။ မသင့်သည်များကို မစားရန် တားမြစ်ကြလိမ့်မည်။ မတရားသည်တို့ မဖြစ်စေရန် စောင့်ရှောက်ကြလိမ့်မည်။ မိမိကိုယ်တိုင် ပညာတတ်ဖြစ်လင့်ကစား ကိုယ့်သားသမီးကို မိမိကိုယ်တိုင် သင်ကြားသည်ထက်ဆရာ၊ ဆရာမများ သင်ကြားလျှင် ပို၍ တတ်သိလိမ့်မည်ဟု ယုံကြည်ကြသည်။

မိမိကိုယ်တိုင် ဆုံးမသည်ထက် ဆရာ၊ ဆရာမတို့ ဆုံးမလျှင် ပို၍လိမ္မာလိမ့်မည် မျှော်လင့်ကြသည်။

ကျောင်းသည် ကလေးတို့၏ သင်ကြားလေ့ကျင့်ရာ ပန်းဥယျာဉ်၊ ဆရာဆရာမသည် ကလေးတို့ကို ပြုစုပျိုးထောင်ပေးသော ဥယျာဉ်မှူးအဖြစ် မှတ်ယူကြသည်။

ထို့ကြောင့် ကျောင်းကိုမြတ်နိုးကြသည်။ ဆရာဆရာမတို့ကို အားကိုးလေးစားကြသည်။

ဆရာဆရာမတို့ကလည်း မိဘများ၊ တပည့်များ အားကိုးလေးစားသည်နှင့်အညီ တပည့်အားလုံးကို မေတ္တာစေတနာသာ တူညီမျှဖြစ်ရန်လိုသည်။

ယခုအခါတွင် အချို့သော လောဘကြီးသည့် မိဘအချို့သည် ဆရာဆရာမများကို ကျောင်းသွားကျောင်းပြန်ကားဖြင့် ကြိုပို့ခြင်း၊ အဖိုးတန်လက်ဆောင်ပစ္စည်းများပေးခြင်း၊ စားကောင်းသောက်ဖွယ်များ ကျွေးခြင်းစသည့် နည်းအမျိုးမျိုးတို့နှင့် မိမိတို့သားသမီးကို ပိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်စေရန်၊ စာမေးပွဲများမှာ အမှတ်ပိုရစေရန် ကြိုးစားကြသည်။ ဝိသမလောဘသမားများဖြစ်သည်။ အတ္တလွန်ကဲသောစိတ်နှင့် တစ်ကိုယ်ကောင်းဆန်သူများဖြစ်သည်။ မိဘချင်းပြိုင်၊ သားသမီးချင်း ပြိုင်ရာမှာ ငွေအား၊ ပစ္စည်းအားနှင့် ဆရာဆရာမများကို မတရား ဘက်လိုက်သူများ ဖြစ်လာအောင် သွေးဆောင်ခြင်းဖြစ်သည်။

သီတင်းကျွတ်လျှင် ဆရာဆရာမအိမ်သို့သွားပြီး တန်ဖိုးကြီး သော ပစ္စည်းများနှင့် အပြိုင်အဆိုင်ကန်တော့ကြသည်။

ဘယ်သူ့သမီးက ဘာနှင့်ကန်တော့သည်။ ငါ့အဖေက ဘာ အလုပ်ကိုလုပ်၍ ဘယ်မျှပိုကန်တော့နိုင်သည်။

ကလေးတို့ကို ငယ်နုစဉ်ကတည်းက စိတ်ဓာတ်ပျက်စေ ပါသည်။

BURMESE CLASSIC .com

"ဘယ်သူတွေက ဘယ်မျှလောက် အဖိုးတန်တဲ့ ပစ္စည်းတွေ နဲ့ ဘယ်ဆရာမကို ဘယ်လိုကန်တော့တာ၊ ဒုတိယအစမ်းစာမေးပွဲကျ ရင်တော့ သူကသမီးထက် အမှတ်တွေသာသွားတော့မှာပဲ"

ကလေးတို့ အတွေးပျက်ပြီ။

ကိုယ့်အားကိုယ်ကိုး စာကြိုးစားဖို့ထက် ဆရာဆရာမကို လာဘ်ထိုးပြီး အမှတ်ရဖို့ကြိုးစားချင်ကြသည်။ ဆရာမလေးတစ်ဦး ကလည်း ညည်းညူသည်။

"အဲဒီကလေးမျိုး အပြစ်ရှိမှာ၊ စာမေးပွဲ မဖြေနိုင်မှာ သိပ်စိုး တာပဲ၊ အပြစ်ရှိရင် သူ့ကိုပြောဖို့ဆိုဖို့ ဆုံးမဖို့ခက်တယ်။ သူက တန်ဖိုး ကြီး ပစ္စည်းတွေနဲ့ လာကန်တော့ထားတာ၊ မဆုံးမဘဲနေပြန်တော့ လည်း ကျန်တဲ့တပည့်တွေပါ စည်းကမ်းထိန်းသိမ်းရတာ ခက်သွား

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီထက်ပိုဆိုးတာက အဲဒီတပည့်မျိုးကို မျက်နှာသာပေးရင်၊ အပြစ်ရှိရက်သားနဲ့ မဆုံးမရင် ကျန်တပည့်တွေက သိတယ်။ ဆရာ ဆရာမကို အထင်သေးတဲ့မျက်လုံးတွေနဲ့ ကြည့်တတ်တယ်" ဟု ဆိုသည်။

သူ့ဘာသာ စာမကြိုးစား၍ အမှတ်နည်းသွားလျှင်လည်း "ဒီ ရွှေ့ ဒီလောက်ပေးထားပါလျက်နဲ့ အမှတ်က ဒီလောက်နည်းရသလား" ဟု ငြူစူတတ်ကြပြန်သည်။

ကြီးမြတ်သော ဆရာ့ဂုဏ်သိက္ခာကို လက်ဆောင်ပစ္စည်းနှင့် ဖျက်ဆီးရန် ကြိုးစားခြင်းဖြစ်၏။ ပေးတိုင်းအောင်မြင်သော ဆရာ ဆရာမကိုလည်း အထင်သေးကြသည်။ ပေးလျှင်ရသူဟု ပြန်လည် ထုတ်ဖော်ပြောတတ်ကြသည်။ သူတို့သားသမီး ဤအတန်းကို ကျော်လွန် သွားသည်နှင့် လှည့်၍ပင်မကြည့်သူများဖြစ်သည်။

ဆရာဆရာမတို့မှာ ဆရာ့ဂုဏ်သိက္ခာပျက်သည်သာ အဖတ် တင်သည်။ ကျန်တပည့်များ၏ အထင်သေးခံရသည်သာ ဝမ်းနည်းစရာ ဖြစ်ရသည်။

ထို့ကြောင့် ဆရာစိတ်ရှိသည့်၊ ဆရာပီသသော ဆရာဆရာမ ကောင်းတို့သည် တပည့်များစွာရှိသည့်အနက် ဝိသမလောဘသမား မိဘများ၏ သားသမီးအတွက် ကြီးမြတ်သောဆရာဂုဏ်သိက္ခာကို အပျက်မခံသင့်ကြပါ။

ဆင်းရဲ၍ မပေးနိုင် မကမ်းနိုင်ရှာသောတပည့်တို့မှာ ပို၍ပင် သနားစရာကောင်းပါသည်။

ဆရာဆရာမတိုင်းသည် တပည့်တိုင်းကို ညီညွတ်မျှတစွာ

www.burmeseclassic.com

www.burmeseclassic.com



ပညာသင်ကြားပေးသင့်သည်။ တပည့်တိုင်းကို ကောင်းမွန်စေလိုသော စေတနာနှင့် ဆုံးမပြုပြင်သင်ကြားသင့်သည်။

ဆရာ့ဝတ် ၅ ပါးမှာ ဆရာဆရာမတိုင်း "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ" ဆိုသည့်အတိုင်း တပည့်များကို အတတ်ပညာသင်ကြားပေးခြင်း၊ မကောင်းသည်ကို တားမြစ်၍ ကောင်းမြတ်စေရန် ဆုံးမသွန်သင်ပြုပြင်ခြင်း၊ အတတ်ပညာသင်ကြားရာ၌ ဆရာစားမချန် ပညာမထိမ်ချန်ဘဲ စေတနာထက်သန်စွာ သင်ကြားပေးခြင်း၊ တပည့်တို့မှာ ကြုံတွေ့လာနိုင်သည့် ဘေးရန်အန္တရာယ်များကို ကာကွယ်တားဆီးခြင်း၊ မိမိတို့ထံမှ ပညာသင်ကြားပြီးလျှင် တပည့်တို့အတွက် ပိုမိုတိုးတက်မြင့်မားသော အတတ်ပညာများကို သင်ကြားနိုင်စေရန် သင့်ရာသို့ အပ်ပို့ပေးခြင်း စသည့်တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ခြင်းဖြင့် တပည့်တို့၏ စစ်မှန်သော အားကိုးရာ အရိပ်ကောင်းများဖြစ်စေသင့်ပါသည်။

တပည့်တိုင်းပေါ်မှာ မေတ္တာစေတနာထားခြင်းဖြင့် ကြီးမြတ်သော ဆရာ့ဂုဏ်ကို ပိုင်ဆိုင်ကြစေချင်ပါသည်။

အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဖြစ်သည်နှင့်အညီ တပည့်တိုင်း၏ ရိုသေလေးမြတ်စွာ ရှိခိုးပူဇော်ခံထိုက်သူများ ဖြစ်စေသင့်ပါသည်။

ဆရာ၊ ဆရာမတိုင်းသည် တပည့်တို့အတွက် မျက်မှောက်ကာလသင်ကြားစဉ်သာမက ရှေ့ဆက်ရမည့်ဘဝနှင့် နောင်သံသရာဘဝအဆက်ဆက်အထိ ကောင်းကျိုးရှိသော အရိပ်အာဝါသကောင်းများ ဖြစ်စေလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဆရာမတိုင်း တပည့်တို့အပေါ်မှာထားသည့် မေတ္တာအလှ၊ စေတနာအလှတို့ဖြင့် ကြီးမြတ်သော ဆရာ့ဘဝအလှကို ရယူပိုင်ဆိုင်သူများအဖြစ် ဂုဏ်တင့်ကြစေချင်ပါသည်။

ဆရာဆရာမတို့သည် ပန်းကလေးများနှင့်တူသော ကျောင်းသူကျောင်းသားများကို ပွင့်လန်းစေရုံသာမက ရနံ့ပါ မွှေးအောင် စွမ်းဆောင်နေကြသူများလည်း ဖြစ်ပါ၏။


ထို့ကြောင့် မူကြိုကျောင်း၊ မူလတန်းကျောင်း၊ ဝလုံးကလေး ဝိုင်းဝိုင်းရေးစမှစပြီး တက္ကသိုလ်ပညာ၊ ဘွဲ့လွန်ပညာ၊ ဘဝပညာ၊ သင်ပေးကြသော ဆရာအမျိုးမျိုးတို့သည် ပန်းများပွင့်စေ၊ မွှေးစေသူများပင် ဖြစ်ကြ၏။

ပန်းများပွင့်စေ မွှေးစေသူ ဆရာဆရာမများအားလုံး စိတ်ထားအလှ၊ မေတ္တာအလှ၊ အကြင်နာအလှတို့နှင့် ဆရာဘဝမှာ လှပစွာ ဂုဏ်ကျက်သရေ တင့်တယ်ကြပါစေသတည်း။

**လယ်တွင်းသားစောချစ်**


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

